www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

လမင်းမိုမို
**ကျွန်မကမ္ဘာပြိုသောအခါ**
ပထမအကြိမ်၊ ၂၀၁၃ စက်တင်ဘာလ
**ဖြန့်ချိရေး**
မိဖုရားစာအုပ်တိုက်
ဖုန်း - ၀၉၅၀၀၁၉၈၃
**မျက်နှာဖုံး**
L လင်း
**အုပ်ရေ**
၅၀၀
**တန်ဖိုး**
၁၀၀ ကျပ်
ဦးနေမျိုးသူရ၊ တကောင်းစာအုပ်တိုက်(ယာယီ-၁၅၀၄) အမှတ်(၅/ခ)၊ ဓေယျာသိရိလမ်း၊ ကမာရွတ်မြို့နယ်မှ ထုတ်ဝေပြီး မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးဝင်းကျော်ထွန်း၊ မုံရွေးပုံနှိပ်တိုက် (မြ-၀၇၉၅၈) အမှတ်(၁၄၀)၊ ၄၅-လမ်း၊ ဗိုလ်တထောင်မြို့နယ်တွင် ပုံနှိပ်သည်။

| | |
|---|---|
| လမင်းမိုမို | ၈၉၅.၈၃ |
| ကျွန်မကမ္ဘာပြိုသောအခါ လမင်းမိုမို၊ ရန်ကုန်။ | |
| တကောင်းစာအုပ်တိုက်၊ ၂၀၁၃ | |
| ၂၈၈-စာ၊ ၅ x ၇ လက်မ။ | |
| ကျွန်မကမ္ဘာပြိုသောအခါ | |

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံတော်ဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
* အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
* ပြဋ္ဌာန်းမည့် အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# လမင်းမိုမို

## ကျွန်မကမ္ဘာပြိုသောအခါ

မိဖုရားစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com

## ၁

တိုးလတ်ရဲ့မျက်လုံးအစုံက စူးရှူးဝါးဝါး အော်ဟစ်လိုက်တဲ့အသံနှင့် နောက်ကကပ်ပါလာတဲ့ ဆူဆူညံညံအသံတချို့ကြောင့် ဖျတ်ခနဲ ပွင့်လာပါသည်။ အား ... အိပ်လို့ကောင်းနေတုန်း ဆူညံလိုက်တာ။

"အား ... အား ... မတူးမှာ မြန်မြန်လာ၊ ဒီမှာ ... ဒီဖက်ဝင်သွားပြီ"

တိုးလတ်က ခုတင်ပေါ်မှာ အပျင်းတစ်ချက် ဆန့်လိုက်ရင်း လူးလိမ့်ပြီး ထ,လိုက်ပါသည်။ အရမ်းကို အသည်းယားနေတဲ့ အသံစူးစူးကလေးမှာ ရင်ခုန်ဟုန်လှုပ်ခြင်းတွေပါစွက်လို့။ မိန်းကလေး ခပ်ငယ်ငယ်လေး တစ်ယောက်ရဲ့အသံ။ စူးကာ လွင်ကာ လျှမ်းလျှမ်းထနေပေမယ့် အသံက သောတအာရုံကို အနှောင့်အယှက် မဖြစ်စေပဲ နားဝင်ပီယံ ချိုမြနေသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ခုတင်ရဲ့ခြေရင်းဘက် ခပ်လှမ်းလှမ်းဆီက ပြတင်းပေါက်မှတစ်ဆင့် လွင့်ပျံ့ဝင်လာတာမို့ တိုးလတ်က ပြတင်းပေါက်ရှိရာသို့ ထလျှောက်လာခဲ့ပါသည်။ ဟိုဘက်ခြံကဖြစ်မှာ။ ဟိုဘက်ခြံမှာ မိန်းကလေးငယ်လေး ရှိသလား။ သူ မသိပါ။

တိုးလတ် ဂျပန်ကမှ ပြန်ရောက်လာတာ သုံးရက်သာ ရှိပါသေးသည်။ သူ ဒီက ထွက်မသွားခင် လွန်ခဲ့တဲ့သုံးနှစ်လောက်ကတော့ ဒီဘက်ခြံမြေဟာ အလွတ်။ အိမ်တောင်ဆောက်မထားသေးပါ။ သူ ပြန်ရောက်လာပြီးတော့ အဲဒီခြံထဲမှာ အုတ်နီအကွက်လေးတွေနှင့် မိုးခိုးခေါင်းတိုင်လေးနှင့် တစ်ထပ်တိုက်ချစ်စဖွယ် ခပ်ရိုးရိုးလေးတစ်လုံးကို တွေ့ရသည်။

အပင်တွေ ဘာတွေ များများစားစား ရှုပ်ရှုပ်ယှက်ယှက်မရှိတဲ့ ခြံကလေးထဲ စက္ကူပန်းချုံကြီးတစ်ချုံ မြက်ခင်းစိမ်းစိမ်းနှင့် ဒန်းဖြူဖြူကလေးတို့သာ အမြင်အေးစရာ တွေ့ရသည်။ အိမ်ရဲ့နောက်ဘက်ကျကျ ခြံဝင်းထဲမှာတော့ ဟိုးရှေးပဝေသဏီကတည်းက ရှိခဲ့တဲ့ စိန်ပန်းပင် ခပ်အိုအိုတစ်ပင်။ သူ့အိပ်ခန်းရှိရာအပေါ်ထပ်က စီးပြီးကြည့်လိုက်လျှင် အရုပ်အိမ်လေးလိုလို ပုံပြင်ထဲက အိမ်လေးလိုလို ချစ်စရာလေး ဖြစ်နေပါသည်။

မနေ့ကတော့ ခြံထဲတစ်နေရာမှာ ရပ်ထားတဲ့ Hilux surf နက်ပြာရောင်တစ်စီးကို လှမ်းတွေ့လိုက်ပါသည်။ သူ ဒီမှာနေတုန်း စီးဖို့ဝယ်ယူရန် ရည်ရွယ်ထားသောကားမို့ တိုးလတ်က သေချာလှမ်းကြည့်ခဲ့မိသေးသည်။ ကားနံပါတ်အရ သွင်းလာတာ





ကြာသေးတဲ့ ကားတစ်စီး။ ကားကလည်း သန့်သန့်။ တစ်ရက်ရက်တော့ ဟိုဘက်ခြံက ဒီကားပိုင်ရှင်ကို ဒီကားအကြောင်းမိတ်ဖွဲ့စနည်းနာဦးမည်လို့တောင် သူ တွေးထားမိပါသည်။

"မတူးမာရေ ... လုပ်ပါ ... လုပ်ပါ"

"ဘယ်မှာလဲ ယောရဲ့၊ ဘယ်နားလဲ"

"ဟိုနားမှာလေ၊ နည်းနည်းရှည်နေတဲ့ မြက်တောလေးမှာ"

"ဒီနားလား"

တိုးလတ် မြင်ကွင်းထဲသို့ လိမ္မော်နုရောင်ဆွယ်တာလေး ဝတ်ကာ ထဘီရှည်ရှည်လေးကို လက်နှစ်ဖက်နှင့် ဆွဲမထားပြီး ခြေနှစ်ဖက်ကို တစ်ဖက်ချင်း ခုန်ဆွ ခုန်ဆွ လုပ်နေတဲ့ကောင်မလေးတစ်ယောက်ရဲ့ ပုံသဏ္ဌာန်လေးက ငြိမ့်ငြိမ့်ညောင်းညောင်း နွေးနွေးထွေးထွေးကလေး ဝင်လာပါသည်။

ကြည့်စမ်း ... ချစ်စရာလေးပါလား။

နောက်တစ်ယောက်ကတော့ အသားညိုညို ဝဝပြည့်ပြည့်နှင့် အိမ်ကအဖော်အလုပ် ကူဖော်လောင်ဖက် ဖြစ်ပုံရတဲ့အစ်မကြီး။ တိုးလတ် ရောက်ရောက်ချင်းနေ့က ညနေဘက်ခြံထဲဆင်းကာ ခြေဆန့်လက်ဆန့် လမ်းလျှောက်ကတည်းက ဒီအစ်မကြီးကို မြင်ပြီးပြီ။

အစ်မကြီးက နှစ်ခြံကြား စည်းရိုးမှာ သူတို့ဖက်ကနွယ်တက်နေတဲ့ ကင်းပုံညွန့်ကလေးတွေကို ပလတ်စတစ်ဆန်ကာလေးတစ်ခုနှင့် ခူးဆွတ်ထည့်နေတာဖြစ်သည်။ တိုးလတ် လျှောက်



www.burmeseclassic.com

www.burmeseclassic.com



လာတော့ မျက်နှာချင်းဆိုင် ဖြစ်နေ၍ ထိုအစ်မကြီးက သူ့ကို လှမ်းကြည့်နေသည်။

တိုးလတ်က မျက်နှာချို နှုတ်သွက်သူပီပီ အစ်မကြီးကို လှမ်းပြုံးပြနှုတ်ဆက်လိုက်ရင်း ...

"အစ်မ ... ဘာတွေ ခူးနေလဲ"

"ရှင် ... သြော် ... ကင်းပုံညွန့်"

"ဟင်းချို ချက်မလို့လား"

"ဟုတ်ကဲ့"

"ချိုတယ်နော်၊ ကျွန်တော်လည်း ကြိုက်တယ်"

အစ်မကြီးမျက်နှာက ပြုံးစိစိ ဖြစ်သွားပါသည်။

"ကျွန်တော်ရော ကင်းပုံညွန့်ဟင်းချို သောက်ချင်တဲ့အခါ ဒီဘက်ကနေ နည်းနည်းလှမ်းခူးရင် ရလား အစ်မ"

"အဟင်းဟင်း ... ရပါတယ်၊ အများကြီးပဲ၊ ခူးပါ၊ ကြိုက်သလောက်ခူးပါ၊ ဟိုးနောက်ဘက်မှာ ကြက်ဟင်းခါးညွန့်တွေလည်း ရှိတယ်၊ အဲဒါလည်း ခူးလို့ရတယ်"

"အား ... အဲဒါတော့ မခူးတော့ဘူးဗျာ၊ ခါးတယ်"

"ပြုတ်ပြီး တို့စားလို့ ကောင်းတယ်"

"ဟုတ်လား၊ ကျေးဇူးပဲ အစ်မ၊ ပြောင်းလာတာ ကြာပြီလား"

"မကြာသေးဘူး၊ လပိုင်းပဲ ရှိသေးတယ်"

"ဟုတ် ...၊ ကျွန်တော့်ကို မှတ်ထားနော်၊ တိုးလတ်တဲ့၊ ဒီအိမ်က သားအငယ်ပေါ့"





"သြော် ... အန်ကယ်ကြီးတို့သားလား၊ ဆရာဝန်ဆိုတာ ပေါ့နော်၊ နိုင်ငံခြားက ပြန်လာတာပေါ့"

"ဟား ဟား ... ဟုတ်တယ်၊ အစ်မနာမည် ဘယ်လိုခေါ်လဲ"

"မတ္တးမာ"

"မတ္တးမာ ! ...၊ မှတ်ထားမယ်နော်"

"ဟုတ်ကဲ့"

"ဒီဘက်မှာ ဒက်ဒီတို့စိုက်ထားတဲ့ ဧရာတ်သီးစိမ်းတို့ ခရမ်းချဉ်သီးတို့ ရှိတယ်။ လဲစားမယ်နော် ကင်းပုံညွန့်နဲ့"

"ဟီး ... ဟီး၊ ဟုတ်ကဲ့ ... ဟုတ်ကဲ့"

"သွားပြီ အစ်မ၊ ဆက်ခူး ... ဆက်ခူး"

တိုးလတ် ထွက်လာတော့ အဲဒီအစ်မကြီး ပြုံးကာ ရယ်ကာ ကျန်ရစ်ခဲ့ပါသည်။ အခုတော့ ထိုအစ်မကြီး မတ္တးမာသည် မိုးကျနတ်သမီးလေးသဖွယ် ဖြူသွယ်နွဲ့လျသော ချစ်စရာကောင်မလေးရဲ့ လက်ညှိုးထိုးစေခိုင်းမှုအောက်မှာ တုတ်ရှည်တစ်လက်ကို ကိုင်ဆောင်ပြီး ဘာကိုရှာဖွေနေတယ် မသိ။ ကုန်းကွကုန်းကွနှင့်။ မြက်ထဲကို တုတ်နှင့်ထိုးလိုက်၊ ရှေ့တိုးလိုက်၊ နောက်ဆုတ်လိုက်။

"မတွေ့ဘူးလား မတ္တးမာရဲ့"

"မတွေ့ဘူးလေ ယောရဲ့၊ ဟုတ်ကော ဟုတ်လို့လား"

"သြော် ... ဟုတ်ပါတယ်ဆိုမှ မတ္တးမာကလည်း၊ ယောသေချာတွေ့လိုက်တာပါဆိုမှ၊ ညိုညိုလေးပါဆို၊ ယောရဲ့လက်တစ်ချောင်းလောက်ရှည်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ညည်းဟာက အရှည်ကြီးပါလား ယောလေးရယ်၊ အဲလောက်ရှည်ရင် မြွေအကြီးကြီး ဖြစ်နေမှာပေါ့။ ဒီလောက် မြက်လေးထဲမှာ ဘယ်ပုန်းလို့ရမလဲ၊ ပေါ်နေမှာပေါ့"

"မတူးမာကလည်းနော်၊ အဲဒီထက် နည်းနည်းတိုရင် တိုမှာပေါ့၊ ယောက ဖျတ်ခနဲ မြင်လိုက်တဲ့ဟာ၊ ပေကြိုးနဲ့ တိုင်းလိုက်ရတာမှ မဟုတ်တာ"

ခိ ခိ ...။

တိုးလတ်က သဘောတကျ ကျိတ်ရယ်လိုက်မိပါသည်။ ချစ်စရာလေး။ တော်တော်ချစ်ဖို့ကောင်းတဲ့ ကောင်မလေး။ မြွေတွေ့လို့ အလန့်တကြား ရှာဖွေပြီး ရိုက်ဖို့ပြင်နေကြတာကို။

"အလုံးဘယ်လောက်ကြီးလဲ"

"ယော လက်သန်းလောက်"

"အိုး ... ယောလက်သန်းလောက်နဲ့ လက်တစ်လန်ရှည်နေရင် မြွေမဖြစ်နိုင်ဘူး၊ ကြိုးတွေ ဘာတွေ ဖြစ်မှာပေါ့"

"ဟာ ... မတူးမာကလည်း၊ မြွေနဲ့ကြိုးနဲ့ မှားစရာလား၊ ပြီးတော့ မြက်ခင်းထဲကို ဘယ်ကကြိုးက ရောက်နေမှာလဲ၊ ကြိုးဆိုရင် ခုနနေရာမှာပဲ ရှိမှာပေါ့၊ တလှစ်လှစ်နဲ့ဒီဘက်ကို တွန့်လိမ်ပြီး ပြေးဝင်သွားတာပါဆို"

အဟားဟား။





ချစ်ဖို့ကောင်းပြန်ပြီ။ ပိန်သွယ်သွယ် သူ့ကိုယ်လေးကို မြွေလို တွန့်လိမ်ပြနေလိုက်သေးတာ။ တိုးလက်သည် ကောင်မလေးကို ချစ်ခင်နှစ်လိုစိတ်နှင့်အတူ အူမြူးလာမိကာ မနေသာက်ပြောင်ဘဲ မနေနိုင်သဖြင့် လက်ဝါးနှစ်ဖက် ပါးစပ်နှစ်ဖက်စွန်းမှာကာကာ အသံအောင်သြသြကြီးနှင့် ...

"ဟိတ် ... မြွေ ... မြွေ ... မြွေ"

"အမယ်လေး"

"ဗုဒ္ဓေါ ... ဘုရားကယ်ပါ"

သူ ထင်တာထက် အမျိုးသမီးနှစ်ယောက်လုံးက ပိုမိုလန့်ဖျပ် တုန်တက်သွားကာ မတူးမာက ခုန်ပေါက်လိုက်သလို "ယော"ဆိုတဲ့ နတ်မျိုးနွယ်ကလေးကား အမယ်လေးတ,ကာ ဘတ်ချက်ကည်း ခွေကျသွားပါသည်။

ဟိုက် ...။ အကျိုးနည်း။ တိုးလတ်က သူ့ဟာသူစ,ပြီး၊ သူ့ဟာသူ လန့်သွားရပါသည်။ ကောင်မလေးကလည်း ဗန္ဓုလသွေးပါလား။ "မြွေ"လို့ အော်ရုံနဲ့ ခွေကျသွားတော့တာ။ သူ့မှာဘာဆက်လုပ်လို့ လုပ်ရမှန်းမသိ သူ့အိပ်ခန်းရဲ့ ဝရန်တာဘက်ဆီပြေးထွက်လာခဲ့ရပါသည်။

"ယော ... ယောလေး"

"ဘယ်သူလဲ ... ဘယ်သူ အော်လိုက်တာလဲ၊ ဘယ်မှာလဲ မြွေ"



www.burmeseclassic.com

www.burmeseclassic.com



မတူးမာက ယောကိုပွေ့ထူရင်း ဒီဘက်ခြံထက်လှည့်ကြည့်ကာ မနီးမလှမ်း အပေါ်ထပ် ပရန်တာကသူ့ကို လှမ်းမြင်သွားပါသည်။

"ကိုတိုးလတ် ... ဘယ်မှာလဲ မြွေ"

"ဆောရီး ... ဆောရီးဗျာ၊ ကျွန်တော် စ,လိုက်တာဗျ၊ မတူးမာ"

"အို ... တကယ်လားလို့၊ ဒီမှာ ယော လန့်သွားပြီ"

"ဆောရီး ... ဆောရီး ညီမ၊ ကျွန်တော်က ပျော်တတ်လို့ စ,တာပါ"

ယောက အသံကြောင့် ရုတ်တရက်လန့်ကာ ချော်လဲကျသွားရတဲ့ ကိုယ့်အဖြစ် ကိုယ်ရှက်ကာ မတူးမာကိုတွဲ၍ ကမန်းကတန်းထပြီး အပေါ်ထပ်ဝရန်တာကလူကိုလည်း မျက်စောင်းလေးနှင့် စူပုပ်ပုပ် ကြည့်လိုက်ပါသည်။ ထိုစူပုပ်ပုပ် မျက်စောင်းအကြည့်ကလေးဟာ တိုးလတ်ရဲ့ ရင်ခွင်နှလုံးသားကို တည့်တည့်ကြီး ထိမှန်ကာ တိုးလတ် ရင်တွေပရမ်းပတာ ခုန်ပေါက်လှုပ်ယမ်းသွားရပါသည်။

"ဆောရီးညီမ ... နာသွားလား"

"မနာပါဘူး၊ ရှင်က ဘာဖြစ်လို့ အဲလိုစ,ရတာလဲ"

"ဪ ... ခင်ဗျားတို့နှစ်ယောက် မြွေတွေ့လို့ ရာနေမှန်းသိတာနဲ့ ဘာရယ်မဟုတ် လှန့်အော်လိုက်မိတာပါ၊ တောင်းပန်ပါတယ်ဗျာ"





"ဒီမှာ ကြောက်ပါတယ်ဆိုမှ ကိုတိုးလတ်ရယ်၊ ယောက အရမ်းကြောက်တတ်တာ၊ ပြီးတော့ နေမကောင်းဖြစ်နေလို့ အားနည်းနေတာ၊ နာသွားလား ယော"

"ဟင့်အင်း ... မနာပါဘူး၊ သူက ဘယ်သူလဲ ..."

"သူက အန်ကြီးသား ကိုတိုးလတ်တဲ့၊ ဟိုတစ်နေ့ကမှ ပြန်ရောက်တာ"

"ဪ"

"ထပ်တောင်းပန်ပါတယ်နော် ညီမ၊ ကျွန်တော့်ကိုလည်း မှတ်ထားပါနော်"

ယောက ကလေးမျက်နှာမျိုးလေးနဲ့ ကျွဲမြီးနည်းနည်းတိုနေသေးသလို စူမှုန်မှုန်ကလေးနှင့် ခေါင်းကိုမညိတ်ချင်ညိတ်ချင် ညိတ်ပြပါသည်။

"လူကြီးတွေနဲ့ မတိုင်ပြောနဲ့နော်၊ အဟင်း ဟင်း"

ယောက တိုးလတ်ထံမှ အကြည့်ဖယ်ရင်း ...

"ကဲပါ ... မတူးမာရယ် ရှာပါဦး၊ တော်ကြာအိမ်ထဲဝင်လာဦးမယ်"

"မရှိလောက်တော့ပါဘူး ညီမရဲ့၊ ခုလောက်ဆို သူ့ကိုရှာနေမှန်းလည်း မြွေက သူ့အာရုံနဲ့သူ သိနေပါပြီ၊ ဟိုးခြံရှေ့ဘက်တွေကနေ ခြံစည်းရိုးကြားက ထွက်ပြေးသွားရောပေါ့၊ မြက်တွေကလည်း သိပ်မှမရှည်တာ၊ သူ ပုန်းမနေ အောင်းမနေနိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



တိုးလတ် စကားကို ယောက ဘာမှမတုံ့ပြန်တော့ဘဲ ဟိုကြည့် ဒီကြည့်လုပ်ကာ မတူးမာကိုပါ မျက်ရိပ်ပြရင်း နှုတ်မဆက် ဘာမဆက် အိမ်ဘက်ပြန်လျှောက်ကာ အိမ်ပေါ်တက်သွားပါတော့သည်။ မတူးမာက သူ့ကို တစ်ချက်လှမ်းပြုံးပြကာ ယောအနောက် ပြေးလိုက်သွားသည်။

တိုးလတ်သည် ဝရန်တာမှ ပြန်ဝင်ခဲ့ကာ မျက်နှာသစ် သွားတိုက်ရင်း ပြုံးတုံ့တုံ့ ဖြစ်နေမိသည်။ အလွန်မှကိုချစ်ဖို့ကောင်းတဲ့ မိန်းကလေး။ ဘယ်လိုဖြစ်ပါလိမ့်။ ခုမှပဲ စတွေ့ဖူးပြီး သူ့ရင်တွေ လှုပ်ရှားတုန်ယင်လိုက်ရတာဆိုတာ။ သူ တစ်ခါမျှ ဒီလိုမဖြစ်ဖူးခဲ့ပါဘူး။

တိုးလတ်က မျက်နှာကို ဖြစ်ကတတ်ဆန်း ရေသုတ်ပြီး အပေါ်ထပ်မှ အပြေးဆင်းလာခဲ့ပါသည်။ နေမြင့်လှပြီ။ ဘရိတ်ဖတ်စ်အချိန်တောင် မဟုတ်တော့။ နောက်နာရီဝက်လောက်ဆို ဒက်ဒီနှင့် မာမီ နေ့လယ်စာ ထမင်းတောင် စားကြတော့မည့်အချိန်။

"မာမီ"

"ဟော ... နိုးပြီလား၊ လာ ... လာ ... ဘရိတ်ဖတ်စ် နောက်ကျနေပြီ သားရယ်"

"ဟုတ်တယ် မာမီ၊ ထမင်းပဲ တစ်ခါတည်း စားတော့မယ်၊ သားပြီးရင် ဘိုသက်ဆီ သွားမယ်၊ သူ ကားပြင်တာအဖော် လိုက်ပေးလိုက်ဦးမယ်နော်၊ ဒီည သွားကြမှာမို့ သူကား သွားစစ်စရာရှိတာလေ"

"ဒီညလား"





"ဟုတ်တယ် မာမီ"

"ဘိုသက် ကားနဲ့လား၊ ကားသေချာစစ်ပြီး လိုတာလုပ်ခိုင်းဦး၊ ပြီးရင် ဖြည်းဖြည်းမောင်းကြဦး၊ အမြန်လမ်းက သွားကြမှာမို့လား"

"ဟုတ်တယ် ထင်တယ် မာမီ၊ သား သေချာမသိဘူး"

"ဘီးမကောင်းရင် လဲခိုင်း၊ လေလည်း သေချာချိန်ခိုင်း၊ ဖြည်းဖြည်းပဲ မောင်းကြဟော့"

"ဟုတ်ကဲ့ ... ဒက်ဒီ၊ ဘိုသက်က ကားမောင်းကျွမ်းပါတယ်"

"ဘယ်လောက်ကျွမ်းကျွမ်း၊ ဒီအမြန်လမ်းမှာ အတိမ်းအမှောက်ဖြစ်တာတွေ မနည်းဘူး သား၊ မင်းသာမသိတာ၊ ဘိုသက်သိပါတယ်၊ ကားကို သေချာစစ်ဆေးပြီး စိတ်ချရမှ ထွက်လို့ပြော သား၊ မင်းကလည်း ရောက်မယ်မှမကြံသေးဘူး၊ လူက ဖင်မငြိမ်ဘူး၊ မင်းမလိုက်လည်း ရသားနဲ့၊ ငါတို့ ဆွမ်းကျွေးလည်း ရှိတာကို"

မန္တလေးမှာ ဘိုသက်မိဘများရဲ့ ဆိုင်ခွဲတစ်ခုဖွင့်ပွဲရှိတာမို့ ဘိုသက်က သူ့ဟာသူ သွားစရာရှိတာပါ။ ဒါကို မြန်မာပြည်ပြန်ရောက်စ တိုးလတ်က အိမ်မှာလည်း ဘာမှလုပ်စရာမရှိ ပျင်းပျင်းရှိသည်နှင့် မန္တလေးဘက် လှုကြည့်အဖော်ကောင်းရှိတုန်း ဘာရယ်မဟုတ် အပျင်းပြေ လိုက်သွားမှာမျိုးပါ။

"အပျင်းပြေပေါ့ ဒက်ဒီရာ၊ ဒက်ဒီတို့ဆွမ်းကျွေးက အကျဉ်းလေးပဲဟာ၊ သားက ကြိုချိန်းထားတာမို့ပါ၊ အခု အတူတူ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားမှ အဖော်ကောင်းတာမို့လို့ပါ၊ နောက်မှသွားရင် အဖော်မရှိဘူးလေ၊ နော် ... ဒက်ဒီ"

တိုးလတ်က ထမင်းစားပွဲမှာ ဝင်ထိုင်ရင်း မာမီနှင့် ဒေါ်စိန် ထမင်းပွဲပြင်ဆင်နေတာကို စောင့်နေရာက ...

"မာမီ"

"ဘာလဲ ... သား"

"ဟိုဘက်ခြံက ... ဟို ... တိုက်လေးက ချစ်စရာလေး နော်"

"အင်း"

"ဘယ်သူတွေ နေတာလဲ၊ မိသားစု များလားဟင်"

"မများပါဘူး သားရဲ့၊ သုံးယောက်တည်းပါ"

"အလုပ်သမား ထင်တယ်၊ မတူးမာ ဆိုတာနဲ့တော့ ဟို တစ်နေ့ကတည်းက နှုတ်ဆက်လိုက်တယ်၊ ဒီနေ့မနက် ကောင်မလေးတစ်ယောက် ထပ်တွေ့တယ်၊ 'ယော'ဆိုလား ဘာလား၊ ကောင်မလေးက ချစ်စရာလေး၊ နောက်တစ်ယောက်က ဘယ်သူလဲ၊ သူ့အဖေလား သူ့အမေလား"

မာမီက ရယ်ချင်သွားသလို ပြုံးလိုက်ရင်း ...

"ချစ်စရာလေးတွေ ဘာတွေ လုပ်မနေနဲ့ ကိုတိုးလတ်ရေ၊ နောက်တစ်ယောက်က သူ့အဖေလည်း မဟုတ်ဘူး၊ သူ့အမေလည်း မဟုတ်ဘူး၊ သူ့ယောက်ျား"

"ဗျာ"





တိုးလတ်မှာ နားထဲ ဗုံးပေါက်သလို ဆိုးဆိုးဝါးဝါး ထူပူသွားသလိုဖြစ်ကာ လူကလည်း ရှုံ့မဲ့သွားပါသည်။ ဒုက္ခပါပဲ။ ဒီက ရင်ခုန်မလား ကြံနေတာ။ ကြံနေတာ မဟုတ်ပါဘူး။ ခုန်ကို ခုန်ပြီးသွားပါပြီ။ စိတ်ပျက်ဖို့ ကောင်းလိုက်တာ။

"အာ ... ကောင်မလေးကလည်း ငယ်ငယ်လေးနဲ့"

"ငယ်ငယ်လေးတော့ မဟုတ်ဘူး သားရဲ့၊ ယောက ကလေးလေးနဲ့တူတာ၊ အသက်ကတော့ သားနဲ့ရွယ်တူနီးပါးလောက်ပဲ၊ ၂၅-၂၆ ပတ်ချာလည်လောက် ရှိမှာပေါ့၊ နာမည်က ယောခင်ဇံ တဲ့"

ကြည့်ပါဦး။ ရင်ထုမနာ နှမြောပါတယ်ဆိုမှ နာမည်လေးကလည်း ချစ်စရာ။

"သူ့ယောက်ျားက ကိုထူးမှူးတဲ့၊ အေးအေးချမ်းချမ်း လင်မယားလေး၊ ခင်မင်စရာ ကောင်းပါတယ်၊ ယူထားတာ တစ်နှစ်တောင် မရှိသေးဘူး ပြောတယ်၊ ပြောင်းလာကြတာတော့ တစ်လကျော်လား ရှိသေးတာ၊ အိမ်တက်တောင် ခုထိ မလုပ်ကြသေးဘူး၊ သူ့ယောက်ျားက သူ့ကိုတုန်နေအောင် ချစ်တာ"

ချစ်မှာပေါ့။ ချစ်စရာလေးကို။ ဟာကွာ။ အတည်ဘကျ ရင်ခုန်အိပ်မက် မက်တော့မယ် ကြံကာမှကွာ ...။



www.burmeseclassic.com

www.burmeseclassic.com

## ၂

"ယောရေ ... ယောလေးရေ"

အိမ်ရှေ့က ခေါ်သံကြောင့် အိပ်ရာပေါ်မှာ ခေါင်းအုံးမြင့်မြင့်မှီရင်း ဝတ္ထုစာအုပ်ဖတ်နေသော "ယောခင်ဖ"ရဲ့မျက်နှာလေးက ဝင်းလက်သွားကာ ဝတ္ထုကို မှောက်ရာပေါ်ချရင်း ခုတင်ပေါ်က အပြေးဆင်းပြီး အိမ်ရှေ့ပြေးထွက်လာသည်။

"ဟောလေးရေ"

"ကိုကြီး ပြန်လာပြီ၊ မိုးချုပ်လိုက်တာ ကိုကြီးရယ်"

တံခါးဝမှာ ဖိနပ်ချွတ်နေသော "ထူးမှူး"ကို ယောက အပြေးလေး ဖက်လိုက်ပါသည်။ ထူးမှူးက ရင်ခွင်ကို ကလေးငယ်လို မျက်နှာအပ်ပြီး ကျုံးဖက်ထားသော ယောခင်ဖလေးကို ကျောပြင်ဆီ ပြန်သိုင်းဖက်ရင်း အရှိန်နှင့်ယိုင်သွားသည့်ဟန်ချက်ကို ထိန်းနေကာ ပြုံးပြုံးရယ်ရယ်နှင့် ...

"ဟိတ်ကောင်မလေး ... မတူးမာ ရှိတယ်လေ"





"အမယ်လေး မတူးမာများ၊ ကိုကြီး ရှက်လို့လား၊ ယောကတော့ မရှက်ပေါင်၊ သူ့ရှိလည်း ဘာဖြစ်လဲ"

မတူးမာက ပြုံးစိစိနှင့် ထူးမှူးလက်ထဲက စာရွက်စာတမ်းထည့်သည့် အိတ်ပြားကို လှမ်းယူသွားပါသည်။ ထူးမှူးရဲ့အလုပ်ခန်းလို့ သတ်မှတ်ထားသည့် အခန်းထဲက စားပွဲပေါ်သွားတင်လိုက်ပါသည်။

"မှန်းစမ်း ... ယော၊ နဖူးစမ်းကြည့်ရအောင် အဖျားကျရဲ့လား"

"ကျတယ် ကိုကြီး ... အေးနေပြီ"

ထူးမှူးက ယောနဖူးပေါ် လက်ဝါးအုပ်စမ်းရင်း ...

"ဘယ်ကအေးရမှာလဲ၊ နွေးတုန်းပဲလေ"

"အေးလေ ... မနက်ကလို မပူတော့ဘူးလေ"

"ဆေးနှစ်ကြိမ်လုံး သောက်ရဲ့လား"

"ဟုတ် ... သောက်ပါတယ် ကိုကြီးရဲ့"

"ဆန်ပြုတ်ရော ... သောက်ရဲ့လား"

"ဟုတ်"

"ဖြေသံက တိုးသွားပါလား၊ မတူးမာ ... ယော ဒီနေ့ဆန်ပြုတ်ဘယ်နှကြိမ် သောက်လဲ"

"နှစ်ကြိမ် အစ်ကိုထူး"

"ဟင် ... နှစ်ကြိမ်တည်း၊ ဆန်ပြုတ်က ဒီလောက် အစာကြေလွယ်တဲ့ဟာကို"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါသောက်ရင် ပန်းကန်လုံးကြီးအပြည့် ကိုကြီးရဲ့"

"ကြက်သားဖတ်ရော များများစားရဲ့လား"

"စားတယ်"

"မနက်က ဆန်ပြုတ်အိုးကို သေချာကြည့်သွားတာ၊ တစ်ဝက်တောင်မှ လျော့ပါ့မလား၊ နေဦး ... သေချာ ပြန်ကြည့်ရဦးမယ်"

ထူးမှူးက မီးဖိုဘက် ဝင်သွားသဖြင့် နောက်က မတူးမာရော ယောခင်ဇံပါ လိုက်ပါသွားရပါသည်။ ယောက နောက်ချန်နေပြီး လက်မကလေးတစ်ဖက် ကော့ကာကိုက်ရင်း မီးဖိုအခန်းကူးတံခါးပေါင်ကို ခပ်ကွယ်ကွယ် မှီရပ်ကာ ဆန်ပြုတ်အိုးကို ကိုကြီး ဖွင့်ကြည့်နေတာကို တထိတ်ထိတ် လှမ်းကြည့်ကာနေသည်။

သောက်တာ နည်းတယ်ပြောမှာလား၊ များတယ်ပြောမှာလား။ မတူးမာက လေးငါးကြိမ်ထက်မနည်း ဆန်ပြုတ်သောက်ဦးမလားလို့ မေးပေမယ့် ယောက ပါးစပ်ပျက်ပျက်နှင့် ဆန်ပြုတ်ကို ခံတွင်းမတွေ့ကာ "ဟင့်အင်း"ချည်း ငြင်းနေလို့ နှစ်ကြိမ်ပဲ သောက်ဖြစ်တာပါ။ မတူးမာက "တွေ့လား ... ဆူခံရတော့မယ်"ဆိုတဲ့ အသံတိတ် အမူအရာနှင့် ယောခင်ဇံဘက် မျက်လုံးပြူးကာကြည့်၍ ယောက နှာခေါင်းရှုံ့ပြလိုက်ပါသည်။

ယော အသက်ဆယ်နှစ်ကတည်းက အိမ်ကိုရောက်လာတာဖြစ်ပြီး ယောကိုသာ ဦးစားပေး စောင့်ရှောက်လုပ်ကိုင်





ပေးရ၍ ညီအစ်မလို သူငယ်ချင်းလို ဖြစ်နေသော မတူးမာဟာ အိမ်အလုပ်သမားလို မဟုတ်ဘဲ ဆွေမျိုးလို ဖြစ်နေပါသည်။ ယောထက် ရှစ်နှစ်ကြီးသည်ဖြစ်၍ အခု ယောခင်ဇံ နှစ်ဆယ့်ခြောက်နှစ်မှာ မတူးမာက သုံးဆယ့်လေးနှစ်။ ကိုကြီးက ယောထက် ဆယ်နှစ်ကြီးသည်ဖြစ်၍ အခုသုံးဆယ့်ခြောက်နှစ်။

"ဟော ... သိပ်လည်း မလျော့ပါလား။ မတူးမာ ခဏ ခဏ မတိုက်ဘူးလား"

"ခဏ ခဏ ဆန်ပြုတ်ယူခဲ့ရဦးမလား မေးပါတယ် အစ်ကိုထူးရယ်၊ ယောခင်ဇံလေး အကြောင်း အစ်ကိုထူး အသိသားနဲ့ဟာ၊ အိညက် အိညက်နဲ့ ခေါင်းမာတာလေ၊ ပျော့ပျော့လေးနဲ့နံ့တဲ့ ရွှေဝါချိုး"

"မတူးမာနော်"

ထူးမှူးရော မတူးမာပါ ယောခင်ဇံကိုကြည့်၍ ရယ်မောနေကြကာ ယောကတော့ နှစ်ယောက်လုံးကို တစ်ယောက်တစ်လှည့် မျက်စောင်းထိုးရပါသည်။

"မတူးမာ ... ဆန်ပြုတ်နွှေးလိုက်ဗျာ၊ အခုတစ်ကြိမ် တိုက်ရအောင်၊ ညအိပ်ခါနီးကျ နောက်ထပ် ဆေးတစ်ကြိမ်သောက်ခါနီး တစ်ခါထပ်သောက်၊ ဩော် ... ကျွန်တော့်ကားပေါ်မှာ သူ့ဖို့ ဝယ်လာတဲ့ပူတင်းဘူးလေး သွားယူလိုက်ပါဦး မတူးမာရယ်"

"ဟာ ... ပူတင်းပါတာလား၊ ပူတင်းစားမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဆန်ပြုတ်သောက်ပြီးမှ ပူတင်းစားရမယ် ယော"

"ကိုကြီးကလည်းနော် ဘာစားစား ဗိုက်ပြည့်ရင် ပြီးနေတာ ကို၊ ဆရာဝန်က ထမင်းစားတောင် ရတယ်ပြောတာပဲဟာကို ဆန်ပြုတ်လာတိုက်နေတယ်၊ တကယ်ပါပဲ ဆန်ပြုတ်နောက် မှ သောက်မယ်ဆိုမှ၊ ပူတင်းအရင်စားမယ်"

အမြဲလို အိမ်နေရင်း ထဘီဝတ်လည်း ရှည်တောင့် ရှည်လျား ဖုတ်တိုက်အောင် ဝတ်တတ်တဲ့ ယောခင်ဇံက သူ့ထဘီ ရှည်လေး လက်တစ်ဖက်နဲ့မ, ခြေတစ်ဖက်ကဆောင့်ကာ စိတ် ကောက်ကောက်နှင့် ရှေ့ကထွက်သွားပုံကို ထူးမှူးက ချစ်စနိုးပြုံး ပြုံး နောက်ကပါလာကာ ...

"ပန်းကန်လုံးအကြီးနဲ့ အပြည့်သောက်မယ်လို့ ကတိပေး မလား"

"အင်း ... ပေးမယ်"

"ဒါဖြင့် ပူတင်းကို နည်းနည်းပဲစားဦး ယောရယ် ... နော် ဆန်ပြုတ်သောက်ဖို့ ဗိုက်ချန်ထား၊ ဗိုက်မတင်းစေနဲ့"

ယောက အိပ်ခန်းထဲ ပြန်ရောက်လာလျှင် ခုတင် စွန်း၌ ထိုင်လိုက်ရင်း ...

"ဟော နေကောင်းနေပါပြီဆိုမှ ကိုကြီးရာ၊ ဒါပေမဲ့ ကိုကြီး စကားကို နားထောင်ချင်လို့ ဆန်ပြုတ်သောက်ပါ မယ်"

"ဆန်ပြုတ် အရင်ယူလာရမလား၊ ပူတင်း အရင်ယူလာရ မလား အစ်ကိုထူးရေ"





အခန်းပြင်မှ မတူးမာရဲ့အော်မေးသံကြောင့် ထူးမှူး က ...

"ပူတင်း အရင်ယူခဲ့ပါ မတူးမာ"

"အင်း ... ထင်သားပဲ"

မတူးမာက ခပ်တိုးတိုး ရေရွတ်ကာ အသင့်ယူလာ ပြီးသော ပူတင်းဘူးနှင့် ဇွန်းကို အခန်းထဲ ဝင်ပေးလိုက်ပါသည်။

"မတူးမာ ... နှင်းဆီအိုးလေး ရေလောင်းရဲ့လား"

"ဟုတ်ကဲ့ ... လောင်းပါတယ် အစ်ကိုထူး၊ ညနေကပဲ ယောပါ ခြံထဲဆင်းလိုက်လာရင်း ဒီနှင်းဆီအိုးလေးကို သေချာလောင်းပါတယ်"

ထူးမှူး အသစ်စိုက်ထားတာ မကြာသေးတဲ့နှင်းဆီ အိုးကလေးပါ။ ပွင့်ဖတ်အထပ်ထပ် အလွှာလွှာ ခပ်ကျစ်ကျစ်နှင့် အပွင့်ကြီးကြီး အရောင်ဆန်းဆန်းပွင့်တဲ့ နိုင်ငံခြားနှင်းဆီမျိုး။ ထူးမှူးက ရှားရှားပါးပါး နှင်းဆီပန်း ကြိုက်တတ်တဲ့ ယောလေး အတွက် တယုတယ စိုက်ပေးထားတာ ဖြစ်ပါသည်။

မတူးမာက အပင်တွေ ပန်းတွေ ဝါသနာလုံးဝမပါ တဲ့သူမို့ အမြဲပင် ရေလောင်းဖို့ကို မေ့လျော့နေတတ်တဲ့သူပါ။ ထူးမှူးက ထိုနှင်းဆီအိုးကလေးကို တိုက်ပတ်လည် လေသာဆောင် နေရာလေးမှာ ကစ်စ်မီကွစ်စ် ပန်းအိုးလေးတချို့နှင့်အတူ နေရာချ ထားသည်။ ထူးမှူးက မနက်ပိုင်းလောင်း၍ ညနေပိုင်းကို မတူးမာ ကို တာဝန်ပေးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယောလေး ... ဟိုဘက်ခြံက ဖိတ်တာ ပြောပြလိုက်ဦးလေ"

ယောခင်ဇံက ပုတင်းဘူးကို လှမ်းယူရင်း ...

"သြော် ... ဟုတ်သားပဲ၊ ဟိုဘက်ခြံမှာ အန်ကယ်ကြီး အန်တီကြီး လင်မယားနှစ်ယောက်နေတာ သိတယ်မို့လား ကိုကြီး၊ အိမ်မှာ အလုပ်သမားအဖော်တွေပဲရှိတယ်၊ သမီးအကြီးမိသားစုက စင်ကာပူမှာတဲ့၊ သားအငယ်ကလူပျိုတဲ့၊ ဟိုတစ်နေ့ကမှ ဂျမေကာက ပြန်ရောက်လာတာ၊ ဖိန်းနွဲခါကျရင် အန်ကယ်ကြီးတို့ရဲ့ သုံးဆယ့်ငါးနှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ဆွမ်းကျွေး ရှိတယ်တဲ့၊ ယောတို့ကို လှမ်းဖိတ်တာ ကိုကြီးရဲ့၊ ညနေက ယောနဲ့ မတူးမာ ခြံထဲရှိနေတုန်း ခြံစည်းရိုးနားလာပြီး ဖိတ်တာလေ၊ ဖိတ်စာတွေ ဘာတွေတော့ မလုပ်ပါဘူးတဲ့၊ ဘုန်းကြီးငါးပါး ဆွမ်းကပ်ပြီး ဒီနားတစ်ဝိုက် သုံးလေးခြံလောက်ပဲ ဖိတ်တာတဲ့၊ ယောတို့ကိုလည်း အိမ်တက်ဆွမ်းကျွေးလေး ဘာလေး မလုပ်ဘူးလား ဆိုတာ မေးသေးတယ်၊ ယောတို့ ပြောင်းလာနေတာ တစ်လကျော်ရှိပြီဆိုတော့လေ ဆွမ်းလေးတော့ ကျွေးလိုက်တဲ့၊ အိမ်သစ်ဆိုတော့ အန္တရာယ်ကင်း ဘေးရှင်းအောင် ဒီအိမ်ခြံနဲ့ အကျိုးပေးအောင် စီးပွားတက်အောင် ဘုန်းကြီးဆွမ်းကျွေးရတာ ရွှတ်စရာရှိတာလေး ရွှတ်ဖတ်ရတာ ထုံးစံတဲ့"





"ယောက လုပ်ပါမယ်လို့ မပြောလိုက်ဘူးလား"

"ပြောလိုက်တာပေါ့ ကိုကြီးရဲ့၊ ဒီလကုန်ရက်မှာ ယောတို့ရဲ့မင်္ဂလာတစ်နှစ်ပတ်လည်ရှိလို့ အဲဒီနေ့ပေါ်မှာပဲ အိမ်တက်မင်္ဂလာဆွမ်းကျွေးဖို့ ခဏစောင့်နေတာပါလို့ ပြောလိုက်တယ်၊ အဲဒီကျရင် အန်ကယ်တို့ အန်တီတို့ကိုလည်းဖိတ်ပါမယ်၊ လာပါနော်လို့ ယောက ပြောလိုက်တယ်"

"ဟင် ... ဒီကလေးလေးက စကားပြောတတ် ဆိုတတ်လိုက်တာ ... အဟင်း ဟင်း"

ထူးမှူးရဲ့ချစ်စနိုးအပြောတွင် ယောက ပုတင်းစားရင်း မျက်စောင်းတစ်ချက် ဝင့်လိုက်ပါသည်။

"ဟော ... ကြည့်၊ ဘာစာအုပ် ဖတ်နေလဲ မှတ်တယ်၊ စုန်းကဝေတစ္ဆေသရဲစာအုပ်တွေ ဖတ်နေပြန်ပြီ၊ ပြီးရင် သူပဲ ကြောက်ဦးမယ်"

"ဟင့်အင်း ... မကြောက်ပါဘူး ကိုကြီးကလည်း၊ သရဲဆိုတာ ကြောက်ဖို့မကောင်းဘူး၊ သနားစရာပဲကောင်းတာ"

ထူးမှူးက ခုတင်ပေါ် ယောခင်ဇံ ချထားတဲ့ ဖတ်လက်စဝတ္ထုကိုယူကာ နေရာမှတ်တဲ့ ကတ်လေးနှင့် ကြားထိုးပြီး ပိတ်လိုက်ကာ ခုတင်နံဘေးစားပွဲပေါ်တင်လျက် နေရာလွတ်မှာ ဝင်လဲလျောင်းလိုက်ပါသည်။

"ယောရေ ... မနက်က အစ်ကိုထူး သွားတော့ ငါတို့တွေ မြွေတွေ့တာလည်း ပြောဦးလေ ... ဟိ ဟိ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဟုတ်တယ် ... သိလား ကိုကြီး၊ ယောက မြွေကို တွေ့လိုက်တာ၊ မတူးမာကို အော်ခေါ်ပြီး ရောက်လာတော့ သူက လှစ်လှစ်နဲ့ ဘယ်နားတိုးသွားမှန်းမသိ၊ မတွေ့တော့ဘူးတော့ ကိုကြီးရဲ့၊ ယောဖြင့် ရင်တုန်လိုက်တာ သိလား ကိုကြီးရာ"

ထူးမှူးက ချစ်စဖွယ် တီတီတာတာ ပြောနေသော ယောကို မျက်လုံးစင်းစင်းနှင့် ငေးကြည့်ရင်း နားထောင်နေသည်။

"ကိုကြီး ဒီနေ့ အလုပ်တွေများလား၊ ပင်ပန်းလားဟင်"

"မပင်ပန်းပါဘူး ယောရယ်၊ ကိုယ့်အဖို့က အလုပ်များတာကို နေသားကျနေပါပြီ၊ အဲလိုအလုပ်တွေများနေမှလည်း ကိုယ်က နေတတ်တော့တာ"

"ဒါပေမဲ့ ဒီနေ့တော့ အခု ခြောက်နာရီခွဲတောင် ကျော်နေပြီဆိုတော့ နေပါစေတော့၊ တကယ်လို့ ကိုကြီး နက်ဖြန် ဒီထက်စောစော ပြန်ရောက်ရင် ယောတို့ ဘွားဘွားဆီသွားရအောင်လေ ... နော် ... ကိုကြီး"

"အင်း ... ဘွားဘွားဆီ မရောက်တာ သုံးရက်ရှိပြီဆိုတာ ကိုယ် သိပါတယ်၊ ယော သိပ်နေမကောင်းသေးလို့ ကိုယ်က သွားဖို့စကားမစတာပါ၊ ဒီနေ့တော့ ယောလည်း ကိုယ် နည်းနည်းနွေးနေသေးတယ် နေလိုက်ဦး၊ နက်ဖြန် ကိုယ် စောစောပြန်လာမယ်၊ ဘွားဘွားတို့အိမ် သွားကြမယ်လေ နော်"





"ဟုတ် ... ဒါကြောင့် ချစ်တာ ကိုကြီးကို"

ယောခင်ဇော်က ကလေးသဖွယ် ခေါင်းလေးစောင်းရင်း ပြောပါသည်။

"ဘွားဘွားဖို့ အားဆေးဘူး ဝယ်ထားတယ်၊ အန်တီညို အတွက်တော့ သူမှာထားတဲ့ ဦးဇောတိက အခွေတွေရော ဟိုတစ်ခေါက်က ယူသွားဖို့မေ့သွားတဲ့ ချောကလက်ဘူးရော ပေးစရာတွေလည်း ရှိတယ်လေ၊ ဒီတစ်ခါ မမေ့နဲ့ဦးနော် ... ယောလေး"

"ဟုတ်ကဲ့ပါ"

"သြော် ... ကိုကျော် ဘယ်နေ့ပြန်လာမှာလဲ၊ သွားကြိုပေးရမှာဆို ကိုယ့်ကို သတိပေးဦးနော် ယော၊ ကိုယ်က အလုပ်များရင် မေ့မေ့နေတတ်တယ်"

"ဖိန်းနွဲခါပဲလေ ... မနက်ပိုင်း"

"ဟင် ... ဒါဆို ဟိုဘက်ခြံက အန်ကယ်ကြီးတို့ အလှူနဲ့ တိုက်နေတာပေါ့"

"ကိုကိုကျော်က မနက်စောစော ကြိုရမှာပါ၊ အပြန်ကျမှ ဟိုဘက်ခြံသွားမယ်လေ ကိုကြီး၊ ဟိုဘက်ခြံက ထမင်းစားချိန်မှ သွားလို့ရတယ်လေ၊ Anniversary ဆိုတော့ လက်ဆောင်လေး တစ်ခုခု ပေးသင့်တာပေါ့နော် ကိုကြီး၊ နက်ဖြန် ဝယ်ခဲ့ဦးနော်"

"အင်းပါ ... အင်းပါ"



www.burmeseclassic.com

www.burmeseclassic.com



ထူးမှူးက ဖျတ်ခနဲ မေးစင်းသွားသလိုရှိသော မျက်လုံးအစုံကို အတင်းပဲ ပြန်ဖွင့်လိုက်ရပါသည်။ ခုတလော အလုပ်ပင်ပန်းသည်။ တကယ်တော့ အိမ်ပြန်ချိန်တွင် သူ ခြေကုန်လက်ပန်းကျ ပင်ပန်းနေပါပြီ။ သို့ပေမဲ့ တစ်စတစ်စ ပိုပြီးအားကောင်းခိုင်မာလာသော တိုးပွားချဲ့ထွင်လာသော လုပ်ငန်းတို့ကို မိုးရွာတုန်းရေခံဆိုသလို အားပိုစိုက်ပြီး ကြီးသည်ထက် ကြီးမားလာစေလိုသော ဆန္ဒသာ သူ့မှာ ထက်သန်ပြင်းပြနေပါသည်။

ဘာမှမဟုတ်တဲ့ ဟိုးအောက်ခြေ လက်ဗလာဘဝကနေ စတင်ရုန်းကန်ခဲ့ရတာလေ။ ဒီလောက် အခြေအနေ ရောက်လာပြီးမှတော့ ဒီထက်ပိုခိုင်မာ တိုးပွားဖို့ပဲ မျှော်လင့်တော့တာပေါ့။ ချစ်ဇနီးချော ယောခင်ဖဲလည်း ရှိနေပြီလေ။ နောင်ဆို တိုးပွားလာဦးမည့် သားသမီးရတနာတွေက ရှိဦးမည်။

အလုပ်မှာ Stress နည်းနည်း ရှိတဲ့အတွက်ပဲလားမသိ။ ခေါင်းလည်း ခုတလော သိပ်မကြည်လင်လှပဲ မှုံရိပ်မှုံရိပ်ဖြစ်တတ်သည်။ သွေးလေးနေသလိုလည်း ခံစားရရဲ့။ အသက်ကဘာရှိသေးလို့လဲ။ သွေးများတိုးချင်လို့လား။ ဘာပဲဖြစ်ဖြစ် အိမ်အတွက် Pressure တိုင်းဖို့ ဒစ်ဂျစ်တယ်လ်စက်လေး တစ်လုံးတော့ ဝယ်ထားဦးမှပင်။ အလွယ်တကူ တိုင်းတာကြည့်နိုင်အောင်။

ယောကလည်း မကြာမကြာ ပရက်ရှာကျတတ်တဲ့ သူလေး။ ဒီတော့ ယောအတွက်လည်း လိုအပ်သည်။ ယောအတွက် လိုအပ်ချက်ဆိုတာ ဘာတစ်ခုမှ မရှိစေချင်ပါ။ ယောခင်ဖဲ





ဆိုတဲ့ မိန်းကလေးဟာ ဟိုးတာဝတီံသာနတ်ဘုံဖျားကနေ သူ့ရင်ခွင်ထဲကို စွန့်စွန့်စားစား ခုန်ချလာခဲ့တဲ့ မိန်းကလေး။ အဲဒါကြောင့် သူ့လက်ထဲမှာ ဘာတစ်ခုမှ မပြည့်စုံတာ မရှိရအောင် လိုတရနေအောင် ထားဖို့ သူ ဆုံးဖြတ်ထားတာပါ။

ဒါမှလည်း သူ ယောက်ျားကောင်းတစ်ယောက်ပီသမှာပေါ့။ ပြီးတော့ သူ ဆယ်နှစ်ဆယ်မိုး တိတ်တခိုး ချစ်မြတ်နိုးခဲ့ရတဲ့ မိန်းကလေးလေ။

"ကိုကြီး"

"အင် ..."

"ကိုကြီး အိပ်ချင်နေတာလား၊ ထမင်းစားရဦးမယ်လေ"

"အင်း ..."

"ရေချိုးလိုက်ပါလားလို့၊ လန်းဆန်းသွားအောင်လေ ကိုကြီး"

"အင်း _ အင်း ..."

ထူးမှူးက ငိုက်မြည်းသော မျက်ဝန်းများကို အတင်းမြူးကာ ဟကာ ဆွဲကျယ်ထားလိုက်ရပါသည်။ အချိန်ကြီးဇကောဇကမှာ အိပ်လို့မဖြစ်သေးပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

## ၃

ခန်းဆီးစကြားက ချောင်းကြည့်ခဲ့သော မျက်လုံးဝိုင်းကလေးများက စ,ချစ်ခဲ့ရပါသည်။ ခန်းဆီးစရဲ့အောက်ဘက်နေရာလွတ်လေးမှာတော့ ခြေချောင်းထိပ်လေးတွေ ပေါ်ရုံထိ ရှည်လျားပုံကျနေတဲ့ ထဘီစ,လေး။ ခြေသဲကြည်ကြည်လေးတွေနဲ့ ခြေချောင်းနီနီရဲရဲလေးတွေ။ အဲဒီမြင်ကွင်းလေးကို ယောရဲ့ဖေဖေ အိမ်ခေါ် အလုပ်တစ်ခုခု ခိုင်းတဲ့အခါတိုင်း ရင်ခုန်စွာ စိုက်ကြည့်ခဲ့ဖူးသည်မှာ အကြိမ်ကြိမ်။

ထူးမှုူးမှာလည်း ညီမလေးတစ်ယောက် ရှိပါသည်။ အဲဒီ ညီမလေးက ယောခင်ဇံထက် ကြီးပါသည်။ ညီမလေးဖူးဖူးဟာ အဲဒီအချိန် ကာလတွေတုန်းက ထူးမှုူးတို့ရဲ့အဒေါ်တွေနှင့် နေရရှာသည်။ ထူးမှုူးတို့မောင်နှမက ငယ်ငယ်လေးနှင့် မိဘတွေ ကွယ်လွန်ကုန်ကြပြီဖြစ်တဲ့ မိဘမဲ့တွေပါ။





အဲဒီတုန်းက ညီမလေး ဖူးဖူး ရှိရာ ပဲခူးကိုတစ်လတစ်ကြိမ်လောက်သာ သွားနိုင်သည်။ ထူးမှုူးကိုယ်တိုင် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ဖို့ အောင်မြင်ဖို့ အပြင်းအထန်ကြိုးစားနေရချိန်ပါ။ အဒေါ်တွေက ထမင်းကျွေးသည်။ ကျောင်းထားပေးသည်။ ကျန်တဲ့စရိတ်စက မုန့်ဖိုးတို့ကို တစ်လတစ်ကြိမ် ဖူးဖူးထံ သွားပေးတိုင်း ဖူးဖူးက သူ မျက်နှာငယ်ရတာ အနိုမ်ခံရတာတွေ အစ်ကိုဖြစ်သူကို တိုးတိုးလေး ခိုးတိုင်တဲ့အခါ သူစိတ်မကောင်း ဖြစ်ရသည်။

အဒေါ်တွေကိုလည်း ဆိပုံး ဆန်အိတ် စသဖြင့် တစ်လတစ်ကြိမ် ကန်တော့ပါသည်။ ညီမလေးဖူးဖူးကို ခေါ်ထားဖို့ကတော့ မောင်နှမနှစ်ယောက်တည်းနေဖို့ အဆင်မပြေသေးတဲ့အချိန်။ အဒေါ်တွေလက်ထဲပဲ အပ်ထားရတဲ့အချိန်။ အဲဒီတုန်းက သူ့အသက် နှစ်ဆယ့်ငါးမှာ ဖူးဖူးက ဆယ့်ရှစ်နှစ်လောက်ရှိသေးပြီး ဖူးဖူးထက်တောင်ငယ်တဲ့ ယောခင်ဇံလေးက ဆယ့်ငါးနှစ်သာသာ။

ဦးစွာပထမတော့ နီးနီးမနေနိုင်သေးတဲ့ ညီမရင်းလေးနေရာမှာ အစားထိုးကာ၊ ယောကို ညီမငယ်လေး တစ်ယောက်လိုခင်တွယ်ခဲ့တာ။ ယောလေးကလည်း ကလေးဆန်လှတဲ့ သူလေးမို့ သူ တကယ်ကို ချစ်စနိုး ရှိလှတာပါ။ ဒီကလေးလေးက သူ့ကိုခိုးကြည့် ချောင်းကြည့်ကာ မဖြစ်မနေ သူ့ရှေ့က ဖြတ်လျှောက်ရော ကြုံတဲ့အခါ သူ့ဟာသူ ရှက်ကိုးရှက်ကန်းနှင့် ခလုတ်တွေတိုက်နေတတ်တဲ့သူလေး။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဖို့ကောင်းလှသူလေး၊ သူကလေးကြောင့် ဘဝအထိုင်မကျခင် ရင်ခုန်စရာမရှာဘူးလို့ ဆုံးဖြတ်ထားတဲ့ ထူးမှူးတစ်ယောက် ရင်တွေခုန်တတ်ခဲ့ရပါသည်။ ယောရဲ့ဖေဖေ ဦးကျော်ဖံက ဆန်ပွဲရုံ ဆီပွဲရုံ။ ဆန်၊ ဆီ၊ ပဲတို့နှင့် ပတ်သက်၍ ပြည်တွင်းဈေး ပြည်ပနှင့်ပါ ကုန်သွယ်လုပ်ကိုင်သူ။ အဲဒီအချိန်က ရိုးရိုးပြောရလျှင် စပါးပွဲစား ပဲပွဲစား အလုပ်မျိုး ထူးမှူးက လုပ်နေခဲ့တာပါ။

မဖြစ်မနေ ပတ်သက် ဆက်ဆံဖူးသည်မှစ၍ ဦးကျော်ဖံက ထူးမှူးရဲ့ ရိုးသားဖြောင့်မတ်မှုကို သဘောကျကာ မကြာခဏ အိမ်ခေါ်ခေါ်၍ သူခိုင်းစရာရှိတာတွေ ခိုင်းတတ်ခဲ့ပါသည်။ ဝန်ထမ်းမဟုတ်ပေမယ့် ခင်မင်ရင်းနှီးလေးစားမှုအပေါ်မူတည်၍ ထူးမှူးကလည်း ဦးကျော်ဖံ ခိုင်းသမျှ တာဝန်ကျေကျေကြိုးစားလုပ်ဆောင်ပေးခဲ့သည်။ ဦးကျော်ဖံနှင့် တစ်ဆင့်ပတ်သက်ပြီး ဘွားဘွားတို့ အန်တီညိုတို့ ခိုင်းသမျှတွေကိုပါ သူကကူညီဆောင်ရွက်ပေးပါသည်။

ဟိုးတစ်ခေတ်ကတည်းက ဈေးကောင်း မြေကောင်းနေရာတွေမှာ ခြံကောင်းကြီးတွေ အများအပြားနှင့် မြို့တွင်းအချက်အချာကျတဲ့နေရာတွေမှာ တိုက်ကြီးတွေ တိုက်ကြီးတွေ အတော်များများပိုင်ထားတဲ့ ဘွားဘွားဟာ ရှေးခေတ်အဆက်ဆက်သူဌေးမျိုး။ သို့ပေမဲ့ တစ်မိသားစုလုံးဟာ ရိုးရိုးအေးအေးတွေ။ ပဝလွှားလွှား ထည်ထည်ဝါဝါ တစ်ယောက်မှ မပါပါ။





ဦးကျော်ဖံရဲ့ သားအကြီး ကျော်လင်းဖံဟာ ထူးမှူးထက် သုံးလေးနှစ်တော့ ငယ်ပါမည်။ မြန်မာပြည်တွင် ရှိချိန်ခပ်နည်းနည်းပါ။ နိုင်ငံရပ်ခြားမှာ စာတွေမရောင့်ရဲနိုင်အောင် ဆက်တိုက်သင်နေသူ။ သူသင်သမျှဟာ အနုပညာ“Art”နှင့်ပတ်သက်သော ကျောင်းစာတွေသာ။ ယောဘယျအနေအားဖြင့်တော့ ဘွားဘွားအပြောနှင့် ပြောရလျှင် ...

“မောင်ကျော်ကတော့ ပန်းချီကျောင်းပဲတက်ဖို့ ထက်သန်လေရဲ့။ ရန်ကုန်ကို တစ်ခါတစ်ရံ ပြန်လာလည်း ဘာအားကိုးရသလဲ၊ ဘာမှအားမကိုးရပါဘူး၊ အဘွားကို ပုံတူလေးဆွဲ၊ အဖေကို ပုံတူလေးဆွဲ၊ အဒေါ်ကိုဆွဲ ညီမကိုဆွဲ ဒါပဲသူ့အလုပ်က၊ သူမှာသမျှ ပိုက်ဆံလွှဲပို့ဖို့သာ ဒီက ဘွားအေနဲ့ အဖေ့တာဝန်လို့ မှတ်ထားတာ၊ မောင်ထူးလိုများ ဘာလေး ညာလေး အားကိုးအားထား ခိုင်းလို့ရမလား မစဉ်းစားနိုင်ပေါင်ကွယ်၊ သူ့အာရုံနဲ့သူ”

ကြီးမားတဲ့ အိမ်ကြီးအောက်ထပ်မှာ ကိုကျော်ရဲ့ ကြီးမားသော ပန်းချီခန်းကြီးတစ်ခု သီးသန့်ရှိကာ ထူးမှူး မကြာမကြာ ဝင်ကြည့်ဖူးပါသည်။ ဘာကြောင့်လဲဆိုတော့ ပန်းချီကားတွေထဲမှာ ယောခင်ဖံရဲ့ ပုံတူကားတွေ အများဆုံးမို့ပင်။ လူကိုယ်တိုင်ကို ရပ်ငေးစိုက်ကြည့်ဖို့ မဖြစ်နိုင်ပေမယ့် ပန်းချီပုံတူကားတွေကိုတော့ ရပ်ငေးစိုက်ကြည့်လို့ အပြစ်မရှိဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော် မြန်မာပြည်ပြန်လာတိုင်း ထူးမှုနှင့်တစ်ကြိမ် နှစ်ကြိမ်တော့ အခေါက်တိုင်း ဆုံပါသည်။ ပျော်ရွှင်တတ်၍ အနုပညာသမား ပန်းချီဆရာပုံထက် ဟော့ရှော့ဒီဇိုင်းတွေနှင့် ဂိုဏ်းစတားပုံ ပေါက်နေတဲ့သူဖြစ်သည်။

"ကိုထူး တစ်ယောက်ရှိတာ အိမ်မှာ သားအကြီးတစ်ယောက် ရှိသလိုပဲလို့ အိမ်ရှိလူအကုန်ဆီက ပြန်ပြန်ကြားရတယ်။ အဲ ... ယောလေးကလွဲလို့၊ သူကတော့ မပြောပါဘူး၊ သူနဲ့ရော ကိုထူး တည့်ရဲ့လား၊ သူက ခပ်ဆိုးဆိုးရယ်"

"မတည့်စရာ မရှိပါဘူး ကိုကျော်၊ ယောကလည်း မဆိုးပါဘူး၊ ကျွန်တော့်မှာလည်း ညီမအရင်းတစ်ယောက် ရှိပါတယ်၊ ဂဲ့ရူးမှာပါ၊ မိဘမရှိတော့ အဒေါ်တွေနဲ့နေရတာ။ တစ်လတစ်ခါလောက်ပဲ သူနဲ့တွေ့ဖြစ်တော့ ဒီမှာရှိနေတဲ့ ပိုတွေ့ရတဲ့ ယောလေးကိုလည်း ညီမလေးတစ်ယောက်လို ပါပဲ၊ ဆိုးလည်း ခံနိုင်ပါတယ်၊ ယောကလည်း မဆိုးပါဘူး ကိုကျော်"

"ဟုတ်ရဲ့လားဗျာ၊ ကျွန်တော့်ကို ဆိုရင်တော့ အကောင်းတစ်ခွန်းမပြောဘူး၊ ဂျစ်တိုက်သလား မမေးနဲ့"

"တစ်ခါတစ်ရံမှ တွေ့ကြရလို့ နွဲ့ဆိုး,ဆိုးတာမျိုး နေပါလိမ့်မယ် ကိုကျော်"

"နေဦးဗျ၊ ကိုထူး မျက်နှာက ထူးခြားတယ်"

"ဗျာ"





"မျက်နှာဖိချာက ဆန်းတယ်၊ မေးရိုး နားထင် မျက်ခုံးတွေရဲ့ အဆက်အစပ်က အရမ်းကြည့်ကောင်းတယ်ဗျ"

"ဗျာ"

"ကျွန်တော် ကိုထူးကိုလည်း ပုံတူတစ်ကြိမ်လောက် ဆွဲပါရစေ"

"ဗျာ ...၊ ဟာ ... မလုပ်ပါနဲ့ဗျာ"

"ဘာလို့ မလုပ်ပါနဲ့လဲဗျ၊ ကျွန်တော်က အကူအညီတောင်းတာပါ၊ ကျွန်တော်က လူတစ်ယောက်ကို ခင်လည်းခင်မှ နှစ်လိုမှုလည်းရှိမှ မျက်နှာတည်ဆောက်ပုံကိုလည်းကြိုက်မှ စိတ်ဝင်စားမှ ပုံတူဆွဲခွင့် တောင်းတာပါ"

"ဒီလိုပါဗျာ၊ ပုံတူပန်းချီဆွဲကြတယ် ဆိုတာမျိုးက ဟိုခေတ်အခါကဆိုရင် မင်းပိုင်းစိုးပိုင်း သူဌေးအသိုင်းအဝိုင်းမျိုးတွေသာ ဆွဲကြတာမျိုးမို့ပါ"

"ဘာဆိုင်လဲဗျ၊ ချမ်းသာသာ ဆင်းရဲရဲ ပန်းချီဆွဲခံတာပဲဟာ၊ အဆွဲမခံထိုက်ဘူး ရှိပါ့မလား၊ ကျွန်တော် လမ်းဘေးက ဈေးသည်ရဲ့ပုံလည်း ဆွဲချင်ဆွဲတာပဲ၊ အပ်ချမတ်ချ ပုံတူတော့ မဟုတ်ဘူးပေါ့လေ၊ ပုံကြမ်းပေါ့၊ ခုလို ပုံတူ ပို့ထရိတ်ဆွဲဖြစ်တဲ့သူတော့ ရှားတယ်၊ လုပ်ပါဗျာ၊ ကိုထူးကို ဆွဲပါရစေ၊ အမှတ်တရပါ ကူညီပါ"

ကူညီပါဆိုတော့ ငြင်းရခက်သည်ပင်။



www.burmeseclassic.com

www.burmeseclassic.com



ဤမိသားစုနှင့် ခင်မင်ဆက်ဆံပြီး နှစ်ကာလတစ်ခုအကြာမှာ ထူးမှုုးရဲ့ပုံတူသည် ကိုကျော် ပန်းချီခန်းထဲ အခန့်သားချိတ်ဆွဲခံနေရပါသည်။ တဖြည်းဖြည်းနှင့် အန်ကယ်ဦးကျော်ဇံကြောင့်ပင် ထူးမှုုးဟာ ဒီအိမ်မှာ တံခါးမရှိ ဓားမရှိ ဝင်ထွက်ခွင့်ရတဲ့ ဆွေမျိုးသားချင်းသဖွယ် ဖြစ်လာပါသည်။

ဦးကျော်ဇံရဲ့ညီမ ဒေါ်ညိုညိုဇံဟာ မိခင်မရှိတဲ့ ယောတို့မောင်နှမ အထူးသဖြင့် ယောကလေးကို မိခင်တစ်ယောက်လိုပါ ထိန်းသိမ်းစောင့်ရှောက်တာ ဖြစ်လေရာ ယောအိမ်မှာပဲနေနေအပြင်ပဲထွက်ထွက် ကျောင်းပဲသွားသွား ယောအနားက ခွာတယ်လို့သိပ်မရှိလှ။ သူကိုယ်တိုင်က ပတ်ဝန်းကျင်နှင့် ဆက်ဆံရာမှာ ထည်ဝါဂုဏ်မောက်ခြင်း မရှိသော်လည်း ယောနှင့်ပတ်သက်လာလျှင်တော့ သမီးဂုဏ် တူမဂုဏ် မောက်တယ် ပြောရပါမည်။

ယောခင်ဇံလေးကို ပိုးကလေးတစ်တောင့်လို တယုတယ အရိပ်တကြည့်ကြည့်၊ မျက်စိအောက်ကမချ ဖူးဖူးမှုတ်ချစ်ကြတာမို့လည်း ဒီသမီးလေး တူမလေး မြေးလေးနှင့် ပတ်သက်၍ အဘွားရော အဒေါ်ပါ အစိုးရိမ်ကြီးကြလှသည်။ တန်ဖိုးလည်းထားကြလှ၍ ယောနှင့် တူသူတန်သူ ဤကမ္ဘာ၌ မရှိသယောင်သဘောထားမျိုးနှင့် နှမြောတွန့်တိုကြပါသည်။

ထို့ကြောင့် ထူးမှုုးမှာ ယောခင်ဇံကို စေ့စေ့ကြည့်ဖို့မပြောနှင့် မြင်သာတဲ့ မလှမ်းမကမ်းက ဖြတ်လျှောက်သွားလျှင်ပင်မမြင်ချင်ယောင်ဆောင်၍ ဖျတ်ခနဲပင် လှမ်းမကြည့်မိအောင် ချုပ်





တည်းခဲ့ပါသည်။ ဤသို့ အောင့်အည်းချုပ်တည်း ဆင်ခြင်ရခြင်းသည်ကပင်လျှင် ထူးမှုုးရဲ့ စွဲလမ်းမြတ်နိုးမှုကို တိတ်တခိုး ရင့်သန်စေခဲ့သလား မသိပါ။ သူ့အဖို့ကတော့ ဘာဆိုဘာမှ မိမိဘက်က မလွှန်ကျူးရဲ။ အမှတ်မထင် ရရှိထားတဲ့ ဤမိသားစုနှင့် ခင်မင်ရင်းနှီးမှုကို အပျက်စီးမခံနိုင်သလို မမီတဲ့ပန်း တုံးခုလှမ်းချင်သူရယ်လို့ ကိုယ့်ရဲ့သိက္ခာတရားကိုလည်း အထိပါး အထင်လွဲမခံနိုင်ပါ။

ထိုအချိန်လောလောဆယ်မှာ ရှိနေခဲ့တဲ့ ယောခင်ဇံရဲ့အနေအထားနှင့် ထူးမှုုးရဲ့ကိုယ်ပိုင်ဘဝ အနေအထားတို့ကြောင့် ယောကို ချစ်ခွင့်ရဖို့ဆိုတာကို ဘယ်သူသဘောတူတူ မတူတူ ထူးမှုုးကိုယ်တိုင်က ကိုယ့်ကိုယ်ကိုယ် သဘောမတူနိုင်ပါ။ နှစ်ပေါင်းများစွာ ရုံဖန်ရံခါ ပြုံး၍ နှုတ်ဆက်မိကြသည်ကလွဲလျှင် ရင်းနှီးကျွမ်းဝင်မလာဘဲ အပြင်ပန်း၌ ခပ်စိမ်းစိမ်းနှင့်သာ။ ရင်တွင်းကိုယ်စီထဲမှာတော့ ဆက်သွယ်နီးစပ်ထိတွေ့မှု ဘာမှမရှိဘဲနှင့်ကို အလိုအလျောက် ရင်းနှီးနီးစပ်နေခဲ့ကြပါသည်။

ယော တက္ကသိုလ်တက်တော့ စီးပွားရေး ယူပါသည်။ သိကျွမ်းကြအပြီး သုံးလေးနှစ်လောက်ရှိမှ တစ်ကြိမ်မှာ ယောနှင့်ထူးမှုုး အချိန်ကြာကြာ စကားစမြည် ပြောဆိုခွင့် ရခဲ့သည်။ ထိုနေ့က ဦးကျော်ဇံ ခိုင်းထားသော ကိစ္စတစ်ခု ကူညီဆောင်ရွက်ပေးအပြီး ဦးကျော်ဇံကိုတွေ့ဖို့ အိမ်ကိုအလာ ဦးကျော်ဇံ မရောက်သေးတာမို့ ဧည့်ခန်းမှာ ထူးမှုုး ထိုင်စောင့်နေဆဲ၊ သူ့နံဘေးကို



www.burmeseclassic.com

www.burmeseclassic.com



ဖွေးနုသွေးခြည်ဥနေသော ခြေထောက်ကလေးတစ်စုံ တိတ်ဆိတ်ညင်သာစွာ လာရပ်ပါသည်။

ထူးမှူး မော့ကြည့်လိုက်မိသော် ရှက်သွေးကလေးဖျန်းနေသော ယောခင်ဖဲကို အံ့အားတသင့် တွေ့ရသည်။

"ဟို ... ဟို ..."

"ဟုတ်ကဲ့ ..."

"ယော ... ယော ... ဘာသာရပ်တစ်ခုမှာ တစ်နည်းနည်းနားမလည်တာလေးရှိလို့ ဖေဖေ့ကိုပြောတော့ ဟို ... ကျူရှင်တက်ရမလားလို့ ... မေးတာ"

"ဟုတ်ကဲ့"

"ဖေဖေက အဲဒီဘာသာရပ် အစ်ကိုကြီးက အရမ်းကျွမ်းကျင်တာတဲ့၊ လက်တွေ့အလုပ်ကိစ္စတွေမှာလည်း ပတ်သက်ထိတွေ့နေရတာတဲ့၊ အစ်ကိုကြီးလည်း အီကိုနဲ့ ကျောင်းပြီးတာတဲ့၊ ကျူရှင်တက်လောက်အောင် မလိုဘူး၊ အစ်ကိုကြီးဆီမှာ စာမေးကြည့်ဆိုလို့ ... အဲဒါ ... အဲဒါ ..."

"ဪ ... ရပါတယ်၊ ကျွန်တော် ကူညီနိုင်ရင် ကူညီပေးနိုင်ပါတယ်"

"ဒါဆို ယော စာအုပ်သွားယူလိုက်ရမလားဟင်"

"ဟုတ်ကဲ့ ... ယူလိုက်ပါ ညီမလေး"

ယော စာအုပ်သွားယူပြီး ပြန်ထွက်အလာမှာတော့ အန်တီညိုပါ အတူပါလာပါသည်။ အိမ်ရှေ့စားပွဲက အဆင်မပြေ၍





ထမင်းစားခန်းစားပွဲကို ရွှေ့ကြကာ စားပွဲမှာ ထူးမှူးနှင့် ယောခင်ဖဲအပြင် အန်တီညိုပါ အတူထိုင်လျက် ယော နားမလည်သောစာတစ်ခန်းကို သူ ရှင်းပြသင်ကြားပေးခဲ့ရပါသည်။

ထူးမှူး ရင်တွေလှုပ်ရှားရသကဲ့သို့ ယောခင်ဖဲလေးလည်း ရင်ထဲ တိတ်တခိုး လှုပ်ရှားနေမှုကို သူ ရိပ်မိပါသည်။ သူတောင် ရိပ်မိသေးတာ အန်တီညိုလို လူကြီးတစ်ယောက်ကတော့ မရိပ်မိဘဲ နေပါ့မလား။ ရိပ်မိမှာပါပင်။ ဒါကြောင့်လည်း အဲဒီနေ့က စာရှင်းပြအပြီးနောက် ယောကို သူ အိမ်ရောက်တိုင်း မမြင်ရဘဲ ယောကလေး ပျောက်နေပြန်ပါသည်။

အဲဒီအချိန်တွေတုန်းက ထူးမှူးက ဦးကျော်ဖဲ ခင်မင်မှုနှင့် ထုတ်ချေးထားတဲ့ ငွေကြေးကလေးကို အရင်းပြုကာ ဆန်လှောင်ထား ပဲလှောင်ထားနှင့် ငွေရင်းတိုးပွားအောင် ကြိုးစားစပြုနေသည့် ပွဲစားတစ်ဖြစ်လဲ ကုန်သည်ငယ်ကလေးဘဝသာရှိပါသေးသည် မဟုတ်လား။ ဘယ်လိုမှ မယှဉ်နိုင် မကပ်နိုင်သည့် ပန်းကလေးတစ်ပွင့်ပါ။ သူတို့မိသားစုရဲ့နေရာအရပ်ရပ်က ပိုင်ဆိုင်မှုတွေနှင့် နှိုင်းစာလျှင် ထူးမှူးဟာ ခြေဖျားခြေမှုန့်မမီနိုင်တဲ့ ဘဝအနေအထားသာ။

ဒီတော့ ထူးမှူး ဆင်ခြင်ရပါမည်။ ဆင်ခြင်ခဲ့ပါသည်။ ဦးကျော်ဖဲ အကူအညီ အထောက်အပံ့နှင့် လူတစ်လုံး သူတစ်လုံး ဖြစ်ခွင့်ရဖို့ ကြိုးပမ်းနေရချိန်အစမှာ အရိပ်နေနေ အခက်ချိုးချိုးသဘောမျိုးနှင့် အောက်တန်းကျသူအဖြစ် မခံနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒါဖြင့် ယောက အိမ်မှာပဲအပြင်မထွက်၊ လောက နဲ့ မထိမတွေ့ရဘဲ ဘာလုပ်နေရမှာလဲ ... ပြော"

"ခုမှ ကျောင်းပြီးတဲ့ဟာ၊ ယောကိုလည်း သူ့ဟာသူ ရပ်တည်အသက်မွေးနိုင်အောင် သင်ကြားပေးဖို့ ရည်ရွယ်ချက် ရှိပါတယ်၊ ကျောက်မျက်ရတနာနဲ့ပတ်သက်တဲ့ ပညာရပ် သင်ခိုင်း တက်ခိုင်းမယ် စိတ်ကူးတယ်၊ မိန်းကလေးဆိုတော့ စိန်ရွှေရတနာဆိုင်မျိုး ဦးစီးဖွင့်ရင် တင့်လည်းတင့်တယ်တယ်၊ မိန်းကလေးနဲ့လည်း လိုက်ဖက်တယ်"

"အေးလေ ... အဲလို နင် တကယ်ရည်ရွယ်ထားတာမျိုး ရှိတယ် ဆိုရင်တော့ ငါ အတင်းအကျပ် မပြောလိုပါဘူး၊ အလုပ်လေး တစ်ခုခုတော့ လုပ်ရမှာပဲ၊ ဒါမှ လူ့တန်ဖိုး ရှိမယ်၊ သူ့စိတ်လည်း တည်ငြိမ်မယ်"

"တကယ်ရည်ရွယ်ထားတာပေါ့၊ ကိုကိုကျော့် အလုပ်မျိုးက တွက်ရ ချက်ရ ခြေမြန်လက်မြန် စဉ်းစားဆုံးဖြတ်တာ၊ လူရော စိတ်ပါ ပင်ပန်းတဲ့အလုပ်၊ ယောလေး ကျန်းမာရေးလည်း ကောင်းတာမဟုတ်ဘူး၊ ကိုကိုကျော်လည်း သိသားနဲ့၊ သက်သောင့်သက်သာ လုပ်ငန်းမျိုးပဲ သူနဲ့ကိုက်မယ်"

"ဘယ်အလုပ်မှတော့ သက်သောင့်သက်သာလေး မရှိပါဘူး ညိုညိုရယ်"

"မေမေကလည်း ယောကို ဒီအလုပ်မျိုးပဲ လုပ်စေချင်တာ"

"ဒါဆိုလည်း ပြီးတာပဲ"



# ၄ ၄

တိုးလတ်က ဖုန်းခလုတ်လေးများနှိပ်ကာ ခေါ်လိုက်ပြီး တစ်ဖက်က ထူးသံကြားသည်နှင့် ...

"မာမိလား"

"အေး ... သား၊ သားတို့ ဒီည မသွားဖြစ်ဘူးလား"

"သွားဖြစ်တယ် မာမိရ"

"ဘာဖြစ်လို့ နောက်ကျနေကြတာလဲ"

"ဒီမှာ ဘိုသက်ကားက စစ်ရင်းဆေးရင်းက ဟိုဟာလေး လဲဖို့ပေါ်လာလိုက်၊ ဒီဟာလေးပြင်ဖို့ ချိန်ဖို့ ပေါ်လာလိုက်နဲ့၊ ထင်တာထက် လုပ်ရကိုင်ရတာ များနေလို့ပါ မာမီ၊ မာမိတို့ စိတ်ပူနေမှာစိုးလို့ လှမ်းဆက်တာ"

"စိတ်ပူတာပေါ့ သားရယ်၊ ခုန မင်းဆီ ဖုန်းခေါ်တာလည်း မရ"

"ဖုန်းကို ကားပေါ်ထားမိပြီး လက်ဖက်ရည် ထွက်သောက်



www.burmeseclassic.com

www.burmeseclassic.com



နေလို့ပါ မာမိ၊ အခု ပြန်ဝင်လာမှ မာမ့် Miss call တွေ့လို့ လှမ်းခေါ်လိုက်တာ"

"ဒီအချိန်ကြီး လက်ဖက်ရည် သောက်တော့ ထမင်းကရော"

"ထမင်းက လမ်းကျမှစားမယ်တဲ့ ဘိုသက်က၊ အဲဒါကြောင့် လက်ဖက်ရည်ဆိုင် ထိုင်တယ်ဆိုပေမယ့် ဟဲဗီးတွေ ဗိုက်ပြည့်အောင် တီးထားပါတယ် မာမိရ"

"အိမ်ကို ဝင်လာဦးမှာ မဟုတ်လား"

"ဝင်လာမှာပေါ့ မာမိရ၊ ခုပဲလာတော့မှာ၊ သားရဲ့အဝတ်အိတ်က ဝင်ကိုယူရဦးမှာပဲဟာ၊ စိတ်မပူပါနဲ့ မာမိရ"

"စိတ်ကတော့ ပူတာပဲ သားရယ်၊ ဒီခရီးနဲ့ ညဘက်မောင်းမှာနဲ့ မိုးကရွာချင်နေတာနဲ့၊ အိမ်ဝင်လာမှ ဘိုသက်ကိုလည်း သေချာမှာရဦးမယ်"

"ဟုတ် ... မာမိ၊ ဒါပဲနော်၊ အခုပြီးပြီ၊ ခဏနေ လာတော့မယ်"

ဖုန်းပိတ်လိုက်သော တိုးလတ်ကို ဘိုသက်က လှည့်ကြည့်ရင်း ...

"မင်း ခုန ပြောစရာရှိတယ်ဆိုတာ ဘာလဲ ဟေ့ကောင်"

ဘိုသက်က ကားပြင်ဆရာဆီ ငွေချေနေ၍ တိုးလတ်က ပြုံးစိစိနှင့်ပင် စောင့်နေပြီး ပြီးမှ နှစ်ယောက်သား ကားပေါ်တက်ထိုင်ကြကာ ဘိုသက် ကားမောင်းထွက်လာမှပင် ...





"အဟက်ဟက် ... ပြောတောင် မပြောချင်တော့ပါဘူးကွာ၊ ငါ မနက်က တော်တော်ဖီးလ်ငုပ်သွားတာ ပြောမလို့၊ ရယ်တောင် ရယ်ချင်တယ်"

"ဘာလဲကွ"

"မနက်က အိပ်ရာနိုးနိုးချင်းကွာ၊ ဟိုဘက်ခြံက ဆူဆူညံညံနဲ့ နိုးလာလို့ ထွက်ကြည့်လိုက်တော့ ကောင်မလေးတစ်ယောက်ကွာ၊ တကယ်ပါ ချစ်စရာလေး၊ ရင်တွေ ဘာတွေ ခုန်မိတော့မလို့၊ ခုန်မိမလို့ မဟုတ်ပါဘူး၊ ခုန်တောင်ခုန်လိုက်မိပြီးပါပြီ၊ အဟက် ဟက် ဟက်"

"ဘာရယ်တာလဲ၊ ဆက်ပြောလေ"

"နောက်မှ မာမ့်မေးကြည့်တော့ ယောကျ်ားနဲ့တဲ့ကွာ၊ အိမ်ထောင်သည်တဲ့ ... ကိ ကိ ကိ ... မထင်ရဘူးကွာ"

"ဖြစ်ရမယ် ... မင်းကတော့၊ အိမ်ထောင်သည်ဆိုတာ ချိုပါတာမှ မဟုတ်တာ၊ ရင်ခုန်မယ်ဆိုလည်း ကြည့်ကျက်ခုန်ပေါ့ကွာ၊ မန္တလေးရောက်ရင်တော့ ဘာဇာတ်လမ်းမှ မကာနဲ့နော် ... ဟေ့ကောင်၊ တစ်မြို့လုံးနီးပါး ဆွေမကင်းမျိုးမကင်းဆိုတာလို ဖြစ်နေတာ၊ ပြီးရင် ငါ နားမငြီးရစေနဲ့"

"အောင်မာ ... မင်းက ငါ့ကို ဘာများမှတ်နေလဲ၊ မြင်မြင်ချင်း ရင်ခုန်လိုက်မိတယ်ဆိုလို့ ဒီလိုဖြစ်နေကျ ထင်နေလား၊ လေပါတယ်ကွာ ... တကယ်ပါ ... ကျွတ် ကျွတ်"



www.burmeseclassic.com

www.burmeseclassic.com



တိုးလတ်က ပြောင်ချော်ချော်တော့ ပြောဆိုရေရွတ်နေမိပေမယ့် ခံစားချက်ကတော့ ခပ်ငုပ်ငုပ်နှင့် မအီမလည် ဖြစ်နေရဆဲပင်။

“ကိုကြီး ... ကိုကြီး”

တီးတိုးကလေး နားနားကပ်ခေါ်သံကြောင့် ထူးမှူးက ဖျတ်ခနဲ လှုပ်ရှားသွားရပါသည်။

“အဟစ်ဟစ် ... ကိုကြီး အိပ်ပျော်နေတာ”

“ဟုတ်လား၊ ကိုယ် တကယ်အိပ်ပျော်သွားလို့လား ယောရဲ့၊ ကိုယ် ဟိုတွေးဒီတွေး တွေးနေမိတာပါ”

“ဟင့်အင်း ... ကိုကြီးဆီက ဟောက်သံတောင် ထွက်လာသေးတယ်၊ တခူးခူးနဲ့”

“ဟုတ်လား”

ထူးမှူးက ပြုံးရင်း လူးလဲထ,လိုက်ပါသည်။

“ကိုကြီး အိပ်ချင်သေးရင် ထမင်းလေး မြန်မြန်စားပြီးမှ အိပ်လိုက်လေ ... နော်၊ မတူးမာက ထမင်းစားဖို့ခေါ်နေတာ ကြာပြီ၊ ပြင်ပြီးနေပြီ မတူးမာတောင် အိပ်ချင်နေပြီ၊ ယောက ကိုကြီးကိုကြည့်ပြီး နှိုးရမှာသနားနေလို့ တိုးတိုးလေးပဲ ခေါ်နေတာ”





“ဩော် ... ယောလေးကလည်း နှိုးလိုက်ရောပေါ့၊ ကိုယ်က အချိန်မရွေး ဝေါက်ခနဲ ထ,နိုင်ပါတယ်၊ ထုသားပေသား ကျကျဘဝကလာတဲ့ကောင်ပါ ယောရယ်”

ယောခင်ဇံ မျက်နှာကလေးက ညိုညိုလေးဖြစ်သွားရတာ ...

“အဲလို တစ်လျှောက်လုံး ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း ကြမ်းကြမ်းတမ်းတမ်း ကြိုးစားခဲ့ရလို့ ခုလိုအချိန်အခါ ခုလိုဘဝမျိုးမှာ ကိုကြီးကို နားနားနေနေပဲ ရှိစေချင်တာပေါ့၊ ဒီလောက်ထိ အောင်မြင်ကြီးပွားလာဖို့ ကိုယ့်ဒူးကိုယ်ချွန် ကြိုးစားရတာ လွယ်တဲ့အလုပ်လား၊ ကိုကြီးဘဝက အရမ်းပင်ပန်းခဲ့တယ်၊ ဒါကြောင့် တော်ရုံသဖြင့် အေးအေးဆေးဆေးပဲ အလုပ်လုပ်ပါ ကိုကြီးရယ်၊ အရင်လိုကြီး အလုပ် ... အလုပ် ... အလုပ်ပဲ စွဲလမ်းမနေပါနဲ့”

“မစွဲလမ်းပါဘူး၊ မိန်းမ ... မိန်းမ ... ကိုယ့်မိန်းမပဲ စွဲလမ်းနေတာပါ၊ အလုပ်ကတော့ ကိုယ့်အသက်လည်း ငယ်ငယ်ပဲရှိသေးလို့ ကြိုးစားနိုင်တုန်း ကြိုးစားလုပ်နေတာလေ၊ အခုသာ ကိုယ်တို့နှစ်ယောက်တည်းလေ ယော၊ နောက်ဆို သားတွေသမီးတွေ ရှိလာဦးမယ်လေ၊ ဒီထက်ကို အများကြီးကြိုးစားရဦးမယ်”

“မလိုပါဘူး ကိုကြီးရာ၊ ဘွားဘွား ယောကိုပေးခဲ့မယ့် အိမ်တွေ ခြံတွေတင် အများကြီး၊ သားသမီးတွေ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တစ်လုံး ပေးပစ်လိုက်ရင်တောင် ပိုသေး၊ ကိုကြီးက ပညာကောင်းကောင်း သင်ပေးနိုင်ရင်ကိုရပြီ၊ အမွေပေးဖို့က ယောဘက်ကတာဝန်"

"ဒီလိုလည်း ဘယ်ဟုတ်ဦးမလဲ ယောရဲ့"

ထူးမှူးက အိပ်ရာထဲက လူးလဲထ,လိုက်ရင်း ...

"ဟော ... ညာတာပါတေးနဲ့ ဒီကောင်မလေး ခုနက ဆန်ပြုတ်မသောက်လိုက်ဘူး မဟုတ်လား၊ ပူတင်းတွေချည်း တစ်ဘူးနီးပါး စားပစ်လိုက်တယ်၊ လာ ... လာ ... ကိုယ်ထမင်းစားတုန်း ယောလည်း ဆန်ပြုတ်သောက်"

ယောခင်ဇံက ရှုံ့ရှုံ့မဲ့မဲ့လေးနှင့် ထိုင်ရာမှ ထ,လိုက်ပါသည်။ ထူးမှူးသည် ထိုင်ရာကအထမှာ မိုက်ခနဲတစ်ချက်ဖြစ်သွားသလို ရှိတာကြောင့် ယောရဲ့ပခုံးလေးလေးကို လှမ်းဖက်လိုက်ရပါသည်။ ယောကတော့ သူ့ကို ပုံမှန်ဖက်တာသာထင်ပြီး ပခုံးပေါ်က ထူးမှူးရဲ့လက်ကို ပြန်ပြီးဆုပ်ကိုင်လိုက်သည်။

ထမင်းစားခန်းဘက် သွားကြဖို့အပြင် ထူးမှူးရဲ့ ဟဲန်းဒ်ဖုန်းက အသံမြည်လာ၍ ထူးမှူးက နောက်ပြန်လှည့်ကာ ဖုန်းကိုကြည့်လိုက်ပါသည်။

"ဘယ်သူလဲဟင် ကိုကြီး၊ နောက်မှပြောလေ၊ ထမင်းဆာရောပေါ့လို့ အရမ်းနောက်ကျနေပြီ"

"ဘယ်လိုလုပ် နောက်မှပြောလို့ ဖြစ်မလဲ၊ ဘွားဘွားဆက်တာ ယောရဲ့"





ယောခင်ဇံက လျှာလေးထုတ် ပခုံးလေးကျုံ့ကာ ...

"ယော ဖျားနေတယ်လို့ မပြောနဲ့နော် ကိုကြီး"

"အင်းပါ"

"အိမ်လာအိပ်ဆိုပြီး ခေါ်နေမှာ၊ ဖြစ်ဖြစ်ချင်း ဘာလို့မပြောလဲ ဆူခံရဦးမှာ"

"အင်းပါ ... ရှူး"

ထူးမှူးက နှုတ်ခမ်းရှေ့ လက်ညှိုးကန့်လန့်ဖြတ်တားကာ ယောကို တိတ်ဆိတ်နေဖို့ အမူအရာပြရင်း ...

"ဟယ်လို ... ဘွားဘွားလား ခင်ဗျ"

"အေး ... ထူးမှူး၊ နေကောင်းကြရဲ့လား"

"ဗျာ ... ဟုတ်ကဲ့၊ ကောင်းပါတယ် ဘွားဘွားရဲ့"

"ယော ... တကယ်နေကောင်းရဲ့လား"

"ကောင်း ... ကောင်းပါတယ် ဘွားဘွား၊ ဘာဖြစ်လို့လဲဟင်"

"ဘာလို့လဲဆိုတော့ ဘွားဘွား အိပ်မက်ထဲလည်း ယောလေးက အလုတွေပြင်လို့ ချိတ်နဲ့ ဘီးဆံထုံးနဲ့ ဖြစ်နေတော့ စိတ်ထဲ နေမှကောင်းရဲ့လား မသိုးမသန့်ဖြစ်လို့ပါ သားရယ်၊ ညက အဲဒီအိပ်မက်လည်း မက်ပြီးရော ဒီနေ့ နေ့လယ်ကျတော့ ပန်းချီခန်းထဲမယ်လေ၊ ဘီးဆံထုံး ထိုင်မသိမ်းနဲ့ ယောပုံတူ ရှိပါရောလား"

"ဟုတ်ကဲ့ ဘွားဘွား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီပုံတူမှာ ပုံအောက်ခြေကနေစပြီး ပုရွက်ဆိတ်တန်းကလေးက ညီပြီးအပေါ်ကိုထောင်တက်နေတာ၊ ပန်းချီကားတစ်ချပ်လုံးကို ဒေါင်လိုက်ဖြတ်သွားတာ၊ အပေါ်နားမှာ ယောမျက်လုံးကိုဖြတ်ပြီး အဲဒီပုရွက်ဆိတ်တန်းက သွားတာလေ၊ ဘွားဘွားစိတ်ထဲ မကြိုက်လိုက်တာ ထူးမှူးရယ်"

"ဩော် ... ဘွားဘွားရယ်၊ စိတ်အစွဲအလမ်း မထားပါနဲ့၊ ပန်းချီကားပေါ် ပုရွက်ဆိတ်တန်းဖြတ်တာ ဘာမှတော့မဖြစ်လောက်ဘူး ထင်ပါရဲ့"

"သားရဲ့ ... ဓာတ်ပုံပေါ် ကိုယ့်ပုံတူပေါ် ပုရွက်ဆိတ်တန်းဖြတ်တာ မကောင်းဘူးလေ၊ အတိတ်နိမိတ်ကောက်ရင် နည်းနည်းမှ မကောင်းဘူး၊ မကောင်းတာ တစ်ခုခုဖြစ်တတ်တယ်"

"ဘွားဘွားရယ်၊ အယူအစွဲတွေ မထားပါနဲ့နော်၊ သူ့ဟာသူဖြစ်တာပါ"

"ဒါဆို ပန်းချီကားပေါ် စားစရာသောက်စရာလည်း မရောက်ဘဲနဲ့ ပုရွက်ဆိတ်က ဘာကြောင့်လာရသလဲ"

"ပန်းချီကားပေါ်ကနေ နံရံကတစ်ဆင့် မျက်နှာကြက်အထိ တက်မသွားဘူးလား ဘွား"

"အင်း ... အဲဒီလိုပဲ တက်သွားတယ်"

"ဒါဆို မျက်နှာကြက်မှာ အိမ်မြှောင်အသေတို့ ပိုးဟပ်အသေတို့ ဒါမှမဟုတ် အလားတူ ပုရွက်ဆိတ်တက်တတ်တဲ့ အကောင်တစ်ကောင်ကောင် သေတာ ဆွေးမြည့်တာမျိုး ရှိလို့ဖြစ်မှာပါ ဘွားဘွားရဲ့၊ လမ်းကြောင်းရှာတော့ ဒီအတိုင်း တည့်တည့်တက်မိလျက်သား ဖြစ်နေတာ နေမှာပါ"

"ပုံတွေကြားထဲ အုတ်နံရံတွေ နေရာလွတ် ခြားနေသားနဲ့ ပန်းချီကားချပ်ပေါ်မှာပဲ ဖြတ်တက်ရတယ်လို့ကွယ်၊ စိတ်ထဲ တော်တော်မကောင်းတာ၊ ချက်ချင်း ကြက်မွေးနဲ့တိုက်ပြီး ဖယ်ပစ်ရတယ်လေ၊ အုတ်နံရံကို ပုရွက်ဆိတ်မလာအောင် ဆေးတောင်ဖျန်းထားလိုက်သေးတယ်၊ အဲဒါကို စိတ်ပူနေတာ၊ ငါ့မြေးလေး ကျန်းမာပါစေ ချမ်းသာပါစေ၊ သူ့ကိုသွားမပြောနဲ့နော် သား"

"ဟုတ်ကဲ့ ... မပြောပါဘူး ဘွား၊ စိတ်ချပါ"

"ခုတလော နေထိုင်မကောင်း မဖြစ်ဘူးပေါ့ ... ဟုတ်လား၊ ညရော သူ ကောင်းကောင်းအိပ်ပျော်ရဲ့လား"

"ပျော်ပါတယ် ဘွားဘွား၊ ကောင်းကောင်းအိပ်ပါတယ်"

"အင်း ... အဲဒါလည်း အတော်အံ့ဩဖို့ ကောင်းတာ၊ ယောလေးတစ်ယောက် အိမ်ထောင်ကျပြီးကတည်းက ဒီရောဂါသက်သာနေတာ ဘွားဖြင့် အံ့အားကိုသင့်လို့၊ ဘွားက အိမ်ထောင်ပြုလို့တောင် ကောင်းပါ့မလား၊ ဆရာဝန်ကို တိုင်ပင်ရသေးတာ၊ ဆရာဝန်က အိမ်ထောင်ပြုလိုက်တဲ့အတွက်ကြောင့်တော့ အကောင်းအဆိုး မသက်ရောက်ပါဘူး ဆိုလို့သာ၊ ခုနောက်ပိုင်းမှာ မေးလိုက်တိုင်း ယော







www.burmeseclassic.com

www.burmeseclassic.com



အဲသလို မဖြစ်တော့ပါဘူးချည်း၊ မင်းတို့နှစ်ယောက် ဖြေ နေကြတာ ဟုတ်ကော ဟုတ်ရဲ့လားကွယ်"

"တကယ်ပါ ဘွားဘွား ... အဟုတ်ပါ၊ အရင်လို သူ အိပ်မက်တွေ မမက်တော့ပါဘူး၊ ညညတွေလည်း အမြဲနှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်တယ်၊ မနက်မိုးလင်းမှပဲ တစ်ရေးနိုးတာ"

"ယောက အိပ်မက်ယောင်ပြီး လျှောက်ထွက်သွားပြီး မင်းက အိပ်ပျော်နေလို့ မသိလိုက်တာမျိုးတော့ မဟုတ်ပါဘူးနော် ထူးမှူး"

"မဟုတ်ပါဘူး ဘွား၊ ကျွန်တော်တို့ ခုတင်ကိုလည်း နံရံတစ်ဖက် ကပ်ထားတယ်လေ၊ အဲဒီနံရံဘက် အတွင်းဘက်မှာ ယောကို အိပ်ခိုင်းတာ၊ ယော အပြင်ကို ထချင်ရင်တောင် ကျွန်တော့်ကိုကျော်ပြီးမှ သွားလို့ရမှာပါ"

"အို ... ခုတင်ခြေရင်းက ဆင်းသွားတာမျိုးလည်း ဖြစ်နိုင်တယ်လေ သားရဲ့၊ သေချာတော့ ဂရုစိုက်နော်"

"ဟုတ်ကဲ့ပါ ဘွား၊ စိတ်ချပါ"

"အေး ... အေး၊ ဘွား ဖုန်းဆက်တာ သူမသိရင် သွားပြောမနေနဲ့ သိလား၊ သိရင်လည်း တခြားအကြောင်းလွှဲပြောနော်၊ ဟိုအကြောင်း မပြောနဲ့၊ ဒါပဲနော်"

"ဟုတ်ကဲ့ ဘွားဘွား"

ထူးမှူးက ဖုန်းပိတ်ရင်း ယောကိုလှည့်၍ ပြုံးပြလိုက်ပါသည်။





"အိပ်မက်တွေ မက်သေးလား၊ ယောင်ပြီး ထ,လျှောက်သေးလား၊ ဒါပဲမဟုတ်လား"

ယောက မလှမ်းမကမ်း ကြမ်းပြင်ပေါ်မှာ သူ့ကြောင်ကလေး ရွှေဝါကို ကြောင်စားတဲ့မုန့်ခဲလေးတွေ ချကျွေးနေရာမှ ပြုံးစိစိမော့၍ မေးပါသည်။

"အင်းပေါ့"

ထူးမှူးက ထမင်းစားပွဲဆီ အရင်လာခဲ့ရာ ထူးမှူး နောက်မှ ရွှေဝါက ပြေးလိုက်လာပါသည်။

"ယော ... ကြည့် ... သားသားရေ ... ရွှေဝါနော်၊ သူ့အဖေနောက်ပဲ ပြေးလိုက်နေတယ်၊ ဒီမှာ မုန့်လေးတွေသုံးခု ကျန်သေးတယ်၊ လာပြန်စားဦး ... သားသားနော်"

ရွှေဝါက ထူးမှူးရဲ့ကုလားထိုင်နံဘေးထိုင်ပြီး မော့ ကျော်နေပါသည်။

"တွေ့လား ... အဲဒါ ကိုကြီးက ကိုကြီးစားရင်းနဲ့ ဟိုဟာလေးချကျွေးလိုက်၊ ဒီဟာလေး ချကျွေးလိုက် လုပ်နေတာကိုး၊ သားသားက အကျင့်ပျက်နေပြီ တွေ့လား၊ ကိုကြီးမို့ ထမင်းစားပွဲလာရင် သူ ဘာများစားရမလဲလို့ ကိုကြီးနားထိုင်ပြီး မျှော်ရတာ အမော၊ သားသား ... လာ ... လာ၊ ဖေကြီးနား မသွားနဲ့၊ မေကြီးနားလာ၊ လာပါဆို ... သားသားနော်၊ နင့်ကို ငါသိပ်မချစ်ချင်တော့ဘူးနော်၊ နင်ဟာ အဖေ့ကြောင်ပဲ ... ဟွန်း"



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဝါ့ကို ခေါ်မရ၍ ကြမ်းပြင်ပေါ်ထိုင်ရင်း ပွစိပွစိ လုပ်နေသော ယောခင်ဇံကို ထူးမှူးက ရယ်ချင်မိရင်း ...

"ကဲ ... လာ ... လာ၊ ဆန်ပြုတ်မစားချင်တာနဲ့ အူကြောင်ကြောင်လုပ်ပြီး ကြမ်းပေါ်ပေကတ်ထိုင်မနေနဲ့ ဒေါ်ယောခင်ဇံ၊ ဟောဒီမှာ ဆန်ပြုတ်ပူနေတာတောင် လျော့တော့မယ်၊ လာပါ ... လာပါ"

ယောက မျက်စောင်းလေးတစ်ချက်နှင့် ထိုင်ရာမှ ထလာပါသည်။ စားပွဲမှာ ဝင်ထိုင်လိုက်တဲ့ ယောရဲ့နဖူးကို ထူးမှူးက မျက်နှာချင်းဆိုင်မှ ကုန်း၍ လှမ်းစမ်းလိုက်ပါသည်။ နည်းနည်းနွေးနေဆဲပါပင်။

ယောလေးက ငယ်ငယ်ကတည်းက ချူချာသူကလေးပါ။ ဒါကြောင့်လည်း အဘွားရော အဒေါ်ပါ ပိုးလိုဥခဲ့ကြတာ။ ဟိုးငယ်ငယ်ကတည်းက ယောခင်ဇံလေးမှာ ညအိပ်လျှင် အိပ်မက်ယောင်ပြီး လမ်းထလျှောက်တတ်တဲ့ အကျင့်ရှိပါသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် အမေဆုံးသွားရှာတော့ ညဘက်တွေ သူ့အမေကို အိပ်မက်,မက်ကာ ယောင်ယမ်းထရှာတတ်တာမျိုးပင်။ ပြီးလျှင် မိုးလင်းတဲ့အခါ ညက သူ့လုပ်ရပ် သူမသိ။ ညကအဖြစ်အပျက်တွေကို မမှတ်မိတတ်ပါ။

ယောမေမေ ဆုံးကာစကတော့ အဲသလို မကြာခနဖြစ်ခဲ့ပြီး နောက်ပိုင်းမှာတော့ ထိုအဖြစ်အပျက်မျိုး ခပ်ခြားခြားသာ ဖြစ်ပါတော့သည်။ နေမကောင်း ဖျားနာတဲ့အခါ အားနည်းတဲ့





အခါတွေမှာလည်း ဖြစ်တတ်ပြီး ဆရာဝန်က အိပ်မက်ယောင်တတ်တဲ့ရောဂါအဖြစ် ဂရုစိုက် စောင့်ကြည့်သူရှိဖို့ ပြောတာမို့ ယောဟာ ငယ်ငယ်ကတည်းက သူ့အခန်းထဲမှာ မတူးမာကိုထားကာ အိပ်ရသည်။

အအိပ်ဆတ်တဲ့ မတူးမာဟာ ယောခင်ဇံ ချွတ်ခနဲလှုပ်တာနှင့် သူပါ နိုးတတ်သည်။ ထို့ကြောင့် ယော အခန်းပြင်ရောက်ရုံနှင့် ပြန်တွဲခေါ်လာတတ်တာတော့ များပါသည်။ သို့ပေမဲ့ တစ်ခါတစ်ရံတော့လည်း ခြေဖွနင်း၊ တိုးတိုးတိတ်တိတ်ထွက်ခွာသွားတတ်ပုံရတဲ့ ယောကို မတူးမာ မမီလိုက်။

ညကြီးချမ်းချမ်းစီးစီး ခြံထဲက ဒန်းပေါ်ဆင်းထိုင်နေတာမျိုးကို တစ်နာရီ နှစ်နာရီလောက်ကြာမှ သိရတာမျိုးလည်း ရှိသည်။ မနက်မိုးလင်းတဲ့အခါ ညလယ်က သူ့အဖြစ်အပျက်တို့ကို ယောက မမှတ်မိတတ်ပါ။ ဤအဖြစ်အပျက် အကြောင်းအရာတို့ကို အဲဒီအိမ်မှာ ဝင်ထွက်နေကတည်းကိုက ထူးမှူး ကြားနေသိနေပါသည်။ သူကိုယ်တိုင် မကြုံရဖူးသေးပေမယ့် ကြားနေရတာနဲ့တင် ယောလေးကို ကရုဏာသက်စွာ စိုးရိမ်မကင်း ဖြစ်ရပါသည်။

ဒါကြောင့်လည်း ယောခင်ဇံကို လက်ထပ်ခွင့်မတောင်းခင်ကတည်းက ထူးမှူးက ဆရာဝန်ကြီးတစ်ဦးနှင့် တိုင်ပင်ဆွေးနွေးကြည့်ခဲ့တာပါ။ ဒီလိုအိပ်မက်မှာထကာ ယောင်ယမ်းလမ်းလျှောက်ပြီး လုပ်ချင်ရာလုပ်တတ်တဲ့ ဝေဒနာရှင်မျိုးဟာ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်တွေ ဘာတွေပြုလိုက်ခြင်းအားဖြင့် ထိခိုက်မှုရှိမလား ပိုဆိုးဝါးသွားနိုင်တာမျိုး ရှိမလား ဆိုတာ။

အိမ်ထောင်ပြုခြင်းနှင့် သက်ဆိုင်မှု သက်ရောက်မှု မရှိပါဘူးဆိုတာ သိရပြီးတဲ့နောက်မှ ထူးမှူးက ယောလေးကို ချစ်ခွင့်ပန်ခဲ့ လက်ထပ်ခွင့် တောင်းခဲ့တာပါ။ ဒီအချိန်မှာ ယောခင်ဇံရဲ့ဖေဖေ ဦးကျော်ဇံကလည်း ကွယ်လွန်ခဲ့ပြီ။ မရှိတော့ဘူးဖြစ်လေရာ ဘွားဘွားနှင့် အန်တီညိုရဲ့ အားကိုးအားထားမှုကလည်း ထူးမှူးအပေါ် အတော်ကြီး ယုံကြည်ကိုးစား ကျရောက်နေပြီ။ လိုလိုလားလား ဟက်ဟက်ပက်ပက်ပဲ သဘောတူခဲ့ကြပါသည်။ ယောကို တောင်းရမ်းကမ်းလှမ်းကြတဲ့ အချို့သော သူဌေးသား သူဌေးပေါက်စ ရင့်မကြီးတို့ကို ခေါင်းခါငြင်း၍ ထူးမှူးကို ဘွားဘွားတို့ လက်ခံခေါင်းညိတ် သဘောတူခဲ့ကြတာပါ။



၅

ထူးမှူး ရေချိုးနေဆဲတွင် ယောက ကိုကြီး ဗီရိုကို ဖွင့်ကာ ကိုကြီး ညဝတ်အိတ်ဖို့ ဝတ်စုံကို ရွေးချယ်ထုတ်ပေးနေပါသည်။ ကိုယ်တိုင်ဝတ်မယ့် ညဝတ်စုံနှင့်ပါ အရောင်မတိမ်းယိမ်း လိုက်ဖက်အောင် ရွေးရသေးတာ။

ကိုကြီး။

ကိုကြီးဟာ ယောခင်ဇံရဲ့ဘဝမှာ ပထမဦးဆုံးနှင့် နောက်ဆုံး တစ်ဦးတည်းသော ချစ်ခင်မြတ်နိုးအပ်သော သူစိမ်းယောကျ်ား။ ယောဘဝတွင် သွေးသားရင်းချာဖြစ်တဲ့ ဖေဖေနှင့် ဘိုးကိုကလွဲပြီး အခြားရင်းနှီး ချစ်ခင်ရသော ယောကျ်ားသားရယ်လို့ တစ်စုံတစ်ယောက်မှ မရှိခဲ့ဘူးပေ။

ငယ်ကတည်းက ယောကျ်ားလေးသူငယ်ချင်းလည်း မရှိခဲ့။ မိန်းကလေးကျောင်းမှာသာ နေခဲ့ရတာပါ။ အတန်းလေး လာလို့ ကျူရှင်တက်ဖို့ ရှိလာလည်း အိမ်မှာပဲ ဆရာမခေါ်ကာ



www.burmeseclassic.com

www.burmeseclassic.com



သင်ခဲ့ရတာပါ။ တက္ကသိုလ်ရောက်ပြန်တော့လည်း အန်တီညို ကိုယ်တိုင် လိုက်ပို့ စောင့်ကြိုနှင့် သူကိုယ်တိုင် အတန်းလိုက် မတက်ရုံတမယ် အနီးကပ်စောင့်ကြပ်ခဲ့တော့ ဘယ်ယောကျ်ားလေး ကမှလဲ ယောခင်ဇ်အနား ရဲရဲတင်းတင်း မရစ်သီဝံ့ကြပါ။

ပြီးတော့ တကယ်တော့ ယောခင်ဇ်လေးက ကလေး လို ဖူးဖူးနုနု အပြစ်ကင်းစင်တဲ့ သဘာဝအလှကလေးသာရှိပြီး ယောကျ်ားသားတို့ နှလုံးသားကို နှဲ့ယမ်းဖမ်းစားနိုင်လောက်တဲ့ ထင်ထင်ပေါ်ပေါ် ဝံ့ဝံ့စားစား အလှမျိုးကိုလည်း ပိုင်ဆိုင်ထဲ့သူ မဟုတ်ပါ။ တက္ကသိုလ်သက်တမ်းတစ်လျှောက် သူငယ်ချင်းမိန်း ကလေးနှစ်ယောက်တော့ ချစ်ချစ်ခင်ခင် ပေါင်းခဲ့ပြီး ယောကျ်ား လေးသူငယ်ချင်းရယ်လို့တော့ တစ်ယောက်တလေပင် မရှိခဲ့။

ယောကျ်ားလေးတွေနှင့် မဆက်ဆံ မပတ်သက်ဖူး၍ အိမ်ကိုပါ ဝင်ထွက်ခွင့်ရထားတဲ့ ထူးမှူးအပေါ်သာ ယိမ်းယိုင် ငြိတွယ်ခဲ့တာလား ဆိုရင်တော့ ယောက ခါးခါးတူးတူး ခေါင်း ယမ်းငြင်းရပါလိမ့်မည်။ ငယ်ငယ်ကတည်းက မြင်နေတွေ့နေခဲ့ တဲ့ ဒီအစ်ကိုကြီး ထူးမှူးကိုပဲ နုနုယ်သော ဖူးသစ်စ နှလုံးသား လေးနှင့် ရင်တုန်ပန်းတုန် စွဲလမ်းချစ်ခင်မိခဲ့တာမို့ ယောက ယောကျ်ားလေး သူငယ်ချင်းတောင် မထားဖြစ်တော့တဲ့ အထိ ယောကျ်ားလေးတွေကို စိတ်ဝမင်စားတော့တာ။

အန်တီညို ဘယ်လောက်ပဲ လိုက်စောင့်ရှောက် စောင့်ရှောက် တက္ကသိုလ်မှာ အတန်းထဲမှာ ယောကျ်ားလေးတွေ





ဒုနဲ့ဒေး။ နေ့စဉ်တွေ့နေခဲ့ရတာပဲဟာ။ အတန်းထဲထိတော့ အန်တီ ညိုလည်း ပါမှမပါနိုင်တာ။ ယော ခင်မင်ချင်ရင် ခင်မင်လို့ရတဲ့ အခြေအနေပေးမှုတော့ ရှိခဲ့တာပဲလေ။

ယောနဲ့ တွဲမိတဲ့ သူငယ်ချင်းနှစ်ယောက် ဖြစ်တဲ့ ကလျာဝင်းနှင့် အေးအေးမြတ်တို့ကလည်း ယောနှင့် စရိုက်တူ ပုံစံတူ အင်မတန် အေးဆေးရိုးသားကြတဲ့ မိန်းကလေးတွေဖြစ်တာ ကြောင့်လည်း ပါပါမည်။ ရံဖန်ရံခါ အတန်းထဲမှာ စကားပြောဆို ဖြစ်တာ စာအုပ်လှမ်းငှားဖြစ်တာ ပြုံးပြဖြစ်တာမျိုးလောက်အထိ တော့ ယောကျ်ားလေး အတန်းတူတချို့နှင့် ဆက်ဆံဖြစ်ဖူးပေ မယ့် ရင်းနှီးခင်မင်တယ်ဆိုတဲ့ အဆင့်ထိတော့ ဘယ်သူမှရောက် မလာခဲ့။

ရောက်မလာဆို ယောရဲ့စိတ်ကိုက ခင်မင်သွားမိ ခြင်း၊ ရင်းနှီးသွားမိခြင်းမျိုးမှ မရှိတာပဲလေ။ ယောရဲ့စိတ်ထဲ ရင် ထဲ နှလုံးသားထဲ ဦးနှောက်ထဲ နေရာမျိုးစုံမှာ လွှမ်းခြုံစိုးမိုးထား သူဟာ ကိုကြီး။ ကိုကြီး အိမ်လာမှာကိုပဲ ယော အမြဲ တိတ်တခိုး မျှော်နေမိတတ်သည်။

ကိုကြီး အိမ်လာလျှင် ဖျတ်ခနဲလေး တစ်ချက် လောက်ပဲ မြင်ရ မြင်ရ ယော ကျေနပ်ရောင့်ရဲပါသည်။ လောက ကြီးမှာ ထူးမှူးဆိုတဲ့ ယောကျ်ားတစ်ယောက် ရှိနေသည့်အဖြစ် ကိုပဲ တိတ်တခိုး ကျေနပ်နှစ်သိမ့်ကာ သူ့ကိုမြင်ရရ မမြင်ရရ နှလုံးသားတဲမှာ စိမ့်နှစ်ဝင်နေအောင် စွဲလမ်းမြတ်နိုးရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဣန္ဒြေကြီးလွန်းတဲ့ ထိန်းချုပ်နိုင်စွမ်းလွန်းတဲ့ ကိုကြီးနှင့် နှစ်ပေါင်းများစွာ စိတ်ချင်း နှလုံးသားချင်း ရင်းနှီးဆက်သွယ်ခဲ့ပြီး အပြင်မှာ လူချင်းကတော့ တရင်းတနှီးမဟုတ်ပါ။ ယောတို့နှစ်ယောက်လုံးရဲ့ ရင်ထဲက တိတ်တခိုးချစ်ခြင်းမေတ္တာက ထုထည်ကြီးမား ခိုင်ခန့်ခဲ့လွန်းလို့သာ ဘယ်သူမှ ဘေးဘီကို စိတ်မယိုင်ခဲ့တာ။

နှစ်ဦးသား ဘာမှစကားအသွားအလာနှင့် မရိပ်မိစေခဲ့ပါပဲ၊ ယောချစ်တာကိုလည်း ကိုကြီး ကောင်းကောင်းသိခဲ့သလို ကိုကြီး ချစ်တာကိုလည်း ယော အလေးအနက် ခံစားခဲ့ယူနိုင်ခဲ့ပါသည်။

ဖေဖေမဆုံးမီကတည်းက ဖေဖေ့ကို ကိုကြီးက လိုအပ်တာကူညီ၊ ဖေဖေက ကိုကြီးကို လိုအပ်တာပြန်ဖြည့်ဆည်းကူညီ။ ဖေဖေ ဆုံးသွားချိန်မှာ ဖေဖေ့မန်နေဂျာကြီးရဲ့ လှည့်စားကလားဖန်ထိုးမှုတွေနှင့် ဖေဖေ့လုပ်ငန်းကြီး ဒုက္ခရောက်ရမယောင်ဖြစ်လာချိန်မှာလည်း ကိုကြီးရဲ့ ကူညီဆောင်ရွက်မှုတွေနှင့်သာ အတော်များများ ပြန်လည်အဖတ်ဆည်နိုင်ခဲ့တာပါ။

ကိုကြီးရဲ့ ကူညီမှုတွေ တည်ကြည်သိက္ခာရှိမှုတွေ ရိုးသားနိမ့်ချမှုတွေဟာ ဘွားဘွားနှင့် အန်တီညိုတို့ရဲ့ နှလုံးသားတွေကိုပါ သိမ်းပိုက်နိုင်ခဲ့တာ။ တစစ ပိုမိုအားကိုးယုံကြည်လာတဲ့ ဘွားဘွားတို့ကြောင့် အားကိုးယုံကြည်မှုကို အလွဲသုံး အခွင့်အရေးယူရာကျမှာကြောက်တဲ့ ကိုကြီးက ယောကို နှစ်ကြောရှည်ရှေ့





ရှုတ်ဆိတ် ဖွင့်မပြောပြန်။ နောက်ဆုံး ဘွားဘွားနှင့် အန်တီညိုတို့စိတ်ထဲမှာ ကိုကြီး တခြားတစ်ပါးကို သံယောဇဉ်တွယ်သွားမှာတောင် စိုးရိမ်မကင်း ဖြစ်လာကြတော့တဲ့အထိ ကိုကြီးက စောင့်ခဲ့ည်းလွန်းခဲ့တာဖြစ်သည်။

"ထူးမှုး ... သား အိမ်ထောင်လေး ဘာလေး မပြုတော့ဘူးလား၊ စိတ်ကူးရှိရင် ဘွားဘွားတို့ကို မိဘလိုသဘောထားဖွင့်ပြောတိုင်ပင်နော်၊ တစ်ယောက်တည်း ကျိတ်မစီစဉ်နဲ့၊ ဒါပဲအမျိုးတွေလို သတ်မှတ်ရမှာ မဟုတ်လား၊ ခင်ရာဆွေမျိုး တဲ့၊ ဘွားတို့ အန်တီညိုတို့က မင်းကို တူရင်းသားရင်း မြေးရင်းလိုပဲ ကြားလား၊ အားလုံးဖွင့်တိုင်ပင်၊ မင်းလည်း မငယ်တော့ဘူးလေ"

ဘွားကပင် ဤသို့ ဖွင့်မေး စူးစမ်းခဲ့ရသည်။

"ကျွန်တော့်မှာ အိမ်ထောင်ပြုရလောက်အောင် ရင်းနှီးခင်မင်တဲ့ အမျိုးသမီးမိတ်ဆွေတောင် အပြင်မှာ မရှိပါဘူး ဘွားဘွား၊ ကျွန်တော့်စိတ်ထဲမှာ ဘွားတို့ ဒီမိသားစုရယ်၊ ကျွန်တော့်ညီမလေး ဖူးဖူးရယ်ပဲ ရှိတာပါ၊ ကျန်တာ ဘယ်သူမှ မရှိပါဘူး ဘွားဘွား ...

ညီမလေး ဖူးဖူးကတော့ သူ့မှာ ချစ်သူရှိနေပြီဆိုတာ ကျွန်တော့်ကို ဖွင့်ပြောတိုင်ပင်ပါတယ်၊ လူကောင်းလေးပါပဲ၊ သူ့မင်္ဂလာကိစ္စကို ကျွန်တော် အရင်စီစဉ်ဆောင်ရွက်ပေးပြီးမှပဲ ကိုယ့်ဘဝအတွက် ကိုယ်စဉ်းစားပါ့မယ် ဘွားဘွား"



www.burmeseclassic.com

www.burmeseclassic.com



"အေး … အေး၊ ဖူးဖူးကိုလည်း ဒီအိမ်ဝင်ထွက်ခိုင်းပြီး ဆွေမျိုးသားချင်းလို နေခိုင်းစမ်းပါ ထူးမှူးရယ်၊ ယောလည်း ညီအစ်မရတာပေါ့၊ ဖူးဖူးမင်္ဂလာကိစ္စရှိတယ်ဆိုလည်း ဘွားတို့အားလုံး ဝိုင်းဝန်းကူညီစီစဉ်ကြမှာပေါ့၊ လိုတာအကုန် ကူညီမယ် သိလား၊ ဖူးဖူးကိုလည်း ပြောပြ၊ ဖူးဖူးလည်း ဘွားတို့မြေးစာရင်းပဲ သွင်းရမှာပဲ မင်းသိတဲ့အတိုင်း ကျော်လင်းဇံ ဆိုတာက သူ့ဝါသနာပါရာနဲ့သူ သူ့စိတ်အလိုပဲ လိုက်ပြီး ကမ္ဘာပတ်နေတာ၊ ယောမှာ ဘယ်သူမှ ရှိတာ မဟုတ်ဘူး၊ မင်းတို့ ဖူးဖူးတို့ပဲ အရင်းအချာလို သဘော ထားရမယ် …

ဖူးဖူးကိုလည်း ယောကို ညီမရင်းလို သဘောထားဖို့ မင်းကပြောပေါ့ ထူးမှူးရယ်၊ မင်းတို့ပဲ ရှိတာပါ၊ ရှင်းရှင်း ပြောရရင် ဘွားရဲ့မြေးဆိုတာနဲ့ပဲ ယောကို တောင်းရမ်း ကမ်းလှမ်းတဲ့ သားရှင်တွေလည်း အတော်ရှိပါရဲ့၊ ပိုက်ဆံ တွေတော့ ရှိကြပါရဲ့၊ ပညာတွေလည်း တတ်ကြပါရဲ့၊ ဒါပေမဲ့ တစ်ယောက်မှ ဘွားရဲ့ရင်ထဲ အသည်းထဲက ယုံကြည်ကိုးစားမှု သံယောဇဉ်မျိုးထားလို့ မရပါဘူး …

ယောအတွက်ကတော့ ယောကို ကြင်နာဖို့ မြတ်နိုးဖို့ အဓိကပဲ၊ ညာတာစောင့်ရှောက်ဖို့ အဓိကပဲ၊ ငွေတွေ ဂုဏ်ဒြပ်တွေ ဘွားက လိုချင်တာမဟုတ်ဘူး၊ ဘွားတို့ လူကြီးတွေ မျက်စိမှိတ်သွားရင် စိတ်ချလက်ချ စိတ်အေး လက်အေး အပ်ထားခဲ့နိုင်မယ့်သူမျိုးပဲ အလိုရှိတာ"





ဘွားဘွား အဲသလောက် ခြေဆင်းတွေ ခင်းထား ပျိုးထားပြီးမှ ဘွားက ကိုကိုကျော်လင်းဇံ ထံကိုလည်း သူ့သဘော ထား လှမ်းအသိပေးပုံ ရပါသည်။ ဖူးဖူး မင်္ဂလာဆောင်မတိုင်မီ ကျော်လင်းဇံ နိုင်ငံခြားက တစ်ခေါက်ပြန်အလာနှင့် တိုက်ဆိုင်တဲ့ အချိန်မှာတော့ ကိုကိုက ကိုကြီးကို အရင်ထက် တရင်းတနှီး အလေးတစား ဆက်ဆံတဲ့အပြင် ရံဖန်ရံခါမှာ နောက်သလို ပြောင်သလိုနှင့် "ယောက်ဖကြီး"လို့ သူကစ,ခေါ်ခဲ့တာပင်။

ယောက်ဖကြီး တစ်ခါခေါ်ခံရတိုင်း ကိုကြီးမျက်နှာက နီနီဖွေးကာ မျက်နှာမထားတတ်သလို အနားကလူကြီးသူမတွေ အားနာသလို ကိုးရိုးကားရား အမူအရာနှင့် ရှက်တတ်သည်။ ချစ်ဖို့ကောင်းတဲ့ ကိုကြီး။

"အဟားဟားဟား … ကျွန်တော်ယောက်ဖခေါ်လို့ ဘာမှ အနေမခက်နဲ့ ကိုထူး၊ ချစ်ခင်ရင်းနှီးလို့ ခေါ်တာဗျာ၊ အရင် ကတော့ ကိုထူးမှာ နှမပျိုလေးကရှိတော့ တစ်မျိုးအဓိပ္ပာယ် ရောက်မှာစိုးတော့ တလွတ်တလပ် မခေါ်ရဘူး၊ ခုတော့ ကိုထူး ညီမလေးက မင်္ဂလာဆောင်တော့မယ်ဆိုလို့ ခုမှ ရဲရဲခေါ်ရဲတာ … ဟား ဟား၊ ဒုက္ခပါပဲ ကိုထူးရာ၊ ခင်ဗျား က ခုလိုမျက်နှာရဲနေတော့ ကျွန်တော်တောင် ခေါ်ရတာ အီလည်လည် ဖြစ်လာပြီ"

ကိုကိုရဲ့ဗလွတ်ရွတ်တောက် ပုံစံကို ဟိုဟန့်ဒီဟန့် ငြိသဘောမကျဟန့်တတ်တဲ့ ဘွားရော အန့်တိတ်ညိုပါ "ယောက်ဖ"



www.burmeseclassic.com

www.burmeseclassic.com



ခေါ်တာကိုတော့ မဟုန့်ကြဘဲ မကြားချင်ယောင် ကိုယ်နဲ့မဆိုင် သယောင် ဆောင်နေကြတာပါ။

အဲဒီရဲ့နောက် ... နောက်တွေကျမှ လူရိုးလူအေး ကိုကြီးဟာ ဒီဘက်က လူကြီးသူမတွေရဲ့ သဘောထားကို ရိပ်မိ လာပါသည်။ (မမဖူးက အတိအကျ နိမိတ်ဖတ် အဓိပ္ပာယ်ကောက် ခဲ့တယ်လို့ နောက်တော့ ကိုကြီး ပြန်ပြောပြပါသည်။)

"ကိုကိုကတော့အရမ်းအ,တာပဲ၊ လူကြီးတွေရော ယောရဲ့ အစ်ကိုကပါ ကိုကို့ကို သူတို့သမက်၊ သူတို့ယောက်ဖ ဖြစ်ဖို့ အသေအလဲ လိုလားနေတာ ဒီလောက်အသိသာကြီး ကို၊ ကိုကို လက်နှေးနေ ကြောက်နေတာနဲ့ လွဲတော့မှာပဲ ကိုကို ယောခင်ဗျကို ဘယ်တုန်းကတည်းက ဘယ်လောက် ကျိတ်ချစ်နေတာ ညီမလေး မသိတာလိုက်လို့၊ ဘာလို့ခုထိ ဖွင့်မပြောတာလဲ၊ ဘာလဲ ... ညီမလေးတို့လင်မယားက အုပ်ထိန်းသူလုပ်ပြီး လာနားဖောက်ပေးရမှာလား ... ပြော"

ချစ်ဖို့ကောင်းလှတဲ့ ကိုကြီး။

ထိုသို့လျှင် အံရပ်ကူပါ လူဝိုင်းပါနှင့် ကာလအတော် ကြာမှ ကိုကြီးထံမှ ချစ်ခွင့်ပန်စကား မရဲတရဲကို ယောမှာ ရင် တခုန်ခုန်နှင့် ကြားနာလက်ခံခဲ့ရတာပါ။

"တီ ... တီ တီ ... တီ တီ ..."

ယောက ကိုကြီးဝတ်ဖို့ ညအိပ်ဝတ်စုံကို ခုတင်ခြေ ရင်းနား ဖြန့်တင်ထားနေဆဲ မြည်လာတဲ့ ကိုကြီးဟဲန်းဒ်ဖုန်း





သွားကြည့်လိုက်ပါသည်။ ညကြီးမင်းကြီး သန်းခေါင်နားနီး ဘယ်က ဖုန်းလဲ။ ဖုန်းရဲ့စကရင်မှာတော့ အာကာထွန်း ဆိုတဲ့ နာမည်လေး ပေါ်နေပါသည်။ ကိုအာကာဟာ မမဖူးရဲ့ခင်ပွန်းသည်ပါ။

ယောက ဖုန်းကိုယူကာ ရေချိုးခန်းတံခါးဝ၌ သွား ရပ်ပြီး တံခါးကို လက်ညှိုးလေးနှင့် ခေါက်လျက် ...

"ကိုကြီးရေ ... ဖုန်းလာနေတာ"

"ဘယ်ကဖုန်းလဲ ... ယော"

"ကိုအာကာဆီကပါ ကိုကြီး၊ ကိုင်လိုက်ရမလား"

"ရတယ် ထားလိုက်ပါ ယော၊ ကိုယ် ပြီးတော့မယ်၊ ခုပဲ ထွက်ပြီ၊ ကိုယ် ပြန်ဆက်လိုက်မယ်"

"ဟုတ်"

ယောက ဖုန်းကို ဒီအတိုင်းလေးသာ ပြန်ချထား လိုက်သည်။

အိမ်ထောင်ရှင်မသာ ဖြစ်လာသည့်တိုင် ယောခင်ဗျ ဟာ ခုထိ ကလေးတစ်ယောက်လို ဖြစ်နေတုန်းပင်။ အသွားနှင့် အခေါ်က ကလေးပေါက်စလို ပြုစုပျိုးထောင်လာမှုမှာ ယောက အသားကျနေပါသည်။ လူမှုရေးလည်း ယော သိပ်နားမလည်။ ကော်ခဲလေးနက်သော စီးပွားရေးလုပ်ငန်းဆောင်တာများကိုလည်း ယော နားမလည်။ အပေါင်းအသင်း အသိုင်းအဝိုင်းနှင့် ဆက်ဆံ ရာမှာလည်း ယောသည် စကားပြောတာကအစ အမူအရာလေး အစ ကလေးဆန်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



မမဖူးနှင့်တော့ ယော ချစ်ခင်ရင်းနှီးပါသည်။ မမဖူး အမျိုးသား ကိုအာကာနှင့်တော့ ယော သိပ်မရင်းနှီး။ နဂိုကပင် ယောကျ်ားသားတို့ကို စကားအပြောအဆို နည်းခဲ့သော ယောသည် မမဖူးရဲ့ယောကျ်ား ကိုအာကာကိုလည်း ကိုယ်နှင့်မောင်နှမလို သဘောမျိုး စိတ်ကထားရှိသော်လည်း ပြေပြေပြစ်ပြစ် ဖွဲ့ဖွဲ့နွဲ့နွဲ့ စကားဖန်တီး မပြောတတ်ပေ။

အခု သူတို့လင်မယားက နေပြည်တော်မှာ ရှိနေကြပါသည်။ ကိုအာကာကတော့ ရုံးဝန်ထမ်းအရာရှိတစ်ဦးဖြစ်ကာ မမဖူးကတော့ ဈေးမှာ လက်ဆောင်ပစ္စည်းဆိုင်တစ်ဆိုင် ဖွင့်ထားပြီး ကိုယ်ပိုင်စီးပွားရေးသဘောမျိုး လုပ်ကိုင်ပါသည်။

ရေချိုးခန်းမှ ထွက်လာသော ထူးမှူးက ...

"ဖူးဖူးတောင် နောက်လ မွေးတော့မယ်ဆိုတော့ နီးပြီနော်"

ယောကို လှမ်းပြောလိုက်ပါသည်။

"ကိုကြီး ... မမဖူး ကလေးလာမွေးရင် ယောတို့အိမ်မှာ နေခိုင်းပါနော်၊ ဒီကပဲ ဆေးရုံတက်ခိုင်းပါ၊ ယော ... မမဖူးရော ကလေးလေးရော ကြာကြာတွေ့ချင်လို့"

"အင်း ... ကိုယ်ကတော့ ခေါ်ထားချင်ပါတယ် ယောလေးရဲ့၊ ဒါပေမဲ့ ကိုအာကာ့မိဘတွေကလည်း ရန်ကုန်ကပဲဆိုတော့ သူတို့လည်း ခေါ်ထားချင်လိမ့်မယ် ထင်တယ်၊ သူတို့အိမ်ကနေ မွေးစေချင်မှာပေါ့၊ ဒါ ... သူတို့ဘက်မှာ မေးဦးပဲ"





"အင်းလေ ... ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့ ကိုကြီးကလည်း၊ ကိုအာကာ့ မိဘတွေက တိုက်ခန်းနဲ့ဆိုတော့ ယောတို့အိမ်က မမဖူးအတွက်ရော ကလေးအတွက်ရော ပိုတော့အဆင်ပြေကျယ်ဝန်းတာပေါ့"

"အင်း ... ကိုယ် မေးကြည့်ပါဦးမယ် ယောရဲ့"

ထူးမှူးက ရေသုတ် အဝတ်အစား လဲပြီးလျှင် ...

"ကိုယ် ဖုန်းပြန်ခေါ်လိုက်ဦးမယ်"

ဖုန်းရှိရာ ထူးမှူး လှမ်းအသွား ဖုန်းလေးက လမ်းခုလတ်မှာပင် ထ,မြည်လာပြန်ပါသည်။

"ဟော ... ပြန်ခေါ်ပြီ၊ ဟယ်လို"

ထူးမှူးက ဖုန်းထူးလိုက်ပါသည်။

"ဟယ်လို ... ကိုထူးလား၊ ကျွန်တော် အာကာပါ"

"ဟုတ်တယ် ကိုအာကာ ... ပြောပါ၊ နေကောင်းကြလား ဖူးဖူးရော"

"ကိုထူး ... ဖူး ... ဖူးဖူး ... ဆေး ... ဆေးရုံတင်လိုက်ရလို့"

"ဟင် ... ဘာဖြစ်လို့လဲ"

အကာ့အသံက ကတုန်ကယင် ကြောင်စီစီနှင့် ငိုသံပါ ပါနေသဖြင့် ထူးမှူး ခေါင်းထဲ ဒိုင်းခနဲဖြစ်ကာ ရေချိုးလိုက်၍ သက်သာသွားသလိုရှိသော ခေါင်းကိုက်က တဒိန်းဒိန်း သွေးခုန်တိုးမှုနှင့် ပြန်လည်စတင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုအာကာ … ဖူးဖူး ဘာဖြစ်လို့လဲ"

"ကိုထူး … ဖူး … ဖူးဖူး လှေကားက ခြေချော်ပြီးပြုတ်ပြုတ်ကျလို့"

"ဟင်"

ထူးမှူးသည် မျက်လုံးတွေ ထူပူပြာဝေကာ လူတစ်ကိုယ်လုံး ထူပူလာကာ …

"ဘာဖြစ်သွားလဲ"

"သ … သတိမရဘူးဗျာ၊ ကိုထူး … လုပ် … လုပ်ပါဦးဗျာ"

"အခု ဆေးရုံမှာ မဟုတ်လား"

"ဟုတ် … ဟုတ်ကဲ့ ကိုထူး၊ သွေးတွေပါဆင်းပြီး သတိမရဘူး၊ အ … အခြေအနေလည်း သိပ်မကောင်းဘူးပြောတယ်ဗျာ၊ လူကြီးဖြစ်ဖြစ် ကလေးဖြစ်ဖြစ် လု … လုရမယ့်အခြေအနေလို့ …"

"ဘယ်တုန်းကလဲ … အခုလား"

"ခုလေးတင် ကိုထူး၊ ဆယ့်တစ်နာရီကျော်လောက်မှ ချက်ချင်းဆေးရုံပြေးတာ၊ အခု သူတို့ပြောပြောချင်း ကျွန်တော်ဖုန်းဆက်တာ၊ ကျွန် … ကျွန်တော်က လူ … လူကြီးကိုဦးစားပေး ကယ်ပေးပါလို့ပဲ ပြောလိုက်တယ် ကိုထူးရာ မေမေတို့ဆီလည်း ဖုန်းဆက်ထားတယ်၊ သူတို့လည်း ခုညတွင်းချင်းပဲ လိုက်လာလိမ့်မယ် ကိုထူး"





"ကျွန်တော်လည်း လာခဲ့မယ်"

"ဟုတ်ကဲ့ ကိုထူး၊ လာခဲ့ပါ၊ လာခဲ့ပါဗျာ၊ ကျွန်တော်ထူပူနေပြီဗျာ၊ စိုးရိမ်ရတယ် ပြောတယ် ကိုထူးရာ"

တစ်ဖက်က အာကာက ထိန်းထိန်းနေရာမှ မအောင့်နိုင်တော့သလို ဒရောသောပါးပင် ငိုချလိုက်၍ ထူးမှူး ပို၍ထူပူချောက်ချားသွားရပါသည်။

"ကျွန်တော် အခုပဲ လိုက်လာခဲ့မယ်"

"ကို … ကိုထူး ဖြစ်ရဲ့လားဟင်၊ အဖော်ခေါ်ခဲ့ဦးနော်"

"ဖြစ်တယ် ဖြစ်တယ် … စိစဉ်ခဲ့မယ်၊ ဒါပဲနော်"

ထူးမှူး ဖုန်းပိတ်လိုက်သည်နှင့် အလန့်တကြားဖြစ်နေသော ယောခင်ဖံက ပါးစပ်လေး အုပ်ထားရင်းက …

"မ … မမဖူး ဘာဖြစ်လို့လဲဟင် ကိုကြီး"

ထူးမှူးက ယောရဲ့ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်ရင်း …

"ယော … ဖူးဖူး အပေါ်ထပ်လှေခါးကနေ ချော်ကျလို့ ဆေးရုံမှာ၊ လူကြီးနဲ့ကလေး အသက်တစ်ခုခု လုရမယ့်အခြေအနေတဲ့"

"ဟင် … ရှင် …"

"မကြောက်နဲ့ ယော၊ စိတ်အေးအေးထား၊ ကိုယ်တော့ ခုပဲလိုက်သွားမှဖြစ်မယ် ယောလေး"

"ယောလည်း လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မလိုက်နဲ့ ... ယောမလိုက်နဲ့၊ လိုက်လို့မရသေးဘူး၊ ယောလည်း ကောင်းကောင်းနေမကောင်းဘူး၊ နေခဲ့နော် ယော"

ထူးမှူးက ချက်ချင်းပဲ လဲထားတဲ့ ညဝတ်,ဝတ်စုံကို ပြန်ချွတ်ရကာ ရှပ်အင်္ကျီအစိမ်းပုပ်ကွက်ထူထူ၊ အပေါ်ကဂျက်ကက်တစ်ထည်နှင့် ပုဆိုးတစ်ထည် ပြန်လဲလှယ်လိုက်ရသည်။ လက်ဆွဲအိတ်ပြား ခပ်သေးသေးလေးကို ဗီရိုထဲမှ ထုတ်ယူကာ ရှပ်အင်္ကျီနှင့် ပုဆိုးတစ်စုံ ထည့်လိုက်ပါသည်။ ဗီရိုအံဆွဲမှ ပိုက်ဆံထုပ်တချို့လည်း ထည့်လိုက်ရင်း လိုအပ်မည် ထင်သည်တို့ကို တစ်ခဏရပ်စဉ်းစား၍ ယူငင်သည်။

"ကိုကြီး ... ယောလိုက်ချင်တာ"

ယောခင်ဖဲ့ အသံက ငိုမဲ့မဲ့သံ ပေါက်လာပါသည်။ ကြားရတဲ့ အဖြစ်အပျက်ကို တုန်လှုပ်သွားပြီး ရင်တွေလည်း ကသောင်းကနင်း ခုန်လာလျက် သူချစ်သောယောက်မ မမဖူးကိုလည်း စိုးရိမ်ကာ တအားငိုချင်လာသော်လည်း မငိုကောင်းဘူး ထင်၍ စိတ်ကိုထိန်းချုပ်ထားလေရာ မျက်နှာကလေးပျက်က သွေးရောင်လျှမ်းနေရှာသည်။

"လိမ္မာတယ် ယောလေး၊ မလိုက်နဲ့၊ မလိုက်ရဘူးနော် ကိုယ်ရောက်ရောက်ချင်း အခြေအနေ ဖုန်းဆက်မယ်၊ ဖူးဖူးကိုလည်း ယော လိုက်ချင်တာ သေချာပြောပြလိုက်မယ်၊ အခြေအနေ ကောင်းတာနဲ့ ကိုကြီး ချက်ချင်းပြန်လာမယ် ယောလေး"





သူ အခန်းထဲ ဟိုသွားဒီသွား ဟိုပစ္စည်းယူ ဒီပစ္စည်းဆည် လုပ်သမျှနောက် တကောက်ကောက် ခလုတ်တိုက်မတတ် ကပ်လိုက်နေသော ယောဘက်လှည့်ကာ ယောရဲ့နဖူးပြင်လေးကို ညင်ညင်သာသာ တစ်ချက်နမ်းလိုက်ရင်း ...

"မတူးမာရေ ... မတူးမာ"

"ရှင် ... အစ်ကိုထူး"

အိမ်ရှေ့ခန်းမှာ တစ်ယောက်တည်း ကီဗီဇာတ်လမ်းတွဲကြည့်နေသည့် မတူးမာက ချက်ချင်းပင် ရောက်လာပါသည်။

"မတူးမာ ... ကျွန်တော် ခုချက်ချင်း နေပြည်တော်ကို သွားရမယ်၊ ဖူးဖူး ... xxx ... xxx ... xxx ..."

ထူးမှူးက အဖြစ်အပျက်ကို အတိုချုပ် ပြောပြလိုက်ပါသည်။

"ဟင် ... ဟုတ်လား အစ်ကိုထူး၊ ဘုရား ... ဘုရား ... မဖူး ကျန်းမာချမ်းသာပါစေ"

"အဲဒီတော့ မတူးမာ ဒီည ဒီအခန်းထဲ ယောနဲ့လာအိပ်ပေးပါ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

"ယောက စိတ်လည်းပူ မလိုက်ရလို့ စိတ်မကောင်းလည်း ဖြစ်နေတယ်၊ မတူးမာ သေချာချော့လိုက်၊ ကျွန်တော်က အမြန်ဆုံးသွားရတော့မယ်"

"ဟုတ်ကဲ့ ... စိတ်ချပါ အစ်ကိုထူး"



www.burmeseclassic.com

www.burmeseclassic.com



"မနက်ကျ ဘွားဘွားတို့ဆီ ဖုန်းဆက်ပြီး လာခေါ်ခိုင်းပြီး ဟိုအိမ်သွားနေရင်နေပေါ့၊ ကြားလား ယော"

"အာ ... ဒီမှာပဲ နေမယ်"

"ယောလေးက နေမကောင်းဘူးလေ၊ ကိုကြီးက နက်ဖြန် ပြန်ရောက်ချင် ရောက်မယ်၊ ပြန်လာနိုင်ချင်မှလဲ ပြန်လာနိုင်မယ်၊ ပြန်မရောက်ဖို့ များမယ်ထင်တယ်"

"အာ ... ကိုကြီးကလည်း ပါးစပ်ပုပ်ကြီးနဲ့၊ မမဖူးက နေကောင်းသွားမှာပါ၊ ယောလည်း လိုက်ချင်ပါတယ်ဆိုနေမှ"

ယောသည် ကိုကြီးခေါ်မှာ မဟုတ်တာကို သေချာသိနေတဲ့တိုင်အောင် တကယ်လိုက်ချင်ဇောနဲ့ နောက်ဆုံးအချိန်ထိ တောင်းဆိုနေတုန်းပင်။

"ယောရယ် ... မဖြစ်ပါဘူး၊ နေမကောင်းနဲ့ လိုက်သွားတာ သိရင် ဘွား ဆူလိမ့်မယ်လေ၊ တော်ကြာ ဘွားက အစ်ကိုထူးကိုပါ ဆူနေမှာ၊ အစ်ကိုထူး သွားခါနီး စိတ်ရှုပ်အောင် မပူဆာနဲ့တော့နော်၊ ယောလေးနော် ... လိမ္မာတယ်၊ မတူးမာနဲ့ယော ဘုရားရှိခိုးဆုတောင်းပြီး နေခဲ့မယ်"

ယောက ငိုမဲ့မဲ့။ ထူးမှူးက အိတ်၊ ကားသော့၊ ဖုန်းတို့ တစ်ခုချင်းစစ်ရင်း ကမန်းကတန်း ထွက်ဖို့ပြင်သည်။ ယောရှေ့၌ ကိုယ့်ကိုယ်ကိုယ် တည်ငြိမ်အောင် ဟန်ဆောင်နေနေရပေမယ့် ငယ်ကတည်းက မိဘမဲ့ကာ မောင်နှမချင်းလည်း တကွဲတပြား နေထိုင်ရတာများခဲ့တဲ့ ညီမလေး ဖူးဖူးအတွက် သူကိုယ်





တိုင် အတော်ပင် ပူလောင်စိုးရိမ်ကြီးနေကာ စိတ်တွေလှုပ်ရှားဆယာက်ယက်ခတ်နေ၍ မနည်းထိန်းနေရပါသည်။

မတူးမာကပဲ ပြေးကာ ...

"အစ်ကိုထူး ... ရေဘူးလေးနဲ့ ကိတ်ခြောက်ဘူးလေးထည့်ယူသွားလိုက်၊ လမ်းရေငတ်ရင် ဆာရင် စားရအောင်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ကျေးဇူးပဲ မတူးမာ၊ မနက်ကျနှင်းဆီလေး ရေလောင်းဖို့ မမေ့နဲ့ဦးဗျာ၊ ကျွန်တော်မရှိတော့ မနက်ပိုင်း ခါတိုင်းလို ကျွန်တော် လောင်းမယ်မှတ်ပြီး မတူးမာ မေ့နေဦးမယ်"

"စိတ်ချပါ အစ်ကိုထူး"

ကိတ်ခြောက်ဘူး ရေဘူး ရောနှောကိုင်ရင်း ထူးမှူးက လောလောဆယ်လည်း ရင်အပူသက်သာအောင် ရေဘူးကို မော့ပွင့်သောက်လိုက်ပါသေးသည်။ ရေဘူးဟောက်သွား၍ မတူးမာက ရေဘူးသစ်တစ်ဘူး ရေခဲသေတ္တာထဲက ထုတ်ယူလဲပေးသည်။

"မတူးမာ ... ဘုရားရှိခိုးကြပြီးရင် ယောကို ညဆေးတိုက်ရင်း ဒိုင်ယာဇီပင်လေးတစ်လုံး ထည့်တိုက်လိုက်ပါ၊ ယောစိတ်ပူနေမှာ၊ သူ မအိပ်ဘဲ နေနေမှာစိုးလို့"

"ဟုတ်ကဲ့ ... တိုက်လိုက်မယ်၊ စိတ်ချပါ အစ်ကိုထူး"

"ယော"

ထူးမှူးက ယောဘက် လှည့်ရပ်လိုက်သည်။ လက်ထဲအိတ်တွေ ကားသော့တွေ ရေဘူးတွေနှင့် လက်မအားတော့၍



www.burmeseclassic.com

www.burmeseclassic.com



ရှေ့တစ်လှမ်းတိုးကာ ယောရဲ့ငယ်ထိပ်ဆံဖျားလေးကိုပဲ ထပ်မံ မွှေးရှိုက်လိုက်ရင်း ...

"ကိုကြီးသွားရင် ဘုရားရှိခိုး၊ ဆေးသောက်၊ အိပ်တော့နော်၊ ပျော်အောင်အိပ်၊ ဖုန်းဆက်မယ်နော်"

"ဟုတ်"

ယောရဲ့အသံက ကောင်းကောင်းတောင် မထွက်ချင်။ တုန်လှုပ်ကာ ငိုချင်နေတာပင်။

"အစ်ကိုထူး ... ကား ဖြည်းဖြည်းမောင်းပါဦး"

"ဟုတ်တယ် ... ကိုကြီး၊ ကားဖြည်းဖြည်းမောင်းနော်၊ ယောကို စိတ်မပူနဲ့၊ ယော ကိုကြီးစကား နားထောင်ပါ မယ်၊ ဘုရားရှိခိုး ဆေးသောက်ပြီး အိပ်ပါတော့မယ်၊ ကိုကြီးသာ အကြောင်းထူးရင် အချိန်မရွေး ဖုန်းဆက်လိုက်နော်၊ မနက်ကျလည်း ဆက်နော်၊ မမဖူးကိုလည်း ယော ဆုတောင်းပေးနေမှာ ပြောပြနော်"

"အင်း ... လိမ္မာတယ် ယောလေးက"

ယောက ထူးမှူးရဲ့လက်မောင်းစွန်း မှီရာနေရာကို ဖျတ်ခနဲ မွှေးရှိုက်လိုက်ပါသည်။

"ကဲ ... မတူးမာ၊ ခြံတံခါးလိုက်သော့ခတ်တော့"

"ဟုတ်ကဲ့"

"ယောလေး ... ကိုယ်သွားမယ်"

"ဟုတ် ... ကိုကြီး"





"သွားပြီ"

ထူးမှူးက အိမ်တံခါးမှထွက်ကာ အိမ်ရှေ့မှာပဲရပ်ထားတဲ့ သူ့ကားပေါ် တက်လိုက်ပါသည်။ ပစ္စည်းတွေ ဘေးခုံပေါ်လှမ်းတင်ပြီး ယောဘက် ငဲ့မကြည့်တော့ပါ။ ကားမောင်းထွက်ခါနီး လှည့်ကြည့် နှုတ်ဆက်ရင် ယော ဝမ်းနည်းနေမှာစိုးလို့ဖြစ်သည်။ ကားကို ရှေ့ကြည့်ကာသာ မောင်းထွက်ခဲ့ရင်း ခြံပြင်ရောက်မှ သက်ပြင်းကြီးကြီးတစ်ချက် မှုတ်ထုတ်လိုက်သည်။

ရင်က ပို၍ခုန်လှုပ် တုန်ယင်လာသည်။ ကိုအာကာ့ အသံက အကြီးအကျယ် တုန်ခတ်နေတာ။ ညီမငယ်လေး အခြေအနေ ကောင်းပါရဲ့လား။ အပူလုံးကြီးက ရင်ဝကိုဆို့တက်လာကာ အသက်ရှူပါ မွန်းကျပ်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၆

တအိအိ ငိုရှိုက်လိုက်သော ယောခင်ဖံလေးကို မတူးမာက ထွေးဖက်လိုက်ရင်း ...

"အို ... မငိုရဘူးလေ ယောလေးရဲ့၊ ဘာလို့ငိုတာလဲ၊ ယောကျ်ား ခရီးထွက်သွားတာ မငိုကောင်းဘူးကွယ့်၊ မျက်ရည်သုတ် ... မျက်ရည်သုတ်"

ယောက ကမန်းကတန်း မျက်ရည်လေးတွေပွတ်သုတ်လိုက်ပါသည်။ ယောရင်ထဲမှာ မမဖူးအတွက် ဝမ်းနည်းစိတ်မကောင်းတာရော၊ ထိတ်လန့်တုန်လှုပ်သွားတာရော၊ မမျှော်လင့်ဘဲ ကိုကြီး ရုတ်တရက် ကောက်ကာငင်ကာ ခရီးထွက်သွားရတာရော၊ အားလုံးအတွက်ရောပေါင်းကာ ဝမ်းပန်းတနည်းဖြစ်လာလို့ပါ။ မတူးမာ စကားကြားရတော့ အလန့်တကြား ခေါင်းလေးညိတ်ကာ ညိတ်ကာ မျက်ရည်သွယ်သွယ်ကို လက်ကလေးနှစ်ဖက်နှင့် ကမန်းကတန်း သုတ်လိုက်ပါသည်။





"ကဲ ... အစ်ကိုထူး စကားနားထောင်လိုက်၊ လိမ္မာတယ်၊ ဘုရားရှိခိုး၊ ဆေးသောက်ပြီး အိပ်လိုက်တော့၊ တစ်ခုခု စားဦးမလား"

"ဟင့်အင်း ... မစားတော့ဘူး မတူးမာ"

"ဒါဆိုလာ ... ဘုရားရှိခိုးကြမယ်၊ ဖူးဖူး အတွက်လည်း ဆုတောင်းရအောင်၊ အစ်ကိုထူးလည်း လမ်းခရီးချောမွေ့အောင် ဆုတောင်းရအောင်"

"ဟုတ်ကဲ့"

ယောသည် မတူးမာစကားကို ကလေးသဖွယ် နာခံစွာ နှစ်ယောက်သားအတူ ဘုရားစင်ရှေ့၌ ဘုရားရှိခိုးကြပါသည်။ ဘုရားရှိခိုးပြီးလျှင် မတူးမာက နို့တစ်ခွက်သွားယူလာကာ ယောက ထူးမှုး မှာသွားတဲ့အတိုင်း ဒိုင်ယာဇီပမ်တစ်လုံးကို နို့နှင့် သောက်ချလိုက်ပါသည်။

"မတူးမာ မွေ့ရာသွားယူလိုက်ဦးမယ်"

"ဟုတ်ကဲ့"

မတူးမာက မီးဖိုခန်းအနီး သူ့အခန်းထဲမှ ရေမြုပ်မွေ့ရာပါးပါးကိုလိပ်ကာ ခေါင်းအုံးနှင့် စောင်ပါ တစ်ပွေ့တစ်ပိုက် သယ်လျက် ယောခင်ဖံရဲ့အခန်းထဲ ပြန်ရောက်လာပါသည်။ အခန်းရဲ့ထောင့်တစ်နေရာမှာ သူ မွေ့ရာကိုခင်းရင်း ...

"အိပ်တော့ ယောလေး၊ အိပ်တော့၊ ဟိုတွေး ဒီတွေးလည်း တွေးမနေနဲ့၊ ဆေးသောက်ထားပြီး အိပ်မပျော်ရင် ခေါင်းကြာ ခေါင်းမူးလာဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



“မတူးမာ”

“ဟေ”

“ဘွားဘွားတို့ကို ဖုန်းဆက်ပြောလိုက်မယ်လေ”

“ဩော် ... ယောလေးကလည်း၊ ဒီအချိန် ဘွားဘွားတို့ အန်တီညိုတို့လည်း အိပ်ရာဝင်ရောပေါ့”

“အိပ်မပျော်သေးလောက်ပါဘူး မတူးမာကလည်း”

“ဒါပေမဲ့ မဖူးဖူးသတင်းကြားရင် ဘွားတို့လည်း ဘယ်စိတ်ကောင်းပါ့မလဲ ယောရဲ့၊ စိတ်မကောင်းဖြစ် စိတ်ပူပြီး ညအိပ်မပျော်ကြဘဲ ဖြစ်နေပါဦးမယ်၊ မနက်ကျမှပြောလည်း ရတာပဲဟာ၊ မနက်ကျမှပဲ ပြောတော့နော်၊ ကဲ ... မီးပိတ် ... မီးပိတ်”

“မီးမပိတ်သေးဘူး”

“ဘာလုပ်ဦးမလို့လဲ ယောရဲ့”

“ကိုကြီးက ခဏတဖြုတ်နေရင် ဖုန်းဆက်ဦးမှာ သေချာတယ်၊ လမ်းကနေလည်း ဖုန်းဆက်မယ်လို့ ပြောသွားတယ်လေ”

“ဆက်တော့လည်း ဖုန်းမြည်လာတော့မှ ဖုန်းကိုင်ပေါ့ ယောရဲ့၊ ဖုန်းမဆက်မချင်း မအိပ်ဘဲ စောင့်နေလို့တော့ မဖြစ်ဘူးလေ”





“မီးမှိတ်လိုက်ရင် အရမ်းအိပ်ပျော်သွားလိမ့်မယ်၊ ဖုန်းသံမြည်လည်း မကြားလိုက်ဘဲ မနိုးပဲနေမှာစိုးတယ်”

“အစ်ကိုထူးက ယောကို တန်းအိပ်ဖို့ မှာသွားတဲ့ဟာ၊ အိပ်ရာနိုးအောင် အိပ်ရေးပျက်အောင်တော့ ဖုန်းလှမ်းဆက်နေမယ် မထင်ပါဘူး ယောရယ်၊ မနက်လောက်မှ ဆက်မှာပါ”

ယောသည် စိတ်က မသိမသာ တုန်လှုပ်နေဆဲဖြစ်လေရာ ဖြောင့်ဖြောင့်မအိပ်လိုက်နိုင်သေးဘဲ ဖြစ်နေတာပါ။

“မတူးမာ”

“ဟေ ...”

“ဒါဆို ကိုကြီးကို ယော ဆက်လိုက်မယ်”

“ဘာလုပ်ဖို့လဲ ယောရဲ့”

“ယောဆီ ဒီည ဖုန်းမဆက်နဲ့တော့လို့ ပြောမလို့ပါ”

“အမယ်လေး ... ယောရယ်၊ တကူးတက ဆက်ပြောနေဖို့ မလိုပါဘူး၊ သွားတဲ့သူလည်း သူ့ဟာသူ ကားဖြောင့်ဖြောင့် မောင်းပါစေ၊ အစ်ကိုထူးလည်း အရေးကြီးတာရှိမှ ဆက်မှာပါ ယောရယ်”

“ဒါပေမဲ့ ဒီအတိုင်းဆိုရင် ယောအိပ်လို့ရတော့မှာ မဟုတ်ဘူး မတူးမာရဲ့၊ ဖုန်းလာမလား စိတ်ထင့်နေတာနဲ့ပဲ အိပ်ပျော်တော့မှာ မဟုတ်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



မတူးမာက ယောကို အဖြစ်သည်းရန်ကော ဆိုတဲ့ ပုံနှင့် သက်ပြင်းကြီးတစ်ချက် ချလိုက်ရင်းက ...

"ကဲ ... ဒါဆိုလည်း ဆက် ... ဆက်၊ ပြီးရင် အိပ်တော့"

ယောက သူ့ရဲ့ဟန်းဒ်ဖုန်းလေးထဲက ထူးမှူးရဲ့ နံပါတ်ကိုနှိပ်ကာ ပြတင်းပေါက်နား လာရပ်လိုက်ပါသည်။ အပြင်မှာ လရောင်သိပ်မလင်း၊ လပြည့်ညနဲ့ ဝေးသေးတယ်ထင်ပါရဲ့၊ ခြံနောက်က စိန်ပန်းပင်ရဲ့အရွက်တချို့ လှုပ်ယမ်းနေတာကို မှန်းဆနိုင်တာကလွဲလျှင် ဘာမှ သဲသဲကွဲကွဲ မမြင်ရ။

"ဟယ်လို ... ယောလေး"

"ကိုကြီး"

"ဘာဖြစ်လို့လဲ ယော"

"ဘာမှမဖြစ်ပါဘူး ကိုကြီး၊ ကိုကြီး ဖုန်းဆက်မလားလို့ ယောမျှော်နေရင် ယောအိပ်ပျော်မှာ မဟုတ်လို့၊ ဒီညလမ်းကနေ ယောဆီ ဖုန်းမဆက်နဲ့တော့လို့ ယော ပြောမလို့ပါ"

"သြော် ... အင်း ... အင်း ... ကိုယ်လည်း အဲလိုပဲတွေးထားပါတယ် ယောရယ်၊ အကြောင်းထူးမရှိဘဲ ဖုန်းလှမ်းဆက်လိုက်ရင် ယော အိပ်ရာကနိုးသွားရုံပဲဆိုတာ ကိုယ်စဉ်းစားပြီးသားပါ၊ ဟိုရောက်မှ မနက်ကျမှပဲ ကိုယ်ဖုန်းဆက်တော့မယ်နော် ယော"

"ဟုတ်ကဲ့ ကိုကြီး"





"ဒါဆို ယော အိပ်တော့နော်၊ စိတ်ချလက်ချ အိပ်တော့၊ ကိုယ် ဖုန်းလှမ်းမခေါ်တော့ဘူး"

"ဟုတ်ကဲ့ ကိုကြီး ... ဂွတ်နိုက်နော် ... တာ့တာနော်၊ ကိုကြီးကို ချစ်တယ်"

"ကိုယ်လည်း ယောလေးကို သိပ်ချစ်တယ်၊ ဒါပဲနော်၊ အိပ်တော့"

"ဟုတ်"

ယောက ဖုန်းကို အသာလေးပိတ်ကာ ခုတင်ဆီ လှည့်လျှောက်လာခဲ့ပါသည်။ အရင်ကတည်းက ညစောစောအိပ်၊ မနက်အစောကြီးထတတ်တဲ့ မတူးမာက အိပ်ချင်လွန်း၍ မျက်လုံးခင်းကာ စောင်ပတ်လျက်နှင့် လူးလွန့်ရင်း ...

"တစ်ခါတည်းအိပ်တော့ ... ယောလေး"

"ဟုတ်ကဲ့"

ယောက မီးခလုတ်ပိတ် ဖုန်းကို ခေါင်းအုံးနံဘေးချကာ ခြေရင်းက ဂွမ်းစောင်လေး ယူခြုံပြီး အိပ်ရာပေါ် လှဲချလိုက်ပါသည်။ မျက်လုံးလေးမှိတ်ကာ တစ်ခါတည်း တန်းအိပ်ဖို့ကြိုးစားသော်လည်း မအိပ်ချင်ဘဲ ဟိုဘက်လှည့်လိုက် ဒီဘက်လှည့်လိုက်ဖြစ်ကာနေသည်။ ဘုရားစာလေးရွတ်လိုက်၊ ထူးမှူးအိပ်တဲ့ဘက်ခြမ်းက ထူးမှူးရဲ့ခေါင်းအုံးကို လှမ်းစမ်းလိုက်၊ ဘုရားစာတစ်ဝက်တစ်ပျက်နှင့် ဘယ်ရောက်တယ် မမှတ်မိဘဲ မေ့သွားလိုက်။



www.burmeseclassic.com

www.burmeseclassic.com



"အေးဆေးပါ၊ ငါက ညဘက် ကားမောင်းပြီး ခရီးသွားတဲ့ သူတွေ တော်တော်များပါလားလို့ အံ့သြနေတာ"

"အားလုံးက ညဘက်မောင်းရတာ ရှင်းတယ်ဆိုပြီး ညဘက်ချည်း ထွက်ကြတာထင်တယ် ... ဟား ဟား"

ဘိုသက်က ကားရပ်ပြီး ကားပေါ်က ဆင်းလိုက်တာမို့ တိုးလတ်လည်း သူ့ဘက်ကတံခါးဖွင့်ကာ ဆင်းလိုက်လေသည်။ ကားထဲက အဲကွန်းလေအေးနှင့် မတူဘဲ ပြင်ပကသဘာဝလေက နူးညံ့အေးမြလှပါသည်။ ကားတန်းအနားမှာ ဟိုလျှောက်ဒီလျှောက် လျှောက်ရင်းက ပန်းဆက်ပန်းကပ် လုပ်ပေးနေသူအနားထိ တိုးလတ်က ဖြည်းဖြည်းရောက်သွားသည်။

ဟိုးငယ်ငယ်က ကားနဲ့သွားဖူးတဲ့ ခရီးတွေမှာ ရွှေညောင်ပင်ကို ခုလိုပဲ ကျော်ဖြတ်ဖူးပေမယ့် ခုနောက်ပိုင်းတော့ မရောက်တာကြာပြီမို့ တိုးလတ် အတွက် အသစ်အဆန်းလို ဖြစ်နေသည်။

ဖြတ်လျှောက်လာတဲ့ ကားတန်းထဲက ကားတစ်စီးနံဘေးအရောက် တိုးလတ်က ကားနှင့် ကားနံပါတ်ကို သေသေချာချာ ကြည့်လိုက်မိပါသည်။ Hilux surf နက်ပြာရောင်။ ကားနံပါတ်က ...။ ဟင် ... ဒါ ... ဟိုဘက်ခြံမှာ ရပ်ထားတာတွေ့ဖူးတဲ့ကားပဲ။ ဟိုဘက်အိမ်ရဲ့ အိမ်ဦးနတ်လား၊ စုံတွဲလိုက်လား။

ဘာပဲဖြစ်ဖြစ် နှုတ်ဆက်လိုက်ဖို့တော့ စိတ်ကူးမိကာ ရှေ့နှစ်လှမ်းလောက် လျှောက်လာပြီး ယာဉ်မောင်းသူဘက်ပြတင်း





ကြည့်လိုက်ပါသည်။ ပြတင်းမှန်ချထားကာ လူလတ်ရွယ်တစ်ဦး ထိုင်နေပြီး တံတောင်ဆစ်ကွေးကို ကားပြတင်းပေါင်ပေါ် တင်ထားသည်။ မျက်နှာက ခပ်မှုန်မှုန်။ တခြားလူပို မတွေ့ရ။ ညကြီးမင်းကြီး ဘယ်ခရီး သွားမလို့ပါလိမ့်။

တိုးလတ် လာရပ်လိုက်တာမို့ ထိုသူက အမှတ်တမဲ့ လှည့်ကြည့်လာသည်။ တိုးလတ်က ပြုံးရယ်ပြလိုက်ရင်း ...

"အစ်ကို ... ဟိုဘက်ခြံကလား"

"ခင်ဗျာ"

"ဩော် ... ဆောရီး အစ်ကို၊ ကျွန်တော် '......'လမ်းထဲက ခြံနံပါတ်'...'ကပါ၊ ဦးကျော်ခင်သား အငယ်ပါခင်ဗျ၊ ဟိုဘက်ခြံမှာ ဒီကားရပ်ထားတာ တွေ့ဖူးတာနဲ့ နှုတ်ဆက်တာပါ၊ အစ်ကိုနဲ့တော့ လူချင်းမဆုံဖူးပေမယ့် ..."

"ဩော် ..."

ထိုသူက ချက်ချင်းပဲ သူ့ရဲ့ပင်ပန်းနွမ်းနယ်သော မျက်နှာရိပ်ကို ပြုပြင်လိုက်ကာ ကားပေါ်မှ ပျာပျာသလဲ ပျူပျူငှာငှာ ဆင်းလိုက်ပါသည်။

"ဟာ ... အစ်ကို နေပါ၊ ကားပေါ်ပဲ နေပါ၊ အစ်ကို့ကား အလှည့်က ရောက်တော့မယ်"

"ရပါတယ် ခင်ဗျ၊ အန်ကယ်ဦးကျော်ခင် သားလား၊ ဟိုတစ်ရက်ကမှ ပြန်ရောက်လာတယ်လို့ ကြားတယ်၊ မဆုံဖြစ်ကြဘူးနော်၊ ကျွန်တော့်နာမည် ထူးမှူးပါ ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



ထူးမှုုးက လက်ကို ဆန့်တန်း ကမ်းလိုက်ပါသည် တိုးလတ်က ခပ်မြန်မြန် ဆုပ်ကိုင်လှုပ်ယမ်းရင်း ...

"ကျွန်တော် တိုးလတ်ပါ အစ်ကို၊ သိရတာ ဝမ်းသာပါ တယ်"

"ဝမ်းသာပါတယ် ညီလေး၊ တစ်ယောက်တည်းလား ဘယ်သွားမလို့လဲ"

"သူငယ်ချင်းတစ်ယောက်နဲ့ အစ်ကို၊ မန္တလေးသွားမလို့ပါ တခြားလည်း အလုပ်မရှိတာနဲ့ သူတို့ဆိုင်ဖွင့်ပွဲတစ် အပျော်လိုက်လာတာပါ၊ တစ်နေကုန် ကားစစ်၊ လုပ်စ ရှိတာလုပ်နဲ့ ခုမှထွက်ဖြစ်တာ၊ အစ်ကိုရော ဘယ်လဲ မန္တလေးပဲလား"

"ကျွန်တော် နေပြည်တော်ထိပါပဲ၊ ညီလေးပြောသလ ကားတောင် စစ်ချိန် ဆေးချိန် ပြင်ချိန် မရခဲ့ပါဘူး၊ ခုန နေပြည်တော်က ယောက်ဖဆီက ဖုန်းဝင်လာလို့ ချက်ချင် ထထွက်လာတာပါ၊ ညီမက ချော်လဲလို့ သတိမရဘူး လို့ဗျာ၊ ကိုယ်ဝန်ကြီးနဲ့ဆိုတော့ ..."

"ဟာ ... ဖြစ်မှ ဖြစ်ရလေ၊ အစ်ကို သိပ်စိတ်မပူပါနဲ့ ကောင်းသွားမှာပါ အစ်ကို၊ အစ်ကို့မျက်နှာက စိတ်ပင်ပန် နေတာ သိသာနေတယ်ဗျ၊ သက်သာမှာပါ အစ်ကို စိတ်အေးအေးထားပါ"





"အေးဗျာ၊ အိမ်မှာ အမျိုးသမီးကလည်း ဖျားနေတာ၊ သူတို့နဲ့တော့ တွေ့ဖူးပြီလား"

"မနက်လောက်က တစ်ချက်တွေ့လိုက်ပါတယ်၊ မတူးမာနဲ့ တော့ လွန်ခဲ့တဲ့ရက်ကတည်းက စကားလှမ်းပြောဖူးတယ်၊ အစ်ကို့မစ်စစ်စ်ကိုတော့ မနက်ကမှ ခဏမြင်တာ၊ သူတို့ မြေးတွေ့လို့ဆိုလား အလန့်တကြား ဖြစ်နေကြတာ"

"ဩော် ... ဟုတ်တယ် ... ဟုတ်တယ်၊ သူတို့ပြောတယ်၊ နောက် ရှာမတွေ့တော့ဘူးတဲ့"

"ဟုတ်တယ် အစ်ကို၊ ဟော ... ရှေ့ကကား ပြီးသွားပြီ အစ်ကို၊ ဒီတစ်စီးပြီးရင် အစ်ကိုပဲ၊ အစ်ကို့ကားရှေ့ တိုး ထားရမယ် ထင်တယ်"

"ဟုတ်တယ်"

ထူးမှုုးက ကားပေါ်တက်လိုက်ရင်း ...

"ကျွန်တော် ရှေ့ကသွားနှင့်လိုက်မယ်။ မြန်မြန်လေးရောက် ချင်နေလို့လေ၊ ညီလေးနဲ့ ရန်ကုန်ပြန်ရောက်မှ ဆုံကြ စကားပြောကြတာပေါ့ ... နော်"

"ဟုတ်ကဲ့ အစ်ကို ... ပြန်ရောက်ရင် တွေ့မယ်"

ထူးမှုုးက သူ့ကားကို ဘီးလိမ့် ရှေ့တိုးသွား၍ တိုးလတ်ကလည်း ဖြည်းဖြည်းလျှောက်ရင်း ရှေ့နားထိ ပါသွား ပါသည်။ ယဉ်ကျေးပျူငှာပြီး ဖော်ရွေရိုးသားသော မျက်နှာထား နှင့် ဒီထူးမှုုးဆိုတဲ့လူကို တိုးလတ် သဘောကျမိသည်။ သူ့မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



သူ့ရှုပ်ချည်က ချောမောတာမျိုးတော့ မဟုတ်ဘဲ နှစ်လိုဖွယ်ရာ တင့်မျိုးနှင့် ကြည့်ကောင်းတာမျိုး။ လူတစ်ဖက်သားကို ချက်ချင်း ခင်မင်နှစ်လိုသွားစေသော ခံစားမှုမျိုးကို ပေးနိုင်သည်။

ဟိုကောင်မလေး ယောခင်ဖဲနဲ့တော့ အသက်ကွာမှာ သိသာလှပါသည်။ အသက်အတော်ပိုကြီးတဲ့ ယောကျ်ားနဲ့ရထား တော့ ကောင်မလေးပုံစံက မိန်းမငယ်လေးနှင့် ပိုတူနေတာပေါ့။ ကလေးလုပ်နေမှာ အမှန်ပဲ။ ဘယ်လိုပင်ဖြစ်စေ ဒီကောင်မလေး ယောခင်ဖဲရဲ့ ခင်ပွန်းအမျိုးသားဟာ ဒီအသွင်သဏ္ဍာန်နှင့် ဒီလူမျိုး ဖြစ်နေတဲ့အတွက် တိုးလတ်က ကျေနပ်မှုတစ်မျိုး ရင်မှာမဆီ မဆိုင် ဖြစ်ထွန်းပါသည်။

လိုက်ဖက်ပါတယ် သူတို့စုံတွဲ။

ထူးမျိုးက သူ့ကားအလှည့်မို့ ပိုက်ဆံထုတ်ပေးရင်း နှင့် ...

"ညီလေး ... မစောင့်တော့ဘူးနော် သွားပြီ"

"ဟုတ်ကဲ့ အစ်ကို၊ အစ်ကို သိပ်စိတ်မစောနဲ့၊ ဖြည်းဖြည်း မောင်းနော်၊ မိုးရွာထားတာလည်းရှိတယ်၊ ဘုရားစာလေး ရွတ်သွားပါ အစ်ကို"

"ကျေးဇူးပဲ ညီလေး၊ တတ်နိုင်သလောက် ဖြည်းဖြည်းမောင်း ပါ့မယ်"

"စိတ်ထဲ ပူပန်တာ မထွေးနဲ့၊ မှန်မှန်ပဲ မောင်းသွားလိုက် အစ်ကို ... နော်၊ Good luck အစ်ကို"





"ကျေးဇူးပဲ ... သွားပြီ ညီလေး"

တစ်ပတ်ပြန်ကွေ့ထွက်ကာ မောင်းထွက်သွားသော ကားကို နောက်မီးရောင်နီနီလေး မြင်နေရသမျှ တိုးလတ် က လှမ်းကြည့်ကျန်ခဲ့သည်။ ဘုရားစာဆိုသွားပါ ဘာညာဆိုတာ မျိုး တစ်ခါမှ ပြောနေကျစကားမျိုး မဟုတ်ဘဲနှင့် ပြောလိုက်မိ တဲ့ ကိုယ့်ကိုယ်ကိုယ် အံ့သြနေပါသည်။ ဒီလူ့မျက်နှာရိပ်မျက်နှာကဲ ကလည်း သိသာလောက်အောင် ပူပန်မှု စိတ်စောမှုတွေ ထင်ရှား နေ၍ တကယ်ပဲ စိတ်ပူပြီး ပြောလိုက်မိတာပင်။

"ဟော့ကောင်"

သူ ရပ်ငေးနေလိုက်မိတာ ဘိုသက် ကားပင် သူ့ ဘေးနား ရောက်လာပြီ။

"ဘယ်ကအသိ တွေ့နေလဲ"

"ဟိုဘက်ခြံကကွ"

"ဟင် ... ဟိုဘက်ခြံကဆိုတော့ မင်း ညနေကပြောတဲ့"

"အေး ... ဟိုဘက်ခြံက ကောင်မလေး ယောကျ်ားပေါ့ကွာ၊ သူနဲ့က ခုမှ မြင်ဖူးတာပါ၊ ငါက ကားရယ် နံပါတ်ရယ် မှတ်မိပြီး နှုတ်ဆက်လိုက်တာပါ"

"သူလည်း မန္တလေးပဲတဲ့လား"

"နေပြည်တော်ကဲ့"

"၁၁၅ မိုင်ကျ ခဏဆုံကြဦးမှာပေါ့၊ ခဏ ရပ်ဖြစ်ဦးမှာ ပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"သူက ရုပ်ချင်မှ ရုပ်တော့မှာ ထင်တယ်၊ သူ့ညီမကို
ဝန်သည် ချော်လဲပြီး သတိမရဘူးဆိုလို့ ချက်ချင်းထလို
လာတာတဲ့၊ မျက်နှာလည်း သိပ်မကောင်းဘူး၊ ဖြည်းဖြ
မောင်းဖို့တော့ ပြောလိုက်တာပဲ၊ နေ့လယ်က ဝပ်ရှေ
မှာ ပြောနေကြတာတွေ ကြားထားတော့လေ၊ ဖြည်းဖြ
မောင်းမှ Safe ဖြစ်မှာ မဟုတ်လား"



# ၇

"တီတီ ... တီ ... တီတီ ... တီတီ ..."

ဖုန်းမြည်သံလေးက နားထဲမကြားတစ်ချက် ကြားတစ်ချက်လိုပင်။ ခပ်သဲ့သဲ့ကလေး နီးလာလိုက် ဝေးသွားလိုက်။ ယောရဲ့မျက်လုံးကလေးများက မှေးစင်းငိုက်မြည်းကာ ဖုန်းကိုလက်ကရှာဖွေသည်။

"တီတီ ... တီတီ"

ခေါင်းအုံးအောက်မှာ။ ဖုန်းက ခေါင်းအုံးအောက်မှာလေ။ ယောက ဖုန်းကိုစမ်းကာ ကိုင်ကာ နားနားတေ့ကပ်၍ လက်လေးနှင့်ပွတ်ကာ ဖွင့်လိုက်ပါသည်။

"ဟယ်လို"

"........"

"ဟယ်လို ... ကိုကြီးလား"

"........"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို ... ဘယ်သူပါလဲ"

တစ်ဖက်က ဘာသံမှ မကြားရ။ မေးရင်းက ယောပို၍ငိုက်မြည်းလာပြန်သည်။ မျက်လုံးတွေကို ဖွင့်မရ။ ဆေးတွေသောက်ထားရတာကိုး။ ယောက ဖုန်းကို ခေါင်းအုံးအောက်ပြန်ထိုးသွင်းပြီး သက်ပြင်းမောလေးတစ်ချက်နှင့် ပြန်လည်အိပ်မောကျသွားပါသည်။

❦

"တီတီ ... တီတီ ... တီ ..."

လာပြန်ပြီ။ လာနေပြန်ပြီ။ ဖုန်းသံ ...။

ယော မျက်လုံးများက ဘာကြောင့် ဒီလောက်တောင် ဖွင့်မရ ပြူမရနိုင်အောင် လေးပင်နေတာပါလိမ့်။ အရမ်းကိုအိပ်ချင်တာပဲ။ လုံးဝမထ,ချင်ပါ။ နိုးလည်း မနိုးချင်ပါ။ သို့သော် လက်တစ်ဖက်က ခေါင်းအုံးအောက် အလိုအလျောက် ရောက်သွားပြန်သည်။

"ဟယ်လို"

"........."

"ဘယ်သူလဲဟင်"

"........."

"ကိုကြီး ဆက်နေတာလား"

"........."





"ကိုကြီးလား ... ဘယ်သူလဲဟင်"

"........."

ဘာမှလဲ မပြော။ ဘာသံမှုလဲ မကြားရ။ ဘယ်ကဖုန်းတွေ လာနေတာပါလိမ့်။ မျက်လုံးကိုလည်း လုံးဝကိုဖွင့်ကြည့်လို့မရ။ အားယူပြီးတော့ အတင်းဖွင့်ကြည့်လို့ပင် မရအောင် မျက်ခွံတွေက လေးလံလှပါရဲ့။

❦

"ယော ... ယောလေး"

"အင်"

"ယောလေး ... ထ ... ထ ... ခဏထ"

"အင် ... ကိုကြီး ...၊ ကိုကြီးလား"

ယောက မျက်လုံးအစုံလေးကို လက်တစ်ဖက်နှင့် ပွတ်သပ်ကာ မျက်စိကို အားယူ၍ဖွင့်ပါသည်။ ဒါ ... ကိုကြီးအသံလေ။ ပြီးတော့ ယော ပါးပြင်လေး တစ်ဖက်ကိုလည်း ပွတ်ကာ ပွတ်ကာ နှိုးနေတာ။

"ယော"

"ဟင် ... ကိုကြီး"

ယောက မျက်လုံးကိုဖွင့်လိုက်နိုင်ကာ ခုတင်စွန်းမှာ ထိုင်နေသော ကိုကြီးကိုမြင်လျှင် အံ့အားတသင့် ဖြစ်သွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လူးလိမ့်၍ ထထိုင်လိုက်မိပြီးလျှင် ကိုကြီးကို အံ့အံ့သြသြလေး ငေးမောရင်း ...

"ကိုကြီး ... ပြန်လာတာလား"

"အင်း ... ခဏပြန်လာတာ"

ထူးမှုးရဲ့ဆံပင်တွေက လေတိုက်ခံထားရသလို ဖွာဖွာကြဲနေသလိုပင်။ မျက်နှာက ဖြူဖြူဝင်းဝင်း အလင်းရောင်တမျိုးနှင့် ဝင်းလက်နေသလို မီးမှိတ်ထားတဲ့ အခန်းထဲမှာ ထင်ထင်ရှားရှား မြင်နေရသည်။

"ခဏပြန်လာတာ ! "

"အင်း"

"ဘာဖြစ်လို့လဲ ကိုကြီး"

"........."

ထူးမှုးက ယောာ မျက်နှာကို ငေးစိုက်၍သာ ကြည့်နေသည်။ ထူးမှုး မျက်ဝန်းများက ရီရီဝေဝေလိုလို၊ ဆွေးဆွေးမြည့်မြည့်လိုလို။ ဝမ်းနည်းနေသလိုလို၊ ကြေကွဲနေသလိုလို။

"ကိုကြီး ... မ ... မမဖူး ... ဘာဖြစ်လို့လဲဟင်"

"ဖူးဖူး ဘာမှမဖြစ်ပါဘူး ယောရယ်"

"ဒါဖြင့် ကိုကြီး ဘာဖြစ်လို့လဲဟင်"

"ကိုယ် ခဏပြန်လာတာပါ"

"ဘာဖြစ်လို့ ပြန်လာတာလဲလို့"

"ကိုယ် ယောလေးကို စိတ်မချလို့လေ"





"ဟင် ... ကိုကြီးကလည်း"

ယောက ထူးမှုးရဲ့လက်တစ်ဖက်ကို လှမ်းဆွဲဖက် ထူးမှုး ရင်ခွင်၌ မှေးမှိလိုက်ပါသည်။ ဟင် ... ကိုကြီးရဲ့ခန္ဓာကိုယ်က အေးစက်လိုက်တာ။

"ကိုကြီး ... ကိုကြီး ကိုယ်က အေးစက်နေပါလား"

"အင်း"

"ဘာဖြစ်လို့လဲ"

"ကားထဲက အဲကွန်းက အေးလို့ဖြစ်မှာပါ"

"အို ... ဒီလောက်ကြီး အေးစက်နေရင် ကိုကြီးနေမကောင်းဖြစ်တော့မှာပဲ၊ အနွေးထည် တစ်ခုခု ထပ်ဝတ်လိုက်ပါလား ကိုကြီး"

"ကိုယ် ယောကို စိတ်မချလို့ ခဏပြန်လာတာ၊ ကိုယ်ပြန်သွားရမယ်"

"ကိုကြီးရယ် ... လမ်းကနေ လှည့်ပြန်လာရတယ်လို့၊ ဘယ်အချိန် ရှိပြီလဲဟင်၊ နာရီကိုကြည့်ပါဦး၊ နှစ်နာရီတောင်ခွဲတော့မယ်ပဲ၊ ခုချိန်လောက်ဆို တော်တော်ခပ်ဝေးဝေးတော့ ရောက်လောက်ရောပေါ့၊ လှည့်ပြန်လာရသေးလား ကိုကြီးရယ်၊ ယော ဘာမှမဖြစ်ပါဘူး၊ ယော နေကောင်းပါတယ်၊ စိတ်ထဲ ထင့်နေလည်း ဖုန်းပဲဆက်လိုက်ရောပေါ့ ကိုကြီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ... ကိုယ် ဖုန်းဆက်ပါတယ်"

"ဟင် ... ခုန ဖုန်းခေါ်ခေါ်နေတာ တကယ် ကိုကြီးလား"

"အင်း ... ကိုယ် ဖုန်းခေါ်နေတာ"

"ယော ဒီဘက်က ထူးနေတယ်လေ၊ ကိုကြီးက ဟိုဘက်က ဘာမှလဲ မပြောဘဲနဲ့"

"ကိုယ် ယောဆီက ဘာသံမှ မကြားရလို့"

"ဟင် ... အဲဒါနဲ့ပဲ အိမ်အထိ တစ်ခေါက်ပြန်လာရသလား ကိုကြီးရယ်"

"ကိုယ် ပြန်သွားရမယ် ယောလေး၊ ကိုယ်ပြန်သွားရမယ်"

"အင်းလေ ... ကိုကြီး သွားရမှာပေါ့၊ မမဖူးဆီ မနက် မရောက်ဘဲ နေဦးမယ်၊ ကိုအာကာလည်း မျှော်နေရောပေါ့"

"ကိုယ်သွားတော့မယ် ယော"

"နေဦး၊ ကိုကြီး အနွေးထည်ထပ်ဝတ်သွား၊ အရမ်းအေးစက်နေတယ်၊ ယော မီးဖွင့်လိုက်ဦးမယ်၊ မတူးမာကို နှိုးလိုက်မယ်"

"မီးမဖွင့်နဲ့ ယော၊ မတူးမာလည်း မနှိုးနဲ့တော့၊ ကိုယ်အခုပဲ သွားတော့မယ်"

ထူးမှူးက ခုတင်စွန်းမှ ထရပ်လိုက်၍ ယောကလည်း ခုတင်ပေါ်ကဆင်းဖို့ ဟန်ပြင်လိုက်ပါသည်။

"ယောလေး မလိုက်နဲ့တော့၊ ပြန်အိပ်တော့"

"ယော ... တံခါးလိုက်ပိတ်ပေးဦးမယ်လေ"





"ဟင့်အင်း ... ကိုယ့်ဘာသာ ပိတ်သွားမယ် ရတယ်၊ ကိုယ် ဗိုက်လည်းဆာနေတာ၊ ကိတ်ခြောက်ဘူးကလည်း အိမ်မှာ ကျန်ရစ်ခဲ့တယ်လေ၊ ပါမလာဘူး"

"ဟင် ... ဟုတ်လား၊ အခု ပြန်ယူသွားလိုက်လေ"

"အင်း ... ကိုယ်သွားတော့မယ် ယော"

"ယော အိမ်တံခါးဝ လိုက်ခဲ့မယ်"

"မလိုက်နဲ့ ယောလေး၊ မလိုက်နဲ့တော့ ... နေခဲ့"

ထူးမှူးက ယောရဲ့ကိုယ်လေးကို ထွေးပွေ့ကာ အိပ်ရာပေါ် လဲလျောင်းလျက်သားပုံစံနှင့် ပြန်ပြီးနေရာချပေးလိုက်ပါသည်။ ယောက အမူအရာ ထူးခြားနေသော ထူးမှူးကို အိပ်လျက်ပုံစံမှ ခပ်ငေးငေးကြည့်ရင်း ရင်ထဲမှာ တစ်မျိုးကြီးလိုပင်။ ကိုကြီး မျက်နှာမကောင်းတာ ယော ခံစားသိသည်။

မမဖူးကိုလည်း စိတ်ပူ၊ ယောကိုလည်း စိတ်မချနှင့် ကိုကြီး မျက်နှာက စိတ်ပင်ပန်းမှုများ ဖိစီးနေသည်။ ယောရင်ထဲ ဘယ်လိုကြီးမှန်းမသိ တစ်မျိုးကြီး ခံစားလာရပါသည်။

"ကိုကြီး"

"ယော ... အိပ်တော့"

ထူးမှူးက အေးစက်သော လက်ချောင်းများနှင့် ယောရဲ့မျက်လုံးအစုံပေါ် အသာအယာ သပ်ချကာ ယောမျက်ဝန်းများကို မှေးမှိတ်စေသည်။ ယောက ငြိမ်သက်နာခံကာ မျက်လုံးလေးကို မှိတ်ထားလိုက်ပါသည်။ ယော ဝမ်းနည်းသလိုလို ငိုချင်သလိုလို ခံစားရကာ ရင်ထဲ နင်ဆို့ဆို့ကြီး ဖြစ်လာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယောလေး … အိပ်တော့၊ အိပ်လိုက်တော့၊ ကိုကြီးသွားတော့မယ်"

"ဟုတ်"

"ကိုယ်သွားတော့မယ်နော် ယော၊ ကိုယ် သွားပြီ"

"………"

## ၆၆၆

"ဟာ … ဟာ … ရှေ့မှာ ကားတိုက်လား၊ ကားမှောက်လား မသိဘူး"

ဘိုသက်ရဲ့အလန့်တကြား ပြောသံကြောင့် သီချင်းသံ ငြိမ့်ငြိမ့်နှင့် မျက်လုံးကိုမှေးစင်းကာ ဇိမ်ကျကျ လိုက်ပါလာသော တိုးလတ်ရဲ့မျက်လုံးများ ကျယ်လာရပါသည်။ ကိုယ်ကိုမတ်ကာ ဘိုသက် အရှိန်လျှော့ချလိုက်တဲ့ ကားရဲ့ရှေ့မြင်ကွင်းကို လှမ်းကြည့်လိုက်သည်။

"ဟာ … ဟုတ်တယ် ဟေ့ကောင်"

လမ်းဘေးမှာ ရှေ့မီးနောက်မီးတွေထွန်း၍ ဘေးချရပ်ထားသော ကားသုံးလေးစီး။ လူတွေကလည်း ဆယ်ယောက် ဆယ့်ငါးယောက်ပတ်ဝန်းကျင် ရုတ်ရုတ်သဲသဲနှင့်။ ခရီးသည်ခပ်များများပါတဲ့ကားတစ်စီးကလည်း ဟိုးရှေ့နားရပ်တန့်ကာ ကားပေါ်ရော ကားအောက်ပါ လူတွေကဆင်း၍ စူးစမ်းစပ်စုနေကြပါသည်။





"ခဏရပ်လိုက်လေကွာ၊ ဆင်းကြည့်ရအောင်"

"စိတ်မချမ်းသာစရာကြီးကွာ"

"ခဏကြည့်ဘာပဲကွာ၊ ကိုယ်လည်း ဖုန်းလေး ဘာလေး ဆက်ပေးလို့ရလား၊ ဘာကူညီလို့ ရတာရှိလဲပေါ့၊ ဒဏ်ရာ ရတဲ့လူနာ ရှိနေမှာလေ"

"ခုလောက်ဆို လိုအပ်တဲ့ နေရာတွေတော့ ဖုန်းဆက်ပြီး လောက်ပါပြီ"

ဘိုသက်က ပြောရင်း ကားကိုရပ်လိုက်ပါသည်။ ကားမီးတွေ ဝိုင်းထွန်းထားကြ၍ မြင်နေရတဲ့ မြင်ကွင်းက ကားအောက်ဆင်းလိုက်တော့ ပိုပြီးသဲကွဲသွားသည်။ အနိမ့်ပိုင်း ချောက်ဒိမ်တိမ်ထဲ တုံးလုံးပက်လက်ကျနေတဲ့ ကားတစ်စီးကို မြင်နေရပါသည်။ လူတွေက စုတ်တသတ်သတ်နှင့် မှတ်ချက်မျိုးစုံပြုနေကြပါသည်။

"အရှိန်အရမ်းပြင်းလို့ ဖြစ်မယ်"

"ဘီးကွဲတာတဲ့"

"လေအိတ်မပွင့်ဘူးလား"

"ဒီလူ ခါးပတ်ပတ်မထားဘူး ထင်တယ်"

ဖြတ်လျှောက်လာရင်း တစ်ခွန်းပြီးတစ်ခွန်း ကြားနေရတဲ့ စကားသံတွေထဲတွင် တိုးလတ်ရဲ့မျက်လုံးအစုံက ပြူးကျယ်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဘိုသက် ... ဘိုသက် ...၊ ဟို Surf နက်ပြ
လေ၊ ဟာ..."

"ဘယ် Surf လဲ"

"ငါ ရွှေညောင်ပင်မှာရော ၁၁၅ မိုင်မှာရော နှုတ်ခက်တ
ဟိုဘက်ခြံက၊ ဟာ ... ဖြစ်မှ ဖြစ်ရလေကွာ။ ဟာ ... သွာ
ပါပြီကွာ"

တိုးလတ်က တကယ့်ကို ရင်ထဲဆို့နစ်နစ်ကြီး ဖြ
သွားကာ လမ်းပေါ်ကနေ အနိမ့်ပိုင်းကို အပြေးဆင်းသည်။

"ဟေ့ကောင် ... တိုးလတ်၊ နေဦးလေ ... ဟေ့ကောင်"

ဘိုသက် အသံကို အာရုံမရတော့။ ဖွဲဖွဲမှုန်မှုန်လေ
ကျနေသော မိုးမှုန်လေးများကြားမှာ ရှေ့ကိုပဲ အလောတကြ
အာရုံစိုက် ပြေးတိုးသွားမိသည်။ ဘုရား ... ဘုရား၊ ဟိုအစ်ကိ
ကြီး ... အန္တရာယ်ကင်းပါစေ။

"မကပ်နဲ့ ... မကပ်နဲ့ ... ရှေ့မတိုးနဲ့"

ပါလာတဲ့ဖုန်းတွေနဲ့ ဓာတ်ပုံရိုက်သူရိုက်။ ဒဏ်ရ
ရသူနား သုံးလေးဦးသာ ကပ်ကာ ကျန်လူတွေက နောက်နားမှာ
ခပ်ရှုံ့ရှုံ့။

"နောက်ဆုတ် ... နောက်ဆုတ်၊ သိပ်မအုံနဲ့"

လူတစ်ယောက်က ပြေးဝင်လာတဲ့ တိုးလတ်ကို
ဆီး၍ တားပါသည်။





"အဲဒါ ... အဲဒါ ... ကျွန်တော့် အသိပါဗျာ၊ ကျွန်တော်တို့ မိတ်ဆွေတွေပါ၊ အိမ်နီးနားချင်းပါ၊ ပြီးတော့ ကျွန်တော် ဆရာဝန်တစ်ယောက်ပေါ့ဗျာ၊ ဟာ ... ဖြစ်မှဖြစ်ရလေဗျာ။ ဖုန်းဆက်ပေးကြပါဦး၊ ကျွန်တော် ဖုန်းတွေမသိလို့ပါ၊ ဆေးရုံ၊ ရဲစခန်း သက်ဆိုင်ရာတွေ ဆက်ပေးပါဗျာ၊ ဒီတိုင်း ကြည့်မနေကြပါနဲ့"

"ဆက်ထားပြီ ညီလေး၊ ဒီလူ ညီလေးမိတ်ဆွေလား"

"ဟုတ်ပါတယ်ဗျာ၊ ဟာ ... ဖြစ်မှ ဖြစ်ရလေဗျာ"

ကားထဲက ဆွဲထုတ်ထားသလား လွင့်ကျထားသလား မသိတဲ့ ထူးမှူး ခန္ဓာကိုယ်က မညီတညီ မြေပြင်ပေါ်ရောက်နေပြီ။ မြင်ကွင်းက မြင်ရက်စရာ လုံးဝမရှိပါ။ ဒီနေ့မှာ စသိတဲ့သူတစ်ယောက်ပေမယ့် တိုးလတ် မချိတင်ကဲ ရင်တွေနာလှပါသည်။ ဒီနားက ကျန်တဲ့လူတွေနဲ့စာရင် သူနဲ့က လူရင်းပဲပေါ့။

သူ ကိုထူးမှူး အနား ဒူးထောက်ထိုင်ချလိုက်ရင်း လည်တိုင်မှာ လက်ချောင်းလေးများကပ်၍ စမ်းကြည့်၊ မျက်စိ သူငယ်အိမ်ဖြဲကြည့်၍ စစ်ဆေးလိုက်ပါသည်။

"အစ်ကို ... အစ်ကို"

"အသက်ရှိတော့ ရှိသေးတယ်ဗျ"

"ဟုတ်တယ် ... အသက်ရှိပါသေးတယ်၊ မြန်မြန်ဆေးရုံရောက်အောင် ပို့ကြရအောင်ဗျာ၊ လုပ်ပါ"

"ဘယ်ကားနဲ့ တင်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



ခရီးသည်တင်ကားက လူတချို့ ပြန်တက်ကာ ဆက်မောင်းထွက်သွားပါသည်။ ကိုယ်ပိုင်ကား သုံးလေးစီးရှိနေသေးပေမယ့် လူနာကိုတင်သွားဖို့ ချီတုံချတုံ ဖြစ်နေကြပုံရပါသည်။ လူနာရဲ့အခြေအနေနှင့် ပုံသဏ္ဌာန်က လုံးဝမကောင်း၍ လမ်းခုလတ်မှာ ဒုက္ခရောက်မှာလည်း စိုးရိမ်ကြပုံပေါ်ပါသည်။

"ဘယ်သူ့ကားနဲ့တင်မလဲ"

ဒီအသံသာ ထပ်ထွက်လာသည်။

"ကျွန်တော့်ကားနဲ့ တင်မယ်၊ ဟော့ကောင် ... ဘိုသက်"

တိုးလတ် လှည့်ကြည့်လိုက်တော့ ဘိုသက် မျက်နှာက စိတ်မသက်မသာ။ ဘိုသက် တင်ချင်တယ် မတင်ချင်ဘူး တိုးလတ် တွေးမနေမိအားပါ။ တစ်မိနစ်သည်ပင်လျှင် လူနာအတွက် အရေးတကြီး အခြေအနေ။ တစ်ကိုယ်လုံး သွေးစက်လက်နှင့် စုတ်ပြတ်သတ်လျက် တုတ်တုတ်မလှုပ်တဲ့ အခြေအနေ။

"ခင်ဗျားတို့ကားက ဘာကားလဲ"

"ဟာရီယာ"

"တင်လို့ ဖြစ်မလား၊ သူ့အခြေအနေက ရွှေ့လို့တောင် ဖြစ်ပါ့မလား"

တိုးလတ်သည် စိတ်မကောင်းလွန်းတဲ့ ခံစားချက် ရိုက်ခတ်မှုကြောင့် မျက်ရည်ခိုးဝေကာ နှာတွေတောင် မွှန်လာသည်။ ပျော့ခေါက်နေတဲ့ သွေးအလူးလူး လက်တစ်ဖက်ကိုကိုင်ကာလှုပ်ရင်း ...





"အစ်ကို ... အစ်ကို ...၊ သတိမရဘူးလား အစ်ကို"

"အသက်တောင် ရှိသေးရဲ့လားဗျာ"

"ရှိဦးမှာပါဗျာ၊ ရှိဦးမှာပါ၊ လုပ်ကြပါ၊ ကူပေးကြပါဦးဗျာ"

"ဒီတိုင်းမ,ဖို့တောင် မလွယ်လောက်ဘူးဗျာ"

တိုးလတ်သည် ထူးမှူး ခေါင်းကိုမ,ကာ သူ့ခြေ တစ်ဖက်ပေါ် မှေးတင်လျက် နှာဝမှာအသက်ရှူစမ်းလိုက်၊ လည်ပင်းနား ကိုင်စမ်းလိုက်၊ ခြေမကိုင်မိ လက်မကိုင်မိ ဘာလုပ်လို့ လုပ်နေမိတယ်လဲ မသိ။ ဟိုနားလေးကိုင်လိုက် ဒီနားလေးထိလိုက် ထူထူပူပူ ဖြစ်နေပါသည်။

ဆရာဝန်တစ်ယောက်အဖို့ သေခါနီးအခြေအနေနှင့် လူနာမျိုး အကြိမ်ကြိမ် တွေ့ခဲ့ကြုံခဲ့ အသက်လုခဲ့ဖူးပေမယ့် ဒီတစ်ကြိမ်မှာတော့ သူ့တွင် စိတ်မကောင်းခြင်းကြီးစွာသော ခံစားချက်နှင့် ဆရာဝန်မဟုတ်သလိုကို ပျာယာခတ်နေမိပြီ။ စမ်းသပ်ကြည့်တိုင်း ငွေ့ငွေ့မျှသာ တုံ့ပြန်မှုကျန်သည့် ဆိုးဝါးတဲ့အနေအထားက သူ့ကို ထူပူနေစေပါသည်။

နောက်ဆုံးတော့ အနားရှိတဲ့လူတွေအားလုံးရဲ့အကူအညီနှင့် ထူးမှူး တစ်ယောက် တိုးလတ်တို့ကားနောက်ခန်းပေါ် ခက်ခက်ခဲခဲ ရောက်လာသည်။ ထူးမှူး ခန္ဓာကိုယ်ဟာ ဖွဲအိတ်လို ဖြစ်နေပြီ။ သုံးလေးငါးမိနစ်အတွင်းမှာပင် အသက်ရှိသေးတယ်လို့တောင် တိုးလတ် မယုံကြည် မသေချာတော့။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့် ဆွေမျိုးသားချင်းလည်း မဟုတ်ပေမယ့် တိုးလတ် စိတ်ထိခိုက်ကာ ငိုချင်နေမိသည်မှာ တအားပင်။ ရင်တွေဆို့ကာကျပ်ပြီး အသက်ရှူလို့တောင် မရတော့။

"လမ်းညွှန်ကြပါဦး၊ လမ်းပြကြပါဦး၊ ဘယ်ကိုနိုးလဲ"

"ဖြူး ... ဖြူး ...၊ ဖြူးဆေးရုံ မောင်းလိုက်တော့"

"ကျွန်တော် သေချာမသိဘူး၊ သိတဲ့သူ ကျေးဇူးပြုပြီး ရှေ့ကကားနဲ့ လမ်းပြပေးပါဗျာ"

ဘိုသက်နဲ့ လူတချို့ အပြန်အလှန် စကားသံတွေလည်း ကြားတော့ ကြားပေမယ့် ဘာတွေမှန်း မသဲကွဲအောင် နားတွေပါ အူနေထူနေခဲ့ပါသည်။ သူတို့ကားနဲ့မှ တိုက်တိုက်ဆိုင်ဆိုင် လာဆုံရလေခြင်း။ သူ့မှာလည်း ခုမှသိတဲ့ အိမ်နီးနားချင်းနဲ့ ဒီလိုအဖြစ်မျိုး ပတ်သက်ကြုံတွေ့ရလေခြင်း။

၁၁၅ မိုင်မှာ အဝင်အထွက် တစ်ချက် ဆုံလိုက်ပါသည်။ တိုးလတ်တို့ကား တစ်ခုခုစားဖို့ ဝင်အရပ် ထူးမှူးက သူ့ကားပေါ်တက်ပြီး ပတ်မောင်းအထွက် လှမ်းမြင်လိုက်ပါသည်။ တစ်ခုခု ထိုင်စားသွားပုံ မပေါ်ပါ။ လက်ဖက်ရည်ကော်ဖီသောက်သလား၊ လမ်းစားစရာ အဆင်ပြေမယ့် Snack တစ်ခုခုပဲ ဝယ်သွားတာမျိုးလား မသိ။ တိုးလတ်နှင့် ဘိုသက်က သေချာအချိန်ယူစားသောက် ဗိုက်ဖြည့်ပြီးမှ ထွက်လာကြတာပါ။

တကယ်ဆို ထူးမှူး ထွက်သွားနှင့်တာ နှစ်ဆယ့်ငါးမိနစ် နာရီဝက်လောက် စောတာပဲ။ အခင်းဖြစ်ချိန် တိုးလတ်တို့





ရောက်လာချိန်နှင့်ဆို ထူးမှူးဟာ တိုးလတ်တို့ မောင်းနှင်လာတဲ့အချိန်ထက်တော့ များများပိုမမောင်းခဲ့တာ သေချာနိုင်ပါသည်။ ဖြစ်ချင်လို့ကို ဖြစ်တာ။ သူ့ကံပါလို့ ဖြစ်တာပါပင်။

တစ်လမ်းလုံး တိုးလတ်သည် စိတ်ထိခိုက်ခြင်းကြီးမှာ မွန်ထူဆို့ကျပ်နေပြီး ခေါင်းတွေပါ ချာလည်နောက်နေသည်။ ထူးမှူးကိုပဲ သက်သောင့်သက်သာ အတတ်နိုင်ဆုံးဖြစ်အောင် အားမ၍ပါခဲ့သည်။ သူ ဘာတွေလုပ်ပေးမိလို့ လုပ်ပေးမိသလဲ အသေးစိတ်တော့ သူကိုယ်တိုင်လည်း မမှတ်မိ။

ကားပေါ်ရောက်ရောက်ချင်းတော့ ထူးမှူးရဲ့မျက်လုံးများ ဖျတ်ခနဲ ဆိုရုံမျှ တစ်ဝက်တစ်ပျက် ပွင့်လာခဲ့ကာ တိုးလတ်ကို တစ်ချက်အားယူကြည့်လိုက်သကဲ့သို့ဖြစ်ပြီး ချက်ချင်းပဲ ပြန်လည်မှေးမှိတ်သွားခဲ့တာ သတိပြုမိပါသည်။ ဒီထက်ပို၍ ထူးမှူးထံမှ လှုပ်ရှားမှု သိမှတ်မှု ဘာတစ်ခုမှ မရှိခဲ့တော့ပါ။

ဘုရားစာရွတ်ပေးချင်တဲ့ဆန္ဒ ဖြစ်ပေါ်လာပေမယ့် ဘာဘုရားစာတစ်လုံးမှ နှုတ်ခမ်းဖျားကို ရောက်မလာခဲ့။ အားလုံးကို မေ့နေသည်။ အချိန်က နှစ်နာရီခွဲကျော်ကျော်။ ဒက်ဒီတို့ဆီ ဖုန်းဆက်ပြောရင် ကောင်းမလား စဉ်းစားသည်။ လိုက်စရာရှိ ကောင်မလေး လိုက်လာနိုင်တာပေါ့။

သို့သော် ဒီအချိန်ကြီး ချက်ချင်းထ,လိုက်လာဖို့ ကောင်မလေး အဆင်ပြေတယ် မပြောဘူး သူ မတွေးတတ်။ ဒီအချိန်က ညအိပ်အကောင်းဆုံး အခြေအနေဖြစ်၍ ဒက်ဒီတို့ကို



www.burmeseclassic.com

www.burmeseclassic.com



လည်း ဆေးရုံရောက်ပြီးမှဖြစ်ဖြစ် ထူးမှဆက်ပါတော့မည်ရယ်လို့ သူက တွေးပါသည်။

ယောက်ျားတန်မယ့် အသည်းငယ်တယ်ပြောပြော ဘာပြောပြော။ ရင်းနှီးကျွမ်းဝင်လွန်းတာ မဟုတ်ပေမယ့် သူ တစ်ချိန်လုံး ငိုချင်နေသည်။ မငိုမိအောင် အံကိုကြိတ်ထားရပါ သည်။ ဖြူးဆေးရုံရောက်လို့ တစ်ခုခုလိုအပ်ရင် လူနာရှင် လူနာ စောင့်အဖြစ် သူနေပေးဖို့ ဘိုသက်နှင့် ဆက်လိုက်မသွားတော့ဘူး လို့တောင် သူ တွေးထားပါသည်။

"တိုးလတ် ... ရောက်ပြီလေ"

ကားရပ်တန့်ကာ ဆေးရုံဝင်းထဲ ရောက်နေတာ ကားဘေးနား တာဝန်ကျသူတွေ အုံလာနေတာကိုပင် တိုးလတ် သတိလွတ်နေသည်။ ကားနောက်ခန်းက သူဆင်းပြီး ထူးမှူးကို ချဖို့ မလုပ်ခင် ဆရာဝန်ငယ်တစ်ဦးက ဓာတ်မီးနှင့်ထိုးကာ ထူးမှူးကို စစ်ဆေးလိုက်ပါသည်။ ထို့နောက်တော့ မျက်နှာ ကောင်းစွာနှင့်ပင် ...

"အိတ်စ်ပိုင်ယာဗျ၊ အသက်မရှိတော့ပါဘူး"



မယုံခဲ့ပါ...
ကျွန်မ ကမ္ဘာပျိုကျခဲ့တယ်ဆိုတာ...

(ယောခင်ငံ)

www.burmeseclassic.com

www.burmeseclassic.com

## ၈

"ကားဝင်လာပြီ"

"ဘယ်သူလဲ ... မောင်ကျော် လာပြီလား"

"မောင်ကျော်လာပြီ၊ မောင်ကျော်လာပြီ"

အုတ်အုတ်ကျက်ကျက် စကားသံများ။ အိမ်ရှေ့ပေါ်တီကိုဆီ ထိုးဝင်ဆိုက်ရပ်လာသောကား။ လူတချို့ ရှုတ်ရှုတ်သဲသဲ ရုံးစုစု။ ဝင်သူထွက်သူ သယ်သူပို့သူနှင့် မြင်ကွင်းရှုပ်ရှုပ်ကို ယောက အခန်းထောင့်မှာ ကျုံ့ကျုံ့ကလေး ထိုင်နေရာမှ လှမ်းကြည့်ငေးမောနေပါသည်။

ယောရဲ့ခေါင်းတွေ ရှုပ်ထွေးမှုးနောက်နေသည်။ နှစ်ရက်ဆိုတဲ့ အချိန်ကာလကို ယော ဘယ်လိုလွန်မြောက်လာသလဲ ပြန်မစဉ်းစားတတ်တော့ပါ။ ဒီနေ့ သုံးရက်မြောက်နေ့တဲ့။ တစ်နည်းအားဖြင့် ဆိုရလျှင် အသုဘချမည့်နေ့တဲ့။

ကိုကြီးရေ ... ကိုကြီးကို အသုဘချရမည့်နေ့တဲ့။





အားငယ်ဆုတ်နစ်ကာ မည်သူတစ်ဦးတစ်ယောက်ကိုမျှ အယုံအကြည်မရှိသော မျက်ဝန်းကြောင်တောင်တောင်လေးများထဲမှ မျက်ရည်ပူ နွေးနွေးတို့က စီးကျခဲ့ပါသည်။ ယောမျက်ရည်ထပ်မံကျလာတာမြင်လျှင် ယောရဲ့နောက်နား ကပ်ထိုင်လျက် ယောကို ရင်ခွင်ထဲထည့်မှီစေမတတ် ကပ်နေသော မတူးမာရဲ့ခန္ဓာကိုယ်က တသိမ့်သိမ့် တုန်ခါလာသည်။

နှုတ်ခမ်းကို ဖိကြိတ်ကာ ခန္ဓာကိုယ် တုန်ခိုက်ပြီး ကျိတ်ငိုနေသည့် မတူးမာသည် အန်တီညိုရဲ့ တားမြစ်သော ကန့်ကွက်သော မျက်ရည်ဆက်ကျဖို့ အခွင့်ပြုဟန်မရှိသော ရူးရူးရဲရဲ အကြည့်ဟန့် တစ်ခုကြောင့် သူမရဲ့သိမ့်ခိုက်ရှိုက်ငင်မှုကို ထိန်းချုပ်လိုက်ရပါသည်။

"တူးမာ ... နင်ငိုနေတော့ ယော ဘယ့်နှယ်သွားနေရမလဲ၊ နင်က ဦးဆောင်ငိုမနေနဲ့"

ဘွားဘွားနှင့် အန်တီညိုရဲ့ တင်းကျပ်သောအမိန့်ကြောင့် တတ်နိုင်သမျှ မငိုမိအောင် မတူးမာက ထိန်းချုပ်ထားတာပါပင်။ အခုလို ယောရဲ့အစ်ကိုကျော်လင်းဖံ ရောက်လာပြီဆိုတော့ အားပဲရှိသွားတာလိုလို ပိုဝမ်းနည်းသွားတာလိုလို မရေမရာ ဆို့နင့်ခြင်းတစ်မျိုးနှင့်တိုးကာ ငိုချင်လာမိ၍ပါ။

ကျော်လင်းဖံရဲ့လေယာဉ်က ဒီမနက်မှာပင် အသုဘအချိန်အမီ ဆိုက်ရောက်ခဲ့တာဖြစ်သည်။ ဆွေမျိုးတစ်ယောက်သွား



www.burmeseclassic.com

www.burmeseclassic.com



ကြိုခေါ်ခဲ့ကာ လေယာဉ်ကအဆင်း အိတ်တွေ သေတ္တာတွေ ဝန်စည်စလယ်တွေနှင့် ဒီဆယ်မိုင်ခြံကိုပဲ တန်းခေါ်လာခဲ့တာ ဖြစ်ပါသည်။

ခပ်သွက်သွက် ဝင်လာသော ကျော်လင်းဖံ မျက်နှာမှာ ပျက်နေသည်။ ယောခင်ဖံကိုပဲ တစိုက်မတ်မတ် ရှေ့ရှုကြည့်၍ လျှောက်လာကာ ယောရဲ့ရှေ့မှာ ကပ်လျက်ထိုင်ချလိုက်ပါသည်။ သနားစဖွယ် မျက်နှာငယ်တွင် နားမလည်နိုင်သော၊ မယုံကြည်နိုင်သော၊ လက်သင့်ခံဖို့ခက်သော၊ အားငယ်ဝမ်းနည်းသော၊ မသိနိုးနား မျက်ဝန်းလေးအစုံဟာ ကြည့်မြင်သူ ရင်ကွဲပက်လက်ဖြစ်ရလောက်အောင် ကရုဏာသက်ဖွယ် ဖြစ်နေသည်။

"ညီမလေး"

ကျော်လင်းဖံသည် ဆို့ကျပ်သော ရင်ခေါင်းလည်ချောင်းတို့မှ ဖြတ်ထွက်လာရသည့် အသံနင့်နင့်နင့် ယောကိုကြင်နာစွာ ခေါ်လိုက်ပါသည်။ ယောရဲ့လက်ဖျားလေး နှစ်ဖက်ကိုလည်း စုံ၍ဆုပ်ညှစ်ထားလိုက်သည်။

ဤမြင်ကွင်းကို အိမ်ရဲ့ထောင့်တစ်နေရာမှာ ထိုင်နေတဲ့ တိုးလတ်က ငေးကြည့်ရင်း ရင်တွေနာလာပါသည်။ ဒီအစ်ကိုဟာ ဒီညီမလေးကို သိပ်ချစ်တဲ့အစ်ကိုတဲ့။ သူ့မျက်နှာမှာ မချိတင်ကဲဖြစ်ခြင်းနှင့် ညီမငယ်ကို သနားကရုဏာသက်လှခြင်းတို့ ပေါ်လွင်နေသည်။





တကယ်ဆို ဒီနေ့က ဒက်ဒီတို့ မင်္ဂလာနှစ်လည်ဆွမ်းကပ်မယ့်နေ့။ နဂိုတည်းက ဘုန်းကြီးဆွမ်းကျွေးအကျဉ်းရုံးသေးပဲမို့ ဒီနေ့တော့ တိတ်ဆိတ်စွာပင် တစ်ဖက်အိမ်မှာ ဆွမ်းကပ်ဖို့ ပြင်နေပါပြီ။ တိုးလတ်ကတော့ ဒီအိမ်ကို လာနေလိုက်သည်။

ကိုထူးမှူး ကိစ္စကို အစအဆုံး အဆင်တပြေနှင့် နေ့ကုန်ကို ရောက်ရှိအောင် သယ်ဆောင်လာတဲ့ ဦးဆောင်သူမှာသည် တိုးလတ်ပင်ဖြစ်၍ ယောခင်ဖံရဲ့အဘွား၊ အန်တီတို့နှင့်သည် တိုးလတ် ရင်းနှီးနေပါပြီ။ ဒီကိုကျော်လင်းဖံ မရောက်လာခင်း ကိစ္စပေါင်း မြောက်မြားစွာကို တိုးလတ်နှင့် ကိုထူးမှူးရဲ့မနေ့နေ့ဂျာဆိုသူ ကိုညိုထွန်းတို့ပဲ အစစအဝဝ အဆင်ပြေအသပ်ရပ်ဆုံး ကူညီစီစဉ်ခဲ့ပါသည်။

တိုးလတ် စိတ်ထဲတွင် ယောခင်ဖံ တစ်ယောက်ခံစားရသမျှ ဝေဒနာတွေ တတ်နိုင်သလောက် သက်သောင့်သက်သာ လျော့ပါးဖို့ တစ်ခုသာ ဖြူစင်သောမေတ္တာစိတ်နှင့် ရည်သန်ထားပါသည်။ သနားလိုက်ရသည်မှာလည်း ကြည့်တောင်မကြည့်ရက်တော့ပါပေ။

"ကိုကို"

ယောရဲ့အသံ၊ ယောရဲ့အကြည့်ယည် ကျော်လင်းဖံထံမှများ "ထူးမှူး မသေသေးဘူး"ဆိုတဲ့ စကားမျိုး ကြားခွင့်ရ



www.burmeseclassic.com

www.burmeseclassic.com



မလားဆိုတဲ့ မျှော်လင့်ချက်မျိုးနှင့် အားတက်သရောလေးပါတကာ ဘာဆက်ပြောရမည်မသိအောင် ရင်ကိုစူးချွန်နှင့် အထိုးခံရသည် နာကျင်စေလှသည်။ ဝမ်းနည်းပက်လက် ရှိုက်ငင်ငိုကြွေးနေလိ မည် ထင်ခဲ့သော်လည်း အခုတော့ ဝမ်းနည်းပက်လက်က တစ်ဝ တစ်ပျက်မျှသာ။ တစ်စုံတစ်ရာကို ခုချိန်ထိ မျှော်လင့်တုန်းအတည် ပြုဖို့ လိုအပ်တုန်းဆိုတဲ့ အရိပ်အယောင်က တစ်ဝက်လွှမ်းနေသည်

ကျော်လင်းဖ် ဘာမှ မပြောနိုင်ဘဲ ခေါင်းငိုက်စို ကျနေလျှင် ယောက ကျော်လင်းဖ်ရဲ့မျက်နှာကို မြင်ရအော ခေါင်းလေး အောက်နိမ့်ငုံ့၍ ပင့်ကြည့်ကာ တသိမ့်သိမ့်လေးရှိုက် ငိုလာပါသည်။

"ကိုကို ...၊ ကိုကြီး ... ကိုကြီး ဆုံးပြီလို့ ပြော ... ပြော တယ်"

"ညီမလေး"

ကျော်လင်းဖ်က မချိတင်ကဲသံကြီးနှင့် ယော သိမ်းကျုံးပွေ့ဖက် ထားလိုက်ပါသည်။ စိတ်ဆင်းရဲလိုက်တာ စိတ်ဆင်းရဲလိုက်တာ။ ညီမငယ်လေးအဖြစ်အတွက် စိတ်ဆင်း ကာ သူ အင်မတန်ခင်တဲ့ လူရိုးလူကောင်းယောက်ဖအတွ ယူကျုံးမရပါ။

"ဒါ ... ဒါပေမဲ့ ... ယော ... ယော မတွေ့ရသေးဘူ ဟုတ်မှ ဟုတ်ရဲ့လား ကိုကို၊ အန်တီညိုက ပြောတယ် ဆုံ





ပြီတဲ့၊ မတ္တးမာကပြောတယ်၊ ဟုတ်တယ်တဲ့၊ ဟိုဘက်ခြံက လူက ပြောတယ်၊ သူ့မျက်စိရှေ့မှောက်မှာတင်ပါတဲ့၊ သူ ကိုယ်တိုင် ရန်ကုန်အထိ သယ်ယူလာတာပါတဲ့၊ ယော မမြင်သေးပါဘူး ကိုကြီး ဆုံးသွားတာ ယော မမြင်ရသေးပါ ဘူး၊ ဟုတ်ရဲ့လား ကိုကို၊ ကိုကိုရော တကယ်တွေ့ရဲ့လား"

ရှိုက်ကာ ရှိုက်ကာ လေဆက်ပြတ်လျက် တစ်လုံး ချင်း အထစ်ထစ် အငေါ့ငေါ့အားယူ ဆုံးအောင်မေးရတဲ့ ယော ၏အားသံကြောင့် တစ်အိမ်လုံး ရှိရှိနေသမျှ ဆွေမျိုးမိတ်သင်္ဂဟ တွေ မျက်ရည်မဆည်နိုင်ပါ။

"ညီမလေး ... ကိုကိုက အခုမှ လေယာဉ်ဆိုက်လာတာ လေ ... နော်၊ ကိုကို မတွေ့ရသေးပါဘူး၊ ဒါပေမဲ့ ဟုတ် ပါတယ် ညီမလေး၊ ညီမလေး စိတ်ခိုးခိုးချလိုက်နော်"

"ကိုကိုမှ မတွေ့ဘဲ၊ ကိုကို့ကို ဘယ်သူပြောလို့လဲ"

"အဲဒီနေ့ ... အဲဒီနေ့ကတည်းက ကိုကို့ကိုအီးမေးလ်တွေ ဖုန်းတွေနဲ့ ကွန်ဖမ်းမ်လုပ်ကြပါတယ်၊ ဟုတ်တယ် ညီမ လေး ... နော်"

ယောသည် အိ ... ခနဲ အသံတိမ်ကလေးနှင့် ခပ် ကျိတ်ကျိတ် ငိုချလိုက်ပါသည်။ ငိုရင်းက အသံပျောက်နေ၍ ဘွားဘွားထံမှ "မောင်ကျော် ... ကလေးကိုကြည့်ဦး၊ သမီးလေး ... ယော" စသည့် ငိုသံပါက ပွုပန်တကြီး ထွက်လာပါသည်။ မလှုပ်



www.burmeseclassic.com

www.burmeseclassic.com



မယှက် မျက်ရည်ရောကျနေကြသော ခပ်လှမ်းလှမ်းက ယော
သူငယ်ချင်းမလေး နှစ်ယောက် ဒူးတုပ်အနားတိုးကပ်လာကြသလို
မတူးမာကလည်း ယောကို နောက်မှ လှုပ်ကာ လှုပ်ကာ၊ ဘေး
အနီးအနားက လူတွေက ယပ်ခတ်ကြ၊ နာမည်ခေါ်ကြနှင့်
ယောက်ယက်ခတ်သွားပါသည်။

"ညီမလေး ... ယော ... ယော"

ယောက သူကြားတဲ့အကြောင်း၊ သတိရှိတဲ့အကြောင်း
ခေါင်းကလေးညိတ်ကာ ညိတ်ကာပြပြီး စကားတော့ မပြန်နိုင်
ကိုကြီး ကားမှောက်တယ်၊ ဆုံးသွားပြီ၊ ကဲ ... ဒါကိုပဲ နှစ်ရက်
လုံးလုံး လက်ခံနိုင်အောင် ကြိုးစားနေရင်းကကိုပဲ ယော မယုံကြည်
နိုင်ဘဲ ထူပူနေပါသည်။ ခုချိန်ထိ တွေ့မှမတွေ့မြင်ရသေးတာ
ကိုကြီးရဲ့အလုပ်က တပည့်တပန်း ဝန်ထမ်းများ၊ ဟိုဘက်အိမ်က
အန်ကယ်ကြီးရဲ့သား၊ ယောတို့ဆွေမျိုးထဲက လူတချို့ ဤကိစ္စ
ကို အဆင်တပြေဖြစ်အောင် လိုက်လံဆောင်ရွက်နေတယ်လို့သာ
သိရလျက်၊ ဒီထက်ပို၍ ယော ဘာဆိုဘာမျှမသိ။ ယောရဲ့အသိ
စိတ်မှာတော့ ကိုကြီး မရှိတော့ဘူးလို့ လုံးဝဥဿုံ ယုံကြည်လက်ခံ
နိုင်ခြင်း မရှိသေးပါ။

မနီးမဝေး မလှမ်းမကမ်းမှာ၊ အိမ်ထဲမှာ၊ ခြံထဲမှာ
ကိုကြီးထိုင်နေကျ Rocking chair လေးပေါ်မှာ၊ ကိုကြီးတစ်နေရာ
ရာမှာ ရှိနေတယ်လို့ပဲ ယောရဲ့စိတ်မှာ ထင်မှတ်ခံစားနေရတာပါ။





"ယော ... ယော ... ကိုကြီးကို မတွေ့ရတော့ဘူးလား၊
ယော ဘယ်တော့မှ မမြင်ရတော့ဘူးလား၊ ယောတွေ့ချင်
လို့ပါ"

"ညီမလေးစိတ်ကို ကြံ့ခိုင်အောင် ထားပါကွာ ... နော်၊
ညီမလေးမှာ ကိုကိုလည်းရှိတယ်၊ ဘွားရှိတယ်၊ အန်တီညို
ရှိတယ်၊ မတူးမာရှိတယ်၊ ညီမလေးသူငယ်ချင်းတွေရှိတယ်၊
ဆွေမျိုးတွေရှိတယ်၊ နော် ... ညီမလေး၊ စိတ်ကိုအားတင်း
ရမယ်၊ ညီမလေး စိတ်အားတင်းနိုင်မှ ကိုထူးကို သွားကြည့်
လို့ရမယ်၊ ဟုတ်တယ်မို့လား ညီမလေး၊ ညီမလေး စိတ်
အားမတင်းနိုင်ရင် စိတ်မထိန်းနိုင်ရင် ကိုထူးကို ဘယ်လို
လုပ်ကြည့်မလဲ ... နော်"

"ယော ... ယော ... စိတ်အားတင်းပါ့မယ်"

"ဒီနေ့ အသုဘချမယ်နော် ညီမလေး၊ သင်္ဂြိုဟ်ရမယ်"

"ဟုတ်ကဲ့ပါ ... အခု ဘယ်မှာလဲဟင်၊ အခု ... မြန်မြန်
လေးသွားပြီး ..."

"တော်ကြာကျရင် သွားမယ်၊ နော် ... ညီမလေး၊ နေ့လယ်
မှာ ညီမလေး ကြည့်ရအောင် မြင်ရအောင် ပြင်ဆင်ပေး
လိမ့်မယ် ... ဟုတ်လား၊ သပ်သပ်ရပ်ရပ် ပြင်ဆင်ပြီးမှ
ကိုကိုတို့ သွားကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးရဲ့အရိုးပြာနည်းနည်းလည်း ယောအတွက် ယူပေးပါ ကိုကို၊ အန်တီညိုတို့ သိရင် တားနေဦးမယ်၊ ကိုကို တာဝန်ယူပြီး ယူခဲ့ပေးပါ"

ယောခင်ဇံက ကျော်လင်းဇံနားအနားကပ်ကာ တိုးတိုးပြောတာဖြစ်သည်။

"ကဲ ... ကဲ ... အင်းပါ ညီမလေးရယ်၊ ကောင်းပါပြီ ကိုကို စီစဉ်ပေးပါ့မယ်"

မျက်နှာချင်းဆိုင် ကြမ်းပေါ်ထိုင်ကာ ယောက ကျော်လင်းဇံ ရင်ခွင်ထဲ ခေါင်းတိုးကပ်ကာ တရှိုက်ရှိုက် ကျော်လင်းဇံက ယောလေးကို သိုင်းဖက်ကာ ကျောပြင်လေးကိုပုတ်၍ နှစ်သိမ့်ပေးနေပါသည်။

"အခုလို သွားကြည့်ဖို့ ညီမလေး ခံနိုင်ရည်ခွန်အားရှိအောင် ဆေးသောက်ရမယ်နော်၊ ဆေးသောက်ဖို့အတွက်က အစာဝင်ဖို့လိုတယ်၊ ညီမလေး မနေ့ကလည်း သိပ်ဟုတ္တိပတ္တိ မစားဘူး ပြောတယ်၊ အခု တစ်ခုခု စားရမယ် ... ဟုတ်လား၊ တစ်ခုခုပေါ့၊ ထမင်းမစားချင်ရင်တောင် ခေါက်ဆွဲပြုတ်လေးဖြစ်ဖြစ်၊ ကော်ဖီနဲ့ကိတ်လေးဖြစ်ဖြစ် ... နော်"

ယောက ကျော်လင်းဇံ ရင်ခွင်မှ ခေါင်းလေးဖျတ်ခနဲခွာကာ ...

"ကိုကို့ကို ယော ပြောစရာရှိတယ်"





စကားသာစပြီး မျက်ရည်အသွယ်သွယ်နှင့် ရှေ့ကို ဆက်နိုင်၍ မတူးမာဘက် ယောကလှည့်ကြည့်ကာ ...

"မတူးမာ ... ကိုကို့ကို ပြောပြလိုက်လေ၊ ကိတ်ခြောက်လေ"

"........."

မတူးမာရဲ့မျက်စိပျက် မျက်နှာပျက် အနေခက်ပုံကို ကျော်လင်းဇံက အကဲခတ်မိကာ ...

"နောက်မှပြော၊ အေးအေးဆေးဆေးမှ ပြောလေ၊ အခု ယောစားဖို့ မတူးမာ တစ်ခုခု လုပ်ပေးရဦးမယ်လေ ညီမလေး"

"အခုပဲ ပြောလိုက်ပါ၊ ကိုကို မတူးမာနဲ့လိုက်သွားလိုက်ပါ၊ နားထောင်ပါ၊ မတူးမာ ... ကိုကို့ကို သေချာပြောပြလိုက်နော်"

"အင်း ... အင်းပါ ယောရယ်"

"ကိုကို လိုက်နားထောင်ပါ"

"အေး ... အေး ... နားထောင်မယ်"

ကျော်လင်းဇံက ယောဆန္ဒကို ဆန့်ကျင်ဘက်မပြုချင်၍ မတူးမာ ဝင်သွားရာ မီးဖိုဘက် လိုက်ဝင်လာခဲ့ပါသည်။ တိုးလတ်ပါ နောက်နားက ကိတ်ဆိတ်စွာထ၍ ပါလာပြီး ...

"မတူးမာ ... ကျွန်တော် ခဏလေး ဟိုဘက်ပြန်လိုက်မယ်၊ ဒက်ဒီတို့လည်း ဆွမ်းကပ်နေလို့လေ၊ ဒီကမထွက်ခင် ပြန်လာမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ကိုတိုးလတ်၊ ကိုကျော် ... ဒါ ... ဟိုဘက်ခြံက အန်ကယ်ရဲ့သားလေ၊ ဒေါက်တာတိုးလတ်ဆိုတာ၊ အ ... အစ်ကိုထူးကို ဆေးရုံသယ်ပို့ခဲ့တဲ့သူပါ"

ကျော်လင်းဇံက လှည့်ကြည့်လိုက်ရင်း တိုးလတ်ရဲ့ လက်နှစ်ဖက်ကို သူ့လက်နှစ်ဖက်နှင့် နှစ်နှစ်ကာကာ ဆုပ်ညှစ် ကိုင်လိုက်ပါသည်။

"ကူညီခဲ့တာတွေတော့ ဖုန်းနဲ့ကြားရပြီးပါပြီဗျာ၊ လူသာ ခုမှတွေ့ရတာပါ၊ အရမ်းကျေးဇူးတင်ပါတယ်၊ ခင်ဗျားလက် ပေါ်မှာပဲ အစ်ကိုထူး ဆုံးခဲ့တယ်လို့ ခုန ကျွန်တော်ကိုလာ ကြိုရင်း ပြောပြကြပါတယ်၊ ဆွေမျိုးရင်းချာလို အားလုံး သိမ်းကျုံးကူညီခဲ့တာ ကျေးဇူးမမေ့ပါဘူးဗျာ"

"ရပါတယ်ဗျာ ... ကိုကျော်လင်းဇံ၊ ကျွန်တော့်ကို ညီတစ် ယောက်လို သဘောပါထားပါ၊လိုအပ်တာ အကုန်ပြောပါ ဗျာ"

"ကျေးဇူးပဲဗျာ"

"ကျွန်တော် ခဏပြန်လိုက်ဦးမယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

တိုးလတ် ထွက်သွားတာကို ကျော်လင်းဇံက ငဲ့ကြည့် နေမိရင်း သက်ပြင်းတစ်ချက် ချလိုက်ပါသည်။

"ကြက်သားစွပ်ပြုတ် ပြုတ်ထားတာရှိတယ် ကိုကျော် အဲဒါနဲ့ ခေါက်ဆွဲလေး ရောပြုတ်လိုက်မယ်နော်"





"အင်း ... အင်း ... လုပ်လိုက်ပါ"

"ကိုကျော့်ဖို့ပါ ထည့်ပြုတ်ပေးရမလား"

"ဟင့်အင်း ... စိတ်မကောင်းလွန်းလို့ ခေါင်းတွေထူပူမှုး နေခက်ပြီး ငြီးစီစီကြီးဗျာ၊ ကျွန်တော့်ကို ကော်ဖီတစ်ခွက် ပဲ ပြီးမှလုပ်ပေးပါ"

"ဟုတ်ကဲ့"

မတူးမာက စွပ်ပြုတ်အိုးကို မီးဖိုပေါ် ပြန်တင်ကာ ...သည်။

"ပြောပါဦး"

"ရှင်"

"ယောာ ပြောခိုင်းတာ ဘာများလဲ၊ ပြောပါဦး"

မတူးမာ မျက်နှာက မအီမသာ ဖြစ်သွားပါသည်။

"အဲ ... အဲဒါကို ပြန်ပြောမိလို့ အန်တီညိုက ကျွန်မကို ဆူတယ် ကိုကျော်၊ ကျွန်မက ယောပြောတဲ့ အတိုင်းပဲ ပြောပြတာပါ"

"ဘာပဲဖြစ်ဖြစ်ပါ ... ပြောပါ"

"အဲဒီည အစ်ကို ... အစ်ကိုထူး သွားပြီးတော့ နောက် မနက်ကျတော့ ယောလေးက အစောကြီးနိုးလာတယ်၊ ငါးနာရီလောက်ပဲ ရှိဦးမယ်ထင်တယ်၊ ကျွန်မကို သူက လှမ်းနှိုးတယ်၊ ကျွန်မက သူ့အခန်းထဲ သွားအိပ်ပေးတာ ကို။"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"မတူးမာက သိပ်အအိပ်ပုပ်တာပဲတဲ့၊ ထတော့တဲ့၊ သူ ဗိုက်ဆာလှပြီတဲ့၊ ညကလည်း ကိုကြီးတစ်ယောက်လုံး တစ်ခေါက်ပြန်လာတာတောင် ကျွန်မ မနိုးရကောင်းလား ဆိုပြီး ဆူတာ"

"ကိုထူး ညဘက် တစ်ခေါက်ပြန်လာတယ် ! "

"ယော ပြောတာပဲလေ ကိုကျော်၊ ကျွန်မလည်း မသိတော့ တကယ်လား .... ဘာလာပြန်လုပ်တာလဲ မေးတာပေါ့၊ အစ်ကိုထူးက လမ်းမှာစားဖို့ ကျွန်မ ထည့်ပေးလိုက်တဲ့ ကိတ်ခြောက်ဘူး ကျန်နေခဲ့လို့ လာယူတာတဲ့၊ ယောကိုလည်း စိတ်မချလို့ တစ်ခေါက်လာပြန်ကြည့်တာလို့ ပြောတယ်တဲ့၊ နှစ်နာရီခွဲလောက်က ပြန်လာတယ်တဲ့၊ ဒီတော့ ကျွန်မက လည်း စဉ်းစားကြည့်တာပေါ့၊ နှစ်နာရီခွဲမှ ကိတ်ခြောက်ဘူး လာယူရအောင် အဝေးကြီး ကားမောင်းခရီး ရောက်ပြီးမှ ပြန်လှည့် မောင်းချလာသလို ဖြစ်မနေဘူးလား"

"........."

"ဒီတော့ ကျွန်မက မဖြစ်နိုင်ပါဘူးပေါ့၊ ကိတ်ခြောက်ဘူး ကို ကျွန်မကိုယ်တိုင် အစ်ကိုထူးလက်ထဲ ထည့်ပေးလိုက် တာ၊ ယောလေး အိပ်မက်,မက်တာ နေမှာပါဆိုတော့ ထုံးစံအတိုင်း သူ့ကို အိပ်မက်,မက်တယ်ပြောရင် ယောက မကြိုက်တော့ ခံငြင်းတာပေါ့၊ တကယ်ရောက်လာတာတဲ့၊





ကားထဲက အဲကွန်းလည်း အရမ်းမြှင့်မောင်းလာတာ တစ် ကိုယ်လုံး အေးစက်လို့တဲ့၊ ဖုန်းအရင်ဆက်သေးတာ၊ ယော ကအိပ်ချင်မူးတူးဖြစ်ပြီး သေချာမပြောမိလို့ ထင်တယ်တဲ့၊ စိတ်ပူပြီး တစ်ခေါက်ပြန်လာတာတဲ့"

"........."

"ဒါဖြင့် တံခါးဘယ်သူထဖွင့်လဲ၊ ဘယ်လိုဝင်လာလဲ ကျွန်မ ကမေးတာပေါ့၊ ကိုကြီးမှာ သော့ပါသွားတယ် ထင်တယ်တဲ့၊ သူ့ဟာသူ ဖွင့်ဝင်လာတာတဲ့၊ ပြန်တော့လည်း ယောက အရမ်းအိပ်ချင်ပြီး အိမ်ဝလိုက်မပို့ဘူး၊ ကိုကြီး သူ့ဟာသူ ဖွင့်ထွက်သွားတာတဲ့၊ သော့ ဘယ်လိုပါသွားသွား အပြင် သံပန်းသော့တို့ ဒိုးလော့ဂ်တို့ပဲ ဖွင့်လို့ရမယ် အတွင်းတံခါး က ဂျက်ထိုးတာတွေတော့ ဖွင့်မရနိုင်ဘူးဆိုတော့ ကျွန်မ ကလည်း ယော အိပ်မက်,မက်ပြီပဲတွေးပြီး ထွက်လာခဲ့ တယ် ...

ထမင်းစားခန်းရောက်တော့ စားပွဲပေါ်မှာ ကိတ် ခြောက်ဘူး ရှိနေတာတွေ့တော့ ကျွန်မ လန့်သွားတာပဲ"

"ခင်ဗျားကလည်း၊ ဒါတွေ့တာ ဘာလန့်စရာရှိလဲ၊ ကိုထူး ညကမယူဘဲ ကျန်ခဲ့လို့ပေါ့"

"ကျွန် ... ကျွန်မ လက်ထဲ သေချာထည့်ပေးတာပဲ၊ အင်း လေ အစ်ကိုထူးက ရေသောက်ဘာသောက်နဲ့ ခဏပြန်ချ ထားခဲ့လားမှ မသိဘဲ၊ ဒါပေမဲ့ ညက ဒီစားပွဲမှာ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



သတိမထားမိဘူး၊ မတွေ့မိဘူး ကိုကျော်ရယ်၊ ပြီးတော့ ယောက အစ်ကိုထူး ကားထွက်သွားတာနဲ့ အိပ်ခန်းထဲ တန်းသွားတာပဲ၊ အဲဒါ ... အစ်ကိုထူး ကိုတ်ခြောက်ဘူး ကျန်ခဲ့တာ ဘယ်လိုလုပ် အိပ်ရာကနိုးနိုးချင်း သိနေတာ လဲ"

"ကျွတ် ... မတူးမာ၊ ခင်ဗျားကို အန်တီညို ဆူတာ ဒါ ကြောင့်ပဲနေမှာ၊ ခင်ဗျားကစပြီး စိတ်ကတစ်မျိုးတစ်မည် ဖြစ်နေတယ်၊ ဒီအချိန်မှာ ယောက စိတ်ကထင်မိထင်ရာ ဟိုရောက် ဒီရောက် ဖြစ်နေမှာကို ခင်ဗျားကပါ"

"ဒါပေမဲ့ အဲဒီမနက်က အဲဒီအချိန်မှာ ကျွန်မတို့ အစ်ကိုထူး သတင်း ဘာမှမကြားရသေးဘူးလေ၊ ယော စိတ်ကအေး အေးဆေးဆေးပါပဲ"

"တော်တော့ တော်တော့ ... ခုချိန်မှာ ကျွန်တော်တို့စိတ် ပူရမှာက ယော အိပ်မက်ယောင်ပြီး ထလျှောက်တာမျိုး ပြန်ဖြစ်သလား ဆိုတာပဲ၊ ကျွန်တော် ဒါကိုပူတယ်၊ ယော အိပ်မက်,မက်ပြီး အိပ်မက်ထဲမှာ ကိုထူး လာတယ်ထင်၊ သူ ပတ်လျှောက်ပြီး ထမင်းစားပွဲဆီရောက်၊ ကိတ်ခြောက် ဘူးကိုတွေ့ပြီး မနက်ကျတော့ သူ့အိပ်မက်ကို သူထင်ချင် တဲ့ဓာတ်လမ်း ထင်တာမျိုး ဖြစ်နိုင်တယ်လေ"

"ဟုတ်တယ် ... ဟုတ်တယ် ကိုကျော်၊ ယောလေး အဲသလို အိပ်မက်ပြန်ယောင်ပြီ ထင်ပါရဲ့၊ ဒါပေမဲ့ ယော ဖုန်းထဲမှာ





ညသန်းခေါင် နှစ်နာရီကျော်လောက်က အစ်ကိုထူးဆီက ဖုန်းတွေဝင်ထားတာတော့ တကယ်အမှန် ကိုကျော်ရဲ့"

ကျော်လင်းခံ့ စိတ်မကောင်း ဖြစ်သွားရပါသည်။ သူ ကြားသိထားသည်မှာလည်း ကားမှောက်ချိန်ဟာ သန်းခေါင် ကျော် တစ်နာရီခွဲနှင့် နှစ်နာရီကြားလောက်မှာပင်။ ကိုထူး တစ်ယောက် ကယောင်ကတန်းနဲ့များ ယောရဲ့ဖုန်းကို ခေါ်ခဲ့သေးလေ သလား။

"ဖုန်းပြန်မရဘူး ရှာမတွေ့ဘူးလို့ ကိုညိုထွန်း ပြောတယ်၊ ခုမှ သတိရတယ်၊ အဲဒီဖုန်းနံပါတ်ကို ရုံးမှာ မြန်မြန်သွား ပိတ်ရမယ်"

"ဟင့်အင်း ... မပိတ်ပါနဲ့၊ မပိတ်ပါနဲ့ ကိုကို"

နောက်က ရောက်လာသော ယောကို ကျော်လင်းခံ့ က အလန့်တကြား လှည့်ကြည့်လိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ၆

"ယောလေး"

"………"

"ယော"

"………"

"ယော"

အိပ်ချင်မှုးတူး ယောရဲ့မျက်လုံးလေးများက ကျိန်းစပ်မှုကိုအံတုကာ မပွင့်တပွင့် ဖွင့်ဟလာပါသည်။

"ယောလေး"

ယောသည် စိမ့်ခနဲ အသည်းထဲ အေးသွားတဲ့ခံစားချက်နှင့် တစ်ပြိုင်နက် ပြိုက်ခနဲ နဖူးစပ်မှာ စို့လာသော ချွေးစတို့အကြား မှုးနောက်ဝေသီနေလေသည်။ ယော … ကောင်းကောင်းအိပ်မပျော်တာ၊ အိပ်ရေးတွေ ပျက်ခဲ့တာ ဘယ်နှရက်တောင်ရှိနေပြီလဲ ကိုကြီးရယ်။ ကိုကြီး သိရဲ့လား။





ခေါင်းတွေလည်း မူးနောက်ပြီး လက်တစ်ဖက်လှုပ်ရှားဖို့ မြှောက်ဖို့လောက်ကိုပင် အားအင်မရှိ ချည့်နဲ့နေကာ ရင်ထဲအမြဲ တလှပ်လှပ် ဖြစ်နေပါသည်။ သို့သော် … ညအိပ်ချိန်တွေတိုင်းမှာ ယောမျက်လုံးကို အတင်းအကျပ်မှိတ်လျက် မရမကကြိုးစားပြီး ငါးမိနစ်ရရ၊ ဆယ်မိနစ်ရရ အိပ်ပျော်အောင် အိပ်သည်မှာ ကိုကြီးကိုများ အိပ်မက်၌ဖြစ်စေ တွေ့ရလေမလားလို့ပင်။

"ယောလေး သနားပါတယ်၊ ယော နေမကောင်းဘူးနော်"

"ကိုကြီး … ကိုကြီးလားဟင်"

ယောရဲ့ခုတင်စွန်းမှ မပီဝိုးတဝါး ပုံရိပ်သည် ရုတ်တရက် ရှေ့တည့်တည့်မှ ဆလိုက်မီးနှင့် ထိုးလိုက်သလို ဝင်းခနဲဖြခနဲ လင်းချင်း ထင်းပသွားပါသည်။

"ကိုကြီး"

ယောသည် လက်ကလေးနှစ်ဖက်နှင့် ပါးစပ်ကိုအုပ်ပိတ်လျက် အိခနဲ အသံမမြည်အောင် ကြိတ်မှိတ်၍ ရှိုက်လိုက်ပါသည်။ ယော သိတယ်။ ယော သိသားပဲ။ ကိုကြီး ယောဆီကိုလာလိမ့်မယ်လို့ ယော သိသားပဲ။

ထူးမှု မျက်နှာပြင်က သွေးမရှိသလို ဖြူဝင်း၍လင်းနေသည်။ ကိုကြီး ဝတ်ထားတာ အဲဒီညက အင်္ကျီပဲလေ။ ကိုကြီးရဲ့ပုံရိပ်ဟာ ဝိုးတဝါးဖြစ်လိုက် ပြတ်သားလာလိုက်။ ယောရဲ့ရင်တွေ တဒိတ်ဒိတ် ခုန်လာသည်။ ပျောက်မသွားပါနဲ့ဦး၊ ပျောက်မသွားပါနဲ့ဦး ကိုကြီး။ ယော … ကိုကြီးကို လွမ်းလွန်းလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ယော ... နေကောင်းအောင်နေနော်၊ စိတ်ချမ်းသာအောင် နေနော်"

"ဟုတ် ... ဟုတ်ကဲ့ ... ယော ... နေပါ့မယ်၊ ကိုကြီး အခု တကယ်လာတာလားဟင်၊ ယော အိပ်မက်,မက်နေတာလား"

"ကိုယ် ယောဆီ လာခဲ့တာပါ ကလေးရယ်"

ကိုကြီးရဲ့အသံဟာ ဟိုးအဝေးကြီးမှာရှိတဲ့ ဂူလိုဏ် တစ်ခုအတွင်းက ထွက်လာသလို ယော ကြားနေရပေမယ့် အသံ က လိုဏ်သံပါကာ ဝေးလွင့်နေသည်။

"ပြန်မသွားနဲ့တော့၊ ပြန်မသွားပါနဲ့တော့နော် ... ကိုကြီး"

ယောက အိပ်ရာပေါ်မှ အားယူလူးလဲ ထထိုင်လိုက် ပါသည်။ အခန်းထောင့်မှာ မွေ့ရာခင်း၍ အိပ်ပျော်နေသော မတူးမာကို တစ်ချက်လှမ်းကြည့်ကာ ဖြည်းဖြည်းကလေး လှုပ်ရှား ရသည်။ မတူးမာ နိုးလာလျှင် ကိုကြီး ထွက်သွားလိမ့်မှာကို ယော စိုးရိမ်ပါသည်။

"အဲဒီညက ကိုကြီး ယောဆီ တကယ်လာခဲ့တာ မဟုတ် လားဟင်"

"ယောလေးကို စိတ်မချလွန်းလို့ ကိုယ် လာကြည့်တာပါ"

"အဲလိုမှန်းသိရင် ယော ကိုကြီးကို ပြန်မလွှတ်လိုက်ပါဘူး ကိုကြီးရယ်၊ ကိုကြီးလက်ကို ဆွဲထားမှာပါ"

ယောသည် ထူးမှူးရဲ့လက်များကို လှမ်းကြည့်လိုက် မိသည်။ ယောကြည့်ဖူးတဲ့ ရုပ်ရှင်တချို့မှာတော့ ဝိညာဉ်တို့ရဲ့





ခန္ဓာကိုယ်ဟာ ထိတွေ့ဆုပ်ကိုင်လို့မရ။ သို့သော် ဟိုတစ်ညက တော့ ကိုကြီးလက်ကိုလည်း ယော ဆွဲကိုင်လို့ ရခဲ့တယ်။ အေး စက်လို့လေ။ ကိုကြီးရင်ခွင်မှာတောင် ယော မှီလို့ရခဲ့သေးတာပဲ။

ယောရဲ့လက်ဖဝါးလေး တစ်ဖက်သည် မွေ့ရာပေါ် ထောက်ထားရာမှ တရွေ့ရွေ့ရွေ့တိုးကာ ကိုကြီးရဲ့လက်အနား ရောက်တရဲ တိုးကပ်သွားမိပါသည်။ လက်ချောင်းထိပ်ကလေးချင်း ထိဆက်မိသည်နှင့် အေးစက်ကျင်ရှသော ခံစားမှုက ယောရဲ့ရင် ခွင်တစ်ခုလုံးကို ထုံ၍ပြင်သွားစေခဲ့သည်။

ထူးမှူးရဲ့လက်တစ်ဖက်နှင့် ယောရဲ့လက်တစ်ဖက် တို့ လက်ချောင်းချင်း ပတ္တာဆက်သလို လက်ပဝါးချင်းပူးယှက် ဆုပ်ကိုင်မိလေသည်။ ယောရဲ့မျက်လုံးအိမ်မှ မျက်ရည်ပေါက်နွေး နွေးများ ပါးပြင်ပေါ် တလိမ့်လိမ့် စီးမျောရွေ့လျောကျလာသည်။

"ကိုကြီးရယ် ... ယောဆီ ပြန်လာပါနော်"

ရှိုက်သံကလေးနှင့် ဆို့ဆို့နင့်နင့် တောင်းပန်မိသည်။

"ဟိုတစ်နေ့ကလည်းလေ၊ ကိုကြီးရင်ဘတ်ပေါ်က ပန်းလေး တစ်ပွင့်ကို ယော အိမ်အထိယူလာပါတယ်၊ လမ်းမှာစကား မပြောရဘူးဆိုလို့လည်း ယော ဘာစကားတစ်ခွန်းမှမပြော ခဲ့ပါဘူး၊ အဲဒီပန်းကလေးကိုလည်း ယော ယွန်းဘူးလေးထဲ သိမ်းထားတယ် ...

"ကိုကြီး ဆုံးပြီဆိုတဲ့ နေ့ကတည်းက အိမ်ရှေ့မှာ ပြင်ထားတဲ့ ကိုကြီးဓာတ်ပုံရှေ့က နေ့တိုင်းလဲတဲ့ ပန်းလေး



www.burmeseclassic.com

www.burmeseclassic.com



တွေရော၊ အမွှေးတိုင်က ပြာကလေးတွေပါမကျန် ယော အားလုံးစုပြီး နေ့တိုင်းသိမ်းထားတယ် ကိုကြီး၊ နောက် ... ယော ဘာလုပ်ရဦးမလဲဟင်၊ ဘာလုပ်ရင် ကိုကြီးနဲ့ ခုလို ထပ်တွေ့ခွင့်ရနိုင်မလဲ ကိုကြီးရယ်"

ယောသည် တသိမ့်သိမ့် ရှိုက်ငိုရင်း တတွတ်တွတ် တဖွဖွ စကားဆိုနေမိပါသည်။ ဘာမဆို လုပ်မှာပါ။ ကိုကြီးကို သာ ခုလို ထပ်တွေ့နေရမယ် ဆိုရင် ယော ဘာကိုပဲလုပ်ရလုပ်ရ ပါ။

"မနက်ဖြန် တစ်ပတ်ပြည့်ပြီ ယောလေး၊ ရက်လည်နေ့ပဲ"

"........."

"ကိုယ်လည်း ယောလေးဆီ အမြဲလာနိုင်ချင်တယ်"

ယောက ကျိတ်ကာရှိုက်ရင်း ...

"ယော ဘာလုပ်ရမလဲ ကိုကြီး၊ ယောဆီမလာတော့ဘဲ မနေလိုက်ပါနဲ့"

"နက်ဖြန်ကျရင်လေ ရေစက်ကိုလည်း အကုန်မချပါနဲ့၊ ရေစက်ခွက်ကိုလည်း မသွန်ပါနဲ့၊ ကိုယ့်ကို အမျှလည်း ယောနှုတ်က မဝေပါနဲ့၊ ကိုယ်လည်း သာဓု မခေါ်ဘူး ယောလေး"

"ကောင်းပါ့မလား ကိုကြီးရယ်၊ ကိုကြီးကို ရက်စက်မိသလို ဖြစ်မှာလား၊ ကိုကြီးအတွက် ... ကိုကြီးအတွက် ဘဝအကူး ကောင်းပါ့မလား"





ယော ... ပင်ပန်းမောဟိုက်ကာ တသိမ့်သိမ့်ငိုသည်။ ကိုကြီး ပါးပြင်ပေါ် မျက်ရည်စီးကျလာတာ မြင်ရတဲ့အခါ ရင် တွေပိုပြီး နာကျင်သည်။

"ဘဝမကူးချင်ပါဘူး၊ ဘယ်လိုပဲ နေရနေရ ကိုယ်နေချင် ပါတယ်"

"နေပါနော် ကိုကြီး ... နေပါနော်"

ယောက ထူးမှူး ပါးပြင်ပေါ်မှ မျက်ရည်စတို့ကို သူ့လက်ဖဝါးလေးနှင့် လှမ်းသုတ်ပေးလိုက်ပါသည်။ ပြီးတော့ ကိုယ့်လက်ဖဝါးလေးကိုယ် ပြန်ကြည့်မိသည်။ ဒီမှာလေ ... မျက် ရည်စတွေ စိုစွတ်ပေကျံလို့။ အဲဒါ အစစ်ပေါ့။ ကိုကြီး တကယ် ရောက်လာပြီး တကယ် မျက်ရည်ကျခဲ့တာ အစစ်မို့ပေါ့။

"ကိုယ် သွားတော့မယ် ယောလေး"

"ဟင် ... နေပါဦး ကိုကြီး၊ ခဏနေပါဦး"

"ကိုယ် သွားတော့မယ်နော်၊ နောက်တော့ ကိုယ်လာဦးမှာ ပါ၊ ယောလေးကို ကိုယ် သိပ်ချစ်တယ်"

"ကိုကြီး ... ကိုကြီး ... နေဦး ကိုကြီး၊ မတူးမာ ... မတူးမာ... ထပါဦး"

ယောရဲ့ အာခေါင်ခြစ်အော်သံကြောင့် မတူးမာ အလန့်တကြားနိုးကာ လူးလဲထလိုက်လျှင် ခုတင်ပေါ်ထိုင်လျက် သား မျက်ရည်လည်ရွဲနှင့် ယောကို ညအိပ်မီးထဲ တွေ့လိုက်ရ၍ ခန်းကတန်း မီးချောင်းထဖွင့်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မတူးမာ ... မတူးမာ"

"ယော ... ယော ... ဘာဖြစ်လဲဟင်၊ ဘာဖြစ်လို့လဲ"

ယောက လက်ဖဝါးလေးတစ်ဖက် ဖြန့်ထားလျက် ပုံစံနှင့် ...

"ကိုကြီးလေ မတူးမာ၊ ကိုကြီး လာသွားတယ်"

"ဟင် ... ယော ... ယော၊ အဲလိုတွေ မပြောပါနဲ့ ယော ရယ်၊ ငါ ဝမ်းနည်းလွန်းလို့ပါ၊ ယောလေး အိပ်မက်,မက် နေတာ၊ ရေလေးသောက်လိုက်နော် ... ရော့ ... ရော့"

မတူးမာက ခုတင်နံဘေးစားပွဲပုံမှ ရေပုလင်းရေဖန် ခွက်ယူကာ ရေထည့်လိုက်ပြီး ယောကို တိုက်ရန်အတွက် ခုတင် ပေါ်တက်ဖို့ပြင်သည်။

"မတက်နဲ့ဦး"

ယော အော်လိုက်၍ လန့်ကာ ကြောင်နန ရပ်နေ ပါသည်။ ယောက မွေ့ရာရဲ့အစွန်းတစ်ဖက်ကို လက်ညှိုးညွှန် လိုက်ရင်း ...

"ဒီမှာလေ ... ကြည့်လေ၊ ဒီနေရာ တွန့်ကြေနေတာမြင် တယ် မဟုတ်လား၊ အဲဒါ ကိုကြီး ထိုင်သွားတာလေ မတူးမာ၊ ယော အိပ်တာ ဒီဘက်မှာလေ၊ အဲဒီဘက်မှာ တွန့်ကြေစရာ မလိုဘူးလေ၊ မတွေ့ဘူးလား၊ ယုံပြီလား"

"ယောလေး"

ရေဖန်ခွက်ကိုင်ထားရင်း မတူးမာ မျက်ရည်ပေါက် ခနဲ ပေါက်ခနဲ ကျရပါသည်။ ရင်တွေလည်း နာလှပါသည်။





"ဒီမှာ ကြည့်စမ်း ... လက်ဖဝါးမှာ မျက်ရည်တွေ တွေ့ လား၊ အဲဒါ ယောရဲ့မျက်ရည် မဟုတ်ဘူး မတူးမာရဲ့၊ ကိုကြီးပါးပေါ်က ယောသုတ်လိုက်တာ၊ ဒီမှာ စိုနေတာ အစစ်တွေ့တယ် မဟုတ်လား"

"ယောရယ် ... အေးပါကွယ်၊ ရေလေးနည်းနည်းလေး သောက်လိုက်နော် ညီမလေး၊ ပြီးရင် ပြန်လှဲလိုက်၊ ပြန် အိပ်လိုက်၊ မိုးမလင်းသေးဘူး ယောရဲ့၊ အိပ်လိုက်ပါဦး နော်၊ မနက်ကျ စောစောပြန်ထရဦးမယ်လေ"

အင်း ... ဟုတ်တယ်။ ဘုန်းဘုန်းတို့ ကြွလာမယ် လေ။ ယော လိုက်လည်းမဆိုပါဘူး။ အမျှလည်းမဝေ သာဓုလည်း ခေါ်ပါဘူး။ ရေစက်လည်း အကုန်မချပါဘူး၊ သွန်လည်းမပစ် ပါဘူး ... စိတ်ချပါ ကိုကြီးရယ်။



www.burmeseclassic.com

www.burmeseclassic.com

## ၁၀

ဘိုသက်ရဲ့ကား ဝင်လာ၍ တိုးလတ်က ဝရန်တာ
မှ လှမ်းမြင်ကာ အောက်ကိုဆင်းလာခဲ့ပါသည်။ မနေ့က ဘိုသက်
ပြန်ရောက်လာကြောင်း သိသည်။ တိုးလတ်ကတော့ ခုတလော
ဘယ်မှမထွက်ဖြစ်ဘဲ အိမ်ကပ်နေပါသည်။ အိမ်မှာ တစ်နေ့တစ်နေ
ဟိုဘက်ခြံရဲ့ အရိပ်အကဲကိုခတ်လိုက်။ ခြံထဲဆင်းကာ မတူးဓ
အရိပ်အယောင်မြင်လျှင် လှမ်းခေါ်ပြီး ယောရဲ့အခြေအနေသတင်း
စကားမေးလိုက်။ ကျော်လင်းဇံကို တွေ့လျှင် ဟိုဘက်ကူးသွား
လိုက်ပြီး စကားစမြည် အာလာပသလ္လာပ ပြောလိုက်။

ဘယ်မှလဲ သွားချင်စိတ်မရှိ။ အိမ်မှာပဲ မြဲနေပါသည်။

"ဟော့ကောင် ... ငါ့ဆီ သက်သက်လာတာလား"

"မဟုတ်ဘူးကွ တိုးလတ်၊ ငါ ကားဂိတ်ကို ပစ္စည်းပို့စ
စရာရှိလို့ ထွက်လာရင်း မှင်းဆီခဏဝင်တာ"





"ကိစ္စရှိလား"

"အေး ... ဒီမှာ လာကြည့်စမ်း"

ဘိုသက်က ကားပေါ်ကဆင်းပြီး တစ်ဖက်ကိုကွေ့
လျှောက်ကာ သူ့နံဘေးခုံဘက်ကတံခါး သွားဆွဲဖွင့်၍ ရှေ့က
ဒက်ရှ်ဘုတ်ကို ဆွဲဖွင့်လိုက်ပါသည်။ နောက်ကလိုက်လာသော
တိုးလတ်က ဒက်ရှ်ဘုတ်ထဲ ဘာများလဲလို့ စူးစူးစမ်းစမ်း လှမ်း
ကြည့်သည်။

"ငါ ဒီမနက်မှတွေ့တာ၊ ဒီထိုင်ခုံ Seat ကို ရှေ့နည်းနည်း
ရောက်နေလို့ ငါ နောက်ဆုတ်ရင်း ဒီဖုန်းလေး ထွက်လာ
တာ"

တိုးလတ်က မျက်ခုံးပင့်သွားရရင်း ဖုန်းလေးကို
သိမ်းယူလိုက်ပါသည်။ ဘိုသက်ကတော့ တွေ့တုန်းကသာ မဖြစ်
နေ ကောက်ထည့်ထားလိုက်ရပုံနှင့် အခုတော့ ကိုင်ချင်ပုံပင်မရ။
မျက်နှာကလည်း စိတ်မသက်မသာ ဖြစ်နေသည်။

"ဒါ ... ဒါ ..."

တိုးလတ် စကားထစ်ငေါ့ နှုတ်ဆွံ့နေပါသည်။

"အေး ... ငါ မန္တလေးရောက်တော့ ကားကို သန့်ရှင်းရေး
တော့ လုပ်တယ်၊ ဒါပေမဲ့ အကြမ်းပဲပေါ့ကွာ၊ ရန်ကုန်ကျ
မှပဲ သေချာဆေးကြောသန့်ရှင်းမလို့၊ အခုလည်း ကားဂိတ်
ကပြီးရင် ငါ ကားရေးဆေးတဲ့ဆီဝင်ပြီး သေချာသန့်ရှင်း
မလို့ပဲ၊ မနက်ကတွေ့တော့ ပထမ မန္တလေးအိမ်က အမျိုး



www.burmeseclassic.com

www.burmeseclassic.com



တွေဟာ ထင်တာ၊ ဖုန်းတောင်လှမ်းဆက်မေးလိုက်သေး တယ်၊ တစ်ယောက်မှ ဖုန်းမပျောက်ဘူးဆိုတာ သိတော့ ဒိန်းခနဲ တွေးမိပြီး မင်းဆီလာတာ ...

ဖုန်းက ချာဂျင်ကုန်သွားလို့ထင်တယ်၊ ပါဝါအော့ ဖြစ်နေတယ်"

တိုးလတ်က Samsung S3 ဖုန်းလေးကို ကိုင်က စဉ်းစားနေမိပါသည်။ စဉ်းစားနေဖို့တောင် သိပ်မလိုပါဘူး။ ဟိုည က ကားထဲ အလင်းရောင်မသဲမကွဲမှာ နောက်ဘက်ခန်းထဲ ဖြ သလို အထာမကျပါလာတဲ့ ကိုထူးမှူးရဲ့အပေါ်ထပ်ဝတ် ဂျက်ကက် အင်္ကျီအိတ်ထဲကနေ သော့တွဲလို၊ ဖုန်းမှတ်စုစာအုပ်လို၊ ဘောလ် ပင်လို တိုလီထွာလီပစ္စည်းလေးတွေ တစ်ခုပြီးတစ်ခု အခန့်မသင့် ထွက်ကျလာတာတွေကို ကောက်ကောက်ပြီး သူပဲစုထားတာ ပလတ်စတစ်အိတ်လေးတစ်လုံး ဆေးရုံရောက်မှတောင်ပြီး စုထည် ထားတာပါ။

ဖုန်းနံပါတ်တွေကအစ Note အတိုအထွာလေးတွေ ပါ ရေးမှတ်ထားတဲ့ မှတ်စုလေးထဲကပဲ ဖုန်းနံပါတ်တွေ လိုက် ကြည့်ရင်း ဆက်သင့်တဲ့ ဖုန်းနံပါတ်တချို့ သူ တွေ့ခဲ့တာပါ။ ယောခင်ဖဲ ဟန်းဒ်ဖုန်း၊ အိမ်ဖုန်း၊ သူ့ယောက်ဖဖုန်း၊ ညီမဖုန်း အဒေါ်တွေ ဆွေမျိုးတွေဖုန်း၊ ရုံးဝန်ထမ်းတွေဖုန်းတွေက အ ဌာနဆိုင်ရာ လုပ်ငန်းဆက်စပ်သူတွေရဲ့ ဖုန်းတွေပါ မှတ်စုလေး ထဲမှာရှိသည်။





ယောခင်ဖဲဖုန်းကိုတော့ သူ ဆက်ဖို့ပယ်သည်။ ယောက်ဖလို့ မှတ်ထားတဲ့ ဖုန်းကိုလည်း ဟိုမှာ သူ့ဒုက္ခ သူ့ သောကနဲ့လို့ သိထား၍ ချက်ချင်းမဆက်ပါ။ အမျိုးတွေဖုန်းဆို တာလည်း အဲဒီတုန်းက အမျိုးတွေ ဘယ်သူလဲ တိုးလတ် သိတာ မဟုတ်၍ မဆက်ဖြစ်ပါ။ အရင်ဦးဆုံးဆက်တာက ကိုညိုထွန်း ဖုန်း။ ကိုညိုထွန်းဆိုတဲ့ နာမည်ကတော့ ငွေပေးငွေယူ နုတ်စ်လေး တွေ မှတ်ချက်လေးတွေမှာပါ ခဏခဏ နာမည်ပါနေကာတွေ့ ၍ ဖတ်ကြည့်မှန်းဆပြီး သူ့ဝန်ထမ်း မန်နေဂျာ ဖြစ်နိုင်တယ်လို့ ကိုယ့်ဟာကိုယ် ယူဆပြီး ဆက်သွယ်လိုက်တာပါ။

ဖုန်းရတဲ့ မနက်လေးနာရီမှာပဲ ကိုညိုထွန်းက ကားနဲ့ ချက်ချင်းထွက်လာပါသည်။ ကိုထူးမှူး ရုပ်လောင်းကိုတွေ့ တော့ ကိုညိုထွန်းက ချုံးပွဲချငိုသည်။ ဆရာသမားကို ချစ်ပုံရပါ သည်။

သူလည်း ထူပူနေကာ တိုးလတ် အပ်တဲ့ပစ္စည်းတွေ သာ လက်ခံထားပါသည်။

မနက် ငါးနာရီခွဲလောက်မှာတော့ တိုးလတ်က ရန်ကုန်အိမ် မာမီ့ဆီဆက်သည်။ မာမီက စောစောထတတ်သည် လေ။ ယောခင်ဖဲကို တိုက်ရိုက်ချက်ချင်း အသိပေးဖို့ထက် လူကြီး သူမ အုပ်ထိန်းသူ စသဖြင့် သင့်တော်သူကတစ်ဆင့် အသိပေးဖို့ လည်း မာမီ့ကို မှာပါသည်။ အဲဒီနောက်မှ ယောက်ဖဖြစ်သူထံ ဆက်သည်။ ထိုအချိန်မှာ ကိုထူးမှူးညီမက ကလေးမီးဖွားပြီးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်ဟု သိရပါသည်။ ဖနီးနဲ့ကလေး ကျန်းမာရေးအခြေအနေ စိတ်ချရတာမို့ ယောက်ဖဖြစ်သူ ကိုအာကာကလည်း ဖြူးဆေးရုံကို ရောက်ချလာပါသည်။

ကားနဲ့ပတ်သက်တဲ့ ကိစ္စဝိစ္စ ရဲအရေးကိစ္စတို့ကို ကိုအာကာက ဆောင်ရွက်ကာ ကျန်ရစ်ခဲ့ပြီး တိုးလတ်နှင့် ကိုညိုထွန်းက ကိုထူးမှူး ရုပ်အလောင်း ရန်ကုန်ပြန်ရောက်ဖို့ စီစဉ်သယ်ယူလာခဲ့ကြရတာပါ။

ရန်ကုန်ရောက်မှပဲ ကိုညိုထွန်းက သူ့ဆရာ ရဲ့ဖုန်း ပျောက်နေတာ သတိတရ ပြောပါသည်။ သို့ပေမဲ့ အခင်းဖြစ်တဲ့ နေရာ အနီးဝန်းကျင်မှာပဲ ကျိုးပဲ့ကြွေမွ ပျောက်ကျန်ရစ်လိမ့်မည် လို့လည်း နှစ်ယောက်လုံး ယူဆလိုက်ခဲ့မိတာ။

"အင်း ... သူ့ဖုန်းပဲ ဖြစ်မှာပါ"

"အေး ... မင်းပဲ ယူထားလိုက်တော့လေ၊ မင်းပဲ ပြန်ပေး လိုက်ပေါ့"

"အေးပေါ့ ... ငါ ချာဂျင်သွင်းပြီး စစ်ကြည့်လိုက်ပါဦး မယ်၊ သေချာမှ ပေးလိုက်မယ်၊ ထားခဲ့လေ"

"အေး ... ဒါဆို ငါသွားပြီ"

တိုးလတ် အိမ်ပေါ်ပြန်တက်လာကာ ဖုန်းကို ဘက် ထရီ အားသွင်းထားလိုက်ပါသည်။ အားသွင်းနေစဉ်မှာပဲ ဖုန်းကို ပြန်ဖွင့်ပြီး Contact list ကို စစ်ကြည့်တော့ မှတ်စုစာအုပ်လေးမှာ သူတွေ့တဲ့လူတွေ နံပါတ်တွေပင်။ ကိုထူးမှူးရဲ့ဖုန်း သေချာပြီပေါ့။





Call list ကိုကြည့်တော့ နောက်ဆုံးခေါ်ထားတာသည် ယောခင်ဇံ ဖုန်းနံပါတ်တွေ။ နောက်ဆုံးခေါ်ထားတဲ့အချိန်က ညနှစ်နာရီမခွဲ ခင်အချိန်တွေပင်။

ဖြစ်မှဖြစ်ရလေ။ ရင်နာဖို့ကောင်းလှပါသည်။ သူ သေခင်လေး သတိငွေ့ငွေ့ ရှိနေတုန်းလေး ကယောင်ကတမ်းနှင့် ပဲ ယောခင်ဇံကို တမ်းတမ်းတတ ကြိုးစားခေါ်လေသလား။ ဒါမှ မဟုတ် ညဦးကခေါ်ထားတဲ့ နောက်ဆုံးလူဟာလည်း ယောခင်ဇံ မို့ နောက်ဆုံး Call ကို မတော်တဆ နှိပ်ခဲ့မိတာပဲလား။

"ကလင်"

သူ ကြည့်နေဆဲ ကလင်ခနဲ စာဝင်သံမြည်လာ၍ တိုးလတ်သည် အမှတ်တမဲ့ ယောင်ယမ်းလန့်ဖျပ်သွားကာ ဖုန်း ဆောင် လွှတ်ကျသွားရသည်။ ချက်ချင်းပင် ကမန်းကတန်း ကောက်ယူပြီး ဝင်လာတဲ့ Message ကို ဖွင့်ကြည့်လိုက်ပါသည်။

"ကိုကြီး ...

ယောဆီ ဖုန်းတစ်ခါလောက် ဆက်လိုက်ပါလား ကိုကြီးရယ်"

"ဟာကွာ"

တိုးလတ်သည် ရင်တွေနင့်ကာ မချိတရိ ရေရွတ်မိ ပါသည်။ စာပို့လိုက်တာ ခုချက်ချင်း အချိန်မှာပင်။ တိုးလတ်က ပါဝါကိုပြန်ပိတ်ထားလိုက်ပါသည်။ မတော်တဆ ဖုန်းလှမ်းခေါ် လိုက်လို့ ဝင်သွားရင် ကောင်မလေး ရူးများသွားလေမလားလို့ပါ



www.burmeseclassic.com

www.burmeseclassic.com



ပင်။ မြန်မာစာနှင့်ပဲ ရိုက်ထားတဲ့ Message လေးက တိုးလတ်မျက်လုံးထဲက မထွက်တော့ဘဲ သူ ငိုင်မှိုင်နေမိသည်။

မနေ့တစ်နေ့ကပဲ ဟိုဘက်ခြံထဲမှာ သူနှင့် ကိုကျော်လင်းဓဲ စကားခဏ ထိုင်ပြောဖြစ်ခဲ့ပါသေးသည်။ ကျော်လင်းဓံက သူ့ညီမဖြစ်သူရဲ့ ကယောင်ကတမ်း အစွဲအလမ်းတွေကို ပြောပြညည်းညူခဲ့ပါသည်။ ဒါဟာလည်း တိုးလတ်ဟာ တစ်ဖက်ခြံက အိမ်နီးနားချင်း ဆိုတာထက် ဆရာဝန်တစ်ယောက်ဆိုတာထက် ကိုထူးမှူးကို ပထမဆုံး မြင်တွေ့ကယ်တင်တဲ့သူ၊ ဆေးရုံပို့တဲ့သူ၊ တိုးလတ်လက်ထဲ ထူးမှူး ဆုံးသွားတာဆိုတဲ့ ထဲထဲဝင်ဝင် ပတ်သက်မှုတွေကြောင့် မမျှော်လင့်ဘဲ ဒီကိစ္စတွေ ဖွင့်ဟတိုင်ပင် ရင်ဖွင့်လို့ရတဲ့ လူရင်းလို ဖြစ်သွားခဲ့တာကြောင့်သာပင်။

ဖုန်းရုံးမှာ ဖုန်းသွားပိတ်ဖို့ သူ ပြောမိတဲ့အတွက် ယောခင်ဓဲက အတိုက်အခံ အပြင်းအထန် ကန့်ကွက်ပြီး သူနှင့် နာနာကြည်းကြည်း ရန်ဖြစ်တဲ့အကြောင်းကို ကျော်လင်းဓံက ရင်ဖွင့်ပြောပြခဲ့တာပါ။

"ထားလိုက်ပါ အစ်ကိုရာ၊ ဖုန်းကလည်း ကြွေးမွပြီး တစ်စေ့စိဖြစ်နေနိုင်လောက်ပါပြီ။ အလုံးလိုက်ရှိနေရင် တစ်ယောက်မဟုတ်တစ်ယောက် ကောက်တွေ့ရမှာပေါ့၊ ကြွေးမွနေရင်တော့လည်း ရုံးမှာ နံပါတ်ပိတ်တာ မပိတ်တာ ဘာမှမထူးလောက်တော့ပါဘူး၊ ဘယ်သူကမှလဲ ဒီနံပါတ်နဲ့ ကတ်သင်





သွားထုတ်ပြီး သုံးနေမှာမှ မဟုတ်တာ၊ ယောခင်ဓဲ စိတ်ချမ်းသာပါစေ၊ သူ့ကို အတိုက်အခံ မလုပ်ပါနဲ့ ...

သူ့ပုံစံက အေးစက်တည်ငြိမ်နေသလိုလိုနဲ့ အတွင်းကြေ ကြိတ်ကြေနေတဲ့ပုံ ပေါက်နေတယ်ဗျ၊ စိတ်ဒဏ်ရာရနေတာပါ၊ အလိုက်အထိုက် ချော့မော့ဆက်ဆံထားပါဦး၊ သူ့မျက်လုံးလေးတွေကလည်း အားငယ်ချောက်ချားပြီး အစိုးမရဘူး၊ အချိန်က သိပ်တိုသေးတော့ တစ်ခုခုဖြစ်သွားမှာမျိုး စိုးရိမ်ရပါတယ်"

"ဟုတ်ပါတယ်၊ ကိုတိုးလတ် ပြောတာ မှန်တယ်၊ ဖုန်းနံပါတ်လည်း သွားပိတ်မနေတော့ပါဘူး၊ ဒီတိုင်းပဲ ထားလိုက်ပါတော့မယ်"

ကျော်လင်းဓံနှင့် ပြောခဲ့သော စကားတွေကို ပြန်အမှတ်ရကာ တိုးလတ် အတန်ကြာ ငိုင်နေမိသည်။ အဲဒီနောက် တိုးလတ်က ပြတင်းပေါက်ကို ထလျှောက်လာကာ တစ်ဖက်အိမ်ကလေးကို ငုံ့ကြည့်လိုက်ပါသည်။ သူ့အခန်းဆီကကြည့်လျှင် မြင်နေရတဲ့ အိမ်လေးရဲ့တစ်ဖက်ခြမ်းမှာ ယောခင်ဓဲရဲ့အခန်းလို့ မတ်မာထံက သိခွင့်ရထားတဲ့အခန်းနှင့် ထမင်းစားခန်းတို့ကို မြင်ရနိုင်သည်။ တစ်ခြမ်းကွေ့ပတ်ထားတဲ့ ဝရန်တာပတ်လည်လေးကိုလည်း မြင်ရသည်။

ပြတင်းပေါက်မှာ ရပ်ကြည့်လိုက်မိပြီးသည်နှင့် ချက်ချင်းပင် တိုးလတ်က ဖျတ်ခနဲ သူ့ကိုယ်ကို ကွယ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အိပ်ခန်းကနေ ဝရန်တာလေးဆီထွက်တဲ့ တံခါးချပ်က ပွင့်နေပြီး ထိုတံခါးပေါက်ဝနားမှာပင် ယောခင်ဖဲက ဒီဘက်ကိုလှည့်လျက် ရှိနေလို့ပင်။

ဓာခန်းဆီး ညိုမှိုင်းမှိုင်းတွေ အရှည်လိုက် ဘေးကပ်ထားတဲ့ ထိုတံခါးဝနားမှာပင် လှုပ်ကုလားထိုင် Rocking Chair လေးတစ်လုံး ချထားပါသည်။ ထိုကုလားထိုင်လေးဟာ ထူးမှုး ထိုင်နေကျ ကုလားထိုင်ဆိုတာလည်း မတူးမာထံက သူသိရပြီးပါပြီ။ ထိုကုလားထိုင်မှာ ယောခင်ဖဲက ထိုင်နေသည်။ ခုံကလေးကို ရှေ့ငင်နောက်ငင် တလှုပ်လှုပ်နဲ့ရင်း လက်ထဲက တစ်စုံတစ်ရာကို အာရုံစိုက်နေသည်။

ယောခင်ဖဲ လက်ထဲက တစ်စုံတစ်ရာဟာ ဟဲန်းဒ်ဖုန်းလေးတစ်လုံးပဲ။ Message တွေ ထပ်ထပ်ပို့နေလေသေးသလား မသိပါ။ ဒါမှမဟုတ် တစ်ဖက်မှ Message ပြန်အလာကိုများ စောင့်နေလေတာလား။ ယောခင်ဖဲက ဖုန်းကိုကြည့်နေရာမှ သူမရဲ့ရင်ဘတ်ပေါ် အပ်လိုက်ပြီး မျက်တောင်အစုံကို မှေးပိတ်ချကာ နှုတ်ကတတွတ်တွတ် တလှုပ်လှုပ်ပြုရင်း ငြိမ်နေပါသည်။

စကားတွေပဲ ပြောနေတာလား။ တောင်းဆုတစ်ခုခုပဲ ပြုနေတာလား။ ဘာမှန်းမသိနိုင်ပေမယ့် နှုတ်ခမ်းကလေးသာ တလှုပ်လှုပ် တရွရွ ဖြစ်နေတာကိုတော့ တိုးလတ် ခပ်ကွယ်ကွယ်နှင့် မြင်နေရပါသည်။ ဖြစ်မှဖြစ်ရလေ ယောခင်ဖဲရယ်။ စိတ်မကောင်းစရာ ကောင်းလိုက်တာ။ တိုးလတ် သက်ပြင်းချကာ ကိုယ့်





အခန်းထဲမှာ လှည့်ပတ်လျှောက်ရင်း တစ်စုံတစ်ရာကို အတွေးနက်နက် စဉ်းစားနေမိပါသည်။

အဲဒီနောက်တော့ ခြံထဲကို ဆင်းလာခဲ့ကာ ထမင်းစားခန်းနှင့် မလှမ်းမကမ်း ခြံစည်းရိုးနားမှာ ယောင်လည်လည် လုပ်နေမိဆဲ၊ ထမင်းစားခန်းရဲ့ဘေးတံခါးကနေ ဝရန်တာလေးဘက်သို့ မတူးမာ ထွက်လာသည်။ လက်သုတ်ပဝါလေးတွေ ရေလျှော်ကာ ချိတ်ဆွဲလှမ်းထားသော အဝတ်လှမ်းချိတ် အဝိုင်းလေးကို ဝရန်တာမှာ နေထွက်လှန်းတာဖြစ်သည်။

"မတူးမာ"

"သြော် ... ကိုတိုးလတ်"

မတူးမာက အပြင်ထွက်ကာ ခြံစည်းရိုးနားကပ်လာပါသည်။

"ယောကတောင် ပြောနေတယ်၊ ကိုတိုးလတ်နဲ့ စကားပြောချင်တယ်တဲ့"

"ဟင် ... ဘာပြောမလို့လဲ"

"ဟို ... ဟိုညက အစ်ကိုထူးကို ဘယ်လိုတွေ့တာ မြင်တာ အဖြစ်အပျက်တွေ အသေးစိတ် သူ သိချင်တယ်တဲ့"

"ဟာ ... မတူးမာကလည်း ဘယ်ဖြစ်မလဲ၊ ဒါတွေနားထောင်ရလို့ သူ ဘာအကျိုးရှိလဲ၊ စိတ်ထိခိုက်စရာပဲ ရှိတဲ့ဟာကို၊ ကျွန်တော်လည်း မပြောချင်ပါဘူး၊ မမေးပါနဲ့ဆိုတာ ယောခင်ဖဲကို တားလေဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"တားပါတယ်၊ ကိုကျော်လည်းပဲ တားတာပဲ၊ မမေးရဘူးတဲ့၊ ဒါပေမဲ့ ယောလေးက ရှင့်ကို သိပ်တွေ့ချင်တယ် ကိုတိုးလတ်ရဲ့၊ ရှင်နဲ့စကားတွေပြောချင်တယ်လို့ ကျွန်မကို ခဏခဏပူဆာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ရှင်က အစ်ကိုထူးနဲ့ နောက်ဆုံးတွေ့ခဲ့ရတဲ့သူလေ"

"ဟာ ... ဟင့်အင်း၊ ကျွန်တော် လာမတွေ့ဘူး၊ တော်ကြာ မဟုတ်က ဟုတ်ကတွေ ဗွတ်တရွတ် မေးနေလိမ့်မယ်"

"တွေ့တော့ တွေ့လိုက်ပါ ကိုတိုးလတ်ရယ်၊ ဒီရက်တွေအတွင်း ရှင်နဲ့ ယောနဲ့ စကားတစ်ခွန်း နှစ်ခွန်းတော့ ပြောဖြစ်ပေမယ့် ကိစ္စဝိစ္စတွေနဲ့ ရှုပ်နေတာ မဟုတ်လား၊ သေသေချာချာ စကားမပြောဖူးသေးတော့ ယောက ရှင်နဲ့ စကားထိုင်ပြောချင်နေတာ၊ မဟုတ်တာတွေ မမေးဖို့ ကျွန်မ ပြောထားပါ့မယ်၊ ယောကတော့ အစ်ကိုထူးနဲ့ နောက်ဆုံးဆုံတွေ့ခဲ့တဲ့လူဆိုတဲ့ အသိတစ်ခုနဲ့တင် ရှင့်ကို စိတ်ဝင်တစား ဖြစ်နေတာ၊ တစ်ခါတလေများ အိပ်ခန်းပြတင်းပေါက် ထမင်းစားခန်းပြတင်းပေါက်ကနေ ကိုတိုးလတ်တို့အိမ်ဘက် တိတ်တိတ်လေး ချောင်းနေတတ်တာ၊ ရှင့်ကို တွေ့မလားလို့"

တိုးလတ်က စိတ်ကျဉ်းကျပ်သွားရပါသည်။

"သူ စိတ်ပုံမှန် ဖြေသိမ့်နိုင်ရဲ့လား"





မတူးမာက မျက်ခုံးရှုံ့ကာ တွေးတွေးငေးငေးနှင့် ...

"တစ်မျိုးပဲ ကျွန်မလည်း မပြောတတ်ဘူး၊ သူထင်ချင်တာကို ထင်နေတာ"

"ဘာကိုထင်တာလဲ"

"ဥပမာပေါ့ ... ကျွန်မ ဒါတွေပြောမှန်း ဘယ်သူမှမပြောနဲ့နော်၊ ဥပမာ တစ်ခါတလေ ညဘက် သူ့ဆီ အစ်ကိုထူးလာတယ်ဆိုတာမျိုး၊ အစ်ကိုထူးကို သူ ဖျတ်ခနဲ မြင်လိုက်တယ် ပျောက်သွားတယ် ဆိုတာမျိုး၊ အဲဒါတွေပေါ့၊ ကျွန်မလည်း ဘယ်လိုပြောရမလဲတောင် မသိဘူး၊ ယောလေး လုပ်ကြံမပြောဘူးဆိုတာတော့ သေချာပါတယ်၊ သူထင်နေတာလား၊ ဒါမှမဟုတ် ယောက အိပ်မက်,မက်ပြီး ယောင်ယမ်း လမ်းလျှောက်တာမျိုး ရောဂါလည်းရှိတော့ အဲလိုစိတ်စွဲမိရာ အိပ်မက်,မက်ပြီး တကယ်ဖြစ်တယ် ထင်နေတာလား၊ ဒါမှမဟုတ်လည်း တကယ်ပဲ"

"မတူးမာ"

"........."

"ခင်ဗျား ယောခင်ဇံကို သေချာဂရုစိုက်ပါဗျာ၊ ခင်ဗျားက ဂရုစိုက်မှာပါ၊ ခင်ဗျား ယောခင်ဇံကိုချစ်တာ ကျွန်တော်သေချာသိတယ်၊ ဒါပေမဲ့ ကျွန်တော်ဆိုလိုတာက ပုံမှန်ထက်ပိုပြီး ဂရုစိုက်စောင့်ကြည့်ပြီး ထူးခြားတာရှိရင် သူ့အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



တို့ အခေါ်တို့ အဘွားတို့ကို ပြောဖြစ်အောင် ပြောပြပါ၊ အသေးအဖွဲ့ကအစပေါ့၊ ခင်ဗျားက အရေးမကြီးဘူးထင်တဲ့ အသေးအဖွဲ့ အဖြစ်အပျက် အပြုအမူလေးကလည်း သူ့ အတွက် အရေးကြီးတဲ့လက္ခဏာ ဖြစ်ချင်ဖြစ်နေမှာမို့ပါ"

"ခက်တာက သူတို့က ကျွန်မ အဲဒါမျိုးတွေ ပြောရင် မကြိုက်ဘူးရှင့်၊ အဲဒါကြောင့် မပြောရဲဘူး"

"ဒါဖြင့် ကျွန်တော့်ကိုပြောပါ"

"ရှင်ကကော ဒီလိုဟာမျိုးတွေ အယုံအကြည်ရှိလို့လား ကိုတိုးလတ်ရယ်"

"ဘယ်လိုဟာမျိုးတွေလဲ"

"ဥပမာ ... ခုဆိုရင်လေ ယောက သူ့ကို အစ်ကိုထူးက ဆက်သွယ်လိမ့်မယ်လို့ အသိပေးထားတယ်ဆိုတာမျိုး ပြောတယ်၊ ဒီတစ်ရက် နှစ်ရက်ကို သူ့ဖုန်းကို လက်ကမချဘူး၊ အစ်ကိုထူးဆီက ဖုန်းခေါ်မယ် စာလာမယ် ထင်နေတာ ထင်နေတာ မဟုတ်ဘူး၊ ယုံကြည်စိတ်ချပြီး စောင့်နေတာ ဘယ်လောက် မျှော်လင့်တကြီး ဖြစ်နေလဲ ကျွန်မပဲသိတာ ကိုကျော်တောင် မသိဘူး၊ မျှော်လင့်ရင်း မျှော်လင့်ရင်း တကယ်ဖြစ်မလာရင် ယောလေး ရူးသွားမလားတောင် စိုးရိမ်မိတယ်"

တိုးလတ်တောင် ရူးချင်လာပါသည်။





"ဒါဟာ မဖြစ်နိုင်ဘူးဆိုတာ ခင်ဗျားက ချော့မော့နားချပေးရမှာပေါ့"

"ပြောတော့ ပြောတာပဲ၊ သူက အတည်ကြီး ယုံကြည်မျှော်လင့်နေတော့ မပြောရက်တော့တဲ့အပြင် တကယ်များလာလေ မလားတောင် ကျွန်မပါ ဝိုင်းပြီးမျှော်နေမိတော့တာပဲ ကိုတိုးလတ်ရယ်"

"မတူးမာ ... မတူးမာ ဘယ်ရောက်နေလဲ၊ ယော ဗိုက်ဆာပြီ"

အိမ်ဘက်ဆီမှ လွင့်ပျံ့လာတဲ့ ကရုဏာသက်ဖွယ် အသံသာသာလေးကြောင့် တိုးလတ်က ဆတ်ခနဲပင် ပုန်းရှိုးထိုင်နေလိုက်မိပါသည်။ ယောခင်ဗျနဲ့ စကားပြောရမှာ မေးခွန်းတွေ အထုတ်ခံရမှာကိုပင် သူ ကြောက်နေမိတော့တာ။

"သွားတော့ ... သွားတော့ မတူးမာ၊ ကျွန်တော့်ကို တွေ့သွားရင် ထမင်းမစားဖြစ်ဘဲ စကားတွေ ဇွတ်လာပြောနေပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com

## ၁၁

"အခု ရက်လည်ပြီးသွားပြီးလေ သား၊ ဘယ်လိုပဲဖြစ်ဖြစ် ယော အသက်က နှစ်ဆယ့်ခြောက်နှစ်လေးပဲ ရှိသေးတဲ့ အချိန်မှာ မုဆိုးမလေး ဖြစ်ခဲ့ရတာ၊ ယော သူငယ်ချင်း လေးနှစ်ယောက်ဆို ခုထိ အိမ်ထောင်တောင် မကျကြသေး ဘူး၊ မိဘအုပ်ထိန်းမှုအောက်ရှိနေကြတုန်း ..."

ယောက အိမ်ထောင်ကျလို့သာ ပြီးတော့ သူတို့ လင်မယားက ဒီအိမ်လေးကို ဆတ်ဆတ်တုန်အောင်မြတ်နိုး နေကြလို့သာ အိမ်ခွဲနေခွင့် ပြုလိုက်ရတာ၊ ခုချိန်မှာ ဘယ် လိုနည်းနဲ့ဖြစ်စေ မေမေနဲ့ အန်တီ့အုပ်ထိန်းမှုအောက်ကိုပဲ မဖြစ်မနေ ပြန်ဝင်ရမှာလေ၊ ဒါ လက်မခံလို့မရတဲ့ ဖြစ် ကိုဖြစ်သင့်တဲ့ အမှန်တရားပဲ"

ခြံထဲမှာ ခုံဝိုင်းလေးတွေချကာ မိသားစုအရင်းသုံး ယောက်ဖြစ်တဲ့ ဘွားဘွား၊ အန်တီညိုနှင့် ကျော်လင်းခတို့သုံး





ယောက် တီးတိုးဝိုင်းထိုင် တိုင်ပင်ဆွေးနွေးနေကြတာပါ။ ဘွားဘွား ချက်နှာသည် မြေးအသည်းကျော်လေး ယောအတွက် ခံစားဆို့နစ် ကာ တစ်မိနစ်မျှ မရွှင်ပျပါ။ ခပ်နွေးနွေး မွေးပွခြုံပဝါတစ်ထည်ကို ရင်ဘတ်ပေါ်လုံအောင် သိုင်းပတ်ထားရင်း လက်ထဲမှာ ကျောက် ခိမ်းစိပ်ပုတီးကိုင်လျက်သားနှင့် ငေးငိုင်နေသည်။

"အန်တီညိုပြောတာ မှန်ပါတယ်"

"ဒါဖြင့်လည်း သားက ဘာဖြစ်လို့ အန်တီ့ကို တားနေရ တာလဲ"

"တားတာက ဒီအချိန်မှာ ယော မလုပ်ချင်တာ ယောမဖြစ် ချင့်တာ ယောဆန္ဒနဲ့ဆန့်ကျင်တာတွေကို ဇွတ်အတင်း အကျပ်ခိုင်းပြီး ယောရဲ့စိတ်ကို ခုထက်ပိုမဖိစီးစေချင်သေး တာပါ၊ ယောကလေးဟာ တစ်နေ့ အဲဒီအိမ်ကြီးကိုပဲ ပြန် ပြောင်းရွှေ့လာနေရမယ်၊ လာနေသင့်တယ်ဆိုတာ သား လက်ခံပါတယ် အန်တီညို"

"ဘယ်တော့လဲ"

အန်တီညို့အသံက တုန်သွားပြီး မျက်ရည်လည်လာ သည်။

"ယောလေးကို ဝမ်းနဲ့လွယ်မမွေးခဲ့ရရုံ တမယ်ပါ မောင် ကျော်ရယ်၊ အဒေါ်ပေမယ့် အမေရင်းလိုပါပဲ၊ အခုလည်း တကယ်ဆုံးသွားတဲ့ မောင်ထူးထက်ကို ငါ့တူမလေးအတွက် ကိုပဲ ပိုယူကျုံးမရနေတာ၊ ကိုယ့်မျက်စိအောက် ပြန်ပြုစု



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်ချင်လှပြီ၊ မြန်မြန်ပြန် အနည်ထိုင်ပြီး ပျော်ရွှင် စေချင်ပြီ၊ ဘဝသစ် ပြန်စနိုင်ပြီး ဒါတွေမေ့နိုင်စေချင်လှပြီ"

"မေ့နိုင်ဖို့ သိပ်အချိန်တိုလွန်းနေသေးတယ်လေ အန်တီညို သားလည်း အန်တီညို့အတိုင်း ဆန္ဒတစ်ထပ်တည်းရှိတာပေါ့၊ ဒါပေမဲ့ ယောကို အချိန်တစ်ခုပေးပါဦး အန်တီညို ခဏပေးထားပါဦး"

"ဒီအိမ်မှာ သူ့စိတ်တွေက ကယောက်ကယက်လို ဖြစ်နေတာလေ၊ အရင်လို အိပ်မက်တွေ ပြန်မက်နေတယ်ဆိုတာ သား အသိပဲ၊ သို့ ထင်ချင်ရာတွေ လျှောက်ထင်နေတယ် ဒါကို လွှတ်ထားပေးလို့ မရဘူး"

"အခုလည်း ဆရာဝန်လာကြည့်ပေးနေတာပဲ အန်တီညိုရယ်၊ ပုံမှန်စားတယ် အိပ်တယ်၊ ဒါကိုပဲ အန်တီညို ဝမ်းသာသင့်ပါသေးတယ်၊ ယော ဖြစ်နေတာကို ဆရာဝန်က စိတ်ထိခိုက်နေတာပါလို့ ပြောသားပဲ၊ ရောဂါလို့သတ်မှတ်လို့ရတဲ့ စိတ်အနေအထားလည်း မဟုတ်ဘူးလေ"

"ဒီထက်ဆိုးလာရင်ကော ..."

"........"

"မင်းကော ဘယ်လောက် တာဝန်ယူနိုင်လို့လဲ မောင်ကျော် မင်းက ... အချိန်တန်ရင် ကမ္ဘာပတ်ဖို့ ပြန်ထွက်သွားဦးမှာ"





"ဒီတစ်ခါ မသွားပါဘူး၊ သား ယောအနည်ထိုင်တဲ့အထိ စိတ်ပြေလက်ပျောက်ရှိတဲ့အထိ ယောလေးနားမှာပဲ နေပေးပါ့မယ်၊ တကယ် ကတိပေးပါတယ်"

"မင်းက အဲသလို အားပေးနေတော့ ယောက ခေါင်းမာပေကတ်ပြီး လုံးဝပြန်ခေါ်မရဘဲ ဖြစ်နေတာပေါ့။ ရှင်းရှင်းပြောရရင် မင်းအဘွားရော အန်တီညိုရော ကိုယ့်အိမ်ပဲ ကိုယ်နေလို့ အထာကျတာပေါ့ သား၊ ယောနား နေချင်ပေမယ့် ဒီအိမ်မှာတော့လည်း လနဲ့ချီ လာမနေနိုင်တာ အမှန်ပဲလေ"

"တကယ်ဆို လက်ထပ်ပြီးခါစ ငါတို့အိမ်မှာပဲ နေနေကြတာ အဆင်ပြေသားနဲ့ သူတို့က အိမ်ပြီးပြီဆိုပြီး ဒီအိမ်သစ်မှာ ခွဲနေချင်ကြလွန်းတဲ့ဆန္ဒက သိပ်ပြင်းပြနေလို့သာ ခွင့်ပြုလိုက်ရတာ၊ ခုလိုဖြစ်လာမယ်မှန်းသာသိရင် ဒီအိမ်ကိုတောင် မပြောင်းနေခိုင်းခဲ့ဘူး"

ဘွားဘွားက မျက်ရည်စမ်းစမ်းနှင့် တစ်ယောက်တည်း ညည်းတွားသလို ပြောနေပါသည်။

"အိမ်ပြောင်းလာတာနဲ့တော့ မဆိုင်ပါဘူး ဘွားရယ်၊ ဘယ်အိမ်မှာပဲနေနေ သူ့ညီမ ခုလိုအရေးပေါ်ကိစ္စပေါ်ရင် ကိုထူးက သွားကိုသွားရမှာပဲလေ ဘွားရဲ့"

ထူးမှူးတစ်ယောက် ပိုက်ဆံတဖြည်းဖြည်း စုကာကြိုးစားဝယ်ထားတဲ့ ဘုရားဦး?? ညိုခြံကလေးဟာ ဆယ်မိုင်ကုန်းမှာပါ။ ရှစ်ဆယ်ပတ်လည် မကျဉ်းမကျယ် ခြံကလေးထဲမှာ ငွေစုပြီး ယော



www.burmeseclassic.com

www.burmeseclassic.com



ခင်ဇံ အတွက်လို့ ရည်ရွယ်၍ တိုက်အိမ်ကလေးတစ်လုံးကို ဒွေ ဖြည့်လိုက် ဆောက်လိုက် ရပ်ထားလိုက်။ နှစ်တွေချိကာ အချိန် ယူဆောက်ခဲ့ပြီး အိမ်ကလေးပြီးခါနီးမှပင် ယောကို လက်ထပ်ခွင့် တောင်းခဲ့တာပါ။

မိဘလက်ထက် ကမ္ဘာအေးဘုရားလမ်းမပေါ်က ခြံကြီးအိမ်ကြီးလောက်တော့ ဘယ်လိုမှ မခမ်းနား မထည်ဝါနိုင် သော်လည်း မီးခိုးခေါင်းတိုင်လေးနှင့် အုတ်ကွက်နီနီ ဖော်ထားတဲ့ ကိုလိုနီခေတ်အိမ်ပုံစံ တစ်ထပ်တိုက်ပုပုကလေးဟာ နေချင့်စဖွယ် လှပခေတ်မီ၍ ယောခင်ဇံ အပေါ်ထားတဲ့ ထူးမျှုးရဲ့ချစ်ခြင်းမေတ္တာ သရုပ်ကို ပြသဖော်ကျူးသော အိမ်ကလေးပင်။

ဤအိမ်ကလေး မပြီးခင် ပြီးလုလုမှာ ယောခင်ဇံ ကို အိမ်ခေါ်ပြတော့ ကျော်လင်းဇံ ရောက်နေခိုက်နှင့်ကြုံကာ ကျော်လင်းဇံပါ ပါခဲ့ပါသည်။ အဲဒီအချိန်ဟာ ထူးမျှုး ချစ်ခွင့်ကို ယောလေးက ခေါင်းညိတ်လက်ခံခဲ့အပြီး တစ်ပတ်ဆယ်ရက်အကြာ လောက်မှာ ဖြစ်မည်လို့ ကျော်လင်းဇံ မှတ်မိနေသည်။

မျက်စိထဲတောင် မြင်ယောင်မိဆဲပါ။

ခပ်လှမ်းလှမ်းမှာ လက်ပိုက်၍ အိမ်ကိုရပ်ကြည့်နေ ဆဲကပင် ကျော်လင်းဇံက ကျိတ်ပြုံးနေခဲ့မိသည်။ ဤအပြုံးဟာ





သူ တော်တော်သဘောကျတဲ့ ယောက်ဖလောင်းကို တကယ် ကျေနပ် သဘောကျသော အပြုံးပါ။ ဘာစကားလုံး သုံးရမည် သိ၍ ထူးမျှုး ဆိုတဲ့ ဤယောက်ျားတစ်ယောက်ကို ကျော်လင်းဇံ က "သဘောကျလှသည်"လို့သာ သုံးနှုန်းချင်ပါသည်။

သေးသေးမှုန်မှုန်ကလေးကနေ ဒီလောက်ကြီးကြီး မားမား အနေအထားလောက် ရောက်လာတဲ့အထိ ရိုးရိုးသားသား ကြိုးစားနေခဲ့တဲ့ ယောက်ဖ။ ဤလူ ကိုယ့်ညီမကို တကယ်မြတ်နိုး တန်းဖိုးထား ချစ်ခင်လှသည်ဆိုတာ ကျော်လင်းဇံ ခံစားလို့ရပါ သည်။ ထပ်တူညီ တန်းတူမမီနိုင်ပေမယ့် ရပ်ပျက်ဆင်းပျက်မကျွာ ခြားအောင် အတတ်နိုင်ဆုံး ကြိုးစားတည်ဆောက်ပြီးမှ ညီမလေး ကို ချစ်ခွင့်ပန်သူ။

ကြည့်ပါဦး။

ထူးမျှုးရော ... ယောခင်ဇံပါ စိတ်တွေ လှုပ်ရှားနေ လိုက်ကြတာ။ ဘေးလူတောင် မဖြစ်မနေ ရိပ်မိပါသည်။ အိမ်ပြ ချင်လို့ ယောကို ထူးမျှုးက ခေါ်သွားခွင့်တောင်းတော့ ဘွားဘွား က ကျော်လင်းဇံကို ကန့်လန့် ကန့်လန့် ထည့်လိုက်တာပါ။

ယောရဲ့ နေလက်စ အဘွားအိမ်ကို မမီတဲ့အတွက် အားနာသော အားငယ်သော မျက်ဝန်း၊ သူတတ်နိုင်သမျှ ကြိုးစား ရှမ်းဆောင် ဖန်တီးထားမှုအတွက် ကျေနပ်သော နှစ်သိမ့်သော မော်ယူသော မျက်ဝန်း၊ ယော လက်သင့်ခံနိုင် မခံနိုင် အကဲတခတ် တော်နှင့် စိတ်လှုပ်ရှားသော မျှော်လင့်သော မျက်ဝန်း။



www.burmeseclassic.com

www.burmeseclassic.com



ဩော် ... ယောက်ဖကြီးရယ် ... လို့ အသံတိတ်
ရေရွတ်ရင်း ယောကို ကြည့်မိပြန်သည်။ ကြည့်ကြပါဦး ယော
ခင်ဖကို။

သူ့အပြုံးကိုသူ နှုတ်ခမ်းလေးကိုက်ကိုက်ပြီး ဖြ
ထိန်းမနေဘူးဆိုရင် တကယ်ပင် ပါးစပ်နားရွက်တက်ချိတ်မည
ဝမ်းမြောက်ပီတိနှင့်။ မျက်လုံးလေးများက တဖျပ်ဖျပ် ရွှန်းလဲ
တောက်ပ အရည်လည်ကာ သူမရဲ့ ချစ်ရသူကို သူ့ရဲကောင်းကြ
တစ်ဦးသဖွယ် ဂုဏ်ယူလေးစား အားကိုးလှတဲ့ အရိပ်အယော
တွေ ဖိတ်ကာလျှံကာကျလို့။ လေထဲမြောက်တက် ပျံဝဲသွားတော
မလို ရွှင်လန်းမြူးထူးခြင်းနှင့် ...။

ဖွတ်ကျားမ ... ငပေါမလေး။

ကျော်လင်းဖကချစ်စနိုး တွေးမိသည်။ သူတို့နှ
ယောက် တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်၊ အိမ်ကိုကြည
လိုက်၊ ယောက ဟိုဘက်နားကွေ့ကာ တိုးကာကြည့် ပတ်ကြည
လျှောက်ကြည့်။ ထူးမှုးက နောက်နားခွာခွာကနေ စာမေ
အောင်ချက်စောင့်တဲ့ ကျောင်းသားရဲ့ရင်ခုန်ခြင်းမျိုးနှင့် လက်ဝေ
နှစ်ဖက် နောက်ပစ်လျက်သား။ အတန်ကြာမှ ထူးမှုးက ...

"ယောလေး ... အိမ်ကို ကြိုက်လားဟင်"

"အရမ်းကြိုက်တယ် ... ကိုကြီး"

"ဒီအိမ်မှာ ယော ... ယော လာနေနိုင်မလားဟင်"

"နေမယ် ကိုကြီး၊ ယော တစ်သက်လုံး နေမှာ"





ဟွန်း ...။ လိုက်လည်းလိုက်တဲ့စုံတွဲ။ သူနဲ့ဆို
ပ်တူးကျချင်တဲ့ ညီမကို နှုတ်ခမ်းရွဲ့မိပေမယ့် ကျော်လင်းဖ ရင်
ထဲ ကြည်နူးချမ်းသာမိပါသည်။

သူတို့နှစ်ယောက် တကယ်တမ်း လက်ထပ်ချိန်က
တော့ ဒီအိမ်ကလေး အလုံးစုံပြီးစီးတဲ့အထိ မစောင့်ဖြစ်ခဲ့ပါ။
ဘွားနှင့် အန်တီညိုတို့ရဲ့ နေ့ကောင်းရက်သာ တွက်ချက်ရွေးချယ်
အရ မင်္ဂလာပွဲကို ခပ်မြန်မြန် စီစဉ်ဖြစ်ခဲ့ပြီး ဘွားတို့အိမ်မှာပဲ
အတန်ကြာ အတူနေဖြစ်ကြပါသေးသည်။

အိမ်အတွင်းအပြင် အပြည့်အဝ ပြီးစီးပြည့်စုံမှ
ူးမှုးနှင့် ယောတို့ ဒီအိမ်ကို ပြောင်းရွှေ့ခဲ့ကြတာ ထူးမှုး
ကွယ်လွန်မီ တစ်လကျော်လောက်ကမှပါ။

"အခုဆိုရင် တစ်လပြည့် လ,လည်တောင် ရှေ့အပတ်ထဲ
မှာ၊ ဟိုအိမ်ကို သူ ပြန်လာသင့်နေပြီ၊ ဒီမှာပဲ ဘယ်လို
ဆက်ထားမှာလဲ"

အန်တီညိုစကားကြောင့် ကျော်လင်းဖ အတွေးတို့
ပြတ်တောက်ရသည်။

"အခု သားပါ ဒီမှာ အတူနေပေးနေတာပဲ အန်တီညိုရယ်၊
ထားလိုက်ပါဦး၊ ဖွတ်ခေါ်ရင် ညီမလေး စိတ်ဆင်းရဲလိမ့်
မယ်၊ ပြီးတော့ မတူးမာလည်း သူ့မှာ အဖော်ရှိတာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"မရောင်းဘူး၊ ဒီအိမ်ကို ဘယ်တော့မှ မရောင်းဘူး
အန်တီညို၊ ယော သေတဲ့ထိ မရောင်းဘူး"

"ညီမလေး"

ကျော်လင်းဖုံက နေရာက ခပ်သွက်သွက် ထ,သွား
ကာ ယော ပခုံးကလေး နှစ်ဖက်ကို ဆုပ်ကိုင်လိုက်ပါသည်။
ဘွားဘွားသည် သူ့ရဲ့ခြုပ်ဝါနှင့် မျက်ရည်တို့သုတ်နေပြီ။ အန်တီညို
တစ်ယောက်သာလျှင် စိတ်ရှုပ်ထွေးသော စိတ်မချမ်းသာသော
မျက်နှာနှင့် မျက်နှာထား ညိုမှုန်နေပါသည်။

"ညီမလေး ... အန်တီညိုက အခုရောင်းဖို့ ပြောနေတာ
မဟုတ်ပါဘူး၊ နောက် အေးအေးဆေးဆေးမှပါ၊ နောက်
ကြာမှပါ ညီမလေးရယ်"

"အေးအေးဆေးဆေးမှလည်း မရောင်းဘူး၊ ကြာမှလည်း
မရောင်းဘူး၊ ဘယ်တော့မှ မရောင်းဘူး ကိုကို၊ ယော
ရင်ကွဲအောင် မလုပ်ပါနဲ့ အန်တီညိုရယ်၊ ယော အသည်း
ကွဲရအောင် မလုပ်ပါနဲ့"

ယောက တသိမ့်သိမ့် ရှိုက်ငိုလေပြီ။

"ညည်း ရင်ကွဲအောင် အန်တီညိုက လုပ်ပါ့မလား သမီး
လေးရယ်၊ ညည်း အခုလို ဖြစ်နေလို့ကို မမြင်ချင် မကြည့်
ရက်လို့ကို ရောင်းချင်တာ"

"ယောက ဘာဖြစ်နေလို့လဲ၊ အခု ယော ဘာသာ ယော
စိတ်ချမ်းသာအောင် ဖြေသိမ့်ပြီး ကောင်းကောင်းနေနေတာ





ပဲ၊ နေ့တိုင်း ငိုနေလို့လား၊ ထမင်းမစား ဟင်းမစား နေနေ
လို့လား၊ အရူးလို အော်ဟစ်နေလို့လား"

"အေး ... အဲသလိုတွေ မလုပ်နေပေမယ့် သမီးပြောနေတဲ့
စကားတွေ၊ သမီး ယုံမှားသံသယ ဖြစ်နေတာတွေကို
အန်တီညိုသိလို့၊ အဲဒါ မမှန်ဘူးဆိုတာသိစေချင်လို့ သမီး
စိတ် ပုံမှန်တည်ငြိမ်ပြီး အမှန်ကိုအမှန်အတိုင်း လက်ခံနိုင်
ဖို့ မဟုတ်တာကြီးတစ်ခုကို စွဲစွဲလမ်းလမ်း ဆုပ်ကိုင်ပြီး ..."

"မဟုတ်တာ ... ! ဘာမဟုတ်တာလဲ"

"........."

"ဘာမဟုတ်တာလဲ အန်တီညို၊ အန်တီညို တကယ်မမြင်
မသိ မထိ မတွေ့ရတဲ့ အဖြစ်အပျက် အခြေအနေတစ်ခု
ကို သေးသိမ်တန်ဖိုးကျသွားအောင် အပေါစားပြဇာတ်လို
ဖြစ်သွားအောင် မပြောပါနဲ့"

"ညီမလေး ... ကိုကိုတို့ အားလုံးက ညီမလေးကို စိတ်
အေးချမ်းသာနဲ့ပဲ မြင်ချင်နေကြတာ တစ်ခုပါပဲ၊ အားလုံး
ညီမလေးကို သိပ်ချစ်ကြတာ ညီမလေး မသိလို့လား"

"သိတယ် ... အားလုံးချစ်မှန်း သိတယ်၊ ယောလည်း
အားလုံးကို ချစ်တယ်၊ ပြီးတော့ ကိုကြီးကိုလည်း သိပ်ချစ်
တယ် ဆိုတာကော မသိကြဘူးလား"

"သိပါတယ် ဒါပေမဲ့ အဲဒီ ညည်းသိပ်ချစ်တဲ့ ကိုကြီးက
ဒီလောကကြီးမှာ မရှိတော့ဘူးဆိုတာ ဘယ်လိုပုံစံနဲ့မှ ရှိမ



www.burmeseclassic.com

www.burmeseclassic.com



ဘာစကားဆိုရမယ် မသိအောင် အားလုံးရဲ့ရင်ထဲ စိတ်မချမ်းမသာ ဖြစ်ကြရပါသည်။

"ဘာလဲ ကိုကို၊ ကိုကို မယုံရင် လာကြည့်လေ"

ကျော်လင်းဇံက စိတ်ပျက်လက်ပျက်နှင့်ပင် Balcony လေးနား လျှောက်သွားကာ နှင်းဆီအိုးလေးကို အမှတ်တမဲ့ လှမ်းကြည့်လိုက်သည်။ အပင်ခြေမြေသားက ရေစိမ့်ဝင်ထားပုံနှင့် စိုစွတ်ကာ အရောင်မည်းနေပါသည်။ ကျော်လင်းဇံ မျက်လုံးများက မလှမ်းမကမ်းက Kiss me quick အိုးတွေဆီ ရောက်သွားသည်။ အပင်သားတွေရော မြေမြင်ပါ ခြောက်သယောင်းလို့ပင်။

ကျော်လင်းဇံက နှင်းဆီအိုးရဲ့အပေါ်ဘက် တစ်နေရာက အဲကွန်းရဲ့အပြင်ဘက် Outdoor unit ကို တစ်ချက်မော့ ကြည့်လိုက်ရင်း ...

"ညီမလေး ... အဲလို အစွဲအလမ်းတကြီး မတွေးပါနဲ့ကွာ အပေါ်မှာ Outdoor unit ရှိတယ်လေ၊ အဲဒီက ရေကျတတ်တယ်လေ ညီမလေး၊ ဒါကို ညီမလေးလည်း သိသားပဲ"

"ဒါပေမဲ့ မနေ့ညကတည်းက ညီမလေးအခန်းထဲက အဲကွန်းကို မဖွင့်ပါဘူး ကိုကို၊ တကယ်ပါ တစ်ညလုံး အဲကွန်း မဖွင့်ဘူး၊ မယုံရင် မတူးမာကို ကိုကို မေးကြည့်ပေါ့ အဲကွန်းတောင်မှ မဖွင့်တာ၊ ရေကျစရာအကြောင်းလည်း မရှိပါဘူး"

"ကျွတ်"





ထမင်းစားခန်းဘက်မှ ခေါင်းပြူကာ ထွက်ကြည့်နေတဲ့ မတူးမာရဲ့မျက်နှာကို ကျော်လင်းဇံက လှမ်းကြည့်ကာ မေးဖေးမမ ဝင်ပြောဖို့ မျက်ရိပ်ပြလိုက်သော်လည်း ...

"ဟုတ်တယ် အစ်ကိုကျော် ... ဟုတ်တယ်၊ ကျွန်မတို့ညက အဲကွန်းမှ မဖွင့်တာ၊ ဒီဟာကြီးက ရေကျစရာအကြောင်း မရှိပါဘူး"

ကတုန်ကယင်ပြောတဲ့ မတူးမာကြောင့် ကျော်လင်းဇံရော အန်တီညိုပါ စိတ်ပျက်လက်ပျက် ဖြစ်ကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၁၂

"ဖူး ..."

ဖူးဖူးက ခင်ပွန်းသည် ကိုအာကာကို မျက်ရည်ပြည့်လျှမ်းသော မျက်ဝန်းကြီးများနှင့် လှည့်ကြည့်ပါသည်။

"ဖူးလည်း စိတ်ထိန်းနော်၊ သတိထားနော်၊ ဘယ်လိုပဲဖြစ်ဖြစ် ယောခင်ဇံရဲ့အခြေအနေကို ပိုပြီးစိတ်ထိခိုက်စေတာမျိုးတော့ မဖြစ်သင့်ဘူးပေါ့ ... နော် ... ဖူး"

"ဖူး နားလည်ပါတယ် ကို"

"ကိုကျော်လင်းဇံက မနေ့က ဖုန်းထပ်ဆက်ပြီး အခြေအနေ အကျိုးအကြောင်းတွေ ပြောပြထားတာဆိုတော့ ကိုယ်တို့ ဘာပဲဖြစ်ဖြစ် ဆင်ခြင်ရမှာပေါ့၊ ဟုတ်တယ်မဟုတ်လား ဖူး၊ ဖူးခံစားချက်ကိုလည်း ကိုယ်နားလည်တယ်။ ဒါပေမဲ့ လောလောဆယ်က ယောခင်ဇံ အတွက်ပိုပြီး ဖိစီးမှုမဖြစ်စေဖို့ လိုတယ် မဟုတ်လား"





ဖူးဖူးက ခေါင်းလေး အသာအယာ ညိတ်လိုက်ပါသည်။ အာကာ လှမ်းပေးသော တစ်ရှူးစနှင့် မျက်ရည်စတွေ့ကို သိမ်းရသည်။ ယောခင်ဇံကို မျက်နှာချင်းဆိုင် မြင်တဲ့အခါ ဖူးလည်း ခံစားချက်ကို လုံးလုံးလျားလျားတော့ ထိန်းချုပ်နိုင်ပါ့မလား။ မလွယ်ကူပါ။ တစ်ဦးတည်းသော သွေးသားရင်းချာ ကိုကို။ ဒီ အစ်ကိုနှင့် ဒီညီမဟာ ငယ်ကတည်းက မိဘမဲ့ခဲ့ရပြီး ကိုကိုက ရန်ကုန်မှာ လူတစ်လုံးသူတစ်လုံးဖြစ်ဖို့ ရုန်းကန်ကြိုးစားရပ်တည်နေရချိန် ဖူးက ပဲခူးမှာ အဒေါ်တွေအိမ်၌ ကြီးပြင်းရသည်။

ဒီမောင်နှမ ကိုကိုမဆုံးခင် ကိုကို့တစ်သက်အတွင်း အတူနေရချိန်က အင်မတန် ရှားပါးခဲ့တာပါ။ သို့သော် ကိုကို ချော ဖူးကို ချစ်ရှာသည်။ ညီမအတွက် ခေါင်းထဲရှိရှာသည်။ ကိုကို အင်မတန်ချစ်တဲ့ ယောခင်ဇံနှင့် ကိုကို့အချစ်ရေးကို ကိုကိုက ဦးစားမပေးသေးခင် ဖူးရဲ့အိမ်ထောင်ရေးကို အခြေတကျဖြစ်အောင် ဦးစွာစီစဉ်ပေးခဲ့သည်။

ယောက္ခမတွေထံမှာ ဖူးဖူး မျက်နှာမငယ်ရအောင် ကိုကိုက လိုလေသေးမရှိ ဖြည်းဆည်းဆင်ယင်ပေးခဲ့ပါသည်။ ပြီးတော့ ခင်ပွန်းသည်နောက် လိုက်နေရမည့် နေပြည်တော်မှာပါ ဖူးအတွက် ဆိုင်ကလေးတစ်ဆိုင်ကို တည်ထောင်မြှုပ်နှံ၍ ရင်းနှီးထားခဲ့ပြီး စီးပွားရေးပါ အဆင်ပြေအခြေတကျဖြစ်မှ ကိုကိုက သူ့အချစ်ရေး သူ့အိမ်ထောင်ရေးကို စဉ်းစားခဲ့သူပါ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအပြင် အခု ကိုကို ကွယ်လွန်ခဲ့ရတဲ့ကိစ္စမှာလည်း ဖူးဖူး ရင်နာထိခိုက် ခံစားရလွန်းပါသည်။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ဆိုင်ဆိုင်မဆိုင်ဆိုင် ကိုကို ကားမှောက်မည့် ဒီလမ်းဒီခရီးကို ကိုကိုထွက်လာရတာက ဖူးဖူးကြောင့်။ ခင်ပွန်းသည် အာကာကတော့ ဖူးဖူး ဖြေသိမ့်နိုင်အောင် နှစ်သိမ့်ပါသည်။ လူတစ်ယောက်ရဲ့ ကံကြမ္မာက ပြုပြင်ပြောင်းလဲလို့ မရပါတဲ့။ သက်တမ်း ဒီလောက်ထိသာ ကံပါလာတယ်ဆိုရင် ကိုကိုဟာ ဒီခရီးလမ်းမှာ မဟုတ်လည်း တခြားသော အကြောင်းတစ်ခု ကြောင့် ဖြစ်ကိုဖြစ်ရမှာပါတဲ့။

သို့သော် ဖူးဖူး ဖြေမဆည်နိုင်ပါ။ ငါ့အတွက်ကြောင့် ရယ်လို့ ရင်နာလှပါသည်။ တကယ်တမ်း သေလုမြောပါး သေ ကောင်ပေါင်းလဲ အသက်လုရမည့် အခြေအနေဖြစ်သည့် ဖူးဖူးက ကံကောင်းထောက်မစွာ မိခင်ရော ကလေးပါ အသက်ရှင်သန်ခွင့် ရခဲ့ပြီး ဒီကိစ္စအတွက် ချက်ချင်းထလိုက်လာခဲ့သည့် ကိုကိုက မမျှော်လင့်ဘဲ အသက်ဆုံးရှုံးခဲ့သည်။

ထိုညမှာ အသက်လုခဲ့ရပြီး နံနက်မိုးမလင်းမီ မွေး ဖွားသွားခဲ့သော ဖူးဖူးကို သွေးနုသားနု မီးတွင်းမို့ ကိုကို့အဖြစ် အပျက်ကို လုံးဝပြောမပြခဲ့ကြပါ။ ညတွင်းချင်း လိုက်လာ ယောက္ခမတွေရော ကိုအာကာကပါ ကိုကို့ကိစ္စကို ဖုံးအုပ်ထား ကြပါသည်။ ဖူးဖူး အသုဘလည်း မမီလိုက်ရပါ။ သေတွင်း လွတ်ခဲ့ရပေမယ့် ကိုကို အလုပ်ကိစ္စတွေ မအားလပ်လို့ မလာနိုင် သေးဘူး ဆိုတာကို ဝမ်းနည်းအားငယ်ခဲ့ပါသေးသည်။





အဲဒီရက်တွေအတွင်း ကိုကို့ကိုလည်း အိပ်မက်တွေ က်လို့။ တကယ်တော့ အသက်လုရသည့် ညကတည်းက ဆေးရုံမှာ အလူးအလဲကြားထဲက ကိုကို အနားရောက်လာသလို ိုးတစ်ခါ ထင်ယောင်မှား အိပ်မက်မက်နေခဲ့ပါသေးသည်။ ဒီ ခစ်ကိုပဲ ရှိတာမဟုတ်လား။ သမီးကလေး နှစ်ပတ်ကျော်မှ ဖူးဖူး ကို ကိုကို့အဖြစ်အပျက် သိခွင့်ပေးခဲ့ကြပါသည်။ အဲဒီကတည်းက ယနေ့ထိ မျက်ရည်မကျခဲ့ရတဲ့ရက် မရှိ။

ဖုန်းပြောလျှင် ချူးပွဲချ ငိုမိမည်စိုး၍ ယောခင်ဖ်နှင့် လည်း ဖုန်းတောင်မဆက်သွယ်ဖြစ်ပါ။ အန်တီညိုတို့ထံသာ ဖုန်းဆက် ငိုကြွေးခဲ့မိပါသည်။ လွန်ခဲ့တဲ့ သုံးလေးရက်ကတော့ ကိုကို့ လ,လည်ဆွမ်းကျွေး လုပ်ဖြစ်မယ့်အကြောင်း အသုဘက ရောက်ခဲ့ မမီခဲ့ရတဲ့အတွက် ဖူးဖူးလာနိုင်လျှင် စိတ်ထိန်းနိုင်လျှင် လာပါဆိုတဲ့အကြောင်း အန်တီညိုက ဖုန်းဆက်ပါသည်။

ကိုကို့လ,လည်ဆွမ်းကျွေးကိုတော့ ဘယ်လိုပဲဖြစ်စေ ဖြစ်မနေ ဖူးဖူး သွားကိုသွားမှ၊ ရောက်ကိုရောက်မှ မဟုတ်လား။ တစ်ဦးတည်းသော သွေးသားရင်းချာ ညီမအဖြစ် ဖူးဖူးလည်း ဆွမ်းအတန်း ဝေချင်ပါသေးသည်။ မနေ့ကပဲ သူတို့မိသားစုတွက် ကြပြီး အာကာ့မိဘများအိမ်မှာ တည်းသည်။ ဒီမနက်တော့ ကလေးကို ယောက္ခမတွေနှင့် ထားရစ်ပြီး ကိုကို့လ,လည်ဆွမ်း ကျွေးရှိရာကို လာခဲ့ကြတာပါ။

"ဖူးကိုတွေ့ရင် ယောခင်ဖ် ငိုဦးမလားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဖူးတို့က မောင်နှမအရင်း ဆိုပေမယ့်လည်း သူက ဇနီးဆိုတော့ ကျန်ရစ်ခဲ့ရတာ ပိုကြေကွဲစရာဖြစ်မှာပဲ သနားဖို့ ကောင်းလိုက်တာ"

"ရောက်တော့မယ်၊ ဟိုရှေ့ကခြံပဲဖြစ်မယ်၊ ခြံပြင်မှာ ခြံထဲ မှာရော ကားတွေနဲ့"

တစ်ကြိမ်သာ သူတို့ရောက်ဖူးတဲ့အိမ် မမှတ်မိတာ ပေမယ့် ဆွမ်းကျွေးလာ ဧည့်သည်ကားတွေ မြင်လိုက်ရတာ မမှတ်မိစရာ မရှိပါ။ ခြံထဲက ကားတစ်စီး ထွက်လာတာမို့ သူ တို့ကားကို ဘေးကပ်ရပ်ပေးကာ စောင့်နေကြပါသည်။ ခြံစည်းရိုး သံတိုင်နီညိုလေးတွေမှာ ချစ်စရာကောင်းသော နွယ်ပင်စိမ်းစိမ်း ကလေးတွေတချို့ ရစ်နွယ်နေကာ အတွင်းက နီညိုရောင်တစ်ထပ် တိုက်ပုကလေးဟာ ပန်းချီကားကလေးလို ကဗျာဆန်ကာ လှ သည်။

ပေါ်တီကိုအောက်က အုတ်တိုင်လေးထောင့်ကြီး တစ်ခုနံဘေးမှာ ပုဆိုးနက်ပြာပြာလေးနှင့် ကိုကို ခါးထောက်ပြီး ရပ်နေသော မြင်ကွင်းကို မြင်ယောင်လာမိပါသည်။ ဖူးတို့ ပထမ တစ်ကြိမ် ရောက်တုန်းကလေ။ ကိုကို့မင်္ဂလာဆောင်ကိုလာခဲ့ကြ အပြီး နေပြည်တော် မပြန်ခင် အဲဒီတစ်ကြိမ်သာ ဒီအိမ်ကို ကိုကို လိုက်ပြလို့ အလည်ရောက်ခဲ့တာ။

"ကို"

"အင်း ..."





"ဖူးတို့ ပထမတစ်ခေါက် ရောက်တုန်းကလေ ကိုကိုက ဟောဟိုအုတ်တိုင်ဘေးမှာ ရပ်ပြီး ..."

"ဖူးရယ် ... ဖူးကလည်း"

"မျက်စိထဲ မြင်လာလို့ပါ ကို၊ ကိုကို့မျက်နှာ ပြုံးနေတာများ လေ၊ သတို့သား ပူပူနွေးနွေးလေး၊ ယောခင်ဇံနဲ့ လက်ထပ် ခဲ့ရတာ ကိုကို ဘယ်လောက်ကြည်နူး ပျော်ရွှင်နေခဲ့လဲ၊ ကိုတောင် ပြောခဲ့သေးတယ်နော်၊ ကိုကို့ခမျာ ... ကိုကို့ ခမျာ ယောခင်ဇံကို သိပ်ချစ်ရှာတာ၊ သူသိပ်ချစ်တဲ့ ယော ခင်ဇံနဲ့ တစ်နှစ်တောင်ပြည့်အောင် မပေါင်းရရှာဘူး၊ ဖူး ဝမ်းနည်းလိုက်တာ"

"ဖူးရယ် ... ဖူးကလည်း အိမ်ထဲဝင်ခါနီးကာမှ"

"ဒီခြံလေး ဒီအိမ်လေးထဲမှာ ကိုကို မရှိတော့ဘူးလို့ ဖူး ယုံတောင်မှ မယုံနိုင်ဘူး ကိုရယ်၊ ကိုကို့ရုပ်ကလာပ်လည်း ဖူး မြင်လိုက်ရတာ မဟုတ်တော့ ရှိနေဦးမှာလိုပဲ စိတ်ထဲ ထင်နေမိတယ်"

"ဖူးကလည်းကွာ"

ဖူးဖူးက မျက်ရည်တွေ တလိမ့်လိမ့် ကျလာပြန်တဲ့ အတွက် ကမန်းကတန်း သုတ်ရပြန်ပါသည်။ ဖူးကြောင့် ယော ခင်ဇံ ပိုဝမ်းနည်းနာကျင်စရာ မဖြစ်စေလိုပါ။

"ကိုကို ... ကိုကို ... အိမ်ထဲက ထွက်လာပြီး ပြုံးပြီးကြို နေဦးမလားလို့ပဲ၊ ဖူး ထင်နေမိတုန်းပဲ ... အီး ဟီး"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းဆိုရင်း ငိုချလိုက်တဲ့ ဖူးဖူးကို အာကာက ကရုဏာလည်းသက်စွာ စိတ်လည်းညစ်စွာ ငိုင်ကြည့်နေမိပါသည်။ လမ်းကျဉ်းထဲမှာ ဘေးတစ်ခြမ်းကပ် ရပ်ထားတဲ့ကားတွေ ရှိနေတာကြောင့် ခြံထဲက ထွက်လာတဲ့ကားက ဖြည်းဖြည်းလေးသာ ထွက်နေရ၍ စောင့်နေရပါသည်။

ဖူးဖူးသည် သူ့ဟာသူငို သူ့ဟာသူထိန်း သူ့မျက်ရည် သူသုတ်ရင်း သူ့ထိုင်ခုံရှေ့ အပေါ်ဘက်နားက နေကာတဲ့ သားရေပြားလေးကို ဆွဲချလိုက်ပါသည်။ နေကာပြားလေးရဲ့အတွင်းဘက်မှာ ကြည့်မှန်ပါသည်။ ငိုထားတဲ့မျက်လုံးကို တစ်ရှူးနှင့်တို့ကာ ဖိကာ မသိသာအောင် မှန်ထဲကြည့်ပြီး ပွတ်ပြင်လိုက်ပါသည်။

"ကိုကို"

ဝုန်းခနဲ ကားတစ်ခုလုံး သိမ့်တုန်သွားအောင် ဖူးဖူးက နောက်ခန်းထဲဘက် ဝရုန်းသုန်းကား လှည့်ကြည့်လိုက်၍ အာကာက အလန့်တကြားနှင့် ...

"ဖူး ... ဖူး ...၊ ဘာဖြစ်တာလဲ ဖူးရယ်"

ဖူးဖူးရဲ့ပြူးကျယ်ဝိုင်းစက်သော ကြောင်တက်တက် မျက်ဝန်းများ စူးစိုက်နေရာ ကားနောက်ခန်းဘက်သို့ အာကာလည်း ကိုယ်လှည့်ကာ ကြည့်မိရင်း ...

"ဖူး"

"မဟုတ်ဘူးနော်၊ မဟုတ်ပါဘူး"

"ဘာမဟုတ်တာလဲ ဖူးရယ်၊ ဖူးကလည်းကွာ၊ မိန်းမရာ"





အာကာက ဖူးဖူးရဲ့ပခုံးကို လှမ်းဆွဲကာ ရှေ့ခန်းဘက် ပြန်လှည့်စေရင်း ...

"ဘာဖြစ်တာလဲ ဖူးရယ်"

ဖူးဖူးသည် ရှေ့အထက်နားက နေကာပြားမှာပါသော မှန်ချပ်ဆီ ဖြည်းဖြည်းလေး တစ်ချက်ပြန်မော့ကြည့်လိုက်ပါသည်။ မှန်ဘက်ထဲက နှလုံးသားတစ်ခုလုံး ဒုတ်ဒုတ် ဒုတ်ဒုတ်နှင့်မြည်လည်း ဆောင့်ခုန်ကာ လည်တိုင်ကုပ်ပိုးတစ်ဝိုက် ဆံပင်တွေထဲအထိ ရှိန်းဖိန်းကြက်သီးထသော ခံစားချက်ကြောင့် မျက်စိကလေးမှိတ်ကာ ခေါင်းတစ်ချက် ပြင်းပြင်းယမ်းလိုက်ပါသည်။

မဟုတ်ဘူး။ ဟင့်အင်း ... မဟုတ်ဘူး။ လုံးဝမဟုတ်ဘူး။ စိတ်ချောက်ချားတာ။ ထင်မှတ်မှားတာ။ ဖူးကြည့်လိုက်တဲ့မှန်ထဲမှာ နောက်ခန်းမှာ ကိုကို ထိုင်နေပြီး ဖူးကိုပြုံးကြည့်နေခဲ့သယောင် ဖူး ထင်မှတ်မှားတာ။ ကိုကို မရှိတော့ဘူးလို့ လက်သင့်ခံချင်သေးတဲ့စိတ် ရှိနေစေလိုသေးတဲ့စိတ် ဖူးကို အပြုံးနဲ့ကြိုနေစေချင်သေးတဲ့ဆန္ဒတွေနှင့် ကိုယ့်စိတ်က ကိုယ့်ကိုပြန်လှည့်စားတာ။

ကိုကိုရေ ... ။ ကိုကို ကောင်းရာသုဂတိလားပါစေကိုကိုရယ်။

"ကဲ ... ဖူး ... ကိုယ်ဝင်ရတော့မလား၊ ဖြစ်ရဲ့လား"

"ဟုတ်ကဲ့"

"ယောခင်ဖလည်း သနားတာက သနားတာပေါ့၊ ဒါပေမဲ့ ဖူးကိုယ်တိုင်လည်း ကလေးမွေးထားတာ တစ်လဆိုတာ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ရဦးမယ့် အချိန်နော် ဖူး၊ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကိုယ်ထိန်းပါ ဖူးရယ်၊ ကိုယ် ခြံထဲဝင်လိုက်တော့မယ်နော်"

"ဟုတ် ... ဝင်လိုက်ပါတော့"

အာကာက ကားကို ခြံထဲမောင်းဝင်လိုက်ပါသည်။ ကားဝင်လာသည်နှင့် အိမ်တံခါးဝသို့ အန်တီညို ထွက်လာပါသည်။ ကားပေါ်က ဆင်းလာသော ဖူးဖူးရဲ့ငိုထားသော မျက်လုံးများကို မြင်လိုက်သည်နှင့် စိတ်ပျက်လက်ပျက် ဖြစ်သွားပုံပင်။ ဖူးဖူး အနားကပ်လာလျှင် ...

"နေကောင်းရဲ့လား ဖူးဖူး"

"ဟုတ်ကဲ့ ... အန်တီညို၊ ကောင်းပါတယ်"

"ကလေးလေးရော"

"ကိုအာကာ့အမေအိမ်မှာ ထားခဲ့ပါတယ်"

"ကဲ ... ကဲ၊ လာ ... ဝင်၊ ပူဆွေးတာလည်း ပူဆွေးတာပေါ့နော် သမီး၊ ဒါပေမဲ့ စိတ်လေးဘာလေးလဲ ထိန်းနော်၊ အိမ်မှာ ယောတစ်ယောက်အတွက်နဲ့လည်း တစ်ရက်မှ စိတ်မအေးရလို့ပါ"

ယောခင်ဖ ဘယ်လိုများ နေရှာပါသလဲ။ ဖူးဖူးသည် စိတ်မကောင်းခြင်းနှင့်အတူ အန်တီညို့နောက်မှ ဝင်လိုက်လာခဲ့ပါသည်။ ယောခင်ဖကို မထူနိုင် မထောင်နိုင် ပူဆွေးသော အခြေအနေနှင့် တွေ့ရလိမ့်မည်ဟု ထင်မှတ်ထားသော ဖူးဖူးသည် အခန်းရဲ့ထောင့်တစ်နေရာက ဘုန်းဘုန်းများစားပွဲမှာ ဣန္ဒြေရရ ဖြည့်ဆည်းဆက်ကပ်နေတဲ့ ယောခင်ဖကို မြင်လျှင် အနည်းငယ်





လည်း အံ့အားသင့်မိကာ "တော်ပါသေးရဲ့"လို့လည်း စိတ်အေးခမ်းသွားရပါသည်။

"မမဖူး"

ယောက ဖူးကိုမြင်လျှင် ဝမ်းသာအားရ လှမ်းနှုတ်ဆက်လိုက်ပါသည်။ ဖူးကိုမြင်မှ အသစ်ဖြစ်သွားသလို မျက်နှာဆား နွမ်းသွားကာ ပါးပြင်နှသီးဖျား မျက်ခွံကလေးတွေ မွန်ထူဘက်လာသလို နီမြန်းလာတဲ့ ယောက ဖူးဖူးထံ ထ,လာဟန်ပြင်သည်။

"နေ ... နေ ... ယော၊ ဘုန်းဘုန်းတို့ ပြည့်စုံအောင်အရင်လုပ်ပါ၊ တို့ အေးအေးဆေးဆေး နေမှာပါ"

ဖူးက လှမ်းပြောလိုက်ကာ စားပွဲတစ်ခုမှာ ဝင်ထိုင်လိုက်ပါသည်။ ဘုန်းဘုန်းတို့ စားပွဲဆီ အချိုပွဲလိုက်နေတဲ့ ကျော်လင်းဖက ဖူးနှင့် အာကာ့စားပွဲမှာ လာထိုင်လိုက်ပါသည်၊ ဧည့်သည်တွေစားဖို့ ဝိုင်းတွေကို မတူးမာနှင့် ထူးမှူးရဲ့တပည့်ဝန်ထမ်းတချို့က စုံစေအောင် နေရာချနေကြသည်။

ဖူးဖူးသည် ဧည့်ခန်းနံရံပေါ်က ယောနှင့် ထူးမှူးရဲ့ မင်္ဂလာပွဲထိုင်ဝတ်စုံနှင့် စုံတွဲဓာတ်ပုံကြီးကို တမေ့တမော မော့၍ ငေးကြည့်နေမိသည်။ မင်္ဂလာဆောင်ခါနီးတုန်းက ပျာယာခတ်ဘုန်လုပ်အောင် ကြည်နူးပျော်ရွှင်နေခဲ့တဲ့ ကိုကို့ကိုလည်း သတိရလှပါသည်။

၉၉၉



www.burmeseclassic.com

www.burmeseclassic.com

## ၁၃

"အလုပ်တွေက တစ်ဖက်၊ အိမ်ဆောက်နေတာ အိမ်အလှ ဆင်နေတာက တစ်ဖက်၊ မင်္ဂလာဆောင်ကိစ္စက တစ်ဖက် နဲ့ ပင်ပန်းလိုက်တာ ကိုကိုရာ၊ ကိုကို့ကြည့်ရတာ မျက်နှာ တောင် ပါးချောင်နားချောင် ကျနေပြီ၊ ရန်ကုန်ရောက် ရောက်ချင်းနေ့က ကိုကို့မိတ်ဆွေ ဒေါက်တာမြင့်ဇော်နဲ့ တွေ့တယ်၊ ကိုကို သွေးတိုးနေပြီဆို"

"အာ ... တစ်ခါတစ်ရံတိုးတာကို သူက သွေးတိုးရောဂါ ကြီးလို ပြောနေတာပါ ညီမလေးရာ၊ ပင်ပန်းတာ ဘာဆန်း လဲ၊ ခုမှ မဟုတ်ပါဘူး၊ တစ်သက်လုံး ဒီလိုပဲ ရုန်းကန် လာတာ၊ ဒီလောက်ကတော့ ပင်ပန်းနေရတာပဲလေ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ခုဟာက ကိုကို့မှာ စိတ်ဖိစီးမှု တွေ တအားများနေသလိုပဲမို့လို့"





"ဒါတော့ ဒါပေါ့ ညီမလေးရာ၊ ယောလေးက ကလေးလိုပဲ၊ ဘာမှတောင်းဆိုတာ ပူဆာတာ မရှိပေမယ့် ဘွားဘွားတို့ အန်တီညိုတို့ အမြင်မှာ ဘာတစ်ခုမှ လိုလေသေး လိုအပ် ချက် မဖြစ်စေချင်ဘူးလေ"

"အမယ်လေး ကိုကိုရယ်၊ ကိုကို့ကိုက သည်းလွန်းပါတယ်၊ ကိုယ်က သူတို့လောက်ကြီးမှ ကြွယ်ဝပြည့်စုံတာမှ မဟုတ် တာ၊ ကိုယ့်အတိုင်းအတာထဲက ကိုကို အကောင်းဆုံးလုပ် ပေးတာပဲ ဥစ္စာ၊ သူတို့က ဘာမှပြောမှာ မဟုတ်ပါဘူး၊ ခုခေတ်ကြီးမှာ ကိုကို့လောက် ရိုးသားကျိုးနွံတဲ့ သမက် လောင်း ဘယ်လိုမှ မရနိုင်ဘူးဆိုတာ သူတို့မသိဘဲ နေပါ့ မလား၊ နဂိုကတည်းက ကိုကို့ကို သူတို့ သဘောတူ လက်ခံတာ ကိုကိုချမ်းသာလို့မှ မဟုတ်တာ၊ လူကောင်း ဆိုတဲ့ ရိုးဂုဏ်ကို အဓိက သူတို့မက်မောတာပဲဟာ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ သူတို့ဂုဏ်ဒြပ်နဲ့ ယောလေးကို မျက်နှာမငယ်ရစေချင်ဘူးပေါ့"

"ယောကဖြင့် ကိုကို့ကို ဒီလောက်ချစ်တာ၊ မိန်းမချင်းသိ တယ်၊ ကိုကိုက လက်မှတ်ထိုးရုံပဲ လက်ထပ်မယ်ဆိုလည်း သူ လက်ခံမှာပဲ၊ မငြင်းဘူး စိတ်ချ"

"အဲဒါကြောင့် တော်ရုံလျော်ရုံ လုပ်လို့တော့ မဖြစ်ဘူးလေ ညီမလေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ ... ဖူးက ကိုယ့်ကျန်းမာရေး ကိုယ်ဂရုစိုက်ဖို့ သက်သောင့်သက်သာ နားနားနေနေလုပ်ဖို့ ပြောတာ တစ်သက်လုံးက ပင်ပင်ပန်းပန်း ကြိုးစားလာပေမယ့် မိန်းမယူခါနီးမှ စိတ်ပါဖိစီးပြီး ရုပ်ကကျနေပြီ၊ အဘိုးကြီး နဲ့တောင် တူတော့မယ်၊ အသက်ကဖြင့် လေးဆယ်ပြည့်ဖို့ အတော်လိုသေးတာကို၊ ကျန်းမာရေး ဂရုစိုက်ပါ၊ မိန်းမ ငယ်ငယ်လေး ယူထားပြီးတော့၊ တော်ကြာ ယော စောစော စီးစီး မုဆိုးမ ဖြစ်နေဦးမယ်"

"ဟာ ... ညည်းကတော့လေ မဦးမချွတ် တဆုံးတစ ပြော ပြီ"

"မှ ... မှ ...။ ဒက်ခံနဲ့ထိရောက်အောင် စကားကြမ်းသုံး ရတာ၊ ကိုကို့ကို ကြည့်ရတာ ယော မျက်နှာလေးကြည့် လိုက် ဘွားမျက်နှာကြည့်လိုက် အန်တီညို့မျက်နှာကြည့် လိုက် ကိုကျော်လင်းဖဲမျက်နှာကြည့်လိုက်နဲ့ မြင်ရတာ စိတ်ပင်ပန်းလွန်းလို့ပါ၊ မရမယ့်မိန်းမမှ မဟုတ်တာ၊ လက် ပံထပ်တော့မယ်၊ တချို့စိတ်ဇောလေးတွေ လျှော့ဦး၊ အံ့သြ ပါရဲ့၊ ကိုကိုဟာလေ မဦးမချွတ်ပြောတယ် ဆိုဦးမယ်၊ ခုနေများ သေရင်တောင် မကျွတ်မလွတ်ဘဲ ယောခင်ဖံ အနား တဝဲလည်လည် ငြိတွယ်နေမယ့်သူ"

"ဟား ဟား ဟား ... မဆူပါဘူးဟာ၊ ဒီစကားကိုတော့ သဘောကျသွားပြီ၊ ဟုတ်တယ်၊ ငါ ခုနေသေရင် ကျွတ်မှာ





မဟုတ်ဘူး၊ စိတ်ဇောတွေ ဖိစီးကပ်ငြိနေလို့လေ၊ ယောနား ရစ်ဝဲနေမှာပဲ၊ ဝိညာဉ်ဘဝနဲ့"

"ဟွန်း ... သေချာတာပေါ့"

"ဖူး ... ဒါ ကိုတိုးလတ် ဆိုတာလေ"

စားပွဲဝိုင်းမှာ ဝင်ထိုင်လိုက်သည်နှင့် အာကာက ိုးလတ်ကိုလည်း နှုတ်ဆက်ကာ ဖူးဖူးကိုလည်း တိုးလတ်နှင့် ိတ်ဆက်ပေးလိုက်ပါသည်။ ဖူးဖူးက တိုးလတ်ကို ဂရုတစိုက် ူးစိုက်ကြည့်ရင်း ...

"အစစအရာရာအတွက် ကျေးဇူးအများကြီး တင်ပါတယ် ကိုတိုးလတ်"

"ကိစ္စမရှိပါဘူး အစ်မ၊ မလိုပါဘူးဗျာ"

"အိမ်ကမထွက်ခင်တောင် ပြောဖြစ်သေးတယ်၊ ကိုတိုးလတ် ကိုလည်း အိမ်ကိုတစ်ရက်လောက် ထမင်းဖိတ်ကျွေးချင် တာ၊ စကားလေး ဘာလေး အေးအေးဆေးဆေး ပြောရ တာပေါ့၊ ဖူးဖူးတို့ အခု သူ့မိဘတွေအိမ်မှာ တည်းနေပါ တယ်၊ ရှိနေဦးမှာပါ"

တိုးလတ်က စိတ်ကျဉ်းကျဉ်းကျပ်ကျပ်နှင့် ခေါင်း ညိတ်ပြရပါသည်။ သူတို့အားလုံးဟာ နောက်ဆုံးထိတွေ့ခဲ့ရသူ



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်နဲ့ တိုးလတ်နှင့် စကားစမြည် ပြောချင်နေကြတော့တာပင် ယောခင်ဖဲက တိုးလတ်ကို မကြည်မသာ တစ်ချက်ကြည့်လိုက် ရင်း ...

"ကိုတိုးလတ် ... ရှင်က ယောနဲ့တော့ စကားမပြောချင် ဘဲ ပတ်ရှောင်နေပြီးတော့"

"အဲလိုမဟုတ်ပါဘူး ယောခင်ဖဲ၊ ကျွန်တော် ပြီးခဲ့တဲ့ရက် တွေက တကယ်ပဲ အလုပ်ရှုပ်နေတာလေးတွေ ရှိလို့ပါ"

ယောခင်ဖဲက တိုးလတ်ကို မကြည်မလင်ပင် မျက်နှာ လွှဲလိုက်ရင်း ...

"မမဖူးရော သမီးလေးရော ကျန်းကျန်းမာမာရှိတာ သတင်း ကြားရလို့ ယော အရမ်းဝမ်းသာတာပဲ၊ သတင်းမေး ကလေးကြည့်ဖို့ ယော မရောက်နိုင်တာအတွက် ကြွမှ တောင်းပန်ပါတယ် မမဖူးရယ်"

"မဟုတ်တာ ယောရယ်၊ ဒီစကားမျိုး ပြောနေစရာလား ယောမှာလည်း ယောရဲ့အပူသောကနဲ့၊ မမ ဝမ်းနည်းတာ တစ်ခုပါပဲ၊ အသုဘမမီလိုက်တာ တစ်ခုပါပဲ"

ပြောရင်း ဖူးဖူး အသံက တုန်လာသည်။

"ဒါတော့ မမဖူး ကျန်းမာရေးအခြေအနေနဲ့ မီးဖွားထား ရတာနဲ့ ပြောဖို့မသင့်တော်တာမို့လို့ မပြောဖြစ်ခဲ့ရတာပါ လေ၊ မမဖူး ဒီနေ့ရောက်လာတာ ယော သိပ်ဝမ်းသာတာပဲ မမဖူးကို ယော ပြစရာတွေရော မေးစရာတွေရော ရှိတယ်"





"ပြောလေ ... ယော၊ မေးချင်တာမေးပါ"

ယောက သူနှင့်တစ်ဝိုင်းတည်း ထိုင်နေတဲ့ ကျော် လင်းဖဲနှင့် တိုးလတ်ကို ဖျတ်ခနဲ တစ်ချက်ကြည့်လိုက်ပါသည်။ ကျော်လင်းဖဲက ယောမျက်နှာကို စိုက်ကြည့်ကာ ယောစကားကို သာပါ နားထောင်နေတာမို့ ယောက မျက်လွှာချကာ နှုတ်ဆိတ် လိုက်ပါသည်။ ဘယ်သူ့ရှေ့မှာမှ မပြောချင်တဲ့စကားတွေ။

"ပြောလေ ယော"

"ဟို ... ယောက မမဖူး တစ်ယောက်ကိုပဲ ပြောချင်တာ၊ ကိုကိုနဲ့ ကိုအာကာနဲ့ ကိုတိုးလတ်နဲ့ကိုတော့ မပြောချင်ပါ ဘူး"

ကျော်လင်းဖဲက သက်ပြင်းတစ်ချက်ချကာ တိုးလတ် ာ မျက်လွှာချ ငြိမ်သက်နေလိုက်ပါသည်။ အာကာကတော့ နေ ာက ဖယ်ပေးရမလို ဝိုင်းပြောင်းထိုင်ပေးရမလို လှုပ်လှုပ်ရှားရှား ဖြစ်သွားပါသည်။ ယောသည် နှုတ်ခမ်းလေး တလှုပ်လှုပ်တစ္စ နှင့် အားယူနေရာမှ ဖူးဖူးလက်ကို ဆွဲကိုင်လိုက်ကာ ခပ်တိုးတိုး လေး ...

"မမဖူးနဲ့ ယော အခန်းထဲမှာ စကားသွားပြောရအောင်"

"ဟင်"

ဖူးဖူးက နားမလည်သလို အံ့အားလေးသင့်ကာ ဆဲ ကျော်လင်းဖဲက ...



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး ဘယ်သူမှ အကျိုးမရှိတဲ့ စကားမျိုးတွေ မပြောပါနဲ့၊ ဖူးဖူးကလည်း ကိုထူးညီမရင်းလေ၊ အလကား စိတ်မကောင်းဖြစ်နေရရင် ဘာလုပ်မှာလဲ"

"ယောတို့က ပုထုဇဉ်တွေပဲ ကိုကို၊ သူတော်စင်ရဟန္တာတွေမှ မဟုတ်တာပဲ၊ အကျိုးမရှိတဲ့စကား ဆိုပေမယ့်လည်း ပြောချင်တာကိုမှ မအောင့်နိုင်တာ၊ ပုထုဇဉ်စကားမျိုးပြောတာ မဆန်းပါဘူး ကိုကို"

ကျော်လင်းဇံ မျက်နှာက မကြည်သာ၍ ဖူးဖူးက နေရခက်နေဆဲ ယောက ဖူးဖူးလက်ကိုဆွဲကာ ရုတ်တရက် ထရပ်လိုက်သည်။

"ညီမလေး ဧည့်သည်တွေလည်း ရှိသေးတာလေ"

"ညီမလေးဧည့်သည်ရင်းဆိုလို့ ကလျာနဲ့ အေးမြတ်ပဲရှိတာပဲဟာ၊ သူတို့က အားနာစရာမှ မရှိတာ၊ ကျန်တဲ့ဧည့်သည်တွေအားလုံးက ကိုကိုတို့ အန်တီညိုတို့ ဘွားတို့နဲ့တော ပိုရင်းနီးတဲ့ သူတွေချည်းပဲ၊ ကိုကိုတို့ ဧည့်ခံလို့ရတာတွေချည်းပဲ၊ ဧည့်ခံလိုက်ပေါ့လို့၊ လာ ... မမဖူး"

ဖူးဖူးက ကျော်လင်းဇံကို အနေခက်ခက်နှင့်ကြည့်ကာ ဒူးလေးထောက်၍ ထရပ်လိုက်ရပါသည်။ ကျော်လင်းဇံက ယောကို လက်သျှောပုံနှင့် ဖူးဖူးကိုသာ တစ်ချက်ကြည့်ရင်း ...

"ဖူးဖူး ... ယောစကားတွေထဲမှာ စိတ်ကသိကအောက်ဖြစ်စရာမျိုးလေးတွေ ပါခဲ့ရင်သာ ခွင့်လွှတ်လိုက်ပါဗျာ"





"ရှင် ... ဟုတ်ကဲ့ပါ ကိုကျော်လင်းဇံ"

ဖူးဖူးသည် ဘုမသိ ဘမသိ ဇဝေဇဝါနှင့်ပင် ယော လက်ဆွဲခေါ်ရာ သူတို့အိပ်ခန်းဆီ ပါလာခဲ့ရပါသည်။ ယောတို့ အိပ်ခန်းသည် ခန်းဆီးမှိုင်းမှိုင်းတွေ ဆွဲစေ့ချထားသဖြင့် အလင်းရောင်အား မကောင်းပဲ မှုန်မှိုင်းမှိုင်း ဖြစ်နေသည်။ စိတ်ထိုင်းမှိုင်းလေးပင်စရာ မလန်းဆန်းချင်စရာ ဖြစ်နေ၍ ...

"ယော ... အခန်းကလည်း မှုန်ပိန်းပိန်းကြီး၊ ခန်းဆီးတွေ ဆွဲဖယ်လိုက်ပါလား၊ အလင်းရောင်လေး ဝင်အောင်လေ၊ ပြတင်းပေါက်လေး တစ်ခုလောက် ဖွင့်လိုက်ရင် လေဝင်လေထွက်လည်း ကောင်းသွားမယ်၊ ခုတော့ အသက်ရှုကျပ်ချင်စရာကြီး၊ ယော စိတ်ကြည်လင်အောင် ပြောတာပါ"

"ဟင့်အင်း မမဖူး၊ သိပ်မလင်းတာ ယော ကြိုက်ပါတယ်၊ လင်းထိန်နေရင် ... လင်းထိန်နေရင် ... ဟို ..."

ဖူးဖူးသည် ယော ဝင်ထိုင်လိုက်တဲ့ ခုတင်မွေ့ရာစောင်းမှာပဲ သူပါဝင်ထိုင်လိုက်ကာ ခုတင်နံဘေးကပ်လျက်စားပွဲပေါ်က ထူးမှူး တစ်ယောက်တည်း ကိုယ်တစ်ပိုင်းပုံ မှန်ပေါင်သွင်းထားတာကို ငေးစိုက်ကြည့်မိသည်။ ပုံကိုကြည့်လိုက်တာနှင့် အသုဘရက်တွေ အတွင်းတုန်းက အိမ်ရှေ့မှာထောင်ထားမည့် အမှတ်တရပုံဖြစ်မှန်း မှန်းဆမိပါသည်။

ကိုကို့ဓာတ်ပုံကိုကြည့်ရင်း ရင်ထဲလွှမ်းဆွတ်ဆို့နင့်လာရသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



"မမဖူး ... ယောကို တစ်ခုလောက် မှန်မှန်ပြောပြပါ"

"ဘာလဲဟင် ... ယော"

"အဲဒီညက ကိုကြီးဆုံးတဲ့ညက ကိုကြီး တကယ်ပဲ မမဖူးဆီ ရောက်မလာဘူးလားဟင်"

"ဟင်"

ဖူးဖူးက မျက်ခုံးလေးပင့်သွားရင်း ...

"ယော ... ကိုကိုက အဲဒီညက နေပြည်တော်ကို ရောက်မလာခင် လမ်းခုလတ်မှာပဲ ကားမှောက်ခဲ့တာလေ၊ ယောလည်း အဲလိုပဲ သိပြီးသား မဟုတ်လား၊ ဘယ်လိုလုပ်ပြီး မမဆီ ရောက်လာပါ့ဦးမလဲ"

"မဟုတ်ဘူး မမဖူး၊ ကိုကြီး လူကိုယ်တိုင်ရောက်ခွင့်မရခဲ့တော့ဘူးဆိုတာ ယော သိတာပေါ့၊ ယော ဆိုလိုတာက"

ယောရဲ့မှုန်ရီဝေသော မျက်လုံးကလေးများကို ဖူးဖူးက အလင်းရောင်မှိန်မှိန်ထဲ အံ့အားတသင့် ငေးကြည့်နေမိလေသည်။

"ကိုကြီးက အဲဒီညက ယောဆီ ပြန်ရောက်လာပါသေးတယ်"

"ယော"

"မမဖူး မယုံဘူးလား၊ မယုံဘူး မဟုတ်လား၊ ယုံတာမယုံတာက မမဖူးဘက်က စိတ်ဆန္ဒပါ၊ ယောကတော့ ညာပြောတာ လုပ်ကြံပြောနေတာ မဟုတ်ပါဘူး၊ အဖြစ်မှန်





တစ်ခုကို ပြောပြနေတာပါ၊ ယောကို အရူးထင်ချင်လည်း ထင်၊ စိတ်ဆိုးချင်လည်းဆိုး၊ ယောက မမဖူးကိုတော့ ကိုကြီးရဲ့တစ်ဦးတည်းသော ဆွေမျိုးသွေးသားရင်းချာမို့ ပြောဖို့ ဆုံးဖြတ်ထားလို့ပါ"

"စိတ်ဆိုးစရာတော့ အကြောင်းမရှိပါဘူး ယော"

"ကိုကိုက ပြောတယ်၊ ယောက ခုလိုစကားတွေ ပြောနေရင် မမဖူး ဘယ်ကြိုက်ပါ့မလဲတဲ့၊ ယောရဲ့ဆိုလိုရင်းက ကို ... ကိုကြီး ... ယောနဲ့အနီးတစ်ဝိုက်မှာ တရစ်ဝဲဝဲရှိနေတုန်းပဲဆိုတဲ့ အဓိပ္ပာယ်၊ တစ်နည်းပြောရင် ကိုကြီးရဲ့ဝိညာဉ် ယောအနားက သက်ငင်မပြတ်သေးဘူး၊ နောက်တစ်မျိုးပြောရင် ကိုကြီး မကျွတ်လွတ်ဘူး ဆိုတဲ့သဘောမျိုးမို့ မမဖူးကို အဲလိုပြောရင် မမဖူး စိတ်ဆိုးမယ်တဲ့ ...

ကိုကို့စကားအတိုင်း ရှင်းရှင်းနဲ့ အတိအကျပြောရရင် ကိုကြီး သရဲဖြစ်နေတယ်ဆိုတာမျိုးကြားရင် မမဖူး ယောကို စိတ်ဆိုးမှာပေါ့ ... တဲ့၊ ယော ... မမဖူး စိတ်ဆိုးမှာတော့ စိုးပါတယ်၊ ဒါပေမဲ့ ယော ဘာကိုမှ ဖန်တီးလုပ်ကြံပြီး မဟုတ်ကဟုတ်က မပြောပါဘူးဆိုတာ မမဖူး ယုံပါနော်"

"ယော"

"........"

"ယော ... ညီမလေး"



www.burmeseclassic.com

www.burmeseclassic.com



ဖူးဖူးမျက်ဝန်းမှ မျက်ရည်များ တလိမ့်လိမ့် စီးကျလာပါသည်။ မှိုင်းရီဆွေးမြည့်သော မျက်ဝန်းများနှင့် အသက်မဲ့သလို မလှုပ်မရှက် ငိုင်နေသော ယောကို မချိတင်ကဲကြည့်ကာ မျက်ရည်ကို တားမရခဲ့ပါ။

"ယော ... မမ ... မမစိတ်မဆိုးပါဘူး ယော၊ လုံးဝစိတ်မဆိုးပါဘူး ဒါပေမဲ့ ကိုကို့ကို အဲသလိုတော့ ဖြစ်မနေစေချင်တာ အမှန်ပဲ၊ အဲသလို ဘဝမျိုးနဲ့ တရစ်ဝဲဝဲ ငြိတွယ်နေရတာမျိုးတော့ မဖြစ်စေချင်တာ အမှန်ပဲ"

"ဟုတ်ပါတယ် မမဖူးရယ်၊ ဒါပေမဲ့ ဖြစ်နေပါတယ်၊ တကယ်ပဲ ရှိနေပါတယ်"

"ယောရယ်"

ဖူးဖူးသည် ကတုန်ကယင် စိတ်လှုပ်ရှားကာ ယောကို ကျုံးဖက်လိုက်မိပါသည်။ ဖူးဖူး ပွတ်သပ်ပေးနေမိတဲ့ ယောရဲ့ ကျောပြင်လေးက သိနိုင်တယ်ဆိုရုံလေး တဆတ်ဆတ် တုန်နေသည်။ ယောလည်းပဲ တုန်လှုပ် စိတ်လှုပ်ရှားနေတာ ဖူးဖူး ရိပ်မိပါသည်။

"အဲ ... အဲဒီညကလေ၊ အဲဒီအချိန် နှစ်နာရီကျော်လောက်မှာပဲပေါ့၊ ကိုကြီးက တစ်ခေါက်ပြန်ရောက်လာတယ်၊ တကယ်ပါ မမဖူးရယ်၊ ဟောဒီခုတင်စွန်းမှာ ထိုင်နေတုန်း ယော နိုးလာတယ်၊ ကိုကြီး တစ်ကိုယ်လုံးကလေ အေးစက်လို့၊ ကိုကြီးမျက်နှာလည်း မကောင်းဘူး မမဖူးရယ် ...





ယောက ဘယ်သိပါ့မလဲ၊ တကယ်ပဲ ပြန်လာတယ်ထင်ခဲ့တာ၊ ဒါပေမဲ့ နောက်မှ ရဲတွေ ဆရာဝန်တွေနဲ့ အချိန်ပြန်တွက်လိုက်တော့လေ ကိုကြီး အဲဒီအချိန်မှာ ကားမှောက်ပြီးနေပါပြီ၊ အသက်တော့ ငွေ့ငွေ့ရှိဦးမလား မသိဘူး၊ ကိုကြီးက ယောဆီ ဖုန်းတွေလည်း ခေါ်ခဲ့တယ်၊ ယောဖုန်းမှာ Miss call တွေ တကယ်ရှိပါတယ်၊ မမဖူးရယ် ... ယော ပြန်နိုင်ပါတယ်"

"........."

"ကိုကြီးက ပြောတယ်၊ ယောကို စိတ်မချလို့ ပြန်လာတာတဲ့၊ သူ မုန့်ဘူးလေး ကျန်ရစ်ခဲ့တာကိုလည်း ပြောတယ်၊ ကိုကြီးသာ တကယ်လာမပြောရင် ယော ဘယ်လိုလုပ်သိနေပါ့မလဲ မမဖူး ... ဟင်၊ ကိုကြီး တကယ်ရောက်လာခဲ့တာပါ ...

ယောက အဲဒီအချိန်မှာ အရမ်းအိပ်ချင်နေလို့သာ အခြေအနေမှန်ကို မရိပ်မိရတာ၊ ယောလေ အဖြစ်မှန်ကိုသာ သိနေရင် ကိုကြီးကို အတင်းဆွဲထားပါတယ်၊ ဒါမှမဟုတ်လည်း တဝကြီးနှုတ်ဆက်လိုက်ပါတယ် မမဖူးရယ်၊ ခုတော့ အဖြစ်အပျက်တွေက တစ်မျိုးကြီး၊ ကိုကြီး ဘယ်လိုတံခါးဖွင့်ဝင်လာလဲ သံသယဖြစ်စရာကိုလည်း မဖြစ်မိခဲ့ဘူး၊ ပြန်တော့မယ်ဆိုတော့လည်း ယောတံခါးလိုက်ပိတ်ဖို့မလိုဘူး၊ သူ့ဟာသူ ပိတ်ခဲ့မယ်ဆိုတာကို ဘာသံသယမှ မဖြစ်ဘဲ ယောက အိပ်ရာထဲပဲ ချန်နေရစ်ခဲ့တယ် ...



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးကို ဝအောင်တောင် ဖက်မထားလိုက်ရဘူး မမဖူးရယ်”

ဖူးဖူးက ယောနှင့် ကိုယ်ချင်းစာကာ မျက်နှာချင်း နီးနီးကပ်ကပ်ဆိုင်ကာ ကြည့်ရင်း ခေါင်းကလေးယမ်းလျက် —

“ယောလေး … အဲ … အဲဒါ ယော အိပ်မက်တွေမက်တာ နေပါလိမ့်မယ် ယောရယ်”

“အိပ်မက်မဟုတ်ပါဘူး၊ တကယ်ပါ၊ ယောကိုင်လို့တွယ်လို့ရတဲ့ အထိအတွေ့ကိုလည်း မှတ်မိပါတယ်”

“အိပ်မက်ပါ ယောရယ်၊ မသိစိတ်က ကိုကို ကားမှောက်သွားတာကို စိုးရိမ်မကင်း ပူပန်စိတ်နဲ့ ချောက်ချားပြီး မက်တာမျိုး ဖြစ်ပါလိမ့်မယ်၊ ဘာလို့လဲ သိလား၊ အဲဒီညက ဆေးရုံမှာ မမ သတိလစ်နေတုန်းလည်း ကိုကို့ကို အိပ်မက် မက်ခဲ့ပါတယ်”

“ဟင်”

ယော မျက်ဝန်းလေးများက ဝိုင်းစက်သွားသည်။

“မမ လိမ့်ကျပြီး သတိမလစ်ခင်ဆဲဆဲလေးမှာ ကိုကို့ကို အရင်ဆုံး ဖျတ်ခနဲ သတိရလိုက်တာ၊ မမဘဝမှာ မမကို စောင့်ရှောက်ခဲ့တာ ဂရုစိုက်ခဲ့တာ လိုအပ်တာ ဖြည့်ဆည်းခဲ့တာက ယောကျ်ားထက်ပိုပြီး ကိုကိုကသာ အမြဲရှေ့ဆုံးက ကိုး၊ မမရဲ့မသိစိတ်က ပိုအားကိုးတာကလည်း ကိုအာကာ ထက် ကိုကို့ကိုပဲ ဖြစ်နေခဲ့လိမ့်မယ်၊ မမ သတိမလစ်ခင်





ကိုကို့ကိုပဲ ဖျတ်ခနဲ သတိရပြီး ကိုကို လာကယ်ပါဦးဆိုတာမျိုး တ,လိုက်မိပြီးမှ သတိလစ်သွားခဲ့တာ …

သတိမလည်မချင်း မမကို ခွဲဖို့စိတ်ဖို့ ပြင်ဆင်နေတဲ့ တစ်ချိန်လုံး ကိုကို့ကိုပဲ စိတ်စွဲသွားပြီး မမ ကိုကို့ကိုအိပ်မက် မက်နေခဲ့သေးတယ်၊ အဲဒါကြောင့် ယောလည်း အိပ်မက်,မက်ခဲ့တာမျိုး ဖြစ်ပါလိမ့်မယ်လို့”

“မမဖူး ဘာအိပ်မက် မက်တာလဲ”

“ကိုကိုရောက်လာတယ်လို့ပေါ့၊ မမလက်ကိုကိုင်ပြီး ညီမလေး ဘာမှအားမငယ်နဲ့ ကိုကိုရှိတယ်၊ ကိုကိုလာပြီဆိုတာမျိုး တတွတ်တွတ်ပြောနေတဲ့ အိပ်မက်မျိုး ကယောင်ချောက်ချား မက်နေခဲ့တယ်၊ မမရဲ့စိတ် တစ်ဝက်က ကိုကို ဒီလောက်မြန်မြန် ရောက်မလာနိုင်ဘူး ဆိုတာကိုလည်း သိနေတယ်၊ ဒီတော့ အဲလိုအိပ်မက်,မက်နေရင်းကကိုပဲ ဒါဟာ ငါစိတ်ထင်တာ တကယ်မဟုတ်ဘူး၊ အိပ်မက်ပါလို့ မမသိနေတယ်”

ယောနှင့်ဖူးဖူး တစ်ယောက်မျက်လုံးထဲ တစ်ယောက် စူးစူးနစ်နစ် စိုက်ကြည့်နေမိကြရာမှ ယောက ခေါင်းလေးခါယမ်းလိုက်ပါသည်။

“အဲဒါ အိပ်မက်မဟုတ်ဘူး”

“ဟင်”

“အဲဒါ မမဆီ ကိုကြီး တကယ်ရောက်လာတာ”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ကိုကြီးရဲ့ဝိညာဉ်က မမဆီ ရောက်လာတာလေ၊ ကိုကြီးဟာ မသေခင် သူ့အသက်အငွေ့ငွေ့ နောက်ဆုံးအချိန်မှာ စိတ်မချဆုံး နောက်ဆုံးအတင်းဆုံးက ဘယ်သူတွေဖြစ်မယ် ထင်လို့လဲ၊ မမဖူးနဲ့ ယောပဲပေါ့ မမဖူးရဲ့၊ ဒါကြောင့် နှစ်ယောက်လုံးဆီ သူ အရောက်လာခဲ့တာ"

"ယော ..."

ယော မျက်လုံးလေးများက တဖျပ်ဖျပ် တောက်ပ ရောင်လက်နေသည်။

"အဲဒါကြောင့် မမဖူးကို ယော တွေ့ချင်နေတာ၊ အဲဒီညက ဘာတွေထူးခြားလဲ ကိုကြီးကို တွေ့သလားဆိုတာ ယော တစ်ချိန်လုံး မေးချင်နေတာ၊ အခု ထူးခြားတာပဲလေ မမဖူး၊ ယောရော မမဖူးရော နှစ်ယောက်စလုံးဟာ ဒီတစ်ညတည်း ဒီတစ်ချိန်တည်းမှာ ကိုကြီးကို ပြိုင်တူ အိပ်မက်,မက်ခဲ့ကြတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား၊ ကိုကြီးရောက်လာတယ်လို့ ဇဝေဇဝါ မသဲမကွဲ ခံစားရတာမျိုးက နှစ်ယောက်တစ်ပြိုင်နက် မရှေးမနှောင်း တစ်ချိန်တည်း ဖြစ်ပါ့မလား မမဖူး ...

ယုံပါ မမဖူးရယ်၊ ကိုကြီး တကယ်ရောက်လာခဲ့တာပါ၊ ကိုကြီး ရောက်ကို ရောက်လာတာပါ"

"........."





ဖူးဖူး ပါးပြင်ပေါ် မျက်ရည်ပေါက်တွေ စီးလိမ့်ကျနေပါသည်။

"မငိုပါနဲ့ မမဖူးရယ်"

ယောခင်ဖဲက သူ့လက်ချောင်းကလေးများနှင့် ဖူးဖူး ပါးပြင်မှ မျက်ရည်စတို့ကို တို့သုတ်ပေးနေပါသည်။ သုတ်ပေးနေတဲ့ လက်ကလေးကို ဖူးဖူးက ဆွဲယူပြီး သူ့လက်အစုံထဲ ဆုပ်ညှစ်ထားမိသည်။ ရင်ထဲမှာ လာကျပ်နေပါသည်။ ဆို့နင့်နေပါသည်။ ဘာကို ခံစားဆို့နင့်ရတာလဲ။ ယော ပြောစကား ... ကိုကို ကျွတ်လွတ်ဘူး ဆိုလို့လား၊ ဒါမှမဟုတ် အဲသလို အလေးအနက် အပြည့်အဝ ယုံကြည်နေတဲ့ ယောကို သနားလို့လား။

"ယော ပြောတာတွေကို ဘယ်သူမှ လက်မခံ မယုံကြည်ပါဘူး၊ ဒါမှမဟုတ် မယုံကြည်ဟန်ဆောင်နေတာလည်း ဖြစ်ချင်ဖြစ်မယ်၊ တချို့ ထူးခြားချက်တွေကိုတော့ မတူးမာတောင် သိပါတယ်၊ မမဖူး မယုံရင်လေ ဒီအိမ်မှာ ဆယ်ရက်လောက် လာနေပါ၊ လာနေကြည့်ပါ၊ ထူးခြားတာလေးတွေ တကယ်ကြုံရမှ မမဖူး ယုံမှာပါ ...

ယောလေ ... အမှတ်တမဲ့ ကိုကြီးစကားလှမ်းပြောလိုက်တာတွေကိုလည်း ခဏ ခဏ ကြားတယ်၊ ခြံထဲမှာ အိမ်ပေါ်က ကိုကြီး စာထိုင်ဖတ်တတ်တဲ့ကြိမ် rocking chair လေးမှာ ဟိုနား ဒီနားမှာ လှုပ်ခနဲလည်း မကြာမကြာ တွေ့ပါတယ်၊ ပြီးတော့ ကိုကြီးချစ်တဲ့ ခွေးဝါလေးကလည်း သိပ်သိသာတာပဲ၊ သူလည်း သိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ယောတစ်လုံးချင်း ပြောနေတဲ့ စကားတွေကြောင့် ဖူးဖူးသည် ကျောထဲ ဖြန်းခနဲ အေးစိမ့်သွားသလို ခံစားလိုက်ရပါသည်။ ကိုယ့်ရဲ့ကျောဘက်ဆီမှ အေးစက်တဲ့ တစ်စုံတစ်ရာ ဖျတ်ခနဲ အနီးကပ်ရောက်လာသလိုပင်။ ဖျတ်ခနဲတောင် ကယောင်ကတန်း လှည့်ကြည့်လိုက်မိသေးပြီး ခုနကားပေါ်မှာ မှန်ထဲက ဖျတ်ခနဲ ထင်ယောင်ထင်မှား မြင်လိုက်သလိုရှိတဲ့ ထူးမှူး မျက်နှာကိုလည်း ချက်ချင်းသတိရကာ ခေါင်းတွေ ချာချာလည် မူးချင်လာသည်။

ကောင်းရာသုဂတိလားပါစေ ကိုကိုရယ်။

ဖြဖြ



၁၄

"မတူပါဘူးနော် ကိုကို၊ ဘယ်နားလေးမှ တစ်ချက်မှ ကိုကြီးနဲ့ မတူပါဘူး"

တစ်လမ်းလုံး ငြိမ်သက်လာပြီးမှ အိမ်ရှေ့ကားရပ်လိုက်မှ ယောက မှတ်ချက်တစ်ခု ပြုလိုက်ပါသည်။

ကျော်လင်းခံက ယောကို တစ်ချက်ကြည့်ရင်း ...

"အင်း ... ယောကျ်ားတစ်ယောက်နဲ့ မွေးကာစ မိန်းကလေးလေး တစ်ယောက်နဲ့ကတော့ တူနိုင်ဖို့ ခဲယဉ်းတာပေါ့ ညီမလေးရာ"

"အို ... ကိုကိုကလည်း ယောကျ်ားနဲ့မိန်းကလေးမို့ မွေးကာစပဲ ဖြစ်နေသေးလို့ မတူတာလောက်မှ မဟုတ်တာ၊ ဘယ်လိုမှကို ဘာကြောင့်မှ မတူတာ၊ ကိုကြီး ဝင်စားတယ်ဆိုတာ ဖြစ်ကိုမဖြစ်နိုင်ဘူးလို့ ရှင်းရှင်းလေး ပြောစမ်းပါ ကိုကိုရာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ ... ကိုကိုကလည်း အဲသလို ဝင်စားတယ်ဆ
ဘာတွေ အယုံအကြည် မရှိပါဘူး"

"ကိုကိုကသာ အယုံအကြည်မရှိတာ၊ မမဖူးကတော့ အ
ယုံနေတာ"

"ဒါတော့ သူလည်း ညီမအရင်းပဲ မျှော်လင့်မိမှာပေါ့
ကိုထူး ဆုံးတဲ့အချိန်နဲ့ မရှေးမနှောင်းပဲ သူလည်း မွေးထ
လိုက်နိုင်တာ မဟုတ်လား၊ အချိန်တွက်ကြည့်ရင် သူလည်
အဲလိုစိတ်ကူးယဉ်လို့ ရနေတာပဲဟာ၊ သူ့ဟာသူ စိတ်
ယဉ်ပါစေ"

"ဟင့်အင်းလေ ... ဖြစ်မှ မဖြစ်နိုင်တာ"

လလည်ဆွမ်းကျွေးတုန်းက ဖူးဖူးက သူ့အထ
သူ့မျှော်လင့်ချက်လေးဖြစ်သော သူ့သမီးကလေးဟာ သူ့အစ်
ဝင်စားတာ ဖြစ်နိုင်တယ် ဆိုသည့်စကားမျိုး ပြောခဲ့သဖြင့် ယော
က ဖူးဖူးယောက္ခမအိမ်ကို ဒီနေ့ အလည်ရောက်အောင်သွား
ကလေးလေးကို သွားကြည့်ခဲ့တာ ဖြစ်ပါသည်။

ကားပေါ်ကဆင်း အိမ်ပေါ်တက်သည်နှင့် ဘေး
လည် ဝရန်တာလေးထဲ လျှောက်ဝင်သွားပြီး နှင်းဆီအိုးလေး
သွားငုံ့ကြည့်နေသည့် ယောခင်ဖဲကို ကျော်လင်းဖဲက ...

"ကဲ ... လာ ... လာ ... ထမင်းရင်စားရအောင်လေ ညီ
လေး၊ ထမင်းစားချိန်တောင် နောက်ကျနေပြီ၊ ဗိုက်ဆာ
ရှာပေါ့၊ လာ ... လာ ... ဝင်တော့"





"ဟုတ်ကဲ့ ... လာပါပြီ"

"မတူးမာ ... ထမင်းခူးထားလိုက်တော့"

"ဟုတ်ကဲ့ ... ကိုကျော်"

ကျော်လင်းဖဲက အဝတ်အစားလဲဖို့ အခန်းထဲဝင်သွားနှင့်ပါသည်။ ယောက ထမင်းစားခန်းရဲ့ဘေးပေါက်က ဝင်လာရင်း ...

"ဘယ်နားလေးမှကို ကိုကြီးနဲ့ မတူတာပါ မတူးမာရာ"

"အင်းလေ ... ထင်ပြီးသားပဲ၊ ဖူးဖူးကလည်း အစ်ကိုထူးနဲ့မတူဘူး၊ ကိုအာကာကလည်း ရုပ်တစ်မျိုးဟာကို ကလေးက ဘယ်လိုလုပ် အစ်ကိုထူးနဲ့ တူပါ့မလဲလို့"

"အဲသလိုတွေကို မဟုတ်ဘူး၊ ဘာကြောင့် ညာကြောင့် မတူတာ မဟုတ်ဘူး၊ တူကိုမတူတာ၊ အဆိုးဆုံးကတော့ ယောချီလိုက်တာကို ကလေးက လုံးဝမလိုက်ဘဲ ကော့လန်ထိုးပြီး ငိုတော့တာပဲ၊ ယောလက်မှာကို မနေချင်တာ၊ အဲဒါ ကိုကြီးဝင်စားတာ ဖြစ်နိုင်ပါဦးမလား၊ အဝေးကြီးပဲ၊ ကလေးလေးကို မြင်ရ ကြည့်ရတာလည်း ယောစိတ်ထဲမှာ ထူးခြားတဲ့ခံစားမှု ဘာတစ်ခုမှ မဖြစ်ပါဘူး၊ ရုပ်လည်းမတူ အပြုအမူလေးတွေလည်း မဆင်၊ အို ... ကိုကြီးနဲ့ကို ဘယ်လိုမှ မပတ်သက်တာ"

"မတူးမာလည်း အဲလိုပဲ ထင်ပြီးသား၊ အဲဒီအတိုင်း ယူဆထားတာ၊ အစ်ကိုထူးက တခြားအိမ်ကို သွားကိုမသွားပါဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ဆိတ်သားကို ကိုကြီးအကြိုက် နှပ်ရဲ့လားဟင် မတူးမာ"

"အင်းပေါ့၊ အစ်ကိုထူး အကြိုက်ပဲ"

ယောက မတူးမာနှင့်အတူ မီးဖိုခန်းထဲထိဝင်လာ ပန်းကန်ခပ်သေးသေးလေးတစ်ခုနှင့် ဆိတ်သားနှပ် တစ်ပန်းကန် ကို ဦးဦးဖျားဖျား ခပ်နေပါသည်။

"မတူးမာ"

"အင်း"

"ကိုကြီးက ဟိုနေ့ညက သေသေချာချာ ပြောသွားတာ နော်၊ ဘုန်းဘုန်းကျောင်းကို ဆွမ်းချိုင့်ပို့တဲ့နေ့က မတူးမာ နှပ်တဲ့ ဆိတ်သားပုံစံအတိုင်း သူကအရမ်းကြိုက်တာတဲ့ အဲဒါ ကိုကြီးအကြိုက်ဆုံးဟင်းပဲ"

မတူးမာသည် စိတ်မသက်သာလှသော်လည်း ယော စကားနှင့် တလိုက်တလျောပင် ...

"အဲဒီဆိတ်သားနှပ် အစ်ကိုထူး ကြိုက်တာ မတူးမာလည်း သိတာပဲဟာ၊ အဲဒီပုံစံအတိုင်း တစ်သဝေမတိမ်းပဲ"

"မတူးမာ"

ထမင်းစားခန်းဝ ရောက်လာသော ကျော်လင်းဖံ ခေါ်သံကြောင့် မတူးမာက ဇက်ကလေးပုသွားရပါသည်။ ကျော် လင်းဖံရဲ့ ခပ်တင်းတင်းအကြည့်အောက်မှာ ယောက သူနဲ့ဘာမှ မဆိုင်သလို ဟင်းပန်းကန်လေး ဆွတ်ခနဲ မ,ယူလှည့်ဝင်သွားလျှင်





ကျော်လင်းဖံက စိတ်ပျက်သော သက်ပြင်းကြီးနှင့် ထမင်းစားပွဲမှာ ဝင်ထိုင်ရင်း ...

"အဓိပ္ပာယ်မရှိတာတွေ ယောက လုပ်လုပ်နေတာ၊ ခင်ဗျား က ချော့မော့ဖျောင်းဖျသင့်တာ ဖျောင်းဖျရမယ်လေ မတူးမာ ရာ"

"ကျွန်မလည်း ဘယ်တတ်နိုင်ပါ့မလဲ ကိုကျော်ရယ်၊ ကျွန်မ အားပေးအားမြှောက်လုပ်တာ မဟုတ်ပါဘူး၊ သူက ဒီလို ပြောဆိုနေတော့လည်း ကျွန်မက အလိုက်အထိုက်နေပေး ရတာပါ"

"အခု ဟိုနှင်းဆီအိုးက ဘာကြောင့် ရေစိုနေရပြန်တာလဲ"

"အဲဒါ မနက်မိုးလင်းကတည်းကပဲလေ ကိုကျော်၊ ကျွန်မ ဘာဆိုဘာမှ မလုပ်ပါဘူး၊ ကိုကျော်တို့က အဲကွန်းရဲ့အပြင် ဘက် စက်အိမ်က ရေကျတယ်ပြောလို့ အခု ယောလေးက အဲဒီအောက် ဆက်မထားဘဲ နေရာရွှေ့ထားတာပါပဲ၊ ဒါပေမဲ့ မနက်ဆိုရင် ... အင်း ... မိုးတွင်းဆိုတော့ မိုးပဲပက်လို့လား၊ မိုးပက်လို့ဆိုလည်းပဲ ဟိုးဘက်က ကစ်စ်မီကွစ်စ်အိုးတွေ ကျတော့ မစိုဘဲနဲ့၊ အင်း ... အဲဒါ ... ဟို ... ကျွန်မတော့ ဘယ်အိုးဆို ဘယ်အိုးကိုမှ ရေမလောင်းပါဘူး ကိုကျော် ရယ်"

"အဲဒါ ခက်တာလေ၊ ခင်ဗျား အဲဒါခက်နေတာ၊ ခင်ဗျား ကိုက ယောစကားတွေကို လက်ခံသက်ဝင်ပြီး ကိုယ်က



www.burmeseclassic.com

www.burmeseclassic.com



ရေမလောင်းဘဲ ရေရှိနေမနေ စူးစမ်းချင်နေတာကို၊ ကျွန်တော်က မလောင်းနဲ့လို့ ပြောနေတာ မဟုတ်ဘူး၊ ခင်ဗျားကို ရေလောင်းစေချင်တာ၊ မိုးလင်းတာနဲ့ ဘယ်အိုးစိုနေနေ ဘယ်အိုး ခြောက်နေနေ ခင်ဗျား အိုးအားလုံးစုံအောင်ရေလောင်းပါ၊ အဲဒါ ပြောနေတာ၊ အားလုံး ရေစိုနေတော့ ပြီးရော မဟုတ်ဘူးလား”

“ယောက လုံးဝရေမလောင်းပါနဲ့ ဆိုလို့ပါ”

“ကျွတ်”

ကျော်လင်းဖဲက ခေါင်းကို တယမ်းယမ်း ခါနေမိပါသည်။

“ကဲ ... ယောကိုသွားခေါ်လိုက်ဦး၊ မခေါ်ရင် ကြာနေမယ်၊ သူ ဆာနေတာကို ဗိုက်အရင်မဖြည့်ဘဲ မဟုတ်တာသွား လုပ်နေပြန်ပြီ”

မတူးမာက ယောအခန်းဆီ ထွက်လာပါသည်။ မတူးမာရဲ့အသိဉာဏ်မျှလောက်နှင့်ကတော့ ယော ခုလိုဖြစ်နေ လုပ်ကိုင်နေလည်း ဘာအရေးလဲ၊ ဘယ်သူ့ထိခိုက်တာမို့လို့လဲ သူစိတ်ချမ်းသာ ပြီးတာပဲရယ်လို့ပင်။ ဒါကို ကန့်ကွက်ဆန့်ကျင်နေကြသည့် ဘွားတို့ အန်တီညိုတို့ ကျော်လင်းဖဲတို့ကို နားမလည်ပါ။

ခုတင်နံဘေးစားပွဲပေါ်မှာ ထောင်ထားသည့် ထူးမှူး ဓာတ်ပုံရှေ့မှာ ဟင်းပန်းကန်လေးကိုချ၍ နှုတ်ခမ်းလေး လှုပ်စိ





တတွတ်တွတ်နှင့် ဘာတွေပြောနေမှန်းမသိ ပြောနေတဲ့ ယောခင်ဖဲကို မတူးမာက ခဏစောင့်၍ ရပ်ကြည့်နေပါသည်။ ယောက တကယ့်ကို အလေးအနက် စိတ်ပါလက်ပါ ပုံစံလေးနှင့်ပြောနေတာပင်။

“ကိုကြီး ... ဒီဆိတ်သားနှပ် စားချင်တာဆို၊ ကိုကြီး စားချင်တာ ဒီလိုပုံစံမျိုး မဟုတ်လား၊ မတူးမာကို သေချာလေး လုပ်ခိုင်းထားတာမို့လို့ အရသာရှိမှာပါ၊ နောက်လည်း ကိုကြီးပြောရင် ကိုကြီးစားချင်တဲ့ဟင်းပဲ အိမ်မှာချက်မှာ သိလား”

ဓာတ်ပုံပေါ်က မှန်သားပြင်ကို လက်ညှိုးလေးနှင့် ပွတ်ကာသပ်ကာ တတွတ်တွတ် ပြောနေတဲ့ ယောမျက်နှာကလေးက တောက်ပခြင်းလည်း တစ်ဝက်၊ ဆွေးမြည့်ခြင်း အရိပ်လည်း တစ်ဝက်။

“မမဖူးဆီ ယော ရောက်ခဲ့တယ် ကိုကြီးရဲ့၊ မမဖူးက သူ့သမီးလေးကို ကိုကြီး ဝင်စားတယ်လို့ချည်း ထင်နေတယ်၊ မဟုတ်ဘူးမို့လား၊ မဟုတ်ဘူးဆိုတာ အသိဆုံးလူက ကိုကြီးပဲ ဖြစ်မှာလေ၊ ကိုကြီးသာ အဲဒီမှာ ဝင်စားခဲ့တာ တကယ်ဆိုရင် ခုလို ယောနဲ့ အဆက်အသွယ် အထိအတွေ့ ဘယ်လိုလုပ် ရှိနိုင်မှာလဲ မဟုတ်ဘူးလား၊ ကိုကြီး ဒီအိမ်ထဲမှာပဲ ရှိနေတယ်ဆိုတာ ယော အသိဆုံးပါ၊ ကိုကြီးလည်း အသိပဲလေနော်၊ ဒါပေမဲ့ မမဖူးကတော့ သူ့သမီးလေးကို



www.burmeseclassic.com

www.burmeseclassic.com



တောင်နာမည်ကို မေထူးမှူးလို့ ပေးမှာတဲ့ ကိုကြီးရယ်၊ ယောလည်း ဘယ်လိုတားရမယ်မှန်းတောင် မသိတော့ပါဘူး ကိုကြီးရယ်"

မတူးမာသည် ယောကို ငေးကြည့်ရင်း ရင်ထဲစိတ်မကောင်းခြင်း ကြီးစိုးကာ သူ့အာရုံကို မဖြတ်တောက် မဖျက်ဆီးရက်သလို ငြိမ်နေမိပါသည်။

"မတူးမာ"

ထမင်းစားခန်းဘက်က ကျော်လင်းဖ်ရဲ့ခေါ်သံထွက်ပေါ်လာသဖြင့် မတူးမာက အလန့်တကြား ဖြစ်သွားရပြီး ...

"ယော ... ယောလေး"

"ရှင် ... မတူးမာ"

"လာ ... လာတော့၊ ဟိုမှာ ကိုကျော် ခေါ်နေပြီ"

"အင်း ... အင်း ... လာပါပြီ"

ယောက ထိုင်နေရာမှ ထ,ထွက်လာပါသည်။ ထမင်းစားပွဲမှာ မစားသေးဘဲ စောင့်နေသည့် ကျော်လင်းဖ် မျက်နှာကမဆိုစလောက် မှုန်သုန်နေကာ ...

"ညီမလေး ... အဓိပ္ပာယ်မရှိတာတွေ သိပ်မလုပ်ပါနဲ့၊ ညီမလေး ဒီလိုတွေ လုပ်နေလို့ အန်တီညိုတို့က စိတ်ပူတာ၊ ဟိုအိမ်ကိုပဲ ပြန်ခေါ်နေတာ၊ အခုလည်း ဘာလုပ်တာလဲ၊ လုပ်ကောင်းလားမသိ မလုပ်ကောင်းလားမသိ တော်ကြာ ကိုယ်လုပ်နေတာတွေက အမှားအယွင်းတွေ





ဖြစ်နေရင် တစ်ခုခု ထိခိုက်စရာရှိ ညီမလေးပဲ ထိခိုက်မယ် မဟုတ်လား"

"ညီမလေးကို ဘာမှထိခိုက်စရာ မရှိပါဘူး"

"ကျွတ် ... သိပ်ပြောရခက်တာပဲ"

"အန်တီညိုတို့ကလည်း ကိုကို ပြန်ပြောမှပဲ သိမှာပါ၊ ကိုကို ဘာမှမပြောရင် အန်တီညိုတို့ ဘွားဘွားတို့ ဘာသိမှာလဲ"

"မပြောလို့ မရဘူးလေ၊ သူတို့က တစ်နေ့ကို သုံးကြိမ်လောက် ဖုန်းဆက်ပြီး ညည်းအခြေအနေ အိမ်ကအဖြစ်အပျက်တွေ မေးနေတာ၊ မေးလာရင်လည်း ကိုကိုက ညာပြေနေစရာမှ အကြောင်းမရှိတာ၊ ဖြစ်နေတာတွေ အမှန်တွေကိုပဲ ပြောပြရမှာပေါ့"

ယောက ထမင်းကို ဇွန်းဖျားလေးနှင့် တို့တိတို့တိစားနေပါသည်။ ကျော်လင်းဖ်ကတော့ ထမင်းကို ဗိုက်ပြည့်ဖို့ ဝတ္တရားရှိလို့သာ စားရသလို ပုံစံနှင့် ခပ်မြန်မြန်ပဲ စားပစ်လိုက်ပါသည်။

ယောခင်ဖ်အတွက် သူ့ရင်ထဲမှာ တစ်မျိုးကြီး လေးပင်နေပါသည်။ ခုနောက်ပိုင်းမှာ ယောဟာ သူ့ကို အထူးတဆန်းအဖြစ်အပျက်လေးတွေ အရင်ကလောက်တော့ မပြောတော့ပါ။ ယော ပြောသမျှကို ကျော်လင်းဖ်ကလည်း အန်တီညိုတို့ကို ပြန်ပြန်ပြောဖြစ်နေတော့ အသစ်တစ်ခုကြားတိုင်း ဒီအိမ်ကိုရောင်းပစ်ဖို့ချည်းသာ တွင်တွင်တိုက်တွန်းနေတော့တဲ့ ဘွားနဲ့ အန်တီညို



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ယောက ကျော်လင်းဖဲအပေါ် အယုံအကြည် သိပ်မထား တော့သလို နှုတ်နည်းသွားခဲ့ပါသည်။

"တီး ... တောင်"

"ဘဲလ်တီးတယ် ... မတူးမာ သွားကြည့်ပါဦး"

မတူးမာက အိမ်ရှေ့ဘက် ထွက်သွားကာ တံခါးဖွင့်သံ ဖိတ်ခေါ်သံတို့ ကြားလိုက်ရ၍ ကျော်လင်းဖဲက ထမင်းစား လက်စသတ်ပြီး အိမ်ရှေ့ထွက်လာခဲ့ပါသည်။ လိုက်လာမည့်ဟန် ပြင်တဲ့ ယောဘက် ခပ်တည်တည်လေး လှည့်ကြည့်ကာ ...

"ထမင်းကုန်အောင်စားဦး ညီမလေး၊ ထမင်းကို ဖြစ်ဖြစ် မြောက်မြောက်ကို မစားဘူး၊ ထမင်းကုန်မှ လာခဲ့"

ယောက မကျေမချမ်းလေး ထိုင်ကျန်ခဲ့သည်။ ကျော်လင်းဖဲ အိမ်ရှေ့ရောက်လျှင် ဟိုဘက်ခြံက အန်ကယ်နှင့်အန်တီ တို့ကို တွေ့လိုက်ရပါသည်။

"ဩော် ... အန်ကယ်တို့ နေကောင်းတယ်နော်၊ အိမ်ချင်း ကပ်နေပြီး သိပ်မတွေ့ဖြစ်ဘူး ခင်ဗျာ"

"အေးကွယ့်၊ ဒီလိုပဲပေါ့၊ ကိုယ့်ကိစ္စနဲ့ကိုယ် အလုပ်များ တတ်တာကလား၊ သမီးရော ... နေကောင်းရဲ့လား"

"ကောင်းပါတယ် အန်ကယ်၊ သူ ထမင်းစားနေလို့ လာပါ လိမ့်မယ်၊ အန်ကယ်တို့ ကိစ္စအထူးများရှိသလား၊ မတူးမာ အန်ကယ်တို့ဖို့ အပူဖြစ်ဖြစ် အအေးဖြစ်ဖြစ် တစ်ခုခုလုပ် ပါဦး"





"ကိစ္စအထူးရယ်လို့လည်း မဟုတ်ပါဘူးလေ၊ အန်ကယ်တို့ သားနဲ့သမီးနဲ့က နောက်ပိုင်း ဒီမှာပဲ ပြန်လာအခြေချမှာဆို တော့ သူတို့က သူတို့အတွက် မြေလေး ဘာလေး ကြည့် ပေးထားဖို့ မှာတတ်တော့ အန်ကယ်တို့လည်း အေးအေး ဆေးဆေးပဲ ရှာနေတာပေါ့လေ၊ အလျင်လည်း မလိုဘူး မဟုတ်လား၊ ပွဲစားအသိအကျွမ်းလေးတွေလည်းရှိတော့ သူတို့နဲ့ မေးမြန်းပြီး သင့်တင့်တာလေးတွေများ တွေ့ရင် ပြပါလို့"

"ဟုတ်ကဲ့"

"အဲဒါ ... မနေ့တစ်နေ့ကတော့ တစ်ယောက်ကပြောလို့ ဒီခြံက ပြန်ရောင်းမယ်ဆိုလား၊ အဲဒါ သတင်းကြားတော့ ဟုတ်များ ဟုတ်လားလို့ပါ သားရေ၊ မေးရတာတော့ အားလည်းနာပါတယ်၊ တိုးလတ်ကတော့ သွားမမေးပါနဲ့ လို့ တားပါတယ်၊ အားနာစရာကြီးတဲ့၊ ဒါပေမဲ့ အန်တီတို့ ကလည်း တကယ်များ ရောင်းသွားရင် ကိုယ်မသိလိုက် ဘဲ လွတ်သွားမှာ စိုးလို့ပါ"

"ဒီလိုပါ အန်တီ၊ ရောင်းစေချင်နေတာက ကျွန်တော်တို့ အဘွားနဲ့အဒေါ်ပါ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်လည်း ဒီမှာ သိပ်ကြာကြာကြီးတော့ အတူနေမပေးနိုင်ဘူးဆိုတော့ ယော ကို မတူးမာနဲ့ နှစ်ယောက်တည်းထားဖို့လည်း မဖြစ်နိုင်၊ ယောက်လည်း ဒီအိမ်အပေါ် လိုအပ်တာထက် ပိုစွဲလမ်း



www.burmeseclassic.com

www.burmeseclassic.com



နေတာကို အဘွားတို့က မဖြစ်စေချင်တာပေါ့လေ၊ အဘွားနဲ့ အဒေါ်ကတော့ တစ်ချိန်လုံး ရောင်းခိုင်းနေပြီး ပွဲစားတွေဘာတွေလဲ စကားတောက်ကြည့်ထားတယ် ထင်ပါရဲ့ –

ခက်တာက ယောက မရောင်းချင်တာပါပဲ၊ မရောင်းချင်တဲ့အပြင် ပြောင်းတောင် မပြောင်းဘူးဆိုပြီး ဇွတ်ဆေကတ်ပြီး ဒီမှာပဲနေနေတာ၊ ချော့ပြောလို့ကို မရသေးပါဘူး”

“သြော် ... အင်းပေါ့လေ၊ အန်တီ နားလည်တယ်၊ သဘောပေါက်တယ်၊ စိတ်လည်း တော်တော်မကောင်းတာ၊ သူတို့လင်မယားလေးက သိပ်ချစ်ကြတာလေ၊ တစ်ခါတလေ ဒီဘက်ခြံကနေ အမှတ်တမဲ့ မြင်နေရတာ ရုပ်ရှင်ကြည့်နေရသလိုပဲ၊ တော်တော်ကို ချစ်ကြရှာတာ၊ ယောလည်း ရုတ်တရက် ဒီကဘယ်ခွာချင်ဦးမလဲလေ”

“ဟုတ်တယ်ခင်ဗျ၊ ဒါပေမဲ့ ဒီမှာနေတော့ ယောအတွက်က မေ့မေ့ပျောက်ပျောက် အလွယ်တကူ မဖြစ်ဘူးပေါ့၊ အမှန်တော့ ကျွန်တော်လည်း ပြောင်းစေချင် ရောင်းစေချင်တဲ့ဘက်ကပါ၊ ဒါပေမဲ့ အချိန်သိပ်မကြာသေးတော့ ညီမလေးကိုလည်း ဇွတ်မပြောရက်ဘူး၊ ဒီမှာပဲ ဆက်နေခိုင်းဖို့လည်း တစ်မျိုးစိတ်မဖြောင့်၊ ပြောင်းခိုင်းဖို့လည်း တစ်မျိုးသနားရ၊ ည,ည အိပ်တောင်မပျော်ဘူးဗျာ”

“အင်း ... အဲဒါကြောင့်နေမယ် အန်တီ မနက်ကတွေးမိတာ မောင်ကျော်လင်းဇံလည်း ညအိပ်မပျော်ဘူး ထင်တယ်





လို့၊ ဒါမှမဟုတ် မနက် ဝေလီဝေလင်းရှုခင်းကိုပဲ ပန်းချီဆွဲချင်လို့လားလို့ တွေးနေတာ”

“ခင်ဗျာ”

“မနက်ကလေ ... ဒီနေ့က အန်တီတို့ ဆွမ်းချိုင့်ပို့တဲ့နေ့မို့ လေးနာရီထပြီး ကောင်မလေးတွေချက်ဖို့ ထစီစဉ်ပေးတာပါ၊ နိုးနိုးချင်း အိပ်ခန်းပြတင်းပေါက် ဖွင့်လိုက်တော့ ဒီဘက်မှာ လူရိပ်တွေ့တာနဲ့ စိတ်ပူသွားတာ၊ ဒီအချိန်ကြီး သူခိုးများကပ်သလား အန်ကယ့်ပဲ နှိုးရကောင်းမလားနဲ့”

ကျော်လင်းဇံက ဟိုဘက်ခြံက အန်တီကို ရှုံးစိုက်ပြီး ကြည့်နေမိပါသည်။

“မှောင်ကလည်း မှောင်နေသေးတာကိုး၊ လူလုံးမကွဲဘူးလေ၊ နောက်မှ လက်လေးနောက်ပစ်ပြီး ခြံထဲအေးအေးလူလူ ပတ်လျှောက်နေတာ မြင်တော့မှပဲ သူခိုးတော့ မဖြစ်လောက်ဘူးဟဲ့၊ မောင်ကျော်လင်းဇံပဲ ဖြစ်မယ်လို့၊ အစောကြီး ပြန်နိုးနေတယ် ထင်တယ်”

ကျော်လင်းဇံက နှုတ်ခမ်းကိုစေ့ပြီး ရုတ်တရက်ပြောစရာစကားမရှိ ဖြစ်နေမိကာ ယောများ ကြားသွားမလား ထိတ်ခနဲနှင့် ထမင်းစားခန်းဘက် ဖျတ်ခနဲ လှည့်ကြည့်လိုက်မိသည်။

ဟင် ...။

လန့်တောင် လန့်သွားရပါသည်။ ယောက ထမင်းစားခန်းအဝင် နံရံကို ပခုံးစွန်းလေးမှီကာရပ်ရင်း ကျော်လင်းဇံ



www.burmeseclassic.com

www.burmeseclassic.com



အကြည့်ကို ပြန်လည်တဲ့ပြန် စူးစိုက်ကြည့်နေပါသည်။ ယော မျက်နှာပေါ်က အရိပ်အယောင်က ဟိုဘက်ခြံက အန်တီ့စကား များကို ကျော်လင်းဖံကဲ့သို့ စိတ်အနှောင့်အယှက်ဖြစ် ခေါင်းနပန်း ကြီးပုံမရဘဲ အေးအေးချမ်းချမ်းနှင့်ပင် ...

"ကဲ ... ကိုကို ဘာပြန်ပြောမလဲ"လို့ မေးခွန်းထုတ် အဖြေစောင့်နေတဲ့ အကြည့်။

"ယော ... သမီး၊ ထမင်းစားတာ ပြီးပြီလား၊ နေကောင်း ရဲ့လား သမီး"

အန်တီကြီးစကားကြောင့် ယောက ည‌ေ့ခန်းဆီ လျှောက်လာကာ ခုံတစ်ခုမှာ အသာဝင်ထိုင်လိုက်ပါသည်။

"နေကောင်းပါတယ် အန်တီ၊ အန်တီတို့ပြောတာတွေ ထမင်းစားရင်း နားထောင်နေတာ၊ ဘွားတို့ကတော့ ဒီခြံ ကို သိပ်ရောင်းစေချင်ပုံပါပဲ၊ ဒါပေမဲ့ ကိုကြီး ဒီအိမ်လေးကို ဘယ်လို ဖြည်းဖြည်းချင်း ဆောက်ယူခဲ့တယ်ဆိုတာ အန်တီ တို့ အန်ကယ်တို့လည်း ဟိုဘက်က မြင်ပြီးသိနေမှာပါ၊ ကိုကြီး သိပ်မြတ်နိုးတဲ့ ဒီအိမ်လေးကို ယော မရောင်းရက် သေးပါဘူး အန်တီရယ်၊ တစ်နေ့နေ့ ယော ရောင်းဖို့စိတ် ကူးရင်တော့ အန်တီတို့ကို အရင်ဆုံး အသိပေးပါ့မယ်"

"အေးပေါ့ ... အေးပေါ့ ... သမီးရယ်၊ အန်တီတို့ နား လည်ပါတယ်၊ သမီးဆန္ဒရှိမှသာ အန်တီတို့ကို အသိပေး ပါနော်"





ယောက ခေါင်းလေး အသာညိတ်ကာ ကျော်လင်းဖံ ရဲ့စိတ်အနှောင့်အယှက်ဖြစ်သော မျက်နှာကို ခပ်နွမ်းနွမ်းအကြည့် လေးနှင့် လှည့်ကြည့်ရှာသည်။

❦❦❦



www.burmeseclassic.com

www.burmeseclassic.com



ဟော ...။

ကြောင်ရွှေဝါ အော်နေပြန်ပြီ။ ဒီအချိန် ညကြီးမင်းကြီး သူလည်း အိပ်နေရမှာပေါ့။ ဟိုအရင်ညတွေကလည်း ဒီလို အော်သံမျိုး ကြားရလေ့ရှိတာမှ မဟုတ်တာ။ ကျော်လင်းဖဲ အခန်းတံခါးဖွင့်၍ အပြင်ထွက်လိုက်ပါသည်။ အပြင်ဘက်အမှောင်ထုထဲမှာ အနီရောင် အလင်းရောင်တစ်တန်းက ခပ်ဟဟအခန်းတခါးနှင့် တံခါးအောက်ခြေတို့မှ တိုးထွက်လျှံကျနေသည်။

အဲဒါ အလုပ်ခန်း စာကြည့်ခန်း အဖြစ် သတ်မှတ်ထားတဲ့ အခန်းပို။ စာအုပ်စင်များ၊ အလုပ်စားပွဲတစ်ခု၊ ကွန်ပျူတာ၊ ဗီရိုတချို့မဲ့ရှိတဲ့အခန်း။ ထူးမှူး ရှိစဉ်ကတော့ အလုပ်ကိုစွဲပတ်သက်သမျှ ဒီအခန်းထဲထားကာ သူ့အလုပ်သွားတဲ့အိတ်ထဲ ဖိုင်လ်တွေကအစ ဒီထဲပဲ ထားခဲ့တာ။

ဒီအိမ်ရောက်ပြီးကတည်းက ကွန်ပျူတာသုံးချင်တာ ရှိလျှင် ကျော်လင်းဖဲ ဒီအခန်းထဲ မကြာခဏဝင်သုံးနေကျ။ ပျင်းပျင်းရိရိရှိလျှင် ဖတ်စရာစာအုပ် ဝင်ရောက်ရှာဖွေ မွှေနှောက်နေကျ။ ညဘက်တွေတော့ ဒီအခန်းထဲ သိပ်ပြီးမဝင်ဖြစ်ပါ။ အခု အဲဒီအခန်းက မီးလင်းလျက်ပါလား။

ညဦးက သူတို့ ကိုယ့်အခန်း ကိုယ်စီဝင်ကြ ညော့ခန်းမီးကိုပိတ်တော့ အဲဒီအခန်း မီးလင်းမနေခဲ့ပါ။ အခုဘာကြောင့် မီးလင်းနေပါသနည်း။ အခန်းတံခါးကလည်း ဟစိစိလေး ပွင့်နေသည်။ ကေန္တ ... ယောများ ညကြီးသန်းခေါင်ကြီးထ





ထူးမှူးကို သတိတရနှင့် ထူးမှူးအလုပ်ခန်းထဲ ဝင်နေတာလား၊ ဒါမှမဟုတ် ဟိုအရင်လို အိပ်မက်,မက်ရင်းများ ယောင်ယမ်းလမ်းလျှောက်နေတာလား။

ကျော်လင်းဖဲက အခန်းတံခါးကို အသာတွန်းဖွင့်လိုက်ပါသည်။ မီးရောင်လင်းနေတဲ့ အခန်းထဲက စာရေးစားပွဲပေါ်မှာ ရွှေဝါ။ ကြောင်ရွှေဝါက စားပွဲပေါ် ထိုင်နေတာလည်း မဟုတ်၊ အိပ်နေတာလည်း မဟုတ်။ ခြေစုံလေးဖက်ရပ်ကာ နီးနီးကြားကြား ရှိနေတဲ့ပုံစံ။ အမြီးကထောင်ကာ အမြီးဖွားနေပါသည်။

ထိုမြင်ကွင်း တစ်မျိုးကြီးကို ကျော်လင်းဖဲ စိတ်မသိုးမသန့်နှင့် အံ့အားတသင့်ရပ်ကာ ကြည့်နေမိသည်။ ရွှေဝါ့ပုံစံက သွေးရိုးသားရိုးမှ မဟုတ်ဘဲ။ တစ်ခုခု ဖြစ်နေသလိုလို။ ကျော်လင်းဖဲက အခန်းထဲဝင်သွားလိုက်ကာ စားပွဲပေါ်က ရွှေဝါကို အခန်းထဲက ထုတ်ယူသွားဖို့ စိတ်ကူးနှင့် ထိကိုင်လိုက်ပါသည်။

ဖြီးခနဲ အသံပြုကာ သူ့ကိုလှည့်ကြည့်လိုက်တဲ့ ရွှေဝါ့မျက်လုံးများက ထိကိုင်ပွေ့ချီ ခေါ်ယူမှာကို မလိုလားတဲ့ မာန်ဖီမျက်ဝန်းများ။ ရန်လိုတဲ့မျက်လုံးများ။ ကျော်လင်းဖဲ အံ့အားသင့်ပြီး စိတ်ထဲလည်း မသက်မသာ မအီမသာ ခံစားရပါသည်။ ထိုအခန်းထဲ ဆက်မရှိချင်တော့ဘဲ လှည့်ထွက်လာပြီး တံခါးပေါက်နားက မီးခလုတ်ကိုနှိပ်ကာ မီးမှိတ်ပစ်ခဲ့သည်။

တံခါးကို ချပ်ခနဲ ဆွဲစေ့ခဲ့ပြီး မလှမ်းမကမ်းက ယောခင်ဖဲရဲ့အခန်းကို လျှောက်လာပါသည်။ ငြိမ်သက်တိတ်ဆိတ်



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ်လေ၊ လုပ်ကောင်းလား မလုပ်ကောင်းလား မသိတဲ့ဟာတွေ လုပ်တာပဲ၊ ပြီးတော့ ရက်လည်ကတည်း အမှုမဝေတာဆိုလား၊ ရေစက်မချတာ ဆိုလား အဲသလိုတွေ လည်း သူ ကျိတ်လုပ်သေးတယ်၊ အဲဒါကို ဖူးဖူးက စကား စပြီးမှ အန်တီတို့ သိပုံမရတော့ စကားပြန်လျှော့ချသွား တယ်၊ လူကြီးမိဘမျက်ကွယ်မှာ သူလုပ်ချင်တာတွေ လုပ် နေမှာ၊ မင်းလည်း သူ့ကို အချိန်ပြည့် မျက်စိဒေါက်ထောက် ကြည့်နိုင်တာ မဟုတ်ဘူး၊ သူ့စိတ်ထဲရှိသမျှလည်း သိနိုင် တာ မဟုတ်တော့ ဘာမှ ကြိုတင်မကာကွယ်နိုင်ဘူး၊ ဒီ အိမ်မှာ ပြန်နေတာပဲ အဖြစ်သင့်ဆုံး၊ ပြီးတော့ ဟိုလိုလား ဒီလိုလား ကိုယ်တိုင် စိတ်တထင့်ထင့် ရင်တမမ သံသယ ဖြစ်နေရမယ့် အဲဒီအိမ်ကိုလည်း ရောင်းပစ်လိုက်တာ အကောင်းဆုံး"

မှန်သည်။ ရောင်းပစ်တာ အကောင်းဆုံးလို့ ကျော် လင်းဖဲ ကိုယ်တိုင် စိတ်ကူးပြောင်းလဲလာပါပြီ။ အစကတော့ ညီမလေး အင်မတန်ချစ်လှတဲ့ ချစ်သူခင်ပွန်း ထူးမှူး ကိုယ်တိုင် ဆောက်လုပ်ပြီး နေထိုင်ခေါင်းချသွားတဲ့ ဒီအိမ်ကို ညီမလေး သံယောဇဉ်ကြီးလှလျှင်လည်း ဒီအတိုင်းပဲ ထားရှာပါစေလို့ သူ တကယ်ပဲ အတွေးရှိခဲ့တာ အမှန်ပါ။

အခုတော့ ကျော်လင်းဖဲ ကိုယ်တိုင် စိတ်မသိုးမသန့် မသက်မသာ ဖြစ်နေမိလေပြီ။ ဟိုဘက်ခြံက အန်တီတို့စကား





ကြောင့်ရော သူကိုယ်တိုင် ဇဝေဇဝါ ကြုံတွေ့ရတဲ့ အဖြစ်အပျက် တို့ကြောင့်ရော ကျော်လင်းဖဲ စိတ်တွေ မရှင်းမလင်း လေးပင် နေပြီ။

"ဗေဒင်လေး ဘာလေးလဲ မေးစမ်းပါဦး ညီညီရယ်၊ ငါ စိတ်တွေ မချမ်းသာလိုက်တာ"

"ဟုတ်တယ် မမေ၊ ဗေဒင်လေးမေး၊ ယတြာလေးခြေ စရာရှိခြေ၊ အမှားအယွင်းတွေ ဘာတွေ ရှိနေရင်လဲ တောင်းပန်တာလေး ပူပြင်တာလေး လုပ်မှပဲ"

ရှေးလူကြီးတို့ကတော့ စိတ်အနှောင့်ဖြစ်စရာ တစ်စုံ တစ်ရာ ရှိလာတဲ့အခါ ဗေဒင်မေးဖို့ ယတြာခြေဖို့သာ စိတ်ထဲ ဦးဆုံးတွေးမိကြပုံပေါ်သည်။ ကျော်လင်းဖဲအဖို့ကတော့ တစ်သက် ခဲ့တစ်ကိုယ် ဗေဒင်တို့ ယတြာတို့လည်း ယုံတယ်မယုံဘူးမဟုတ်၊ အေးမြန်းပတ်သက်ဖူးခြင်းမရှိ၊ သရဲတစ္ဆေ ဝိညာဉ် နာနာဘာဝ လောကဆိုတာမျိုးတွေနှင့် ပတ်သက်၍လည်း ထိတွေ့ကြားမြင် ခြင်း မရှိ၍ အယုံအကြည်မရှိခဲ့တာမျိုးပါ။ ခုတော့ ဘွားဘွားနှင့် အန်တီညိုကိုလည်း မတားမြစ်ချင်ပြီ။

ဘာရယ်ညာရယ်ဟု သူ့စိတ်က ဥပါဒါန်မစွဲလို့။ အင်စုံတစ်ရာ ထင်မြင်ယူဆရမှာပင် ဝန်လေးတွန့်ဆုတ်နေသော် လည်း ကျော်လင်းဖဲစိတ်၌ မသိုးမသန့်တော့ ဖြစ်နေလေပြီ။

"ဘွားတို့ အန်တီညိုတို့ စိတ်တော့သိပ်မပူပါနဲ့ဦး၊ သား ဒီကိစ္စ ပြောပြတာကလည်း သားစိတ်ထဲမှာ ဟို ... တစ်



www.burmeseclassic.com

www.burmeseclassic.com



ခုနကို ယုံယုံကြည်ကြည် စွပ်စွပ်စွဲစွဲ ပြောတာမျိုးမဟုတ်ပါဘူး၊ စိတ်ထင့်သွားလို့ ပြောတာပါ၊ ဒီလိုစိတ်ထင့်စရာ အဖြစ်အပျက်လေးတွေ သူကိုယ်တိုင်လည်း ကြုံနေပြီး ညီမလေးစိတ်ထဲမှာ ကိုထူးမှူး မကျွတ်ဘူး ရှိနေသေးတယ်လို့ ခိုင်မာယုံကြည်နေမှာ စိုးရိမ်စိတ်က ပိုများပါတယ်၊ အဲဒါကြောင့် ညီမလေးကိုပါ ဒီအိမ်မှာ ဖြစ်နိုင်ရင်ဆက် မနေစေချင်တဲ့ ..သဘောပါ"

ဘွားဘွားက သက်ပြင်းကြီးကြီးတစ်ချက် ချလိုက်ရင်း ...

"ကိုယ်မမြင်ဘူး မကြုံဘူးလို့ မရှိဘူး မဟုတ်ဘူး ငြင်းလို့မရဘူး၊ ကိုယ်မမြင်ရလို့ သေသေချာချာ မသိနိုင်တဲ့ ပရလောကဆိုတာလည်း ရှိကိုရှိတယ်လို့ စာတွေပေတွေထဲတော့ ဖတ်ဖူးနေတာပဲ မဟုတ်လား၊ တစ်ခါတစ်ရံတော့လည်း သူတို့ရှိနေကြောင်း သိရုံသိစေချင်လို့ အသိပေးတာမျိုးလောက်၊ တစ်ခါတလေကျတော့လည်း သူတို့ကိုယ်တိုင်က ပျော်ချင်လို့ စချင်လို့ ခြောက်လှန့်တာမျိုးလည်းရှိတယ် ပြောတယ်၊ တချို့ကျတော့ သူတို့မကြိုက်တာ တစ်ခုခုကို ကိုယ်က မသိဘဲ အမှတ်မထင် ပြုလုပ်မိတဲ့အခါ သူတို့က တုံ့ပြန်တဲ့အနေမျိုးနဲ့ နှောင့်ယှက်တာ၊ တချို့ကျတော့လည်းပဲ သူတို့ နေစရာ စားစရာ အခက်အခဲရှိလို့ လက်ရှိ သူတို့ရှိနေတဲ့ဘဝက ကျွတ်ချင်လွတ်ချင်လို့ ကိုယ်ထင်ပြတာ





ရန့်တွေပေးတာမျိုးနဲ့ အကူအညီတောင်းတတ်တယ်လို့ ကြားဖူးတယ်၊ များသောအားဖြင့်တော့ သူတို့ ဒီဘဝမှာပါလို့ အသိပေးတာကလွဲပြီး အန္တရာယ်မပြုတတ်ကြပါဘူးတဲ့ ...

သူတို့ အန္တရာယ်မပြုလည်းဘဲ မြင်တွေ့ရတဲ့သူကဒါကို စိတ်စွဲလမ်းပြီး ယောလေးဖြစ်သလို ငြိတွယ်နေရင် သူ့အတွက်ရော ဟိုဘက်ရော မကောင်းဘူးပေါ့ကွယ်၊ ဒီဘက်မှာလည်း ဥပါဒါန်အစွဲနဲ့ ဒုက္ခရောက်မယ်၊ ဟိုတစ်ဖက်မှာလည်း ဒီလိုကံနိမ့်တဲ့ဘဝက မကျွတ်လွတ်နိုင်ပဲ တငင်ငင် ဖြစ်နေမှာပေါ့၊ ငါ့မြေးလေး ခံစားချက်ဝေဒနာနဲ့ သံယောဇဉ်လည်း ငါ သနားလှပါတယ်၊ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် နှစ်ဖက်ကောင်းအောင် မောင်ထူးအတွက်လည်း အမျှဝေပေးရဦးမယ်၊ ယောလေးကိုလည်း အဲဒီအိမ်မှာ မနေဘဲ ပြောင်းလာဖို့ ကြိုးစားပါ သားရယ်"

"ချော့ပြောနေလို့မှ မရတာ၊ ဇွတ်ခေါ်မှ ဖြစ်မှာ"

အန်တီညိုကတော့ စိတ်ရှုပ်နေသလို ခင်တင်းတင်းသာ။

"သား ချော့ပြောပါ့မယ် အန်တီညို၊ ဘွား သိပ်နေမကောင်းလို့ ခဏပြန်နေပါလို့ပဲဖြစ်ဖြစ် ပြောလိုက်မယ်၊ ဒီရောက်လာပြီးမှ ဟိုအိမ်မပြန်ဖြစ်အောင် ထပ်ချော့မော့ ဖျောင်းဖျရမှာပေါ့"

"မင်းကြိုက်သလိုသာပြော၊ အရေးကြီးတာက သူ ဒီကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောင်းလာဖို့ပဲ၊ ဖူးဖူးဆီလည်း ဖုန်းဆက်ပြီး နားချပေးဖို့ အကူညီတောင်းရမယ်၊ ယော သူငယ်ချင်းလေးတွေ ကလျာတို့ အေးမြတ်တို့ကိုလည်း ချော့ပြောခိုင်းရမယ်၊ ငါ့ဟာနဲ့ငါလည်း တစ်ဖက်မှာ လုပ်သင့်လုပ်ထိုက်တာလေးတွေ လုပ်ရမယ်၊ အိမ်ရောင်းထွက်ဖို့ကိုလည်း မြန်မြန်စဉ်ရမယ်"

## ၁၉၉

ကိုညိုထွန်း စားပွဲပေါ်ချလိုက်တဲ့ အစိမ်းရင့်ရောင်ဖိုင်လ်ကို ကျော်လင်းဖုံရော ယောခင်ဖုံပါ ငေးစိုက်ကြည့်နေမိကြပါသည်။

"ကျွန်တော်လည်း ခုမှပဲ ခေါင်းပေါ်က အလေးအပင်ဝန်ထုပ်ကြီး ပြုတ်ကျသွားသလိုပါပဲဗျာ၊ မီးခဲထုပ်ကြီးအတိုင်းပဲ ခေါင်းကို မီးတောက်သလို ဖြစ်နေတာဗျ၊ ဒီထဲမှာက အမြတ်ခွန်အတွက် စာရွက်စာတမ်းတွေရော၊ ငွေအပေးအယူ စာချုပ်စာတမ်းတွေရော၊ အရေးကြီးတာတွေ အားလုံး ဒီဖိုင်ထဲမှာပဲ အားလုံးရှိနေတာ၊ ဒါမှမတွေ့ရင် ဘယ်ကုန်သည်ကို ဘာပေးစရာရှိပြီး ဘယ်သူ့ဆီက ဘာရစရာရှိတာ ဘာတစ်ခုမှ သိနိုင်တော့မှာမဟုတ်ဘူး၊ တစ်ဖက်က ပြောသမျှ တင်ပြသမျှနဲ့ အားလုံးကို မျက်စိမှိတ်ပြီး ရှင်းရတော့မှာ"





ယောက လက်ကလေးပိုက်ကာ ငြိမ်ငြိမ်သက်သက်လေး ထိုင်နေရာမှ ...

"ကျွန်မ သော့ပေးလိုက်တဲ့နေ့က ရှင်တို့အားလုံး ဗီရိုတွေ စားပွဲတွေ အံဆွဲတွေ တစ်ခုမှမကျန် အားလုံး စစ်ဆေးပြီး ရှိသမျှအားလုံး မှတ်တမ်းတင် သိမ်းဆည်းကြတာ မဟုတ်လား၊ အဲဒီနေ့က ကိုကိုလည်း ပါတာပဲ"

ထူးမှုးရဲ့ရက်လည်နေ့ အပြီးကတည်းက ထူးမှုးရုံးခန်းကို ကျော်လင်းဖုံ လိုက်ပါကာ ရှိရှိသမျှစာရင်းဇယားစာရွက်စာတမ်း အလုပ်ကိစ္စနှင့် ပတ်သက်သမျှကို လူအများရှေ့မှာ စစ်ဆေးမှတ်သား မှတ်တမ်းတင် စာရင်းပြုစုခဲ့ကြသည်။ အဲဒီနေ့ကတည်းက အလုပ်အတွက် အရေးကြီးတဲ့ဖိုင်လ်တစ်ခု ရှာမတွေ့ဘဲ ပျောက်ဆုံးနေတယ်လို့ မန်နေဂျာ ကိုညိုထွန်းက ပြောခဲ့တာဖြစ်သည်။

ကျော်လင်းဖုံ အဖို့ကတော့ ဒီဖိုင်လ်ရှိတယ် မရှိဘူး ဆိုတာကိုပင် သိခဲ့သူ မဟုတ်ပေမယ့် မန်နေဂျာကိုညိုထွန်းရော၊ ငွေစာရင်းကိုင် ဒေါ်ဝေဝေပါ အဲဒီဖိုင်ကို ရှာမတွေ့ဟု ဆိုပါသည်။ ဤဖိုင်လ်ကို မတွေ့ဘဲ ငွေရေးကြေးရေး ရှင်းလင်းခန့်ခွဲဖို့မလွယ်ကူနိုင်ပါ။ ဘယ်လိုမှ ရှာမတွေ့တဲ့အဆုံး ငွေကြေးဆက်သွယ်ဆောင်ရွက်ထားသူ ကုန်သည်တချို့ လုပ်ငန်းရှင်တချို့တို့ကို သူ့တို့ဘက်မှာရှိတဲ့ စာရွက်စာတမ်းကိုသာ တင်ပြဖို့ တောင်းဆိုထားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက် ဖိုင်အထူကြီးကို မတွေ့ဘူးလား"

"တကယ်ကို မတွေ့တာပါ မယောခင်ဇံ၊ ကိုကျော်လင်းဇံနဲ့အတူတူ ရှာတာပါပဲ၊ မနေ့ကမှ အစ်ကိုထူး စားပွဲရဲ့ အံဆွဲတစ်ဆင့်ထဲက ထွက်လာတော့ ကျွန်တော်တို့ အံ့အားသင့်နေတာ"

ယောခင်ဇံ မျက်နှာလေးက ဖြူဖပ်ဖြူရော် နွမ်းဖျော့ဖျော့နှင့် ကျော်လင်းဇံကို လှမ်းကြည့်သည်။ ကျော်လင်းဇံက စိတ်ရှုပ်ရှုပ်နှင့် ပခုံးတစ်ချက်သာ တွန့်လိုက်မိရင်း ...

"မျက်စိမှောက်ပြီး မတွေ့ကြဘူးပဲ ပြောရမှာပဲ ညီမလေး ဟုတ်တယ်လေ၊ ကိုထူးရဲ့ဖိုင်လ်တွေအားလုံးလိုလိုကလည်း ဒီလို အစိမ်းရင့်ရောင် ကာဘာတွေ များတာပဲ၊ အဲဒီနေ့က တွေ့တဲ့စာရွက်စာတမ်းတွေ ဖိုင်လ်တွေ သူ့ခေါင်းစဉ်နဲ့သူ ကိုညိုထွန်းတို့နဲ့ တူတူစာရင်းပြုစုခဲ့တာပဲလေ၊ ဒါတော့ မတွေ့မိတာ အမှန်ပဲ၊ ကိုကိုက ရှိမှန်းတောင် မသိတာ ကိုညိုထွန်းတို့ ဒေါ်ဝေဝေတို့ ပြောလို့သာ အရေးကြီးတဲ့ ဖိုင်လ်တစ်ခု မတွေ့ဘူးလို့ သိရတာ"

"အင်းလေ ... အဲဒါကိုပဲ ပြောတာပါ၊ ဒါဆိုရင် ဒီဖိုင်လ်က ခုမှ ဘယ်လိုလုပ် ခြေထောက်ပေါက်ပြီး စားပွဲအံဆွဲထဲ လာရောက်နေရတာလဲလို့"

ကျော်လင်းဇံက မျက်မှောင်ကုတ် စိတ်ပျက်နေစဉ် သလို ကိုညိုထွန်းကတော့ ရုံးကတာဝန်ရှိတဲ့ သူတို့တစ်တွေအပေါ် အမြင်လွဲမှားမှာ စိုးရိမ်သည့် ပုံစံနှင့်။





"အခု ကျွန်တော်တို့ ကိုထူး ရုံးခန်းထဲဝင်ရင် နှစ်ဦးသုံးဦး အတူဝင်ပါတယ် မယောခင်ဇံ၊ တစ်ဦးတစ်ယောက်ထဲဝင်ပြီး စာရွက်စာတမ်းတွေကို ကိုယ့်သဘောနဲ့ ယူဆောင်လို့ ပြင်ဆင်လို့ မရအောင်ပါ။ ဒီဖိုင်လ် ပျောက်နေတာကိုက စာရင်းဇယား အရှုပ်အရှင်း ဖြစ်လာနိုင်တာမို့လို့ တမင်ပဲ ကျွန်တော်ရယ် မဝေရယ် ကိုရဲမိုးရယ် သော့အတူဖွင့်မှ ကိုထူးအခန်းထဲ ဝင်လို့ရအောင် လုပ်ထားပါတယ်ခင်ဗျ...

မနေ့က ကျွန်တော်တို့ အစ်ကိုထူး ရုံးခန်းထဲမှာ အလုပ်လုပ်စရာရှိလို့ တူတူဝင်ရင်း တခြားစာရွက်စာတမ်းကို ထုတ်ယူတာ မမျှော်လင့်ဘဲ ဒီဖိုင်လ်ထွက်လာတာပါ၊ တစ်ဦးတည်း တစ်ယောက်တည်းက တွေ့တာလည်းမဟုတ်ပါဘူး၊ ပြီးတော့ ငွေပေးငွေယူစာရင်းတွေ ဆိုရင်လည်း ဒီဖိုင်လ်ထဲက စာရင်းတွေနဲ့ ကုန်သည်တွေဆီက ကျွန်တော်တို့ ထပ်ပြီးအသစ်တောင်းယူထားတဲ့ စာရင်းအင်းတွေ အားလုံး ကိုက်ညီပါတယ်၊ မယောခင်ဇံ စစ်ဆေးကြည့်ပါ"

"အို ... ကျွန်မက အဲသလိုဆိုလိုပြီး မေးတာမဟုတ်ဘူး ကိုညိုထွန်း"

"ဟုတ်ကဲ့"

"အခု ကိုကြီး မရှိကတည်းက ကျွန်မအဘွားနဲ့ အဒေါ်က ကိုကြီးရဲ့ထရိတ်ဒင်းကုမ္ပဏီကို စာရင်းအင်းရှင်းလင်းပြီး ပိတ်သိမ်းလိုက်ဖို့ တိုက်တွန်းပါတယ်၊ ကျွန်မကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



လည်း ဘာမှနားမလည် မလုပ်တတ် မကိုင်တတ်တဲ့တူတူ ဆိုပြီး လုပ်ငန်းကို ရပ်စေချင်တာပါ ...

ကျွန်မက ကိုကြီး ထူထောင်ထားတဲ့ အလုပ်တစ်ခု ကို အလွယ်လေး မဖျက်သိမ်းချင်လို့ ကိုညိုထွန်းတို့ မမဝေ တို့ ဦးစီးဦးဆောင်လုပ်ပြီး ဆက်လုပ်ကိုင် ဆောင်ရွက်ပေး ကြပါလို့ အကူညီတောင်းခဲ့တာ ငွေရေးကြေးရေးအတွက် အမြတ်အစွန်း ဝင်ငွေအတွက် မဟုတ်ပါဘူး၊ ကိုကြီးက သူ့တပည့် ဝန်ထမ်းတွေကို သိပ်သံယောဇဉ်ရှိတယ်၊ ညီ အစ်ကို မောင်နှမတွေလို သဘောထားတယ်ဆိုတာ ကျွန်မ သိလို့ပါ၊ ဒီအလုပ်ရပ်သွားရင် ကိုကြီးချစ်ခင်တဲ့ တပည့် ဝန်ထမ်းတွေ အလုပ်အကိုင် လက်ကျွတ်လက်မဲ့ဖြစ်မှာ လည်း ကျွန်မ အဖြစ်မခံချင်လို့ပါ၊ ခုလို ကိုယ့်မိသားစု လုပ်ငန်းလို ဆက်လက်လုပ်ကိုင်နေကြတဲ့ ကိုညိုထွန်းတို့ အားလုံးကိုလည်း ကျွန်မ ကျေးဇူးအများကြီး တင်နေရတာ ပါ ...

အဲဒါအပြင် အထူးသဖြင့် ကိုညိုညွန်းတို့ကို ကိုကြီး ဘယ်လောက် အားကိုးယုံကြည်လဲ ကျွန်မအသိဆုံးပါ၊ ကျွန်မလည်း ကိုညိုထွန်းတို့ မမဝေတို့ အားလုံးကိုယုံကြည် ပြီးသားပါ၊ ကျွန်မ မယုံမကြည်သဘောနဲ့ ပြောတာမဟုတ် ပါဘူး၊ အားလုံးရှာနေတဲ့ဖိုင်လ် လိုအပ်နေတဲ့ အရေးကြီးတဲ့ ဖိုင်လ်၊ ဟိုတစ်နေ့က တကယ်ကို မရှိခဲ့တဲ့ဖိုင်လ်"





ယောခင်ဇံ့ အသံလေးက ရှိုက်သံစွက်လာသည်။

"အခု အလိုလိုနေရင်း သူ့အလိုအလျောက် အံဆွဲထဲရောက် နေတယ်ဆိုတဲ့ အံ့အားသင့်စရာ အဖြစ်အပျက်ကို ကျွန်မ Shock ရနေတာပါ၊ ကျွန်မ ... ကျွန်မရဲ့အစ်ကို နားလည် ပါလိမ့်မယ်၊ ကျွန်မ အံ့အားသင့်တဲ့ အဓိပ္ပာယ်ကို ကျွန်မ အစ်ကို သိပါတယ်၊ ကိုညိုထွန်းတို့ကို ကျွန်မ တလွဲမထင် ပါဘူးရှင်၊ ကျွန်မ ခံစားချက်နဲ့ ကျွန်မ ပြောမိတာပါ"

ယောခင်ဇံက ပါးပေါ်စီးကျလာသော မျက်ရည်စ ကို အသာပွတ်သုတ် ဖယ်ရှားရင်း ထိုင်ရာမှ ထထွက်လာခဲ့ပါသည်။

ယောက သေသေချာချာ နားမလည်၍ ဒီလောက် ပေါ့ပေါ့လှသော်လည်း ကိုကြီးတပည့်တပန်းတွေ အရေးကြီးစာရွက် စာချုပ်တွေ ရှာမတွေ့ဘဲ ခေါင်းတွေပူကာ စိတ်မောလူမောဖြစ် နေကြတာကို ကိုကြီး သိလို့များ ချောင်ကြိုချောင်ကြား ညပ်နေတဲ့ ဒီဖိုင်လ်ကို အားလုံးရဲ့မြင်ကွင်းရှေ့မှောက် ရွှေ့ပို့ထားလိုက်တာ များလားလို့သာ တွေးရင်း ဝမ်းနည်းပြီးရင်း ဝမ်းနည်းမဆုံး ရင် ထဲ နင့်နေတာပါပဲ ကိုကြီးရေ။



www.burmeseclassic.com

www.burmeseclassic.com

## ၁၆

"သမီးလေး ဘွားအနားနေပါ သမီးရယ် ... နော်"

ခုတင်ပေါ်က ဘွားဘွားကို ယောက မျက်ရည်လေး လည်လည်နှင့် ငေးကြည့်နေမိသည်။ ဘွားဘွား နလုံးမကောင်း ဘူး၊ နေမကောင်းဘူး ဆိုတဲ့ စကားကြောင့် ဒီဘက်အိမ်က တစ်ပတ်စာ အဝတ်အစားအိတ်ထည့်ပြီး လိုက်လာခဲ့ပါသည်။ ဘွားဘွား နေမကောင်းဘူးဆိုတော့ စိုးရိမ်ပူပန်ပါသည်။ ဘွား အသက်ကြီးပြီ။

ချစ်မြတ်နိုးရသူ တစ်ယောက်ကို လက်လွှတ်ဆုံးရှုံး လိုက်ရတဲ့ အဖြစ်အပျက် ခံစားချက်ကြောင့် နောက်ထပ်ချစ်ခင် မြတ်နိုးရသူ တစ်ဦးကို ထပ်မံဆုံးရှုံးမခံနိုင်သေးပါ။ ဒီတစ်ကြိမ်ဆို ယောပါ သေရပါလိမ့်မည်။

"ဘွားနားမှာ ယော နေပါ့မယ်၊ ဘွားကိုလည်း ပြုစုပါ့မယ် ဘွား ဘာမှ စိတ်အားမငယ်နဲ့နော်"





"အေး ... အေး ... လိမ္မာလိုက်တာ သမီးလေးရယ်"

"ဘွား နေကောင်းအောင်နေပါ့၊ ဘွား နေမကောင်းရင် ဘွား တစ်ခုခုဖြစ်ရင် ယောပါ ဖြစ်လိမ့်မယ်၊ ယောမှာ ဘွားရယ် အန်တီညိုရယ် ကိုကိုရယ် ရှိတယ်ဆိုပြီး စိတ် ခွန်အားကို မနည်းဆောက်တည်ထားရတာပါ"

"ငါ့သမီးလေး မရှိတော့ နေရထိုင်ရတာ မပျော်ရွှင်ဘူးပေါ့ ကွယ်၊ ငါ့သမီးလေး စိတ်သောကဝေဒနာ ခံစားနေရတယ် ကြားနေရင် ဘွား နေလို့ ထိုင်လို့ မကောင်းဘူးပေါ့၊ ငါ့ သမီးလေးမျက်နှာ နေ့တိုင်းမမြင်ရဘဲ ဘွား ဘယ်လိုစိတ် ချမ်းသာနိုင်မှာလဲ၊ သမီးသာ ဒီမှာ ပြန်လာနေမယ်ဆိုရင် ဘွား အလိုအလျောက် နေကောင်းသွားမှာပါ၊ တတ်နိုင်ရင် ဒီမှာပဲ နေပေးပါ သမီးလေးရယ်၊ ဘွား တောင်းဆိုတာပါ၊ ဒီအိမ်မှာ ကြာကြာပြန်နေပါ ယောလေးရယ်"

"နေမှာပေါ့ မေမေရယ်၊ ကိုယ့်အဘွားတစ်ယောက်လုံး နေထိုင်မကောင်း ဖြစ်နေတာကို ဘယ်သူက အဝေးသွား ပါ့မလဲ၊ မောင်ကျော်တောင် ဟိုးအဝေးက ရေခြားမြေခြား က သူ့ဂယ်လရီတစ်ခုလုံးကိုပစ်ပြီး ပိတ်ထားပြီး ဒီအဘွား ဒီအဒေါ် ဒီညီမနားပဲ နေနေတာပဲဟာ၊ ယောလည်း ဒီလိုပဲ နေမှာပေါ့"

ချည်နှောင်သော စကားများမှန်းလည်း ယော သိပါ သည်။ ဒါပေမဲ့ ဓာတက မတက်ချင်ပါ။ ယောကိုယ်တိုင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဆယ်မိုင်အိမ်မှခွာကာ ဒီအိမ်မှာ လာနေကြည့်ချင်တဲ့ဆန္ဒရဲ့စေ့ဆော်အား ပြင်းပြမှုကြောင့် ထွက်လာတာ တစ်ကြောင်းမဟုတ်လား။ ဟိုအိမ်ထဲမှာပဲနေပြီး ယောရဲ့မသိစိတ်က ယောကို ပြန်လည်လှည့်စား ခြောက်လှန့်နေတာလား ယော သိလိုသည်။ ယော မှတ်ထင်ယုံကြည်နေတာတွေသည် ယောရဲ့အာရုံတွေ မှားယွင်းဖောက်ပြန်မှုသက်သက်လား၊ မသိစိတ်နဲ့ ခြောက်အိပ်မက်ရောယှက်ထင်မြင်မိသမျှကို ယောက တစ်ဖက်စွန်းဆန်ဆန် တွေးတောယုံကြည်နေတာလား၊ တကယ်ပဲ သက်ငင်မပြတ်တဲ့ ကိုကြီးရဲ့ဝိညာဉ် ယောအနား ဖွဲ့နှောင်ရစ်ပတ်ကာ ယောထံပါးမှ လွတ်လွတ်ရုန်းစွန့်မခွာနိုင် ဖြစ်နေတာလား ယော သိချင်စမ်းလှပါဘိသည်။

"ကဲ ... သမီးလေး ... သွား ... ထမင်းစားလိုက်ဦး၊ ညည်းအကြိုက်တွေ ဒေါ်ဦးက ချက်ထားတာ၊ သမီး ပြန်လာတယ်ပြောလို့ ကလျာတို့တောင် ဒီနေ့ လာလည်မယ်ပြောတယ်၊ သူတို့လာရင် သမီးလေး အပြင်လေး ဘာလေး ထွက်လည်ချင်စိတ်ရှိလည်း လည်နော်၊ ဘွားဘွားကို အန်တီညိုအနားက စောင့်နေမှာပါ၊ စိတ်လေးလန်းသွားအောင် အပြင်လေးဘာလေး သွားလိုက်ပေါ့"

"ဟုတ်ကဲ့"

ဟိုးအရင် အပျိုဘဝကဆို အန်တီညိုတို့ဟာ ယောကို အလကားနေရင်း အကြောင်းမယ်မယ်ရရ မရှိဘဲ အပြင်ထွက်တာ လည်တာ ပတ်တာ ဈေးဝယ်တာမျိုး ကြိုက်နှစ်သက်တာ





မဟုတ်ပါ။ ယောမှာ တစ်လနေလို့မှ တစ်ကြိမ် ပျော်ပျော်ပါးပါးလမ်းထွက်ရတယ် ဆိုတာမျိုး မရှိခဲ့ရပေ။

ယော ထမင်းစားလို့ မပြီးသေးခင်တွင် ကလျာနှင့် အေးမြတ် ရောက်လာပါသည်။

"ငါတို့ နင့်ကို မျှော်နေတာဟဲ့၊ အရမ်းသတိရနေတာ၊ ဟိုဘက်ကျတော့ဝေးလို့ မရောက်ဖြစ်ဘူးပေါ့ဟာ၊ အခု နင် ဒီမှာပြန်နေမယ်ဆိုရင် အရမ်းကောင်းတာပဲ၊ ပျော်စရာကြီး၊ ငါတို့ ဟိုဟိုဒီဒီ လျှောက်သွားရအောင်လေ၊ ဈေးဝယ်လေး ဘာလေး ထွက်ရအောင်"

"နင်တို့ကို ဘွားနဲ့ အန်တီညိုက သင်ထား မှာထား အကူညီတောင်းထားတာ မဟုတ်လား"

"အမယ် ... မဟုတ်ပါဘူးဟယ်"

"အန်တီညိုတို့က ငါ့ကို အဲလိုမှ မလွှတ်တာ၊ ဘယ်တုန်းက အဲလို ရောက်တတ်ရာရာ လျှောက်သွားရဖူးလို့လဲ"

"အခု လွှတ်မှာတဲ့"

ယောခင်ဇံက သူငယ်ချင်းနှစ်ယောက်ကို ပြုံးကြည့်ရင်း ...

"လွှတ်မှာဟဲ့ ... လို့ နင်တို့ ပြောကတည်းက ဒီအကြောင်းအရာကို ကြိုပြော ကြိုတိုင်ပင်ပြီးသားမို့ပေါ့"

ကလျာနှင့် အေးအေးမြတ် စကားမဆက်တတ်သလို အိုးတိုးအမ်းတမ်း ဖြစ်သွားရပါသည်။ တိုင်ပင်ထားထား မတိုင်



www.burmeseclassic.com

www.burmeseclassic.com



ပင်ထားထား တကယ်တော့ အရေးမကြီးပါ။ ယောကိုယ်တိုင်လည်း သူငယ်ချင်းတွေနှင့် အပြင်တစ်နေရာရာ စိတ်ပြေလက်ပျောက် ထွက်လိုပါသည်။

"ဘာပဲဖြစ်ဖြစ်ပါဟာ၊ ကိစ္စမရှိပါဘူး၊ အန်တီညိုတို့ ဘွားတို့ ငါ့ကို ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွ ပြန်ဖြစ်စေချင်တာ အပြစ်မှ မဟုတ်တာ၊ သဘာဝကျတာပဲဟာ၊ နည်းနည်း နေကောင်းရင် ငါတို့ တစ်နေရာသွားကြရအောင်လေ"

"အေး ... ကောင်းတယ်၊ နင် သွားချင်တဲ့ဆီ လိုက်ပို့မယ်"

"ငါ အင်းလျားကန်စောင်းကို သွားချင်တယ်"

ယောတို့ သူငယ်ချင်းသုံးယောက် ကလျာမောင်းသော ကားလေးနှင့် ထွက်လာခဲ့ကြပါသည်။ ကလျာ့ကားကလေးက 2010 TOYOTA Vitz လေး၊ ပုံစံကလေးက ချစ်စရာလေးပါ။ ကိုကြီးမဆုံးခင် ယောကို ကားလေးတစ်စီး သတ်သတ်ဝယ်ပေးမည်တဲ့။ ယောက လမ်းမှာတွေ့သော Vitz လေးတစ်စီးကို ညွှန်ပြရင်း အဲဒီကားကလေးလို ခပ်သေးသေးကလေး လိုချင်တယ်ဟု ပြောခဲ့ဖူးပါသည်။

ကားမောင်းသင်ရင်း တစ်ရက်မှာ ယောမောင်းနေတဲ့ ရှေ့နားမှာပင် မျက်စိရှေ့မှောက်တင် ကားနှစ်စီး တိုက်မိကြတာနှင့် ကြုံရသည်။ တခြားကားနှစ်စီး အချင်းချင်းတိုက်ကြတာကိုမြင်ပြီး ရင်တုန်ပန်းတုန် ကတုန်ကယင် ကယောင်ချောက်ချား





ဖြစ်ကာ ယောက ကားကို ဆက်မောင်းလို့ မရဘဲ လမ်းဘေးမှာ ထိုးရပ်ရသည်။

အဲဒီကတည်းက ကိုကြီးက ယောကို ကားမောင်း ဆက်မသင်နဲ့တော့လို့ ဆိုခဲ့ပါသည်။ ကြောက်လန့်တကြား ကယောင်ကတန်း ဖြစ်တတ်တဲ့ ယောကို ကားမောင်းဖို့ ကိုကြီးက စိတ်မချတော့ဟု ဆိုသည်။ ယောသွားလိုသမျှ သူသာလိုက်ပို့ပါမည်တဲ့။ ယော မမောင်းပါနဲ့တော့ ... တဲ့။ ကိုကြီးကတော့ ဆယ့်ခြောက်နှစ်သားကတည်းက ကားကြီးကြီးတွေကိုပင် နိုင်နင်းကျွမ်းကျင်စွာ မောင်းတတ်ခဲ့တဲ့သူ။ ကားမောင်းကျွမ်းကျင်သူ။

ကားမောင်းကျွမ်းကျင်လှတဲ့ သူတစ်ယောက်၊ တစ်ကြိမ်တစ်ခါမှ မတော်တဆ ထိခိုက်မှုသေးသေးလေးတောင် မဖြစ်ခဲ့ဖူးသူ တစ်ယောက်က ဖြစ်မယ့်ဖြစ်တော့ ဆိုးဆိုးရွားရွားကားမှောက်ခဲ့ကာ ကွယ်လွန်တဲ့အထိ ဖြစ်ရတာ ရင်နာစရာကောင်းပါသည်။

"ယော ... နင် ကားမောင်းသင်ထားတယ် မဟုတ်လား၊ ပြန်မောင်းပါလား"

"ဟင့်အင်း"

"ဩော် ... အင်းလေ၊ အန်တီညိုတို့ ဘွားတို့ကလည်း မောင်းစေချင်လိမ့်မှာ မဟုတ်ပါဘူးလေ"

"ကိုကြီးကလည်း ငါ့ကို ကားမမောင်းပါနဲ့လို့ မှာခဲ့တယ်၊ ငါလည်း မမောင်းချင်တော့ပါဘူးဟာ၊ ကိုကြီး ကားနဲ့သေ



www.burmeseclassic.com

www.burmeseclassic.com



ရတော့ ကားကို ငါကြောက်သွားတယ်၊ ကိုကြီးရဲ့ကားကို တောင် ငါအမှတ်တရ ထားချင်ပေမယ့် ကိုကိုက ပြင်ပြီး တော့ မထားပါနဲ့ ရောင်းလိုက်ပါဆိုလို့ ရောင်းပစ်လိုက် ပြီလေ၊ မြင်နေရင်လည်း ငါ စိတ်ချမ်းသာမှာ မဟုတ်ပါ ဘူး၊ အဲဒီကားကို ပြန်မြင်ရမှာတောင် မမြင်ရက်ပါဘူး ပြင်ပေးတဲ့ ဟိုတစ်ဖက်ခြံကလူရဲ့ အသိ ဝပ်ရှော့ပ်က တစ်ဆင့် တစ်ယောက်က အောက်ဈေးနဲ့ ပြန်ဝယ်လိုက် တယ်လေ၊ ရောင်းပြီးမှ ငါတွေးနေမိသေးတယ်၊ သူ့ကား ကို ရောင်းပစ်တာ ကိုကြီး ကြိုက်ရဲ့လားမသိဘူးလို့၊ စိတ် မကောင်းဖြစ်မှာစိုးတယ်"

"ဩော် ... ယောကလည်းဟာ၊ ကိုထူးမှူးက ဘယ်လိုလုပ် စိတ်မကောင်း ဖြစ်မှာလဲ၊ စိတ်ထဲမထားပါနဲ့"

"နင်တို့ ဘာမှမသိပါဘူး၊ ကိုကြီး မရှိတော့ဘူး ဆိုပေမယ့် ငါ ဘာလုပ်နေတယ်၊ ငါ ဘာဖြစ်နေတယ် ဆိုတာတွေ ကိုကြီး ဆက်သိနေတယ်လို့ ငါထင်တယ်၊ ငါ အဲလိုခံစား ရတယ်"

"ယော ... နင်ကလည်းဟာ"

ယောက မိုမိုကလေးထိုင်ရင်း ခပ်ငေးငေးနှင့် –

"အခု ငါ အင်းလျားစောင်းကို လာချင်တာလည်း ကိုကြီး ကိုလွမ်းလို့၊ နင်တို့ သိပါတယ်၊ ငါနဲ့ ကိုကြီးက သမီး ရည်းစားဘဝ သေချာမဖြတ်သန်းလိုက်ရတော့ သူများတကာ





ချစ်သူတွေ စုံတွဲတွေလို ချိန်းတွေ့တာ တွဲသွားတွဲလာတွေ လည်း မဖြစ်ခဲ့ မရှိခဲ့ရပါဘူး၊ ရှားရှားပါးပါး အင်းလျား ကန်ပေါင်မှာ တစ်ခါဆုံဖူးတယ်၊ နင်တို့ မှတ်မိလား"

ကလျာက ကားကို ကန်ပေါင်ဘက် ကွေ့ဝင်လိုက်ပြီး ပါကင်နေရာယူကာ ရပ်လိုက်ပါသည်။ နောက်ခန်းမှာထိုင်နေတဲ့ အေးအေးမြတ်က ရှေ့ခန်းက ယောရဲ့ပခုံးလေးကို လှမ်းဆုပ်ကိုင်လိုက်ရင်း ...

"မှတ်မိပါတယ်ဟာ၊ အဲဒီတုန်းက ငါတို့ ဒီနားတစ်ဝိုက်မှာ ဓာတ်ပုံရိုက်ကြမယ်လို့ တိုင်ပင်ပြီး အန်တီညိုလွတ်အောင် ဝိုင်းပူဆာနေကြတာကို ကိုထူးမှူးက ကြားသွားတာလေ ... နော်၊ နောက်နေ့ ငါတို့လာမယ့်အချိန် သူက ဒီကို ရောက်ပြီး စောင့်နေတာ"

တကယ်ပင် ယောခင်ဇံ ရင်ထဲ လွမ်းဆွတ်ဆွေးမြည့်လှပါသည်။ ရင်ခုန်စရာ အဖြစ်အပျက် အဆုံအတွေ့လေးတွေက ရှားပါးခဲ့တာ ဘာတစ်ခုကိုမှ မမေ့နိုင်ပါ။ အဲသလို အဖြစ်အပျက်မျိုးတွေ များများစားစား မရှိဘဲနဲ့ကို ကိုကြီးကို တစ္စဲတလမ်းချစ်နေခဲ့မိတာ။

"လာ ... ဆင်းရအောင် ဘာစားဦးမလဲ၊ တစ်ခုခုသောက် မလား"

"ဟင့်အင်း ... ငါတို့ ကန်ပတ်လမ်းပေါ်ဘက် လျှောက်ရအောင် ကလျာ"



www.burmeseclassic.com

www.burmeseclassic.com



သုံးဦးသား ကားပေါ်ကဆင်းပြီး မုန့်ဆိုင်လေးရှေ့က ဖြတ်လျှောက်ကာ ကန်ပေါင်လမ်းဘက် လျှောက်လာကြသည်။ ယောရင်ထဲ ခုပင် အသစ်ဖြစ်သလို လှိုက်ဖိုတုန်ယင်လာသည်။ ဟိုးတုန်းကလည်း ယောတို့ ဒီလိုလေးပဲ လျှောက်လာခဲ့ကြတာ။ ကန်ပေါင်လမ်းဘက် ချိုးကွေ့တက်လိုက်ပြီးတဲ့နောက် မြင်နေရတဲ့ ခုံတန်းလျားလေးတွေထဲက တစ်ခုမှာ ကိုကြီး ထိုင်နေခဲ့သည်။

အာရုံကလည်း ဘယ်လိုများ စေစားကပ်ငြိတယ်မသိ၊ ယောက ဟိုးလှမ်းလှမ်း ခုံတန်းကလေးမှ ကိုကြီးကို ဖျတ်ခနဲ တန်းကာမြင်သည်။ အဲဒီတုန်းက ရင်တွေဒိတ်ဒိတ် ဒိတ်ဒိတ်တုန်လာလိုက်တာများ။ ပျော်လည်းပျော် ကိုကြီး ကြားသွားမှာ တမင်လာစောင့်နေတာပဲလို့ မှန်းဆကြည်နူးကာ လူက ကတုန်ကယင်များပင်ဖြစ်လို့။

မသိချင်ယောင်ဆောင်ကာ ယောတို့ အဲဒီခုံတန်းနားက ဖြတ်လျှောက်မှ ကိုကြီးက ထိုင်ရာမှ ထလာသည်။

"ဩော် ... ယောတို့ပါလား၊ ဘာလာလုပ်ကြတာလဲ"

ခုမှ မြင်သယောင် နှုတ်ဆက်ပေမယ့် ကိုကြီးမျက်နှာမှာ မလုံမလဲ ရှက်နိုးရိပ်နှင့်လေ။ လူကြီးက ကလေးတစ်ယောက်ကို ကြိုက်ရပုံမျိုးမို့ ကိုကြီး ပုံစံက အမြဲပဲ သမာဓိပိုးလေးနဲ့ပါ။ ဓာတ်ပုံရိုက်ဖို့ လာကြမှန်း ကိုကြီး မနေ့ကတည်းက ကြားပြီးသားမဟုတ်လား။ ယောက မဖြေဘဲ ကိုကြီးကိုသာ မေးခွန်းတုံ့ပြန် ထုတ်လိုက်ပါသည်။





"အစ်ကိုကြီးရော ... ဘာလာလုပ်တာလဲ"

"ဩော် ... ကျွန်တော်လား၊ ကျွန်တော်က သူငယ်ချင်းတစ်ယောက်ကို စောင့်နေတာပါ၊ မလာဘူးလား မသိပါဘူး၊ ယောတို့ ဓာတ်ပုံရိုက်ကြမလို့လား၊ ကျွန်တော်ရိုက်ပေးမယ်လေ"

ရှေ့စကားက ဘာလာလုပ်လဲ မသိသလို မေးခဲ့ပြီး နောက်စကားက ဓာတ်ပုံရိုက်မှာကို သိပြီးသားဆိုတာ ဖော်ပြနေသည်။ ကိုကြီးကိုလည်း ရယ်ချင်၊ ယောကိုယ်တိုင်လည်းရှက်။ ဘာမှမဟုတ်တဲ့ ဒီအဖြစ်အပျက်လေးကို လက်ဖျားလေးတွေအေးစက် နှလုံးခုန်သံတွေ ပြင်းထန်လျက် ယော အရမ်းကိုပျော်ရွှင်ကြည်နူးခဲ့ရတာ။

ကိုကြီးကိုယ်တိုင် ကင်မရာတောင်းကာ ရိုက်ပေးခဲ့တဲ့ ထိုပုံကလေးတွေဟာ ပြန်ကြည့်တိုင်း ရယ်ချင်စရာ။ တိတ်တခိုး ချစ်ရသူ ကိုကြီး ကိုယ်တိုင်ကိုယ်ကျ ရိုက်ပေးနေမှတော့ ယောခင်ဗျာ တစ်ယောက် ဘယ်လိုလုပ် အိုက်တင်ထုတ် ရှိုးလုပ်လို့ ရတော့မည်လဲ။ ဓာတ်ပုံတွေထဲမှာ ယော မျက်နှာက ရဲရဲတောင် မပြုံးနိုင်ဘဲ ပြုံးမဲ့မဲ့ မအီမလည်ပုံလေးတွေ ဖြစ်နေခဲ့သည်။

ကိုကြီး ... ယော လွမ်းလိုက်တာ ကိုကြီးရယ်။

ကိုကြီး မရှိတော့ဘူးဆိုတဲ့ အဖြစ်အပျက်ဟာ အိပ်မက်တစ်ခု ဖြစ်လိုက်စမ်းပါတော့။ တကယ် မဟုတ်ပါစေနဲ့။ ယော အိပ်မက်ဆိုး အရှည်ကြီးမက်နေတာ ဖြစ်ပါရစေ။ ရုတ်တရက်



www.burmeseclassic.com

www.burmeseclassic.com



လန့်နိုးပြီး အနားမှာ ကိုကြီးရှိနေတာ မြင်ရတဲ့ အဖြစ်အပျက်မျိုး နဲ့ ကြုံပါရစေ။ ပြန်လာခဲ့ပါ ... ယောဆီ ပြန်လာခဲ့ပါ ကိုကြီး ရယ်။

"ကိုကြီး"

ယော နှုတ်က တိုးတိတ်သော အသံလေးတစ်ချက် နှင့်အတူ ကန်ပတ်လမ်းရဲ့အစမှာပင် ခြေလှမ်းတုံ့ခနဲ ရပ်သွား၍ ကလျာရော အေးမြတ်ပါ ယောကို လှည့်ကြည့်ရင်း ရပ်လိုက်ကြ ပါသည်။ ယော မျက်ဝန်းထဲ မျက်ရည်တွေပြည့်ကာ အိုင်နေသည်။

"ယော ... ပြန်ကြမလားဟင်၊ နင် စိတ်မကောင်းဖြစ်နေ ရင် ပြန်ကြမယ်လေ"

"ကိုကြီး"

"ယော"

အေးမြတ်တို့ ယောရဲ့အမူအရာ ထူးခြားပုံကို ဂရု ပြုမိကာ တောင့်တင်းသော ကိုယ်ခန္ဓာ ဖြူဖျော့သော မျက်နှာတို့ နှင့် ယောခင်ဇ် တွေတွေကြီး ငေးစိုက်နေရာဆီ သူတို့ပါ လှမ်း ကြည့်မိသည်။

"ကလျာ ... အေးမြတ်"

"ယော"

"ဟို ... ဟိုမှာ ... ကိုကြီး မဟုတ်လားဟင်၊ ကိုကြီး ထိုင် နေတယ်မို့လား"

"ယော"





"နင်တို့ မြင်ရလား၊ နင်တို့ မြင်ရလား ငါသိချင်တယ်၊ ဟိုးအရင်က ထိုင်နေတဲ့ခုံတန်းမှာပဲ၊ အဲဒီခုံမှာပဲ ထိုင်နေ တယ်၊ နင်တွေ့ ရလားဟင်"

ယောသည် မေးရင်းကပင် ကိုယ်ခန္ဓာလေး ဆတ် ဆတ်တုန်လာသည်။ သူ့ဟာသူမေးပြီး အဖြေကို မစောင့်တော့ဘဲ ရပ်နေရာမှ အပြေးလှမ်းထွက်လိုက်ပါသည်။

"ကိုကြီး ... ကိုကြီး"

နှုတ်ကလည်း ခေါင်ငင်ကာ ပျောက်သွားမှာစိုး၍ အတင်းဖမ်းဆွဲထားတော့မည့် ဟန်ပန်နှင့် ထိုခုံတန်းကလေးရှိရာ လှစ်ခနဲ တစ်ဟုန်ထိုး ပြေးသည်မှာ လှမ်းဆွဲလိုက်တဲ့ ကလျာတို့ ပင် ဆွဲမမီလိုက်နိုင်။ နှစ်ယောက်လုံး ချက်ချင်းပြေးလိုက်ကာ ...

"ယော ... ယော"

တစ်ဟုန်ထိုး ပြေးရင်းက ယောသည် မျက်လုံး အကြည့်ကိုလည်း ထိုခုံမှမလွှဲခွာ။ ထ,ထွက်သွားခဲ့ရင် ဘယ်ရောက် သွားသလဲ သိရအောင်လေ။ အာရုံမပြတ် စူးစိုက်ကြည့်ကာ ကမူး ရှူးထိုး ပြေးလာသော ယော ခြေလှမ်းများသည် ခုံတန်းလျားလေး မရောက်မီ လေးငါးခြောက်လှမ်း အလိုလောက်တွင် တုံ့ခနဲရပ် သွားပါသည်။

ကိုကြီး ... ကိုကြီးရော။

ကိုကြီး ဘယ်ရောက်သွားတာလဲ။ ဝမ်းနည်းစိတ်က ဗလောင်ဆူတက်ကာ ပြည့်လျှံနေတဲ့ မျက်ရည်တွေက ပါးပြင်ပေါ် ပိုးပိုးပေါက်ပေါက် ခုန်ပေါက်လိမ့်ကျလာသည်။ အဲဒါ ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



အစစ်။ နောက်ဆုံး ကားမောင်းထွက်သွားတဲ့ အကျႌလေးနဲ့ပါ လိုက်ဖို့ဆူပွက်လာသော စိတ်တို့နှင့် ကြိတ်မနိုင်ခဲမရ ဒေါသပါ ဖြစ်လာမိတော့ကာ ...

"ကိုကြီး ... ကိုကြီး"

အကျယ်ကြီးဖွင့်ကာ အော်ဟစ်ခေါ်လိုက်မိသည်။ ဘယ်ရောက်သွားမှန်း မသိတဲ့ ကိုကြီးကို ဒီလိုပဲ အကျယ်ကြီး အော်ဟစ်အသံပေး ခေါ်ငင်ဖို့ကလွဲပြီး ဘာများလုပ်နိုင်မှာလဲ။

"ကိုကြီး ... ကိုကြီး ပြန်လာပါ"

"ယော ... ယော"

"ယောရယ် ... စိတ်ထိန်းပါ သူငယ်ချင်းရယ်"

"လာပါဟယ်၊ ကိုထူးမှူး မရှိပါဘူး ယောရယ်"

"ရှိတယ်၊ ရှိကိုရှိတယ်၊ ဒီခုံမှာပဲ သေသေချာချာ မှီထိုင်နေတာ၊ အိမ်ကထွက်သွားတဲ့အကျႌနဲ့၊ နင်တို့လည်း မမြင်ဘဲ ရမ်းမပြောပါနဲ့၊ ရှိကိုရှိတယ်၊ ခုနက အဲဒီခုံမှာ ထိုင်နေတာ ငါ့ကို လှည့်ကြည့်တယ်၊ အား ... ဟား ဟား ... ကိုကြီး"

ဖြတ်သန်းသွားလာ ငေးကြည့် အကဲခတ်ကြည့်သွားတဲ့သူတွေကို မရှက်ကြောက်နိုင် ဂရုမစိုက်နိုင်တော့အောင် ယောခင်ဇံက ခေါင်းကိုမော့ကာ အကျယ်ကြီး အော်ငိုလိုက်မိပါသည်။ ရင်ထဲဆို့ကာနင့်ကာ နာကျင်ကာ မခံမရပ်နိုင်စွာ အသံထွက်၍ ရှိုက်ကြီးတငင်ငိုသည်။ ယော သေချာမြင်လိုက်ပါတယ် ကိုကြီးရယ်။



၁၇

"ရှင်က ဘယ်လိုလုပ် ရောက်လာတာလဲ"

အရေးပေါ်ခန်းက ခုတင်ဖြူဖြူလေး တစ်ခုပေါ်မှာ ခြေတွဲလောင်းလေးနှင့် ထိုင်နေသော ယောက တိုးလတ် အနားပြန်ရောက်လာလျှင် ခပ်တိုးတိုး လှမ်းမေးပါသည်။ တိုးလတ်က ဆေးစာအုပ်နှင့် စစ်ဆေးချက်စာရွက်များကို ယောခင်ဇံ သူငယ်ချင်းမလေးလက်ထဲ ထည့်ရင်း ...

"ကျွန်တော်က မမျှော်လင့်ဘဲ တိုက်တိုက်ဆိုင်ဆိုင် အဲဒီက ဆိုင်တစ်ဆိုင်မှာ ထိုင်နေတာပါ၊ ခင်ဗျားထက်အရင် ရောက်နေတာပါ ယောခင်ဇံ"

ယောခင်ဇံက တိုးလတ်ရဲ့မျက်ဝန်းများထဲ ထိုးဖောက်တတ်အထိ စူးစူးစိုက်စိုက် ကြည့်နေသည်။ အကြည့်က စူးရှင်းပြလှသဖြင့် တုံ့ပြန်ကြည့်နေတဲ့ တိုးလတ်ပင် နေရထိုင်ရခက်ကာ မျက်လွှာသိမ်းပြီး အကြည့်ကို တခြားလွှဲပစ်လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို ယော မေးချင်တာရှိတယ်"

"ဗျာ ...၊ အင်း ... မေးလေ၊ သိပ်တော့ ခင်ဗျားဦးနှောက်ကို ရှုပ်ထွေးထူပူစရာတွေ စဉ်းစားမနေနဲ့ဦး၊ ခင်ဗျား ကန်ပေါင်မှာ မူးပြီးလဲသွားတုန်းက ပရက်ရှာက ဆိုးဆိုးဝါးဝါးကျနေတာ၊ ခုနေ အကောင်းဆုံးကတော့ ခင်ဗျား နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားအောင် ကောင်းကောင်းနားလိုက်ဖို့ပဲ"

"ရှင် ကျွန်မ မူးလဲသွားမှန်း ဘယ်လိုလုပ်သိလဲ"

"ကျွန်တော် လှမ်းမြင်လိုက်တာလေ"

"ရှင် လှမ်းမမြင်နိုင်ဘူးလေ၊ ရှင်က ဒီဘက်က ဆိုင်လေးတွေမှာ ထိုင်နေတာဆို၊ ကျွန်မက ကွေ့ပတ်ပြီး ကန်ပေါင်လမ်းပေါ် တက်သွားတာမြင်ရဖို့ မလွယ်ပါဘူး၊ ရှင် ကျွန်မတို့နောက်က လိုက်လာသေးလား"

"........."

တိုးလတ်က ယောခင်ဖံကို မျှတ်ခနဲ ကြည့်ကာ တစ်မျိုးဖြစ်သွားပါသည်။ ဟုတ်ပါသည်။ သူ့ဆိုင်ကနေ ထ,လိုက်လာမိတာလေ။ ယောခင်ဖံတို့ အဘွားအိမ် ပြန်ပြောင်းနေကြဦးမည်ဆိုတာ ကိုကျော်လင်းဖံက ဒက်ဒီတို့ထံ လာနှုတ်ဆက်ပြောပြသွားပြီး နောက်နေ့မနက်မှာ အိမ်ကလေးသော့ခတ်ပြီး တိတ်ဆိတ်ငြိမ်သက်သွားတော့တာ။





ထွက်သွားကြတဲ့ မနက်ကလည်း တိုးလတ် စောစောကြီးနိုးထကာ သူ့အခန်းပြတင်းမှ ယောခင်ဖံတို့ကား ထွက်သွားတဲ့အထိ ရပ်ကြည့်နေခဲ့မိသည်။ ပြောင်းသွားတာလည်းကောင်းပါတယ်လေလို့ သူ တွေးမိပါသည်။ ဒီအိမ်ထဲမှာ ကိုထူးမှူး အငွေ့အသက်တွေနှင့် ယောခင်ဖံ စိတ်တည်ငြိမ်မှုရဖို့ဆိုတာ မလွယ်ကူဘူး မဟုတ်လား။

ယောခင်ဖံရဲ့စိတ်ဂနာမငြိမ်မှု ထင်ယောင်ထင်မှားဖောက်ပြားမှုတွေကိုလည်း မတူးမာထံမှ တိုးလတ် တော်တော်များများ ကြားသိပြီးသားပါ။ ယောခင်ဖံရဲ့ အဖြစ်အပျက်တို့ကို သူက ဘာရယ်ညာရယ် မဝေဖန်လိုပါ။ တကယ်မဟုတ်ဘဲ သူ ထင်ယောင်ထင်မှားနေတာပဲဖြစ်ဖြစ်၊ အိပ်မက်တွေ မသိစိတ်နဲ့ ဒန်းတီးမက်ယူနေတာပဲဖြစ်ဖြစ် တကယ်ပဲ ကိုထူးမှူးရဲ့ဝိညာဉ် လွှတ်မကျွတ် ရစ်ဝဲနေတယ်ပဲဖြစ်ဖြစ် သူ ယုံတယ် မယုံဘူး၊ ဟုတ်တယ် မဟုတ်ဘူး မပြောလိုပါ။

သူ့အဘွားအိမ် သွားနေလိုက်တာကတော့ ဘယ်လိုပဲဖြစ်ဖြစ် ယောခင်ဖံအတွက် စိတ်အပြောင်းအလဲ ပတ်ဝန်းကျင်အပြောင်းအလဲနှင့် ပိုမိုသင့်တင့်လျောက်ပတ်တယ်လို့ပဲ တိုးလတ် ထင်သည်။ ဒီရက်ပိုင်းလေးအတွင်း အဲဒီဘက် အိမ်ကလေးကိုတော့ သူ မကြာခဏ ဂရုစိုက် ကြည့်နေမိခဲ့သည်။

ဒီနေ့တော့ သူ ဆိုင်မှာ သူငယ်ချင်းနှစ်ယောက်နှင့် ထိုင်နေတုန်း ယောခင်ဖံတို့ မိန်းကလေးသုံးယောက် ဖြတ်လျှောက်



www.burmeseclassic.com

www.burmeseclassic.com



သွားတာမြင်တော့ သူ အံ့လည်းသြ၊ ဝမ်းလည်းသာသွားမိသလိုပင်။ အမှတ်မထင် ကြုံကြိုက်ဆုံစည်းရတာ မဟုတ်လား။ တကယ်တော့ တိုးလတ်က ယောခင်ဖဲကို နှုတ်ဆက်လိုစိတ် နေကောင်းရဲ့လား မေးလိုစိတ်နှင့် ထ,လိုက်လာခဲ့တာ။ သူငယ်ချင်းတွေကို "ခဏနော် ... သွားနှုတ်ဆက်လိုက်ဦးမယ်"လို့ ပြောခဲ့တဲ့အတွက် သူငယ်ချင်းတွေကတော့ ...

"တိုးလတ်ကတော့ကွာ၊ ပြန်ရောက်တာတောင် မကြာသေးဘူး၊ စွံပုံစွံနည်းက နိုင်းပွိုင့်နိုင်းလောက် ရှိတယ်" စသဖြင့် စ,ကြပါသေးသည်။ သူ ခပ်ခွာခွာလေးက လိုက်ပါလာပြီး မကြာခင် ယောခင်ဖဲ ပြေးသွားတာ၊ ရပ်တန့်သွားတာ၊ မရှက်မကြောက် ချုံးပွဲချ ငိုကြွေးလိုက်တာတွေ အားလုံးကို တအံ့တသြ ကရုဏာသက်ဖွယ်ရာ နောက်မှ မြင်နေခဲ့ရပါသည်။

ခွေခနဲ လဲကျသွားမှ သူ စိုးရိမ်တကြီး ပြေးသွားခဲ့တာ။ သူ့ကားထဲမှာလည်း အရေးပေါ် အလွယ်တကူ သွေးဖိအားတိုင်းဖို့ လက်ကောက်ဝတ်မှာပတ်တဲ့ ဒစ်ဂျစ်တယ်စက်ကလေး ပါလာ၍ ယောခင်ဖဲကို ကားဆီပွေ့ချီ သယ်ယူလာပြီးတဲ့နောက် ပရက်ရှာပါ တိုင်းကြည့်လိုက်နိုင်ပါသည်။ ပရက်ရှာက ဆိုးဆိုးဝါးဝါး ကျနေခဲ့သည်။ လူက နဂိုပိန်ရတဲ့ကြားထဲ ဖြူဖျော့ကာ ပါးလှပ်လှပ်ကလေး ဖြစ်နေတဲ့အပြင် မျက်ကွင်းတွေလည်းညိုလို့။

ပြည့်စုံလုံလောက်သော အအိပ်အစားတို့ မှန်ကန်မှု မရှိခဲ့တာ သိသာသည်။ အလွန်အားနည်းနေကာ ပြုစုကုသမှု





တစ်ခုခုပေးဖို့ လိုအပ်တဲ့အတွက် "........."ပုဂ္ဂလိကဆေးရုံကို သူပဲ ဦးဆောင်ခေါ်ယူလာခဲ့တာပါ။

"ဒီမှာ ... ကျွန်မ မေးနေတာ ရှင် ဖြေဦးလေ"

"ဪ ... အင်း ... ဟုတ်တယ်၊ ကျွန်တော် ခင်ဗျားနောက်က ပါလာတယ်"

တိုးလတ်က ကိုယ့်အတွေး ကိုယ့်ခံစားချက်နဲ့ကိုယ် အနည်းငယ် တုံ့ဆိုင်းပြီး မျက်နှာခပ်ပူပူနှင့်ဖြေသည်။ တကယ်တော့ ဒီမိန်းကလေးကို သူ ကြင်နာကရုဏာသက်လှပြီး မရိုးသားစိတ် မမွေးဖို့ကိုလည်း သူ့ဟာနဲ့သူ ဆုံးမဆုံးဖြတ်ပြီးသားပါ။

"ဘာဖြစ်လို့ ပါလာတာလဲ"

"ဗျာ"

"ရှင်က ဘာဖြစ်လို့ ကန်ပေါင်ဘက် ထ,လာတာလဲလို့၊ တစ်ခုခုများ တွေ့လိုက်တာ မြင်လိုက်တာ ရှိလို့လား"

"ဗျာ"

တိုးလတ်က ယောခင်ဖဲ ဆိုလိုချင်နေတဲ့ ဦးတည်ချက်ကို ရိပ်မိရပြီးလျှင် ...

"တခြား ဘာမှတွေ့လို့ မြင်လို့ မဟုတ်ပါဘူး၊ ခင်ဗျားကိုပဲ တွေ့လို့ပါ၊ မမျှော်လင့်ဘဲ ဒီနားမှာတွေ့လိုက်တော့ နေကောင်းရဲ့လား ဘာလား နှုတ်ဆက်ဖို့ ကျွန်တော်လိုက်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

ယောခင်ဖံက ခေါင်းလေးအသာညိတ်နေရင်း မျှော်လင့်ချက် မကုန်သေးသလို ...

"ဒါပေမဲ့ ကန်ပေါင်လမ်းပေါ်ရောက်တော့ရော ရှင် တစ်ခုခုများ ထူးထူးခြားခြား တွေ့သေး မြင်သေးလားဟင်"

တိုးလတ်က သက်ပြင်းတစ်ချက် တိတ်တခိုးရှိုက်ကာ ...

"ကျွန်တော် တခြား ဘာတစ်ခုခုကိုမှ မတွေ့မမြင်ပါဘူး ယောခင်ဖံရဲ့၊ ခင်ဗျား ငိုရင်းနဲ့ မူးပြီးခွေကျသွားတာကိုပဲ မြင်ပါတယ်၊ ခင်ဗျားပုံစံက သိပ်အားနည်းနေလို့ ကျွန်တော် ကမန်းကတန်း ပြေးလာပြီး ကားဆီချီပွေ့လာတယ်၊ ကားဆီရောက်တော့ ပရက်ရှာတိုင်းကြည့်တယ်၊ ဆေးခန်းသွားမှ ကောင်းမယ်ဆိုပြီး ဒီကို ခေါ်လာခဲ့တာ"

တိုးလတ်ရဲ့အဖြေစကားကြောင့် ယောခင်ဖံက မျှော်လင့်ချက်လေးတွေ ပျောက်ပျက်သွားသလို ခေါင်းလေးငုံ့ပြီး ဝမ်းပန်းတနည်း ငြိမ်သွားပါသည်။ နှုတ်ခမ်းကလေးများက မပွင့်တပွင့် လှုပ်ရှားလာကာ ...

"ကျွန်မက ရှင်တွေ့လိုက်မလား ထင်တာ"

"........."

"ဘာဖြစ်လို့လဲဆိုတော့ ကိုကြီးက သူ့နောက်ဆုံးအချိန်မှာ သူ့အနားနားမှာ ရှိခဲ့တဲ့သူက ရှင်ပဲဆိုတာ သိမှာမို့လေ"





အသံကလေးက တကယ့်တိုးတိုးလေး။ အရေးပေါ်ခန်းထဲမို့ နံဘေးမှာ တခြားခုတင်တွေ လူနာတွေ လူနာစောင့်တွေနှင့် ဆူဆူညံညံ အသံတွေရှိနေပေမယ့် ယောခင်ဖံရဲ့စကားတို့ကို တိုးလတ် လုံးစေ့ပတ်စေ့ ကြားသိနားလည်သည်။ ယောခင်ဖံရဲ့ အာရုံကိုဖြတ်သလို တိုးလတ်က တစ်ချက်လှုပ်ရှားလိုက်ရင်း ...

"ကဲ ... ကျွန်တော်တို့ ပြန်လို့ရပြီ၊ ပြန်ကြစို့၊ ဒီထက်ကြာရင် ယောခင်ဖံ အိမ်က စိတ်ပူနေဦးမယ်၊ ခင်ဗျားလည်း ကောင်းသွားပါပြီ ယောခင်ဖံ၊ အိမ်ကျ ကောင်းကောင်းနားလိုက်ပြီး ကိုယ့်ကျန်းမာရေးအတွက်ကိုယ် ကောင်းကောင်းအိပ် ကောင်းကောင်းစားဖို့တော့ လိုပါတယ်။ Heart beat က 120 နီးပါး ဖြစ်နေတယ်၊ ECG ကလည်း Abnormal ECG ဆိုပြီး အဖြေထွက်နေတယ်၊ ခုနက ခင်ဗျား အသက်မရှူနိုင်သလို မောသလိုလည်း ဖြစ်နေတော့ တရာဝန်ကျဆရာဝန်ကတော့ Echo Cardiogram လေး ရိုက်ကြည့်ပါ ပြောတယ်၊ လိုအပ်ရင် နှလုံးနဲ့ပတ်သက်တာလေးတွေလည်း ဆက်စစ်ဆေးဖို့တော့ ရှိလိမ့်မယ်၊ အဓိက,က ကိုယ့်စိတ်ကို ကိုယ်မညှဉ်းဆဲပဲ ကိုယ့်ကျန်းမာရေးကိုယ် ဂရုစိုက် တည်ဆောက်ဖို့ လိုပါတယ် ယောခင်ဖံ"

ယောခင်ဖံ ခုတင်ပေါ်မှ အသာအယာ ဆင်းချိန်မှာ ကလျာက တိုးလတ်အနား ကပ်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ သူ့အိမ်အထိ လိုက်ခဲ့ပါဦးနော်"

"သူ အခု ကောင်းကောင်းနေကောင်းသွားပါပြီး ထပ်ရှာ စရာလည်း မရှိတော့ပါဘူး၊ ခင်ဗျားတို့နဲ့ ထွက်လာတာ ဆိုတော့ ခင်ဗျားတို့နဲ့ပဲ အတူပြန်လိုက်တော့လေ"

"ယောကို ခေါ်လာပြီး ခုလို မူးလဲ ဆေးခန်းရောက်ရတယ် ဆိုတာသိရင် သူ့အိမ်က လူကြီးတွေက ပျာယာခတ်မှာ ဟိုမေးဒီမေး ဆိုရင် ဘာဖြေရမှန်းတောင် မသိဘူး၊ ကလျာ တို့က အန်တီညို့ကိုလည်း ကြောက်တယ်၊ ဘာမှလဲမပြော ရဲဘူး၊ ဒေါက်တာပါ လိုက်ခဲ့ပါနော်"

"သူတို့မေးရင် ယောခင်ဖဲက သူ့ဟာသူ ဖြေနိုင်နေတာပဲ သူ ဘယ်လိုဖြစ်သွားတာလဲ သူအသိဆုံးပဲလေ၊ သူ ဖြေ ပစေပေါ့"

ယောခင်ဖဲက ကလျာ့ဘက် လှမ်းကြည့်ရင်း —

"နေပါစေ ကလျာ၊ မခေါ်ပါနဲ့၊ သူလည်း အားချင်မှ အား မှာပေါ့၊ ခုလောက် ဒုက္ခပေးရတာပဲ အားနာဖို့ကောင်းလှ ပြီလေ၊ ကိုတိုးလတ် အပန်းကြီးနေရင် မလိုက်ပါစေနဲ့"

တိုးလတ်က ယောခင်ဖဲ စကားကြောင့် စိတ်မ ကောင်း ဖြစ်ရပါသည်။ မဆိုးမကလေး ပူပူနွေးနွေးအနားမှာ ဇွတ်ပဲ တကပ်ကပ် ဖြစ်မနေလိုတာ တစ်ခုကလွဲလျှင် သူ့စိတ်ထဲ မှာ ယောခင်ဖဲ အတွက် ကရုဏာအပြည့် ပူပန်မှုအပြည့် အတွေး တွေအပြည့်ဆိုတာ ယောခင်ဖဲ သိပါလေစ။





"အဲသလို မဟုတ်ပါဘူး၊ ကျွန်တော် အားပါတယ် ယော ခင်ဖဲ၊ အိမ်အထိ လိုက်ပို့ဖို့လည်း အပန်းမကြီးပါဘူး"

အဲဒီနောက်တော့ တိုးလတ်ကားနှင့် ကလျာ့ကား ရှေ့ဆင့်နောက်ဆင့်မောင်းကာ ယောခင်ဖဲတို့အိမ်ကို ပြန်လာပါ သည်။ ယောခင်ဖဲက တိုးလတ်ကားနှင့်ပဲ လိုက်လာပါသည်။ သို့သော် ဆေးရုံသွားတုန်းက ပွေ့ချီတင်ခဲ့သလိုပဲ နောက်ခန်းက သာ စီးပါသည်။ ကားထွက်လာချိန်၌ အရုပ်လေးတစ်ရုပ်ပါလာ သလို ကုပ်ကုပ်ရို့ရို့ကလေး ငြိမ်သက် တိတ်ဆိတ်ပါလာပေမယ့် ခဏအကြာမှာတော့ ယောခင်ဖဲထံက စကားသံ ထွက်လာသည်။

"ရှင့်ဆီကို ကိုကြီး ဆက်သွယ်လိမ့်မယ်လို့ ကျွန်မအမြဲ ထင်နေမိတယ်"

ဘာပြန်ပြောလို့ ပြောရမှန်းမသိအောင်ပါ။ သူမရဲ့ တစ်ယူသန် တစ်ဖက်စွန်း ခံစားချက် ယုံကြည်ချက်ကိုလည်း အဖျက်ယဖျက် ပြက်ရယ်ပြုသလို မဖြစ်စေလိုပါ။ အမိပွာယ်လျှော ပြီး ပေါ့ပျက်သေးသိမ်အောင်လည်း မဖြစ်စေလိုပါ။ အားပေး အားမြှောက် ထောက်ခံမှုမျိုးလည်း မပြုလိုပါ။

တစ်နည်းနည်းနဲ့တော့ ကိုယ့်ဘက်က ရပ်တည်ချက် တစ်ခုပြဖို့ လိုအပ်မလားလို့ တိုးလတ် ထင်မြင်လာပါသည်။ ယောခင်ဖဲရဲ့အတွေးအထင် အယူအဆ မျှော်လင့်မှုမရေမရာတို့ ကို တစ်နည်းနည်းနဲ့တော့ လမ်းကြောင်းပြောင်းလဲ တည့်မတ်ဖို့ လိုအပ်မယ် ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



အင်း ... ကိုယ့်အပြုအမူ အပြောအဆို တစ်စုံတစ်ရာ ဟာ လုပ်ကြံဖန်တီးမှုလို ဖြစ်နေခဲ့ရင်လည်းပဲ ကောင်းရာကောင်း ကျိုး ရှေ့ရှု၍ ပြုမူလျှင်တော့ အပြစ်မဖြစ်လောက်ဘူး ထင်ပါရဲ့ ယုတ်စွအဆုံး အပြစ်ဖြစ်ချင်လည်း ဖြစ်တော့။ သူ မတတ်နိုင် တိုးလတ်ကလည်း ချောင်းတစ်ချက် ရှင်းလိုက်ရင်း ...

"အင်း ... ခင်ဗျား ပြောသလို ဆက်သွယ်တယ်ဆိုလည်း ဆက်သွယ်တယ်ပေါ့၊ ရိုးရိုးပဲ အိပ်မက် မက်တယ်လို့ ယူဆရင်လည်း အိပ်မက်ပဲပေါ့၊ ကိုထူးမှူးကို ကျွန်တော် အိပ်မက် မက်ပါတယ်"

ယောခင်ဇံ မျက်နှာလေးက တုန်လှုပ်သွားသည် ဖွေးဖျော့ကာ ...

"ရှင် ဒါကို ဘာဖြစ်လို့ ပြောမပြခဲ့တာလဲ"

"ဩော် ... အိပ်မက်ထဲလည်း ထူးခြားတဲ့အဖြစ်အပျက် မပါလို့ပါ၊ အိပ်မက်ပေမယ့်လည်း ဖျတ်ခနဲ ခဏလော ပါပဲ၊ သံဃာတော်တွေ အိမ်ထဲကို တန်းစီကြွလာတာ သူက ဟိုးအဝေးကြီး ခပ်လှမ်းလှမ်းကနေ လက်အုပ်ချီရင် ရပ်ကြည့်နေတာ၊ ဒါလေးပါပဲ၊ ကျွန်တော် ထင်တာတော့ သူ တရားလေး ဘာလေး နာယူချင်မယ်၊ သာဓုခေါ်ချင် မယ်၊ အမျှယူချင်မယ်လို့ ယူဆမိတယ် ယောခင်ဇံ"

ယောက မျက်နှာဖွေးဖျော့ဖျော့နှင့်ပဲ တီးတိုးစွာ ...





"မပြောဘူးလား ... ရှင့်ကို၊ ကိုကြီး ဆက်သွယ်ပါမယ်ဆို တာ"

"........"

"ရှင်တို့က ထင်ပါလိမ့်မယ်၊ ကျွန်မ ရူးနေသလားလို့၊ ဒီလိုမှ မဟုတ်ရင်လည်း ဇာတ်မနာနာအောင် ပြဇာတ်တစ် ပုဒ်လို ကဗျာဆန်ဆန် ဒရာမာ လုပ်နေသလားပေါ့"

အသံလေး တုံးတိပြတ်သွားပြီးတဲ့နောက် ကျိတ်၍ ချနေသော တအိအိ အသံလေး ထွက်ပေါ်လာသည်။ တိုးလတ် နောက်ကြည့်မှန်မှ ကြည့်လိုက်လျှင် ယောခင်ဇံသည် ကိုက်ထား သော နှုတ်ခမ်းရှေ့၌ ဖြူနုသော လက်သီးဆုပ်လေး ဖိကပ်ကာ ခေါင်းကို တစ်ဖက်စောင်းငဲ့ထားလျက် သူ ငိုနေတာကို အတတ် နိုင်ဆုံး ဖုံးဖိနေရှာသည်။ သို့ပေမဲ့ တွန့်ပြီးညို့နေတဲ့ မျက်လုံးလေး များအောက်က မျက်ဝန်းအိမ်က နီမြန်းမို့ဖောင်းလျက် ထိုမျက် ဝန်းအိမ်မှ ပါးပြင်ပေါ်သို့ မျက်ရည်စီးကြောင်းက အဆက်မပြတ် သွင်သွင်ကျလျက်သား။

"ယောခင်ဇံ ...၊ ခင်ဗျား ငိုချင်ရင် အော်ငိုလိုက်ပါ၊ ကျွန် တော် အနှောင့်အယှက် မဖြစ်ပါဘူး၊ ခုလို အောင့်ကြိတ် ပြီး အတင်းမျိုချနေတာက ခင်ဗျားအတွက် မကောင်းပါ ဘူး၊ ခင်ဗျား ဘာပဲပြောပြော ဘယ်လောက်ငိုငို ကဗျာဆန် ဆန် ဒရာမာ လုပ်နေတယ်လို့ ကျွန်တော် ဘယ်တော့မှ မထင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



တိုးလတ်ရဲ့စကား ဆုံးလျှင်တော့ ခုနကတည်းက မျိုသိပ်ထားပုံရတဲ့ ခံစားချက် နာကျင်မှုတို့ကို ယောခင်ဖံက ဖွင့် လွှတ်ပေးလိုက်သလို တာပေါက်ဆည်ကျိုး တစ်ဟုန်ထိုးသော ငိုကြွေးသံက ကားထဲမှာ အဆက်မပြတ်နိုင်အောင် ရင်နာစဖွယ် ထွက်ပေါ်လာပါသည်။

တိုးလတ် ရင်တွေ တကယ်နာလှပါသည်။ ကိုယ့် ဟာကိုယ် ငိုခွင့်ပြုလိုက်ပြီးမှ ယောခင်ဖံရဲ့ ငိုသံက သူ့ကိုကြီးမား သော အနှောင့်အယှက်နှင့် ဝေဒနာကိုပေးလေသောအခါ အဲကွန် ကားထဲ ချွေးပင်တပြိုက်ပြိုက်ပြန်လာကာ ဘယ်လိုနေရမှန်းတောင် မသိ။ တကယ်ကို ရင်မချိအောင် နာကျင်ရပါသည်။ အတော်ကြာ လာချိန်မှာတော့ တိုးလတ်က မနေနိုင်တော့ဘဲ ...

"ကဲ ... ကဲ ... တော်လောက်ရောပေါ့ ယောခင်ဖံ၊ ဘယ် လိုပဲပြောပြော၊ ခင်ဗျား ဒီလိုပူဆွေးငိုကြွေးနေပုံကို ကိုထူး တမလွန်က မြင်နိုင်ရင် သူ စိတ်ထိခိုက်မှာ သေချာတယ် မဟုတ်လား၊ ဘယ်လိုပဲတွေးတွေး ခင်ဗျားဘဝ သာသာ ယာယာနဲ့ စိတ်ကြည်ကြည်လင်လင် ချမ်းချမ်းမြေ့မြေ့ နေတာ၊ ခင်ဗျား ပြုံးနေတာ၊ တက်တက်ကြွကြွလေးနဲ့အ ကို လန်းလန်းဆန်းဆန်း လျှောက်လှမ်းကျော်ဖြတ်နေတာ ဒါတွေကိုပဲ သူ မြင်ချင်လိမ့်မယ်ဆိုတာ ခင်ဗျားလည်း မှာပါ ယောခင်ဖံ"





"ယော သိပါတယ် ကိုတိုးလတ်၊ အဲဒါကြောင့် ယော ပူဆွေးသောကကြီးတွေနဲ့ မနေမိအောင် ကြိုးစားပါတယ်၊ ဒါပေမဲ့ တစ်ခါ တစ်ခါ အခုလို ကိုကြီးကို ကျွန်မတွေ့ လိုက်မြင်လိုက်ရတာမျိုး ကြုံတဲ့အခါ စိတ်မထိန်းနိုင်အောင် ပဲ၊ ကိုကြီးကလေ ခုံတန်းလေးပေါ်ကနေ ကျွန်မကိုလှမ်း ကြည့်နေတာ အဲဒီနေ့က ဝတ်စုံလေးနဲ့ပဲ အမြဲပဲ၊ ရှင်လည်း မြင်လိုက်ရတဲ့ ဝတ်စုံနဲ့ပဲလေ၊ ဆံပင်တွေ ဖွာကြဲလို့ အမြဲ ညှိုးနွမ်းပင်ပန်းနေတဲ့ ပုံသဏ္ဌာန်နဲ့ပဲ၊ အဲလိုမြင်ရတာ ယော သိပ်ပြီး ရင်နာပါတယ်၊ ဒါပေမဲ့ အဲဒီလို မမြင်ရ မတွေ့ရ တော့မှာကိုလည်း ယော ကြောက်တယ် ...

ကိုကြီး ဘယ်လိုဘဝမှာလဲ၊ ကိုကြီးအေးချမ်းပါ့မလား ပူလောင်နေမလား၊ အို ... ကျွန်မတော့ ရူးတော့မှာပဲ၊ ခေါင်းအေးအေးထားပြီး တွေးကြည့်ရင် ကျွန်မ မြင်နေရတာ တွေ တကယ်လား၊ အငွေ့အသက်ကို ခံစားနေတာတွေ အမှန်လား၊ အဲဒါတွေကို မဝေခွဲနိုင်ဘူး၊ ကျွန်မရဲ့ပူဆွေးတဲ့ ချောက်ချားစိတ်ကပဲ ကျွန်မရဲ့အာရုံတွေကို လှည့်စားနေ တာလား၊ ဘာမှန်းမသဲကွဲတော့ဘူး၊ ခေါင်းတွေလည်းထူ ပူနေပြီ၊ ရူးနေသလိုလည်း ခံစားရတယ်၊ ကျွန်မ ဘာလုပ် ရမှန်းမသိဘူး၊ ဘာမှလဲ မလုပ်ချင်တော့ဘူး၊ ကျွန်မရဲ့ တစ်ကမ္ဘာလုံးပြိုပြီး ကျွန်မရဲ့လမ်းတွေ အားလုံးပျောက်ကုန် သလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



တိုးလတ်က ရှေ့ခန်းက တစ်ရှုးဘူးကို လက်နှောင်
ပြန်နှင့် လှမ်းပေးရင်း ...

"ခင်ဗျား ထူးထူးခြားခြား ဘာမှလုပ်စရာ မလိုပါဘူး
ယောခင်ဇံ၊ လမ်းလည်း မပျောက်ပါဘူး စိတ်ချပါ၊ အခု
လို နေမြဲအတိုင်းနေပြီး ကိုထူးမှူးအတွက် ကောင်းမှုကုသိုလ်
တွေ လုပ်ပေးနေရင်ပဲ လုံလောက်ပါတယ်"

"အန်တီညိုတို့ကလည်း တစ်ချိန်လုံး ဖိအားပေးတယ်၊ ကျွ
တို့နဲ့နေပါ၊ အိမ်ရောင်းပါနဲ့ တစ်ခုပြီးတစ်ခုပဲ၊ ကျွန်မစိတ်
ဓာတ်တွေ အရမ်းကျနေပြီ၊ စိတ်တွေလည်း အရမ်းဖိစီးနေပြီ"

"ကိုယ်ချင်းစာပါတယ် ယောခင်ဇံ၊ မကြုံဖူးသေးပေမဲ့
ကိုယ်ချင်းစာနိုင်ပါတယ်၊ နားလည်းလည်ပါတယ်၊ အန်တီ
ညိုတို့က ခင်ဗျားရဲ့အုပ်ထိန်းသူတွေပဲလေ၊ ဖိအားပေးတယ်
လို့ ယူဆလို့ ဘယ်ဖြစ်မလဲ၊ အကြံဉာဏ်ပေးတယ် လမ်း
ညွှန်တယ်လို့ပဲ ခင်ဗျား သတ်မှတ်သင့်တယ် ယောခင်ဇံ၊
ခင်ဗျား ဒီအိမ်လေးကို စွဲလမ်းမြတ်နိုးမယ်ဆိုတာ ကျွန်တော်
တောင် သိတာပဲ၊ လူကြီးတွေ မသိဘဲ ဘယ်နေပါ့မလဲ
ခင်ဗျား အမြန်ဆုံး နလန်ထူဖို့ အကောင်းပကတိ
ဖြစ်ဖို့ ကောင်းမယ်ထင်တာကို သူတို့ အကြံပေးတာပါ"

"ကိုကြီးက ဒီအိမ်ကို ရောင်းစေချင်ပါ့မလား၊ ရှင် ဘယ်
လိုထင်လဲ၊ ရှင်က ကိုကြီးနဲ့ အဲဒီညက အကြိမ်ကြိမ်ဆုံတဲ့
သူ၊ နောက်ဆုံးတွေ့တဲ့သူ၊ နောက်ဆုံးစကားပြောဖြစ်တဲ့
သူပဲ၊ ရှင် ဘယ်လိုထင်လဲ"





နောက်ဆုံး တွေ့ဖြစ်ခဲ့ခြင်းဟာ ပတ်သက်မှုတစ်ခု
သလို ဖြစ်နေခဲ့ပါလား။ နောက်ဆုံးတွေ့ဖြစ်ခဲ့တာ၊ ကိုယ့်လက်
ထဲ ဆုံးပါးခဲ့တာဆိုတဲ့ အဖြစ်အပျက်တို့အပေါ်တွင် ယောခင်ဇံ
က အလေးအနက် ထားလွန်းအားကြီးတဲ့အခါ သူဟာ ဆွေမျိုး
သားစု မဟုတ်ဘဲနှင့် ကိစ္စရပ်တို့တွင် တိုင်ပင်ခံရသလို အနေ
အထားတောင် ဖြစ်နေပါပြီ။

"ကိုထူးမှူး ရောင်းစေချင် မရောင်းစေချင်တာတော့ မပြော
တတ်ပေမယ့် ကိုထူးမှူးက ယောခင်ဇံကိုတော့ လူကြီးသူမ
အစောင့်အရှောက်နဲ့ဝေးပြီး ဒီအိမ်ကလေးမှာ တစ်ယောက်
တည်း နေစေချင်လိမ့်မယ်တော့ မထင်ဘူး၊ သူ စိတ်ချမယ်
မထင်ဘူး"

"ဒါကြောင့် စောင့်ရှောက်တဲ့အနေနဲ့ ကျွန်မနားမှာ ရစ်ဝဲ
နေတာများလား၊ ကျွန်မ အိမ်ကိုရောင်းပြီး ဘွားတို့အိမ်
ပြန်နေရင်ကော ကိုကြီးက ကျွန်မနား ခုလိုပဲ ရှိနေပါဦး
မလား၊ စောင့်ရှောက်နေပါဦးမလား"

တိုးလတ်က သက်ပြင်းနက်နက် ရှိုက်ရှူမိလေသည်။
သနားစိတ်ကသာ သူမအပေါ် တိုး၍ တိုး၍ သက်ရောက်သည်။

"ယောခင်ဇံ ... ခင်ဗျားကို စောင့်ရှောက်ချင်တယ်ဆိုရင်
ခင်ဗျား ဘယ်နေရာမှာ ရှိနေနေ ကိုထူးမှူးက စောင့်ရှောက်
နေမှာပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



တိုးလတ်ရဲ့ကားနှင့် ကလျာတို့ကားက ခြံထဲ ရှေ့ဆင့်နောက်ဆင့် ကွေ့ဝင်လိုက်ကြပါသည်။ ယောခင်ဖ ကားပေါ်က ဆင်းသည်နှင့် ဘယ်သူ့ကိုမှ ဘာမှမပြော နှုတ်မဆ ဘဲ အိမ်ပေါ်ထပ်ကို တန်း၍တက်သွားလေရာ သူပါလာတာ အံ့အားတသင့် ဖြစ်နေတဲ့ လူကြီးသူမများကို တိုးလတ်က အဖြစ်အပျက်တွေ ရှင်းလင်းပြောပြခဲ့ရပါသည်။



## ၁၈

"ဟယ်လို"

သူ မသိတဲ့ အိမ်လိုင်းဖုန်းနံပါတ်တစ်ခုရဲ့ ခေါ်ဆို ှုကို ထူးလိုက်တဲ့အခါ ...

"မောင်တိုးလတ်လား၊ အန်တီညိုပါ၊ ယောခင်ဖဲ့ အဒေါ်ပါ"

"ဪ ... ဟုတ်ကဲ့ အန်တီ အမိန့်ရှိပါ"

"မောင်တိုးလတ် ယောကို ဟိုအိမ်ရောင်းဖို့များ ပြောလိုက် မိသလား"

"ခင်ဗျာ"

တိုးလတ်က ခေါင်းနဘန်းကြီးသွားပါသည်။ ဗုဒ္ဓေါ၊ သူ အမှားတစ်ခုခုများ စွက်စွက်ဖက်ဖက် ဝင်လုပ်မိပြီလား။

"ဟို ... အန်တီ၊ ရောင်းလိုက်ပါလို့တော့ မပြောမိပေမယ့် အဲဒီသဘော ရည်ရွယ်သက်ရောက်စေတဲ့ စကားမျိုးတော့ ကျွန်တော် ပြောမိတယ် ထင်ပါတယ်၊ ကျွန်တော် အမှား တစ်ခုခုများ လုပ်မိသွားပြီလား အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာအမှားမှ မလုပ်ပါဘူး သား၊ လုပ်ချင်းလုပ် အမှန်သာ လုပ်မိတာ နေပါလိမ့်မယ်၊ မနေ့က ညကပဲ ယောလေးဇာ ဟိုအိမ်ကို ရောင်းချင်လည်း ရောင်းပါတော့လို့ ပြောလာ လို့ အားလုံး အံ့အားသင့်ကြရတယ်လေ၊ ဒါကြောင့် ယောသူငယ်ချင်းလေးတွေ ကလျာတို့ အေးအေးမြတ်တို့ ကိုတောင် သမီးတို့များ နားချလိုက်လားလို့ ကျေးဇူးတင် လို့ လှမ်းမေးကြည့်ရတယ် ...

သူတို့ကလည်း အိမ်ကိစ္စ သူတို့ ဘာမှမပြောမိဘူး လို့ ပြောကြတယ်၊ မနေ့က တွေ့ကြတာ သူတို့မှမဟုတ် ရင် မောင်တိုးလတ်ပဲ တခြားရှိတာဆိုတော့ မေးကြည့်တာ ပါကွယ်၊ လတွေချီ နားချလာတာ မရောင်းဘူး မရောင်း ဘူးချည်း ခေါင်းမာနေတဲ့ ယောက ရှောရှောရှူရှူနဲ့ ရောင်းချင်လည်း ရောင်းပါဆိုတော့ အရမ်းအံ့အားသင့်ကြ ရတာ၊ တည့်တည့်မပြောပေမယ့် သွယ်ဝိုက်တိုက်တွန်းမှု သက်ရောက်တဲ့ စကားမျိုး ပြောခဲ့တယ်ဆိုရင် ကျေးဇူး တင်လှပါတယ် မောင်တိုးလတ်ရယ် ...

ကျေးဇူးလည်း တင်ပါတယ်၊ အားလည်းကိုးပါတယ် နောင်လည်း ယောရဲ့အတွေးအခေါ် အယူအဆလေးတွေ အစွဲအလမ်းကြီးကြီးနဲ့ လမ်းချော်နေတာတွေ့ရင် သိရင် ကူညီနားချပေးပါလို့ အကူအညီ တောင်းပါတယ်ကွယ်"

"ခင်ဗျာ"





"မောင်တိုးလတ်က ဂျမေကာမှာ ဆရာဝန်အဖြစ် အလုပ် သွားလုပ်နေပြီး သက်တမ်းတစ်ခုစေ့လို့ ဒီကိုပြန်လာတယ်၊ ဒီမှာ စာနည်းနည်းဖတ် ဖြေစရာရှိတာလေးဖြေပြီး အိုဗာ ဆီးမှာ ဘွဲ့လွန်သွားဆက်တက်မယ်လို့ မောင်ကျော်ဆီက သိရတယ်၊ ဒီမှာ ရှိနေဦးမှာဆိုတော့ အချိန်ရရင် ရသလို ယောရဲ့စိတ်ဓာတ်ကိုပါ မြှင့်တင်ထူထောင် အားပေးပေးပါ လို့ အန်တီ အကူအညီတောင်းတာပါ သားရယ်"

"ဟုတ်ကဲ့ပါ အန်တီ၊ ကျွန်တော် ကူညီပေးနိုင်တာရှိရင် တော့ ကူညီပေးဖို့ အသင့်ပါပဲ"

သူစိမ်းသက်သက် သူ့အပေါ် တင်းကျပ်တယ်လို့ ကြားဖူးထားတဲ့ ယောလူကြီးမိဘအုပ်ထိန်းသူတွေက ယုံကြည် အားကိုးမှု ရှိတာကို သူ ဝမ်းသာမိပါသည်။

"မောင်တိုးလတ်စကားကို အမှတ်မထင် သူ နားဝင်ဟာ တွေ့ရလို့ရော ပြီးတော့ မောင်တိုးလတ်က ဆရာဝန်တစ် ယောက် ဖြစ်တယ်ဆိုတဲ့အတွက်ပါ တူလိုသားလိုသဘော ထားပါရစေ၊ ယောခင်ဇံကို ညီမလေးတစ်ယောက်လို သဘောထား စောင့်ရှောက်ပါနော်"

ညီမလေးတစ်ယောက်လို။ အင်းပေါ့ ... သူစောင့် ရှောက်ရမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီဆွဲတဲ့ ဒေါက်တွေ ဘုတ်တွေ ကားပေါ်ကနေ ကာ အိမ်ထဲဝင်လာသည့် ကျော်လင်းဖံသည် အန်တီညို ဖုန်းပြော နေတာကို လှမ်းမြင်လိုက်ပါသည်။ ဒီအိမ်ကို ယော ရောက်နေပြီ ဆိုတော့ သူ ရုံဖန်ရံခါ အပြင်ကို ကြာရှည်ကြာမြော ထွက်နိုင်ပြီ ပေါ့။ အာရုံဝင်စားရင် ဝင်စားသလို၊ မှ(ဒ်)ရရင် ရသလို ပန်းချီ ဆွဲထွက်လို့လည်းရပြီ။ ဒီနေ့တော့ ရာသီဥတုသာယာကြည်လင် မယ်ထင်တာ၊ ကန်တော်ကြီးဥယျာဉ်ထဲ ပန်းချီသွားဆွဲပြီး မိုးလေ ရာသီဥတု မကောင်းလှ၍ သူ ပြန်လာခဲ့တာဖြစ်သည်။

ကျော်လင်းဖံက ပစ္စည်းတွေ အိမ်ရှေ့ခဏချခဲ့ရင်း ထမင်းစားခန်းထဲလာ၍ ရေခဲသေတ္တာမှ အအေးဘူးတစ်ဘူးဖောက် သောက်ရင်း ပြန်ထွက်လာပါသည်။ သူ ပြန်ထွက်လာချိန်တွင် အန်တီညိုက ဖုန်းချလိုက်ပြီဖြစ်ကာ မျက်နှာက တစ်မျိုးတစ်မည် မကြည်မသာ ဖြစ်နေပါသည်။

"ဘာဖြစ်လို့လဲ အန်တီညို"

"မောင်ကျော် ... မင်း မနေ့က အပြင်သွားတာ ဘယ်သွား တာလဲ"

"အောင်ကိုနဲ့လေ၊ မိုင်ဂါးဒဲင်းမှာ ထမင်းစား ဘီယာသောက် တာလေ အန်တီညို၊ ဘာဖြစ်လို့လဲ"





"အဲဒါ ညနေစာ မဟုတ်လား၊ နေ့လယ်ကတည်းက ထွက်သွားတာ ဘယ်ကိုဝင်နေလို့လဲ"

ကျော်လင်းဖံက ခေါင်းကုတ်ကာ ရှုံ့မဲ့လိုက်မိရင်း ...

"အန်တီညိုကလည်း ရှေ့နေစစ် စစ်နေပြန်ပြီ"

"ဘယ်သွားလဲ ... တိတိကျကျ မှန်မှန်ကန်ကန် ပြောစမ်း ပါ မောင်ကျော်ရယ်"

"အိမ်ကထွက်ထွက်ချင်း ကော်ဖီဆာကယ်လ် အရင်သွား တာဗျာ၊ အဲဒီမှာ ရွှေစင်ဆိုတဲ့ ကောင်မလေး တစ်ယောက် နဲ့ချိန်းပြီး ကော်ဖီသောက်တယ်။ သူနဲ့က ကျွန်တော် ကမ်ဘောဒီးယားမှာ ပန်းချီပြပွဲ လုပ်တုန်းက ... သိ ..."

"ဒီကောင်မလေးနဲ့ ဘယ်နှားသိလဲ မသိချင်ပါဘူးကွယ်၊ လိုရင်းသာ ပြောစမ်းပါ"

ကတ်သီးကတ်သတ် အဒေါ်မျိုးဖြစ်၍ ကောင်မလေး တစ်ယောက်နှင့် ချိန်းတွေ့တာများ မကြိုက်လေရောလားဟု သူ တွေ့သူဟာ ခြေခြေမြစ်မြစ် အဆင့်ရှိရှိ မိန်းကလေးဖြစ်ကြောင်း ပြောဖို့ စကားစသော်လည်း ဒါကိုမသိချင်ဘူး ဆိုလေ၍ ...

"ဒါဖြင့် အန်တီညိုက ဘာသိချင်တာလဲ၊ ကျွန်တော်သွား တာ ဒါပဲလေ"

"မင်း ဘယ်သွားလဲ သိချင်တာ၊ လိုရင်းပဲမေးမယ်၊ ဟို အိမ် မင်းရောက်သေးလား၊ သွားခဲ့သေးလား"

"ဘယ်အိမ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆယ်မိုင်အိမ်၊ မွန်းလွဲ ၂ နာရီ ၃ နာရီလောက်က"

"ဟင့်အင်း ... မသွားပါဘူး၊ မွန်းလွဲလည်း မရောက်ဘူး၊ ညနေလည်း မရောက်ဘူး၊ ဘာဖြစ်လို့လဲ အန်တီချို"

"မင်း ညာတော့ မပြောပါဘူးနော်"

"မညာပါဘူး ဘာလို့ညာရမှာလဲ၊ သွားရင် ဘာညာပြော စရာ အကြောင်းရှိလဲ"

အန်တီညိုက ဆက်တီတစ်ခုမှာ ညင်သာစွာဝင်ထိုင် လိုက်ရင်း တွေးတွေးငေးငေးနှင့် နှုတ်မှ သူ့ဟာသူ ရေရွတ်နေ သည်။

"သူ့ညီမသူ သနားလို့ ရောင်းမထွက်ဘဲ နေပစေလို့ မောင်ကျော်လုပ်သလား ထင်နေတာ၊ ဒါဆိုရင် ဘယ်သူ လဲ"

"အန်တီညို ... ဘာဖြစ်လို့လဲ ပြောပါဦးဗျ"

ကျော်လင်းခံကလည်း ဆက်တီတစ်ခုမှာ ဝင်ထိုင် သည်။

"ဟိုးတစ်နေ့က အိမ်ကြည့်တဲ့ လင်မယားလေ၊ မနေ့က စရန်ကိုင်ပြီး ဈေးဆစ်မယ် ပြောထားတာ၊ မနေ့ကမလာ တော့ စိတ်ထဲ မယူရင်လည်း မယူဖြစ်တဲ့အကြောင်း သေချာသိချင်တာနဲ့ အန်တီညို ဖုန်းလှမ်းဆက်မေးလိုက် တာ သားရဲ့"

"အဲဒီတော့ ! "





"သူတို့ နှစ်အိမ်သုံးအိမ် ပြိုင်တူကြည့်ထားတာ ဆိုတော့ ဒီအိမ်မရတော့ဘူးဆိုပြီး နောက်တစ်အိမ်ကို မြန်မြန်ဆစ် ပြီး စရန်ချလိုက်ပြီတဲ့၊ ဒါပေမဲ့ မနေ့ကတော့ သူလာတယ် တဲ့"

"လာတယ်ဆို ဘာလို့ ရောက်မလာတာလဲ"

"အန်တီညိုက ဒီကိုပဲ လာဆစ်ဖို့ ချိန်းတာပါ၊ သူတို့က ဟိုအိမ်မှာ ဈေးဆစ် ဈေးညှိမယ်လို့ နားလည်ပြီး ဟိုအိမ်ကို သွားတာတဲ့၊ သူတို့ဆစ်တော့ ဆစ်တဲ့ဈေးလည်းမရပါဘူး၊ အိမ်ကိုလည်း မရောင်းဖြစ်တော့ပါဘူးလို့ ပြောလိုက်တယ် တဲ့"

"ဟင် ... ဘယ်သူလဲ"

"အဲဒီအိမ်ရှင်ယောက်ျားလို့ ပြောတယ်တဲ့၊ နေသိပ်ကောင်း ပုံမရတဲ့ သူတစ်ယောက်တဲ့"

"ဗျာ"

ကျော်လင်းခံရဲ့ ကျောပြင် ကုပ်ပိုးတို့၌ ရှိန်းခနဲ ကြက်သီးမွေးညင်းများ ထောင်ထလာသလို ခံစားရပါသည်။ ထိုင်နေတဲ့ ဆက်တီခုံရဲ့လက်တန်းနှစ်ဖက်စလုံးကို သူ့လက်နှစ် ဖက်နှင့် ခပ်တင်းတင်း ဆုပ်ကိုင်ထားမိသည်။ စိတ်တွေ နောက်ကျို လေးလံကာ ချွေးတွေ စိမ့်ထွက်လာသလိုပင်။

"သား ... ညီမလေး စိတ်ဆင်းရဲမှာစိုးလို့ ကျိတ်ပြီး ဖျက် တာမျိုးတော့ တကယ် မလုပ်ပါဘူးနော်၊ ဟုတ်တယ်မလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ... ကစားစရာ နောက်စရာ ကိစ္စမျိုးမှ မဟုတ်တာ အန်တီညို"

ကျော်လင်းဖံနှင့် အန်တီညို တစ်ယောက်ကိုတစ်ယောက် ဝိုင်းကျယ်သော မျက်လုံးများနှင့် မိနစ်ချီအောင် စူးစိုက်ကြည့်နေမိကြသည်။ ထို့နောက် ကျော်လင်းဖံက ထိုင်ရာမှဝုန်းခနဲ ထ,ရပ်လိုက်ပါသည်။

"ဘယ်လဲ သား"

"သော့ပေးပါ အန်တီညို၊ ကျွန်တော် အဲဒီအိမ်ခဏသွားဦးမယ်"

အန်တီညို ယူပေးတဲ့သော့ကို ကိုင်ဆောင်၍ ကျော်လင်းဖံက ကားပေါ်ပြန်တက် မောင်းထွက်လာခဲ့ပါသည်။

တိုးလတ်နှင့် ကျော်လင်းဖံ အကြည့်ချင်းတစ်ခဏ စူးစိုက်ဆုံတွေ့နေသည်။

"ကိုကျော်လင်းဖံ ... ခင်ဗျားကို အန်တီညိုက ခင်ဗျားများ ညာပြောလားလို့ ထင်တော့ ခင်ဗျား ဘယ်လိုခံစားရလဲဗျာ၊ အခု ကျွန်တော်လည်း အဲသလို ခံစားရပါတယ် ထပ်ပြောပါမယ်၊ ကျွန်တော် မဟုတ်ပါဘူး"





ကျော်လင်းဖံက အကြည့်ကို တစ်ဖက်လွှဲပစ်လိုက်ရင်း ...

"ဒါဆို တစ်ခုခုတော့ မှားနေပြီ၊ စျေးဆစ်မယ့်သူတွေပဲ စွဲလိုက်တာလား"

"တကယ်ဆို ယောခင်ဖံ ဒီအိမ်ရောင်းလိုက်ပါတော့မယ်လို့ စိတ်ပြောင်းသွားတာ ကျွန်တော့် သွယ်ဝိုက်စကားကြောင့်လို့တောင် အန်တီညိုက သတ်မှတ်တာပါ၊ ကျွန်တော်က ဒီအိမ်ကို ယောခင်ဖံ ရောင်းပြီး မေ့မေ့ပျောက်ပျောက် သံယောဇဉ်ဖြတ်နိုင်စေချင်တဲ့ဘက်ကပါ၊ အိမ်ရောင်းဖို့ တိုက်တွန်းတဲ့ဘက်ကလို ဖြစ်ခဲ့လို့ ဒက်ဒီတို့ကိုတောင် ကျွန်တော် တားထားတယ် ...

ရောင်းမယ် မရောင်းဘူး ဆုံးဖြတ်ချက် ဇဝေဇဝါထဲမှာ စိတ်ခံစားမှုတွေ သံယောဇဉ်တွေ မတွေ့မထိ မမြင်နိုင်တဲ့ စိတ်ရဲ့တွန်းအားလွှမ်းမိုးမှုတွေ ပါနေတဲ့ အရေးအခင်းထဲမှာ ကျွန်တော်က ရောင်းပါလို့ အားပေးသလို ဖြစ်ခဲ့ပြီမို့လို့ ဒက်ဒီတို့ ဝယ်ဖို့မကြိုးစားပါနဲ့တော့လို့၊ ရောင်းဖို့ တိုက်တွန်းပြီး ကိုယ်က ဝယ်လိုက်တယ်ဆိုတာမျိုး မဖြစ်စေချင်လို့ပါ၊ ကျွန်တော် သဘောရိုးနဲ့ ဖြစ်သင့်တယ်ထင်တာကို အကြံပြုတာလို့ ယောခင်ဖံ ယုံကြည်စေချင်တာကြောင့်ပါ ...



www.burmeseclassic.com

www.burmeseclassic.com



ဝယ်စရာ ခြံမြေတွေ ရှိတာပဲ၊ ဒီခြံကိုတော့ ဒက်ဒီတို့ ဝယ်ဖို့ထပ်မကမ်းလှမ်းပါနဲ့တော့၊ သူ့ဘာသာ ကံစင်တဲ့သူကိုပဲ ရောင်းသွားပါစေလို့ ပြောခဲ့တယ်၊ ဒါကြောင့်ဟိုတလောက ကိုကျော်လင်းခဲ့ ဖုန်းဆက်ပြောတော့ မာမီက တခြားမှာ ကြည့်ထားတာလေးရှိသွားလို့ပါလို့ ငြင်းလိုက်တာပါ၊ ကျွန်တော်တို့ဘက်မှာ တခြားသူနဲ့ အရောင်းအဝယ် ပျက်စေချင်တဲ့ သဘောထားလည်း မရှိပါဘူး၊ ကိုယ်ဝယ်ချင်ရင် လှမ်းပြောလိုက်ရုံပဲမို့ သူများအရောင်းအဝယ် ဖျက်နေစရာ အကြောင်းမရှိပါဘူး ...

တခြားကိစ္စ တစ်စုံတစ်ရာနဲ့လည်း အာရုံရှုပ်ထွေးအောင် ပြဿနာတစ်စုံတစ်ရာဖြစ်အောင် လှို့ဝှက်သည်းခံဆန်ဆန် မဟုတ်ကဟုတ်က လုပ်စရာအကြောင်းရင်းမရှိပါဘူး"

"ဟုတ်ပါတယ်ဗျာ၊ ဒါတွေအခုပဲ တွေးနိုင်ပါတယ် _ ဆောရီးပါ၊ ကျွန်တော် ထူပူသွားသလို ဖြစ်သွားပြီး တခြားသူလည်း စဉ်းစားစရာ မရှိတာနဲ့ အနီးကပ်နေတဲ့ ခင်ဗျားကို စွပ်စွဲသလို ဖြစ်သွားမိရင် ခွင့်လွှတ်ပါ ကိုတိုးလတ် ကျွန်တော့်စိတ်ထဲမှာ အခုရှိနေတာ တစ်ခုတည်းပါ _

တစ်ယောက်ယောက် ကဖျက်ယဖျက် ဝင်လုပ်သွားတာပဲ ဖြစ်စေချင်တဲ့ဆန္ဒပါ၊ ခင်ဗျား ... ခင်ဗျား နားလည်ချင် နားလည်ပါလိမ့်မယ်"





"ကျွန်တော် နားလည်သလိုပါပဲ"

ကျော်လင်းခံက အနည်းငယ် လေးဖင့်နှေးဆိုင်းသော အမူအရာနှင့် ...

"ကိုတိုးလတ်ကို ကျွန်တော် တစ်ခုမေးချင်တယ်"

"မေးပါ ကိုကျော်လင်းခံ"

"ဆန္ဒမရှိရင်လည်း ကိစ္စမရှိပါဘူး၊ ဘယ်လိုမှတော့ သဘောမထားပါနဲ့၊ ကျွန်တော်သိချင်တာ ခုလောလောဆယ်အချိန်မှာ အန်ကယ် အန်တီနဲ့ ကိုတိုးလတ်တို့ စိတ်ရင်းမှန်နဲ့ ဆိုရင် ဒီအိမ်ကို ဝယ်ဖို့ဆန္ဒရှိသေးလား ဆိုတာပါ၊ ဝယ်ချင်တဲ့ဆန္ဒ မရှိရင် ကျွန်တော့်ကို ငြင်းဖို့အားမနာပါနဲ့၊ ပွင့်ပွင့်လင်းလင်း သိချင်လို့ပါ"

တိုးလတ်က တခဏတော့ ငြိမ်သက်သွားပါသည်။

လူငယ်တစ်ယောက် ဆရာဝန်တစ်ယောက်ဖြစ်တဲ့ တိုးလတ်အဖို့ ယုံကြည်စွဲလမ်းမှုရယ်လို့ မရှိပါ။ ရှင်းရှင်းပြောရလျှင် ပရလောက ဝိညာဉ်လောက ဆိုတာမျိုးကို နားလည်းမလည်ကိုယ်တိုင်လည်း နဖူးတွေ့ ဒူးတွေ့ မကြုံကြိုက်ဖူးတဲ့အတွက် ဒါတွေမရှိဘူးလို့ ဇွတ်ကန်မငြင်းလိုသော်လည်း ရှိတယ်လို့လည်း လက်သင့်ခံ ယုံကြည်သူထဲမပါ။

သို့ပေမဲ့ တစ်စုံတစ်ရာ သတင်းမျိုး စနိုးစနောင့်ကြားသိထားရတာမျိုးထက် စာရင်တော့ ဘာမှမရှိ ပကတိရှင်းလင်းသော အိမ်ခြံမြေမျိုးကိုသာ စိတ်လွတ်လပ် ရှင်းလင်းစွာဝယ်



www.burmeseclassic.com

www.burmeseclassic.com



ယူလိုတာတော့ အမှန်ပင်။ အိမ်ဝယ်တယ်ဆိုတာက အဝတ်အစား ဝယ်တာလို မကြိုက်ရင် မဝတ်ဆင်ဘဲ ချောင်ထိုးထားလို့ရတာ မျိုးလည်း မဟုတ်ရာ ရှေ့ကြောင်းနောက်ကြောင်း အေးတာမျိုးသာ အဝယ်မှန်ဖို့တော့ လိုအပ်ပေသည်။

သူကိုယ်တိုင် မျက်ဝါးထင်ထင် ဘာမှမမြင်မကြား ပေမယ့် ခုနကပဲ ကိုကျော်လင်းဇံ ပြောတဲ့သတင်းက စိတ်အနှောင့် အယှက်ဖြစ်မယ်ဆို ဖြစ်ဖို့ကောင်းသည်ပင်။ အိမ်ကို ဈေးဆစ်မို့ လာတဲ့ လင်မယားကို အိမ်ရှင်ယောကျ်ားပါဆိုတဲ့ သူတစ်ယောက် က မရောင်းတော့ပါဘူးလို့ ငြင်းလွှတ်လိုက်တယ်ဆိုတဲ့ အဖြစ် အပျက်က ယုံတမ်းစကားလည်းမဟုတ်။

တစ်ခုတည်းသော ဖြစ်နိုင်ခြေအဖြစ် ဝယ်မည့်လင် မယားက မဝယ်ယူလိုတော့တာနှင့်ပဲ အားနာသမှုနှင့် တစ်ခု တစ်ရာ လိုးလွှဲပြောတယ်လို့ တွေးကြည့်လျှင်တော့လည်း ရတာ ပါပင်။ ငြင်းတယ်ဆိုတဲ့ အိမ်ရှင်ယောကျ်ားကို တွေ့မြင်ကြုံဆုံခဲ့ တယ်ဆိုတာ သူတို့လင်မယားနှစ်ယောက်တည်း မဟုတ်လား။

မနေ့က မွန်းလွဲပိုင်းမှာ တိုးလတ် အိမ်မှာမရှိခဲ့။ ဒက်ဒီနှင့် မာမီတို့အဖို့ ထိုအချိန်က နေ့လယ်စာစားအပြီး တရေး တမော အိပ်စက်အနားယူနေမည့်အချိန်ဖြစ်သည်။ လူမရှိတဲ့ဒီဘက် အိမ်ကိုလည်း တကူးတကလှမ်း၍ အာရုံစိုက်မိကြမှာမဟုတ်။ ဈေးဆစ်မယ့် လင်မယား လာသွားပါသည်ဆိုတာဟာ သူတို့ စကားတစ်ခုအဖြစ်သာရှိသည်။





"ကိုတိုးလတ် ဖြေရခက်နေရင်လည်း နေပါစေ"

"မခက်ပါဘူး၊ ကျွန်တော် တစ်ယောက်တည်းအတွက် တော့ ဒီခြံမြေကိုဝယ်ဖို့ မတွန့်ဆုတ်ပါဘူး၊ တကယ်တမ်း ကျတော့ လူမသေဘူးတဲ့အိမ် ဆိုတာလည်း ရှားပါတယ်၊ ရှေးယခင်နှစ်ရှည်လများ ဆောက်ထားပြီးသားအိမ်တွေတိုင်း မိသားစုထဲက ကွယ်လွန်ဆုံးပါးတာ ရှိတာပဲလေ၊ ကျွန် တော့်အတွက် ဘယ်လိုမှမနေဘူး၊ ဒါပေမဲ့ ဒီအိမ်ကိုဝယ် ချင်တာက ကျွန်တော် မဟုတ်ဘူးလေ၊ ဒက်ဒီနဲ့ မာမီ ဝယ်ချင်တာဆိုတော့ ကျွန်တော် ပြန်မေးကြည့်လိုက်ပါ့ မယ် ကိုကျော်လင်းဇံ၊ မေးမယ်လို့ ပြောမယ့်သာပြောတာ ပါ၊ အသုဘကိစ္စ တစ်လ နှစ်လနောက်ပိုင်းမှာ ဒက်ဒီတို့ က ကိုကျော်လင်းဇံကို ပြောပြီးသားပဲ မဟုတ်လား၊ ရောင်းမယ်ဆိုရင် အရင်ဆုံးပြောပါလို့၊ ကျွန်တော်တား ထားလို့သာ သူတို့ အခု ငြိမ်နေတာပါ၊ ဝယ်ချင်လိမ့်မယ် ထင်ပါတယ်"

"အန်ကယ်တို့ ယူမယ်ဆိုရင်တော့ ခေါ်ဈေးကိုပြင်မယ်ဗျာ၊ ပေါက်ဈေးထက်လျှော့ပြီး ကျွန်တော် ရောင်းပါ့မယ်၊ ကဲ... ကျွန်တော့်ကို ခွင့်ပြုဦး၊ ကျွန်တော် ဟိုဘက်အိမ်ထဲ ခဏ တော့ ဝင်လိုက်ဦးမယ်"

"လိုက်ခဲ့မယ်လေ ကိုကျော်လင်းဇံ"

"ဟုတ်ကဲ့ ... လိုက်ခဲ့လိုက်လေ"



www.burmeseclassic.com

www.burmeseclassic.com



ကျော်လင်းဖဲနဲ့ တိုးလတ် တစ်ဖက်ခြံကိုကူးကာ အိမ်တံခါးသော့ ဖွင့်ဝင်လိုက်ပါသည်။ နှစ်ပတ်လောက် ပိတ်လှောင်ထားရုံနှင့် မိုးတွင်းမို့ အောက်သက်သက်အနံ့တစ်မျိုး ရနေသည်။ ကျော်လင်းဖဲ ရှိမှုတံခါးမတွေ ပြတင်းပေါက်တွေ လေဝင်လေထွက်ဖြစ်အောင် လျှောက်ဖွင့်လိုက်ပါသည်။

ယောခင်ဖဲတို့ အိပ်ခန်းတံခါးကို ဖွင့်လိုက်လျှင် တိုးဝင်လိုက်တဲ့လေတို့နှင့်အတူ ဘေးဝရန်တာထွက်သော တံခါးနားချထားတဲ့ Rocking Chair က တလှုပ်လှုပ် ရှေ့နောက်ယိမ်းလျက်သား တွေ့ရတာမို့ ကျော်လင်းဖဲ တစ်မျိုးကြီး ခြေလှမ်းတုံ့သွားရလေသည်။ ချက်ချင်းပဲ နှုတ်မှထွက်မိထွက်ရာ ပြောမိသည်။

"လေတော်တော်တိုက်တယ်"

စိတ်နောက်ကျိကျိနှင့်ပင် ဝရန်တာဘက်ထွက်ကာ နှင်းဆီအိုးလေးကို ကြည့်ဖြစ်အောင်ကြည့်သည်။ ယောခင်ဖဲ ဖွတ်ပင်ထားခဲ့ဖို့ သူ တားမြစ်ခဲ့တဲ့ နှင်းဆီအိုးလေးက ဖွတ်ဖွတ်စိုစို စိမ့်စိမ့်ကလေးပင်တည်း။



# ၁၉

ရှေ့ကကား ...။ ဟင် ...။ ရှေ့ကကားက ကိုကြီးကားပဲ။ ယောခင်ဖဲသည် မောင်းနေတဲ့ကားကို လီဗာနင်းကာ အရှိန်မြှင့်တင်လိုက်ပါသည်။ ရှေ့ကနက်ပြာမှောင် Surf ကားကတော့ နဂိုကပင် အရှိန်ပြင်းပြင်း။ ယောခင်ဖဲက ဖွတ်အတင်းပင်မီအောင်လိုက်ကာ ကားနံပါတ်ကို မြင်ရအောင်ကြည့်သည်။

ဂုဃ/...... ။

ကိုကြီး ...။ သေချာတယ် ကိုကြီးရဲ့ကား။ လီဗာကိုနင်းထားတဲ့ ယောခင်ဖဲရဲ့ ခြေချောင်းလေးများ ညောင်းကိုက်ကာကြွက်တက်ချင်သလို ဖြစ်လာသလို ရင်ထဲကလည်း ဒုန်းဒုန်းနှင့်မြည်အောင်ပင် နှလုံးက ပေါက်ထွက်မလို ခုန်နေသည်။

"တီ ... တီ ... တီ"

ယောခင်ဖဲက ဟွန်းကို ဆက်တိုက် ဆက်တိုက်နှိပ်သည်။ နေရာက အဝေးပြေးလမ်းမကြီး။ ရှေ့ကို ဖြူးဖြောင့်



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ လမ်းကြောကြီးဟာ ရှေ့နားမှာ မြင့်တက်ပြုဖွေးနေတာ မတ်မဟ်တည့်တည့်ကြီး ကြည့်လို့လှလှပါဘိတော့။ မြင်ကွင်းရှေ့မှာ ကိုကြီးရဲ့ကားအပြင် နောက်ထပ် ကား ၆ စီး ၇ စီးရှိနေသေးသည်။ ရှေ့ရှုရာတူတဲ့ကား တစ်ဖက်ကြောကလာတဲ့ကား။ ကိုကြီးရဲ့ကားက သူ့ရှေ့ကကားတွေကို တစ်စီးပြီးတစ်စီး ကျော်တက်နေသည်။

တစ်ခါတစ်ရံ ဟိုဘက်ယာဉ်ကြောက ကားနှင့် မျက်နှာချင်းဆိုင်လုမတတ် ပန်းကာ ကွေ့ကျော်တက်လိုက်ပြီး ကိုယ့်လိုင်းကြောဘက် ပြန်ဆွဲဝင်သွားပြန်တာ။ ယောခင်ဖ်ရဲ့ကားကပါ ကိုကြီးရဲ့ Speed အတိုင်း မျက်ခြည်မပြတ် တရစပ်လိုက်နေပါသည်။ ရှေ့ကားကျော်လျှင်ကျော်ချင်း မြန်လျှင်မြန်ချင်း နှေးလျှင်နှေးချင်း ထက်ကြပ်မကွာ ကပ်ပါနေသည်။

ယောခင်ဖ်ရဲ့ရည်ရွယ်ချက်က ရှေ့က ကိုကြီးရဲ့ကားကို ကျော်တက်မည်။ ဘယ်သူမောင်းလာတာလဲ ကိုကြီး မောင်းလာတာလားကြည့်မည်။ အဲဒီရည်ရွယ်ချက်နှင့် တရစပ်လိုက်တာ။ ရှေ့ကားက အင်ဂျင်ပါဝါကြီးကြီး ယောရဲ့ကားလေးက ပါဝါသေးသေးမို့ ဝေးကွာသွားတော့မလို မကြာခဏ ဖြစ်သည်။ လီဗာကို အစွမ်းကုန်ဖိနင်း၍ အရှိန်အများကြီးနှင့် လိုက်နေရတဲ့အတွက် ယောရဲ့ရင်တွေ ကတုန်ကယင်။ ယော လက်ဖျားတွေလည်း တောင့်တင်းအေးစက်ကာ ကုတ်ကပ်ချင်လာသလို ကားအရှိန်ကြောင့် လူတစ်ကိုယ်လုံးပါ လေထဲမြောက်လွင့်မလိုရှိသည်။





ဘယ်လိုပဲဖြစ်ဖြစ် ရှေ့ကားကိုမီကာ ကျော်တက်နိုင်ဖို့က အဓိကမို့ ယောက လီဗာကို တဆုံးနင်း၍နှင်သည်။ တဖြည်းဖြည်းနှင့် ယောရဲ့ကားက ရှေ့ကားကို မီလာပါသည်။

"တီ ... တီ ... တီ တီ တီ"

ယောက ဟွန်းကို အတိုအရှည် အဆက်မပြတ်တီးလေလျှင် ရှေ့က Surf က လမ်းဘေးဘက် နည်းနည်းဆွဲကာပေးသည်။ ယောက သူ့ကားကို ကျော်တက်ရင်း ဘေးချင်းယှဉ်မိနိုက်မှာ Surf ဘက်ကို လှည့်ကြည့်လိုက်ပါသည်။

"ဟင်"

ယော ရင်တွေ ဒိန်းဒိန်း ဒိန်းဒိန်း တုန်သွားရသည်။ ကားရဲ့စတီယာရင်နောက်မှာ မောင်းသူလည်း မပါပါလား။ ကားဟာ လူမပါဘဲ သူ့ချည်း ဒလကြမ်းမောင်းနေတာပါလား။ ယောသည် ကြောက်လည်းကြောက်လန့် တုန်လည်းတုန်လှုပ်ကာ အလိုလို အရှိန်ကနှေးပြီး လျော့သွားပါသည်။ Surf ကတော့ အရှိန်နှင့်ရှေ့ကကားတွေကြားထဲ မြွေလိမ်မြွေကောက် ဆက်သွားနေရင်းက တစ်ကြိမ်မှာတော့ သူ့ရှေ့က ကားကြီးကြီးတစ်စီးကို ကျော်အတက် တစ်ဖက်ကြောထဲက ကရိန်းကားလို ကားအကြီးကြီးတစ်စင်းရှိရာသို့ ခေါင်းတည့် အရှိန်လွှတ်ကာ မြားတစ်စင်းလို တိုးဝင်သွားခဲ့လေသည်။

ဆောင့်တိုက်လိုက်မိတဲ့ အသံကြီးက ယောရဲ့နားတွေ ကန်းသွားမတတ် အကျယ်ကြီး ကျယ်လောင်ပြင်းထန်သည်။



www.burmeseclassic.com

www.burmeseclassic.com



Surf ကားဟာ ဟောလီးဝုဒ် ရုပ်ရှင်တွေထဲကလို ခေါင်းထောင် မြောက်တက်သွားပြီး တစ်စစီပြုတ်ထွက်ကာ ဝုန်းခနဲ ပေါက်ကွဲ တဲ့ မီးတောက်ကြီးတစ်ခုက ရှေ့မြင်ကွင်းတစ်ခုလုံးကို ပိတ်ဖုံး သွားလေသည်။

"အား ... အား"

* * *

"ယော ... ယောလေး ... ယော"

"အား ... အား ... ကိုကြီး ... ကိုကြီးရဲ့ကား ..."

"ယော ... သတိထားလေ ညီမလေး"

ယောခင်ဇံရဲ့ခန္ဓာကိုယ်က ဆတ်ဆတ်တုန်ကာ သည်။ ပြူးကျယ်ဝိုင်းစက်သော မျက်စိသူငယ်နှင့် သူ့အနားဝိုင်း အုံနေတဲ့ ကျော်လင်းဇံ၊ မတူးမာ၊ အန်တီညိုတို့ကို တစ်ယော ချင်း သေသေချာချာ စိုက်ကြည့်ပြီးမှ ...

"ကိုကြီး ... ကိုကြီးရဲ့ကား"

"ညီမလေး ဘာမှမဖြစ်ဘူး၊ ညီမလေး အိပ်မက်,မက် တာ၊ အိပ်မက်က မကောင်းလို့ ညီမလေး လန့်သွားတာ ရော့ ... ရေသောက်လိုက်"

ယောက ကျော်လင်းဇံပေးသော ရေဖန်ခွက် လက်နှစ်ဖက်နှင့် စုံကိုင်ကာ တဂွပ်ဂွပ်မြည်အောင်ကျိုက်၍





သောက်ချလိုက်သည်။ ယောရဲ့ဆံပင်တွေရော တစ်ကိုယ်လုံးရော ချွေးပြိုက်ပြိုက်နှင့် စိုရွှဲနေသည်။ ညိုနေတဲ့ မျက်ခုံးများအောက်က မျက်လုံးအိမ်ပတ်လည်ဟာ ပြင်းထန်သော စိတ်သောကခံစားမှု ကြောင့် အရစ်အကြောင်းထင်ကာ ချိုင့်၍ မျက်နက်ဆန်လေးများက ခုထိ ဂနာမငြိမ်ဘဲ ချာချာလည်ရွေ့လျားဆဲ။

"အိပ်မက် မက်တာ"

"ဟုတ်တယ်၊ ညီမလေး အိပ်မက် မက်နေတာ"

"တူးမာ ... ယောကို အင်္ကျီလဲပေးရအောင်၊ ချွေးတွေနစ် နေတာပဲ"

"ဟုတ်ကဲ့"

ယောကို အန်တီညိုနှင့် မတူးမာ အဝတ်အစားလဲ ချေးသုတ် လုပ်ပေးနေစဉ်မှာ ကျော်လင်းဇံက အခန်းပြင်ဘက် ထွက်၍ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း ရင်တွေမောနေ ေပါသည်။ ချစ်လှစွာသော ညီမလေးရဲ့ အိပ်မက်ဆိုးများ ဘယ် တော့မှ အဆုံးသတ်ပါလိမ့်မလဲ။ အမြန်ဆုံး အဆုံးသတ်နိုင်ပါစေ။

"အစ်ကိုကျော် ... ယောလေး ခေါ်နေတယ်"

"အင်း ... လာပြီ"

ကျော်လင်းဇံ ပြန်ဝင်လာလျှင် ယောသည် ဆံပင် ဖြီးပြီး စည်းနှောင်ပြီး အဝတ်သစ်လဲပြီး၍ ခုနက တုန်လှုပ်မှုလည်း အတော်အတန် တည်တည်ငြိမ်ငြိမ် ဖြစ်နေပါပြီ။

"ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



“ညီမလေး ပြော ... ဘာပြောချင်လို့လဲ”

“ကိုကြီးရဲ့ကား အခု ဘယ်မှာလဲဟင်”

“မရှိတော့ဘူးလေ ညီမလေး”

“ယောတို့လက်ထဲ မရှိတော့ပေမယ့် တစ်နေရာရာမှာတော့ ရှိနေတယ် မဟုတ်လား၊ ဘယ်သူ့ဆီမှာလဲ၊ ယောစိတ်ထဲမှာ ထင်နေတယ်၊ အဲဒီကားကို အခုပိုင်နေတဲ့သူဆီမှာ အန္တရာယ်ရှိလိမ့်မယ် ထင်တယ်”

“မဖြစ်နိုင်တာ ညီမလေးရယ်၊ ဒါတွေ စိတ်ထဲမထွေးပါနဲ့”

“ဟုတ်တယ်၊ ကိုကြီးက အဲဒီကားပေါ်ထားတဲ့ သံယောဇဉ်လည်း ကျွတ်မှာမဟုတ်ဘူး၊ အဲဒီကားပိုင်ရှင် အန္တရာယ်ရှိနိုင်တယ်၊ သတိပေးရအောင်ပါ ကိုကို”

“မဖြစ်နိုင်ပါဘူး ညီမလေးရယ်၊ ကားကို ဝပ်ရှော့မှာအစအဆုံး သေချာပြင်ထားတာပဲလေ၊ ကားကောင်းနေရင် အန္တရာယ်မရှိပါဘူး၊ မောင်းတဲ့သူအပေါ်ပဲ မူတည်တယ်၊ မောင်းတဲ့သူ ညင်ညင်သာသာ စည်းကမ်းရှိရှိမောင်းရင် ဘာမှမဖြစ်ဘူး၊ မောင်တဲ့သူ ရမ်းကားရင် အရှိန်ပြင်းရင်တော့ ဒီကားမှ မဟုတ်ဘူး၊ ဘယ်ကားမဆို အချိန်မရွေး အန္တရာယ်ရှိနိုင်တာပဲပေါ့”

“ဘာပဲဖြစ်ဖြစ် ဒီကားကို ဘယ်သူ ဝယ်သွားလဲ ယော သိချင်တယ်”





“ဘာလုပ်မှာလဲ ညီမလေးရယ်၊ ပိုင်ရှင်အသစ်က သူ့ကား သူ့ဟာသူ ထိန်းသိမ်းမှာပေါ့၊ သိရလည်း ဘာထူးမှာမို့လဲ”

“ယော သိချင်တယ် ကိုကို၊ စုံစမ်းပေးပါ”

“.........”

“ဒီကားကိုအပ်တဲ့ ဝပ်ရှော့ပ်က ကိုတိုးလတ်အသိဝပ်ရှော့ပ် မဟုတ်လား”

“အင်း ... ဟုတ်တယ်လေ၊ ကားကို ရန်ကုန်ပြန်သယ်လာတယ်၊ ကိုတိုးလတ်နဲ့ ကိုညိုထွန်းပဲ အားလုံးတာဝန်ယူ ကူညီလုပ်ကိုင်ခဲ့ကြတာ”

“ဝယ်တော့လည်း အဲဒီဝပ်ရှော့ပ်ကတစ်ဆင့်ပဲ ရောင်းမယ်သတင်းလွှင့်ပြီး ရောင်းခဲ့တာ မဟုတ်လား။ ကားရောင်းချိန်ကျတော့ ကိုကိုလည်း ဒီမှာရှိတာပဲ၊ ကိုကိုသိမှာပေါ့”

“ဝပ်ရှော့ပ်မှာ ကားပြင်နေကျ လူသိထဲက ဝယ်သွားတာပဲ၊ အဲဒီက ဝပ်ရှော့ပ်ဆရာနဲ့ ကိုတိုးလတ်ပဲ တာဝန်ယူအရောင်းအဝယ်လုပ် စာချုပ် ချုပ်တယ်၊ လိုတဲ့စာရွက်စာတမ်း အုံနာဘွတ်ခ်ကအစ ကိုတိုးလတ်ကိုပဲ ကိုကိုပေးထားနှင့်ပြီးသားဆိုတော့ ကိုကိုက ကိုတိုးလတ် ဖုန်းဆက်ခေါ်တော့ သွားတောင် မသွားခဲ့တော့ဘူး၊ သူပဲ လက်မှတ်ထိုးစာချုပ်ချုပ်ပြီး စာချုပ်နဲ့ပိုက်ဆံနဲ့ ကိုတိုးလတ် လာပေးတာပဲလေ၊ အစစအရာရာ သူပဲတာဝန်ယူ ကူညီလုပ်ကိုင်ပေးခဲ့တာ”



www.burmeseclassic.com

www.burmeseclassic.com



"စာချုပ်ရော"

"ဘာလုပ်မလို့လဲ ညီမလေးရယ်၊ ကိုကို ဘယ်ထားမိမှန်းတောင် ဇဝေဇဝါပဲ၊ တကယ်ပြောတာ၊ ရောင်းလိုက်ပြီဆိုတော့ အရောင်းစာချုပ်က ဝယ်တဲ့သူအဖို့သာ အရေးကြီးတာ၊ ကိုယ့်အတွက် ငွေလည်းချေပြီးသား အရေးမကြီးတော့ တစ်နေရာတော့ သိမ်းလိုက်တာပဲ၊ ဒီအိမ်လား ဟိုအိမ်လား၊ ကိုကို ခရီးဆောင်သေတ္တာထဲပဲ ထည့်ထားမိလား ရှာရင်တော့ ထွက်လာမှာပါ၊ ညီမလေး ဘာလုပ်မလို့လဲ"

"ဝယ်တဲ့သူ လိပ်စာသိချင်လို့ပါ၊ အန္တရယ်ကင်းရဲ့လား ယော စိုးရိမ်နေလို့ပါ"

"အလုပ်ပိုပါ ညီမလေးရာ မေ့လိုက်စမ်းပါ၊ ထားလိုက်ပါ ပိုင်ရှင်က သူများဖြစ်နေပြီ၊ ကိုယ်နဲ့လည်း ဘာမှဆိုင်တော့တာ မဟုတ်ဘူး၊ ကိုယ်က ဒီလိုသွားမေးမြန်းရင်တောင် ကြိုက်ချင်မှ ကြိုက်မှာလေ၊ စိတ်တောင် ဆိုးရင်ဆိုးဦးမယ်"

ယောက အိပ်ရာပေါ် ခေါင်းအုံးနံဘေးရှိနေတဲ့ သူရဲ့ဟဲန်းဒ်ဖုန်းလေးကို ဖျတ်ခနဲ လှည့်၍ကောက်ယူကာ ဖုန်းထဲက Contact list ကို ဖွင့်ကြည့်လိုက်ပါသည်။ တွေ့ပြီ။ Ko Toe Lat လို့ မှတ်ထားတာ။

"ယော ... ဘာလုပ်မလို့လဲ"

ယောခင်ဇံက နံပါတ်ကိုနှိပ်ကာ ခေါ်နေပြီ။ ... လင်းဇံက "ကျွတ်"ခနဲ စုတ်သတ်ရင်း စိတ်ပျက်လက်ပျက်နှင့်





"ညီမလေး ... အခုအချိန်က မနက် ၄ နာရီတောင်မထိုးသေးတာနော်"

"ဟယ်လို ... ကိုတိုးလတ်လား"

## ၄၄

"အဲဒီ နောက်ဆုံးတွေ့တဲ့ ညကတော့ ကျွန်မ ကြောက်မိတယ်"

တိုးလတ်က ကားမောင်းရင်း နောက်ကြည့်မှန်မှ နောက်ခန်းထဲ လှမ်းကြည့်သည်။ နောက်ခန်းမှာ ငြိမ်ငြိမ်ကလေး လက်ပိုက်လျက် ပါလာသည့် ယောခင်ဇံက မျက်နှာလေးကို ပြတင်းဘက်လှည့်ကာ အပြင်ဘက်ကို တရိပ်ရိပ်ငေးမောလာရင်း ခပ်တိုးတိုး ပြောပြနေတာဖြစ်သည်။

တိုးလတ်က စကားမထောက်ပါ။ သူပြောချင်ရာ ပြောပါစေ။ ဆက်မပြောဘဲ ရပ်လိုကလည်း ရပ်ပါစေ။

"အဲဒီညက ဘဲလ်တီးသံကြားတယ်လေ၊ သန်းခေါင်ကျော် တစ်ချက်ထိုးလောက် ရှိနေပြီ၊ ကျွန်မ အခန်းထဲမှာ မတူးမာ အိပ်ပေမယ့် သူ မကြားဘူး၊ ကျွန်မပဲ ကြားတာ၊ ဒါပေမဲ့ တခြားကြားတဲ့သူတော့ ရှိသေးတယ်"

"ဘယ်သူလဲ"

ဒီတစ်ခါတော့ လွတ်ခနဲ မေးမိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေဝါလေ ... ရွှေဝါက ကျွန်မခြေရင်းက ကြိမ်ခြင်းထဲမှာ အိပ်နေတာ၊ ကျွန်မဘဲလ်သံကြောင့် နိုးလာပြီး ဟုတ်လား မဟုတ်လား ဇဝေဇဝါနဲ့ ဆက်နားစွင့်နေတုန်း နောက်တစ်ကြိမ် အမြည်မှာ ရွှေဝါ ဆတ်ခနဲ ခေါင်းထောင်လာပြီး အခန်းပြင်ဘက်ဆီ နားစွင့်တာ နားရွက်ကလေးထိုးထောင်လို့ပဲ ...

ဘဲလ်သံ ဆက်မြည်နေတာသေချာမှ ကျွန်မ အခန်းထဲက ဖြည်းဖြည်းလေး ထွက်လာတာ၊ ရွှေဝါလည်းပါလာတယ်"

တိုးလတ်သည် နှလုံးထိတ်စရာ ပုံပြင်တစ်ပုဒ်နားထောင်နေရသည့်နှယ် အသက်တောင် စည်းချက်ကျကျ မရှူသလို နောက်ခန်းကို အာရုံစိုက် နားစွင့်နေမိသည်။

"အဲဒီညက မိုးတွေအရမ်းသည်းနေတာလေ၊ လေတွေလည်း တိုက်တယ်၊ ကျွန်မ ပထမတော့ အိမ်ရှေ့တံခါးကြီးကို မဖွင့်ဘူးလို့ပါပဲ၊ ဒါပေမဲ့ လေရောမိုးရော ဒီလောက်ပြင်းထန်နေတဲ့အထဲ ကိုကြီးသာ အသက်ရှင်နေတဲ့အချိန်မှာ အပြင်ကဘဲလ် အဆက်မပြတ်တီးနေတာ ကျွန်မ ဖွင့်ပေးဘဲ နေနိုင်ပါ့မလား ...

ကျွန်မ လျှစ်လျူမရှုရက်လို့ တံခါးမကြီးကို ဖွင့်လိုက်တာ၊ လေရော မိုးမှုန်တွေရော ဝုန်းဝုန်းဒိုင်းဒိုင်းနဲ့ အထဲဝင်လာတော့တာပဲ၊ ရွှေဝါလေးလေ ကြောက်ပြီး အော်လိုက်တာ"





"အပြင်မှာ ဘာရှိလဲ"

တိုးလတ်က ယောင်ပြီး တစ်ခွန်းထောက်မိပြန်သည်။

"ကိုကြီးလေ"

"........."

"မြင်နေကျ ဝတ်စုံပဲ၊ ရှင်မြင်ဖူးတဲ့ ဝတ်စုံပဲလေ၊ ဒီဘက်ကိုမလှည့်ပါဘူး၊ သံတံခါးအပြင်ဘက် ပေါ်တီကိုအောက်မှာ ကျွန်မဘက်ကို ကျောခိုင်းရပ်နေတာ၊ တစ်ကိုယ်လုံး ရွှဲနစ်လို့၊ ကိုကြီးကိုယ်က ရေစက်ရေပေါက်တွေ သမံတလင်းပေါ် တစက်စက်ကျနေတဲ့ထဲမှာ သွေးရည်တွေပါ ရောပါနေတာလေ"

ယောခင်ဖံက တိုးလတ် မျက်လုံးများကို နောက်ကြည့်မှန်မှတစ်ဆင့် တစ်ချက်လှမ်းကြည့်လိုက်ပါသည်။

"ကိုကြီးကို အဲသလို ပြန်မြင်ရတိုင်း ကျွန်မ ဝမ်းနည်းတယ်၊ ဝမ်းလည်းသာမိတယ်၊ ဝမ်းသာတယ် ဆိုတာက အလွမ်းပြေသလို ခံစားရလို့လေ၊ ဝမ်းနည်းမိတာကတော့ ကိုကြီး ဒီလိုတရစ်ဝဲဝဲ မကျွတ်မပြတ် ဖြစ်နေရှာတဲ့ဘဝမှာ သက်သောင့်သက်သာ ရှိပါ့မလား၊ ဆင်းရဲပင်ပန်းနေမလား တွေးမိလို့ပါ၊ အဲဒီညကတော့ ကျွန်မကျောထဲက စိမ့်ပြီး နည်းနည်းကြောက်မိတယ်၊ ကျောခိုင်းရက်မို့ မျက်နှာကို မမြင်ရဘဲနဲ့ ဟိုဘက်မှာ ကိုကြီး မျက်နှာ ခက်ထန်နေတယ်လို့ ကျွန်မ အလိုလို သိနေတယ်၊ တံခါးပြန်ပိတ်ချင်ပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် လေက တအားတွန်းပြီး တိုက်နေတော့ တံခါးရွက်ကြီးက အတွင်းနံရံကို တဒိုင်းဒိုင်းရိုက်ပြီး ပြန်တွန်းပိတ်ဖို့ခက်နေတာ၊ အဲဒီ လေသံ မိုးသံ တံခါးသံတွေကြောင့် အန်တီညို နိုးပြီးပြေးထွက်လာတယ်”

“.........”

“ရှင် သိလား၊ ကျွန်မက ယေယေကတည်းက အိပ်မက်ယောင်တဲ့ရောဂါ ရှိတယ်ဆိုတာ”

“ကိုကျော်လင်းဖဲ ပြောပြဖူးပါတယ်”

“တကယ်တော့ ကိုကြီးကို တွေ့တယ် ဆိုတာတိုင်းဟာ ကျွန်မထင်သလို တကယ့်အဖြစ်အပျက်လား အန်တီညိုတို့ထင်သလို အိပ်မက်,မက်ရင်း ယောင်ယမ်းနေတာလား ကျွန်မလည်း မသိတော့ပါဘူးလေ၊ အန်တီညိုက သမီးလေး သမီးလေးနဲ့ လှုပ်ရင်း လှုပ်ရင်း အားလုံးကို အော်နိုးလိုက်တဲ့အချိန်မှာ ကိုကြီး မရှိတော့ဘူး၊ အဲဒီတုန်းမှာပဲ အိမ်ထဲအထိ လေနဲ့ပါလာပြီး ကြမ်းပြင်ပေါ် စဉ်ထား ပက်ထားတဲ့ မိုးရေတွေထဲမှာ အန်တီညို ဘိုင်းခနဲချော်လဲသွားတာ_

တကယ်တော့ အသားလွတ်နေရင်း တစ်ယောက်ယောက်က ဆောင့်တွန်းလိုက်သလိုပါပဲ”

“ကျွန်တော် တစ်ခု အကြံပေးချင်တာက အရမ်းကြီးလည်း အစွဲအလမ်း မကြီးပါနဲ့ ယောခင်ဖဲ၊ ဒါတွေ တကယ်ဖြစ်တာလား၊ အိပ်မက်,မက်တာလား ဆိုတာထက် အဓိက





အရေးကြီးတာက ခင်ဗျားစိတ်မှာ နာကျင်တာ ပင်ပန်းတာ ဖိစီးတာတွေနဲ့ ကိုယ့်ကိုယ်ကိုယ် ဒုက္ခပေးသလို မဖြစ်မိစေဖို့ပဲ”

“မနေ့ညကမက်တဲ့ အိပ်မက်ကိုကျတော့ အိပ်မက်ဆိုတာ ကျွန်မ တိတိကျကျ သိနေပြန်ရော၊ ကားကိုမောင်းနေတာက ဒေါသတကြီးမောင်းနေသလိုပဲ၊ ကားက ယမ်းပုံမီးကျ ဆိုသလို ပုံစံနဲ့သွားနေတာ၊ ကျွန်မ ဘာကိုမှန်းမသိ တကယ်စိတ်ပူမိလို့ပါ”

တိုးလတ်က သူ့မိတ်ဆွေ ကိုမြင့်ရဲ့ ဝပ်ရှော့ပ်ဝင်းထဲကို ကားချိုးကွေ့ဝင်လိုက်ပါသည်။ ယောခင်ဖဲ စိတ်တိုင်းကျ စိတ်ကျေနပ်အောင် ကိုမြင့်ထံမှ အဲဒီ Surf ကို ဝယ်သွားသူရဲ့ ဒ်နံပါတ်မေးပေးမလို့ပင်။ ကားဝယ်ယူသွားသူဟာ ကိုမြင့်နဲ့ အတော်ကြီး ရင်းနှီးသူဖြစ်၍ ဈေးချိုချိုချောင်ချောင်နှင့်ရသော ဒီကားကို လက်ဦးအောင် ဝယ်သွားသူပင်။

“ကျွန်မတို့အိမ်ကို အန်ကယ်တို့ စရန်ပေးလိုက်ပြီနော် ကိုတိုးလတ်၊ တကယ်တော့ အမှန်တိုင်း ပြောရရင် ယောက ရှင်တို့ကို မဝယ်စေချင်ခဲ့ဘူး”

“ခေါင်းထဲမထားပါနဲ့ ယောခင်ဖဲ၊ ကျွန်တော်တို့လည်း စိတ်ရှင်းရှင်းပါပဲ”

နှစ်ယောက်လုံး ကားပေါ်က ဆင်းလိုက်ကြပါသည်။ င်းအကျယ်ကြီးထဲမှာ ကားတွေအတော်များများ သူ့လူနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်နေကြတဲ့ကြားမှ ကိုမြင့်က တိုးလတ်ကို မြင်ကာလျှောက် လာသည်။ ကိုမြင့်,ရဲ့နောက် ဟိုးခပ်လှမ်းလှမ်းမှာ လိန်ပိန်ခိုး ကောက်နေသည် Surf နက်ပြာတစ်စင်းကို နှစ်ဦးသား ပြိုင်တူ လှမ်းမြင်လိုက်ကာ ...

"ကိုတိုးလတ်"

ယောက အထိတ်တလန့် လွတ်ခနဲ အော်လိုက် သည်။ ကိုမြင့်က လျှောက်လာနေရင်းက ...

"တိုးလတ်ရေ ... မပြောချင်တော့ဘူးဟာ၊ ဟိုမှာလေ မင်းယူလာတဲ့ဓာတ်လမ်း ... Surf ၊ အခု ဒုတိယတစ်ကြိမ် ကွာ၊ ကိုသန့်စင်တော့ ဆေးရုံမှာ"

ယောက အလန့်တကြား မြည်တမ်းယိုင်ပြိုသွား၍ တိုးလတ် ကမန်းကတန်း ယော ပခုံးကို ဖက်ကိုင်ဖေးမလိုက်ရ သည်။

# ၂၀

ဤဘဒ္ဒကမ္ဘာ စကြဝဠာကြီးမှာ ကိုယ်နားမလည်တဲ့ လိုက်မမိတဲ့ ဉာဏ်နဲ့တွေးယှဉ် ဆုံးဖြတ်ရခက်ခဲတဲ့ ထူးခြားဆန်း ကြယ်တဲ့ ထိတွေ့ကိုင်တွယ် ဖြေရှင်းမလွယ်သော ကိစ္စရပ်တွေ အမှန်တကယ်ပဲ ရှိနေခဲ့ရောသလား။ တိုးလတ်က အိပ်ရာပေါ်မှ ထိုင်ရင်း လှဲလည်းမအိပ်ချင် ကစ်ခုခုလည်း ထမလုပ်နိုင်ဘဲ ငြိမ် သက်၍ အတွေးတွေသာ ရစ်ပတ်အုံ့ဖွဲ့နေမိသည်။ အပြင်မှာ မိုး တွေ သည်းသည်းအုန်းအုန်းထကာ လေတွေလည်း တဝေါဝေါ ငြင်းထန်နေလိုက်တာ တကယ်ဆို စောင်ခြုံပြီး နွေးနွေးထွေးထွေး နှေးအိပ်လို့ ဇိမ်ရှိလိုက်မယ့် အခြေအနေပေမယ့် သူ့မျက်စိတို့ ကျယ်နေဆဲ။

ဇွတ်ဆိုဇွတ် ... အဲဒီကားကို သူမမျက်စိနှင့် မြင်ရ သို၍ သူမရဲ့အုပ်ထိန်းသူများရဲ့ စိတ်ပျက်လက်ပျက် ခွင့်ပြုမှုကို




www.burmeseclassic.com

www.burmeseclassic.com



လက်ခံရယူကာ ဝပ်ရှော့ပ်ကို ခေါ်သွားခဲ့တာ။ ဝပ်ရှော့ပ်ကအပြန် ယောခင်ဖ် ဘာစကားတစ်ခွန်းမှ မပြောတော့ဘဲ ကားနောက်ခန်း ထဲမှာ ပြိုပြိုယိုင်ယိုင် အရုပ်ကြိုးပြတ် မှီထိုင်ကာ ပါလာသည်။

အဝေးကို ငေးလွင့်နေသော မျက်ဝန်းလေးများက လည်း ဘာကိုမှ မြင်ပုံမပေါ်ပါ။ တစ်စုံတစ်ရာကို ပြန်လည်ဆေး မျှော်တမ်းတနေသလား ဘာတွေတွေးနေသလဲတော့ တိုးလတ်လည်း မသိနိုင်။ ဘာပဲဖြစ်ဖြစ် သူ့မှာလည်း ဒီဓာတ်လမ်းအစကတည်း က ရင်မောခဲ့ရမှုတွေ ခုထိပဲ အဆုံးမသတ်နိုင်တော့ပါ။ ဒီဓာတ် လမ်းထဲ စိတ်ရောကိုယ်ပါ မျောပါပတ်သက်ကာ မွန်းကျပ်မောသွ ခဲ့ရသည်။

ယောခင်ဖ်ကို ပြန်ပို့အပြီး ကိုမြင့်က သူ လူနာ သတင်းသွားမေးဦးမယ် ပြောလိုက်တာမို့ သူပါအတူလိုက်ချင် စိတ်ကူးပြီး တစ်ခေါက်ပြန်သွားခေါ်သည်။ သူ့ကားနှင့်ပဲ ကိုမြင့် ကိုခေါ်ကာ ဆေးရုံသွားခဲ့ကြပါသည်။

"ကားက ဉာဉ်ပျက်သွားပြီကွ"

"အဲသလိုမျိုး ရှိလို့လား ကိုမြင့်"

"မပြောတတ်ဘူးလေ၊ ငါတို့ ကားလောကမှာ ဒီလိုပြော နေကျမို့ ပြောလိုက်တာပဲ"

"တစ်ခါတိုက်ဖူး မှောက်ဖူးတိုင်းသာ ဒီလို 'ဉာဉ်ပျက်'ပြီး ထပ်ထပ်တိုက်ရ မှောက်ရမယ်ဆိုရင်တော့ မဟုတ်သေးဘူး လေဗျာ"





"ဒါတော့ ဉာဉ်ပျက်အောင် တိုက်သလား မတိုက်ဘူးလား ဆိုတာလည်း မူတည်သေးတာပေါ့၊ တိုက်ဖူးတိုင်း ထပ်ခါ ထပ်ခါ တိုက်တာတော့ မဟုတ်ဘူးလေ၊ တိုက်ဖူး မှောက် ဖူးတဲ့ ကားတွေထဲကမှ ဉာဉ်ပျက်သွားတဲ့ ကားတွေကိုပဲ ဆိုလိုတာပါ"

အင်း ...။ "ဉာဉ်ပျက်"တစ်လုံးတည်းနဲ့ပဲ ဦးနှောက် တွေ သပွတ်အူလို ရှုပ်ထွေးချင်စရာ ဖြစ်နေပြီ။

ဆေးရုံမှာ ထိခိုက်ဒဏ်ရာအဆောင်၌ ကိုသန့်စင်ကို ကျောက်ပတ်တီးတွေနှင့် မျက်နှာအနည်းငယ် ဖူးယောင်ပွန်းပဲ့ပြီး သူ့ကိုတော့ စိတ်ချစဖွယ်အနေအထားနှင့် မြင်ရ၍ စိတ်အေးရပါ သေးသည်။

ကိုသန့်စင်နှင့်တိုးလတ်က မရင်းနှီး၍ ကိုမြင့် သတင်း မေးတာကို ဘေးကနေ အဖော်လိုက်ရုံသာ။ တိတ်ဆိတ်စွာပဲထိုင်နေ မိသည်။

"ညကြီးဆိုတော့ဗျာ မိုးကလည်း ရွာနေတော့ ဟိုဘက် ဒီဘက် ကားမီးတွေနဲ့ ဘာမှသိပ်သဲသဲကွဲကွဲ မြင်ရတာ မဟုတ်ဘူးဗျ၊ ကျွန်တော့်အရှိန်လည်း ပုံမှန်ပါပဲ၊ ရှေ့က ကပ်ပြီး လူဖြတ်လိုက်သလို ထင်ထင်ရှားရှားကြီး ဖျတ်ခနဲ မြင်လိုက်မှ ဆွဲချပြီး ရှောင်လိုက်တာ၊ အလယ်တုံးတွေနဲ့ တိုက်ပြီး တစ်ခါပြန်လည်ထွက်ပြီး နောက်ကားက ဘေး ဝင်ဆောင့်လိုက်တာ၊ ကျွန်တော့်ကားကလည်းပြီး ရှေ့လှမ်း



www.burmeseclassic.com

www.burmeseclassic.com



လှမ်းထိ လွင့်သွားတာလေ၊ နောက်ကားက ပါဂျရိုး၊ ကား ကြီးလို့ တော်သေးတယ်၊ ကားပဲထိတယ် လူတော့ ဘာမှ မဖြစ်ဘူး ကြားတယ်"

"လူဖြတ်လိုက်တာ ဟုတ်လား"

တိုးလတ်က လွတ်ခနဲ မေးလိုက်မိပါသည်။

"ဟုတ်တယ်ဗျ ... ယောကျ်ားတစ်ယောက်ပဲ၊ သူလည်း ဘယ်ရောက်သွားမှန်း မသိတော့ပါဘူး၊ ပြေးဖြတ်တာကား ပြီးတော့၊ သူ့မတိုက်မိတာပဲ တော်လှပါပြီဗျာ"

"အဲဒီလူ ဘာဝတ်ထားလဲ"

တိုးလတ် မေးခွန်းအူကြောင်ကြောင်ကြောင့် လူအ ရော ကိုမြင့်ပါ သူ့ကို နားမလည်သလို ကြည့်ကြသည်။

"ဩော် ... ဆောရီးဗျာ၊ ဟို ... တစ်ခါတလေကျ ညကြီး မင်းကြီး သူတို့က မှောင်မှောင်မည်းမည်း ဝတ်ထားရင် ဘယ်လိုမှ မမြင်နိုင်ဘူးလေ၊ အဖြူတို့ ဘာတို့ ဝတ်ထား ရင် တော်သေးတယ်လေ၊ အလွယ်တကူ မမြင်ရတဲ့အရောင် ဝတ်ထားလားလို့ပါ"

"အေးဗျ၊ အဖြူတော့ မဟုတ်ဘူး၊ ဘာရောင်လဲ သတိမ ထားမိပါဘူးဗျာ၊ ကိုယ့်ရှေ့မီးရောင်ထဲ ဘွားခနဲနီးမှ ဝင် ခနဲ မြင်လိုက်တာပဲ၊ ကားတွေ ဒီလောက်တောင် သွားနေတာ ရှင်းလည်းမရှင်းဘဲနဲ့ ဖွတ်ဖြတ်တာ၊ ရူးပဲနေသလား မူး မူးနေသလား မသိတော့ပါဘူး"





တိုးလတ်က ကိုယ်ကိုလျှော့ချပြီး အိပ်ဖို့ကြိုးစားရန် ပြင်ဆင်လိုက်ပါသည်။ သန်းခေါင်သန်းလွဲ အိပ်ဖို့သင့်နေတာကြာ ပြီပဲ။ သူက ညဉ့်နက်ခံ အိပ်ရေးပျက်တတ်တဲ့သူ မဟုတ်ပါ။ ဘစ်သက်လုံးက သန်းခေါင်မနီးခင် အိပ်ရာဝင်တတ်တဲ့သူပါ။ ခုနောက်ပိုင်းမှာပဲ အတွေးရှက်လွင့်ကာ အိပ်ရေးပျက်တဲ့ညတွေ အတော်များနေပြီ။

အိပ်ရာနံဘေးက စားပွဲကလေးပေါ်က ညအိပ်မီးအိမ် ခလုတ်ကို လှမ်းပိတ်ဖို့လက်ရွယ်လိုက်ရင်းက တိုးလတ်က တစ်စုံ တစ်ရာကို သတိရမိကာ စားပွဲလေးရဲ့ အံဆွဲတစ်ဆင့်ကို လှမ်းဆွဲ ဖွင့်လိုက်ပါသည်။ အထဲက ဖုန်းလေးတစ်လုံးကိုထုတ်ယူကာ လက် ဆဲကိုင်၍ တိုးလတ်က တွေတွေဝေဝေ ငေးစိုက်ကြည့်နေမိသည်။

ဒီဖုန်းလေးကို ယောခင်ဇံ လက်ထဲ ပြန်အပ်လိုက် ခြင်းဟာ သူမရဲ့မျှော်လင့်ချက် ရောင်ခြည်မျှင်ကလေးကို ရိုက်ချိုး ဖြိုပ်နှံလိုက်သလို ဖြစ်မှာစိုးတဲ့အတွက် ဘယ်သူ့အတွက်မှ ဘာမှလဲ အသုံးမဝင်တော့တဲ့တူတူ သူ အခုထိ ပြန်မပေးမအပ်ဖြစ်ခဲ့။

ဒီအချိန် ယောခင်ဇံလည်း အိပ်ပျော်လောက်ပြီဖြစ် သည့်အချိန်မို့ တိုးလတ် ဆုံးဖြတ်ချက်တစ်ခုချကာ ဖုန်းရဲ့ပါဝါကို နှိပ်ပြီးဖွင့်လိုက်ပါသည်။ ဖုန်းအလုံးစုံပွင့်သွားပြီးသည်နှင့် စာဝင် တဲ့ Message icon လေးမှာ ဂဏန်းအရေအတွက်ကလေးတွေ များစွာဝင်နေတာကို သူ စိတ်လှုပ်ရှားစွာ စိတ်မကောင်းနိုင်စွာ မြင်လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး ..."

"........"

"ကိုကြီး ..."

ယောရဲ့အော်ခေါ်သံကို ကိုကြီးက ကြားဟန်မတူ။ တစ်နေရာကိုသာ ရပ်၍ငေးမောနေသည်။ ခြံပြင်မှာ ရပ်ငေးနေတဲ့ ကိုကြီးကို ယောက ခြံထဲကနေသာ လှမ်းကြည့်နေမိရင်း မျက်ရည် တွေတွေ ကျလာမိပါသည်။

ခြေစုံရပ်နေတဲ့ ယောရဲ့ခြေထောက်များကို ယော ရွှေ့မရ လှုပ်မရ။ ကိုကြီး ရပ်နေတဲ့ နေရာအနားသွားဖို့ စိတ်က ကြိုးစားနေပေမယ့် ခြေအစုံက မအောင်မြင်။ ယော နှလုံးသားထဲ မှာ ဝေခြင်း လှပ်ခြင်း မနီးစပ်ခြင်း သီးခြားစီဖြစ်ခြင်းတို့ကို ဝမ်းပန်းတနည်း ခံစားနေရပါသည်။

ဟိုးအရင်လို ယောအခန်းထဲ ယောအိပ်ရာထဲအထိ ဘာကြောင့်များ ဝင်ရောက်မလာခဲ့တာလဲ ကိုကြီးရယ်။ ကိုကြီး မလာနိုင်တော့တာလား။ မလာချင်တော့တာလား။ ယောအနား လာပြီး စကားတစ်ခုခုတော့ ပြောပါဦး။ ဘာဖြစ်စေချင်တယ် ဘယ်လိုခံစားနေရတယ်၊ ယောကို စိတ်ပူတယ်၊ ယောလေးဆို့နဲ့ နော် စသဖြင့် ဘယ်လိုစကားမျိုးပဲဖြစ်ဖြစ် တစ်ခွန်းလောက်ပြော ပေးပါဦး။





ကိုကြီး ဘာမှမပြောလဲ ယောနှလုံးသားမှာ ကိုကြီး ပင်ပန်းဆင်းရဲနေတယ်လို့ အလိုလိုခံစားနေရပါတယ်။ ကိုကြီး အလိုမကျဘူးလို့လည်း ထင်နေမိပါတယ်။ ကိုကြီး မပျော်ရွှင်နိုင် ဘူးလို့လည်း သိနေမိပါတယ်။

"ကိုကြီး"

"........"

"ယော ... ကိုကြီးအနား လာလို့မရလို့ပါ"

ယော အသံလေးက ဆွေးမြည့်တိုးတိမ်နေသည်။ တဖွဲ့လို့ပင် မရနိုင်သော ဝမ်းနည်းပူဆွေးမှုက ယောကို သတ်ဖြတ် နေသကဲ့သို့ပင်။ ယော တစ်ခွန်းခေါ်လိုက်တိုင်း နည်းနည်းကလေး ပို၍ဝေးတဲ့နေရာကို ရွှေ့သွားဟန်ရှိသော ကိုကြီး ပုံရိပ်က ယော ရင်ကို နာကျင်စေသည်။ ဒါ တကယ်ဖြစ်တာလား ... အိပ်မက် လား။

ယော အိပ်မက်,မက်နေတာလား။ ယော တကယ်ပဲ ခြံထဲရောက်နေတာလား ဆိုတာ အလွယ်တကူ မခွဲခြားနိုင်၍ ယောက မည်းမှောင်နေတဲ့ ပတ်ဝန်းကျင်ကို မျက်စိသူငယ်နှင့် လှည့်ပတ်ကြည့်မိသည်။ ယော ရပ်နေတဲ့မြေကြီးဟာ ဘွားရဲ့အိမ် ခြံမြေကြီးမဟုတ်။ ဆယ်မိုင်အိမ်ရဲ့ခြံမြေ။

ဒါဆို ဒါဟာ အိပ်မက်ပေါ့။ ခုနက ယော ဘွား အိမ်က ယောရဲ့အိပ်ခန်းထဲမှာ အိပ်နေခဲ့တာလေ။ ဒါဖြင့် ဒါဟာ တကယ်မဟုတ်ဘူး အိပ်မက်ပဲ။ ယောက စိတ်ပျက်ဝမ်းနည်းစွာ



www.burmeseclassic.com

www.burmeseclassic.com



နှင့် အိမ်ထဲကို လေးတိလေးကန် လျှောက်ဝင်လာခဲ့ပါသည်။ ညှော်ခန်းကိုဖြတ်၍လျှောက်ကာ အိပ်ခန်းဆီ ရောက်လာခဲ့ပြီး အိပ်ခန်းတံခါးလက်ကိုင်ဘုကို လှည့်ဖွင့်ဝင်လိုက်သည်။

"ကိုကြီး"

အိပ်ခန်းထဲမှာတော့ အတော်ကလေး ပွစာကြဲနေတဲ့ မြင်ကွင်းတွင် ကိုကြီးက ဟိုမှသည်မှ အငြိမ်မနေဈာ ခန်းလုံးပြည့် နေရာရွေ့ပြီး လျှောက်သွားနေသည်။ မှန်တင်ခုံအံဆွဲဖွင့်လိုက် ဗီရိုတံခါးဖွင့်လိုက်၊ အင်္ကျီတွေ ပြောင်းဆန်မွှေနှောက်လိုက်၊ ဗီရို တံခါးပိတ်လိုက်၊ အခန်းထောင့် စာရေးစားပွဲလေးဆီသွားလိုက် အံဆွဲတွေ ဆက်တိုက်ဆွဲဖွင့်ပစ်ခဲ့လိုက်၊ ဗီရိုတံခါးပြန်ဖွင့်ကာ ဗီရိုအံဆွဲတွေ ဆွဲထုတ်ပြန်ထည့် တစ်ယောက်တည်း ပျာယာခတ် ကာနေသည်။

"ကိုကြီး ... ဘာလိုချင်လို့လဲဟင်၊ ကိုကြီး ဘာရှာနေတာ လဲ"

"........."

"ကိုကြီး လိုချင်တာကို ယောကို ပြောပါ"

"........."

ယောကို အဖြေမပေးဘဲ မျက်မှောင်ကို ကုတ်လျက် စိတ်အားထက်သန်ဇောတစ်ခုနှင့်သာ တရစပ်ရှာဖွေနေတဲ့ ကိုကြီး ကိုကြည့်ကာ ယော အသံမထွက်အောင် ကျိတ်၍ကျိတ်၍ ငိုနေ မိပါသည်။ ခုတင်နံဘေးက စားပွဲပုပုလေးရဲ့အံဆွဲကို ဆွဲဖွင်း





လိုက်ချိန်မှာတော့ လေပွေမွှေ့သလို ရှန်းရင်းဆန်ခတ်ဖြစ်နေတဲ့ ကိုကြီးရဲ့လှုပ်ရှားမှုများက ပကတိ ငြိမ်သက်သွားကာ အံဆွဲထဲက ဘူးကလေးကို အသာယာ ဆွဲထုတ်ယူလိုက်သည်။

ဘူးကိုဖွင့်ကြည့်လိုက်ပြီးမှ ယောကို ပထမဆုံး အကြိမ်အဖြစ် ကိုကြီးက လှမ်းကြည့်လိုက်ပါသည်။ ခုတော့ ကိုကြီးရဲ့မျက်နှာအမူအရာက ညင်သာသိမ်မွေ့သွားပြီ။ မျက်ရည် တွေလည်ကာ ယောကို ငေးကြည့်နေပါသည်။ ယောကလည်း ဘာမှမပြောနိုင်ဘဲ ငေးကြည့်လျက်သား။ ထိုအချိန် နှလုံးသားများ ရဲ့ နာကျင်ရမှုက အသက်ပါမတတ် ကြောက်မက်ဖွယ်ကောင်းလှ ပါသည်။

ယောက စေးကပ်နေသော နှုတ်ခမ်းများကို အားယူ ဖွင့်ဟရင်း ...

"ယော ... ယော ... အမှတ်တရ သိမ်းထားတာပါ ကိုကြီးရယ်"

ကိုကြီးက ဟိုးဟိုးအရင်အကြိမ်တွေကလို စကား တစ်ခွန်းမှ မပြော။ ယောကို ရီရီဝေဝေ ငေးမောကြည့်နေရင်းကပဲ တဖြည်းဖြည်း တစစ နောက်ဆုတ်ကာ အိပ်ခန်းအပြင်ဝရန်တာ ထွက်တဲ့ တံခါးမကြီးမှတစ်ဆင့် အခန်းထဲက ထွက်ခွာပျောက် ကွယ်သွားလေသည်။

"ကိုကြီး ... ကိုကြီး"

ရှိုက်သံအဖွက်ဖွက်နှင့် ယောလှမ်းအော်ခေါ်သံဟာ ညည်ချောင်းဝမှာ တစ်ဆို့ပြီး သဲသဲကွဲကွဲ ထွက်မလာ။ ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



နောက်က ပြေးလိုက်ဖို့ ကြိုးစားသော ခြေအစုံဟာ ခုနကအတိုင်း ပဲ ကြမ်းပေါ်မှာ သံမှိုစွဲ တုပ်ထားသလို မြဲမြဲပြီး တစ်လက်မရွှေ့ မရခဲ့။

"ကိုကြီး"

ယောရဲ့အသံက ခြောက်ကပ်အက်ကွဲ တုန်ခါဆို့နင်နေပါသည်။ ဒီတစ်ကြိမ် ခွဲခွာရတာက ဆွေးဆွေးမြည့်မြည့်နာနာ ကျင်ကျင် ရှိလှပါသည်။ မှောင်မည်းအေးစက်တဲ့ အိပ်ခန်းထဲ ယောတစ်ယောက်တည်း ချောက်ချောက်ချားချား ငိုကြွေးနေခဲ့သည်။

"ကိုကြီး"

ယောက ကယောင်ကတမ်း ရေရွတ်ကာ ဖျတ်ခနဲ လူးလွန့်နိုးထလာသည်။ အိပ်ရာပေါ်မှ ထ,ထိုင်လိုက်ချိန်မှာ ပထမဆုံ သတိထားမိတာက ပူခြစ်ခြောက်ကပ်နေသော လည်ချောင်းများ၊ ခုတင်ဘေးမှာပင် အသင့်ရှိသော ရေသန့်ဘူးကို ယူ ယောက သုံးလေးကျိုက် မော့သောက်လိုက်သည်။

ဒုတိယ သတိပြုမိတာက ပါးပြင်ပေါ်မှာ စိုစွတ် လက်စရှိနေသော မျက်ရည်များ။ လက်ချောင်း လက်ဖမိုး များနှင့် အသာအယာသုတ်ရင်း အုန်းအုန်းဒိုင်းဒိုင်းမြည်အော





ဟာနေတဲ့ မိုးသံကိုပါ ယော သတိထားမိပါသည်၊ ယော အခု အဘွားအိမ်က အိပ်ခန်းထဲမှာ။ ဒါဆို ခုနဟာက အိပ်မက်သက် သက်ပေါ့။

ကိုကြီး အသုဘရက်များတုန်းက ယောမစွန့်ပစ်ဘဲ သိမ်းသန့်သိမ်းဆည်းထားတဲ့ ပန်းခြောက်ကလေးတွေ ပြာကလေးတွေ ဆည့်ထားတဲ့ဘူးလေး။ ကိုကြီးရဲ့ နောက်ဆုံးလက်ကျန် ပတ်သက် ရာ ပတ်သက်ကြောင်း အကောင်အထည်၊ ရုပ်၊ ဒြပ် အမှတ်တရ အောက်မေ့ဖွယ်ရာကလေးတွေ ပါဝင်တဲ့ ဘူးကလေးကို ကိုကြီး ဘာကြောင့် ယူသွားခဲ့တာလဲ။

"ကလင်"

ရုတ်တရက် ကြားလိုက်ရတဲ့ အသံလေးကြောင့် ယောခင်ဖဲ ဆတ်ခနဲ တုန်သွားရပါသည်။ ဘာသံများလဲလို့ ခြိမ်းစိတ်ဖြာဖို့ မလိုဘဲ ခေါင်းအုံးနံဘေးမှ ဟဲန်းဖုန်းလေးဆီက ဝင်တဲ့အသံဆိုတာ ယော ချက်ချင်းသိသည်။

"ဘုရား ... ဘုရား ... ဘုရား"

ဒီလိုအချိန်ကြီး ဖုန်းထဲဝင်လာတဲ့စာ။

ယောသည် လက်ဖျားလေးတွေ အေးစက်သွားကာ ဘစ်ချက်လင်းသွားတဲ့ ဖုန်းကို ကြက်သေသေစိုက်ကြည့်နေသည်။ ကြက်လုံးလေးတွေ ပြူးကျယ်ဝိုင်းစက်ကာ နှုတ်ခမ်းလေးနှစ်လွှာက ဆတ်ဆတ် တုန်နေပါသည်။ ဒီအတိုင်း တုတ်တုတ်မျှမလှုပ်ဘဲ တိ အသက်မရှိသလို ငြိမ်ပြီး ဖုန်းကိုစိုက်ကြည့်နေမိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကလင်"

မက်ဆေ့ချ်ဖွင့်မဖတ်သေးမချင်း Setting လုပ်ထားတဲ့အတိုင်း အချိန်တစ်ခုခြားကခြားကာ Repeat လုပ်နေမှာ။ ယောခင်ဇံက ဖုန်းကို ဆတ်ခနဲ ကောက်ယူလိုက်ပါသည်။ ထို့နောက် ဝင်လာတဲ့ မက်ဆေ့ချ်လေးကို ကြည့်လိုက်ပါသည်။ ဝင်လာတဲ့ မက်ဆေ့ချ်ကို ပို့သူအမည်နေရာမှာ "ကိုကြီး"တဲ့။

ယောခင်ဇံရဲ့လက်တွေ ဆတ်ဆတ်ပါအောင်တုန်ကာ ဖုန်းကို လွှတ်မကျအောင် မနည်းထိန်းလျက် စာကို ဖွင့်ဖတ်လိုက်ပါသည်။

"ဖြေလျှော့စွန့်လွှတ်ပြီး ...
အမျှဝေပေးပါ ..."
... ... ... ... ...
... ... ... ... ... ။

ဇဇဇ



၂၁

"ဒုံး ... ဒုံး ... ဒုံး ..."
"ဒုံး ... ဒုံး ... ဒုံး ...
"ကိုကျော် ... ကိုကျော်"
"ဒုံး ... ဒုံး ... ဒုံး"
"အန်တီညို"

မတူးမာသည် ဟိုဘက်ခန်းတံခါး ပြေးထုလိုက်၊ ဒီဘက်ကပ်လျက်အခန်းတံခါး ပြေးထုလိုက် အလန့်တကြားအော်ရိမ် လွှန်နေပါသည်။

"ဟဲ့ ... ဘာလဲ၊ တူးမာ ဘာဖြစ်လို့လဲ၊ ယော ဘာဖြစ်လဲ"
"ယော မရှိတော့ဘူး အန်တီညို"
"ဘာ ...၊ ဘယ်လိုမရှိတာလဲ"
"အိပ်ရာထဲမှာ မရှိတော့ဘူး၊ တစ်အိမ်လုံးလည်း မရှိဘူး၊ အိမ်ရှေ့တံခါးမကြီးလည်း ပွင့်နေတယ်၊ မီးတွေပက်ထားတာလည်း အိုင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ခြံထဲရှာပြီးပြီလား"

"မရှာရသေးဘူး အန်တီညို"

"နင် ထီးယူပြီး ခြံထဲအရင်ရှာလိုက်"

"ဟုတ်ကဲ့"

"မောင်ကျော် ... မောင်ကျော် ... သား ... ထဦး"

ကျော်လင်းဇံ အခန်းတံခါး ဝုန်းခနဲ ပွင့်လာကာ အိမ်ရှေ့တံခါးမကြီးကို ဖြတ်လျှက် အောက်ထပ်က ပင့်ဝင်လာတဲ့ လေရိုန်ကြောင့် အတွင်းဘက်နံရံကိုပင် တံခါးက သွားရိုက်မိသေ သည်။

"ဘာဖြစ်တာလဲ အန်တီညို"

"ယောအိမ်မှာမရှိတော့ဘူး၊ တူးမာ ခြံထဲဆင်းရှာနေတယ်"

"ဟင်"

ကျော်လင်းဇံပါ ထီးတစ်ချောင်းယူလျှက် ခြံထဲဆင်း လိုက်သွားပါသည်။ ခြံထဲမှာ လေးဖက်လေးတန် ပတ်မိအောင် ထိးနှင့်လျှောက်ရင်း ...

"ညီမလေး ... ညီမလေး"

"ယောရေ ... ယောလေးရေ"

လေရိုန်ကြောင့် ထီးကလန်လိုက် ပြန်ပိတ်ပြန်ဖွင့် လိုက်၊ တစ်ကိုယ်လုံး ရွှဲနစ်နေကြကာ အရှူးမီးဝိုင်း ပြေးလွှားပတ် ရှာနေကြရပါသည်။

"ကိုကျော် ခြံတံခါးပါ ပွင့်နေတယ်"





"ဟင်"

ကျော်လင်းဇံက ကားဂိုဒေါင်ဆီတန်းကာ ပြေးသည်။ ခြံနောက်ဘက်ကျကျက ကားဂိုဒေါင်နေရာဟာ မှောင်မည်းနေ၍ ရုတ်တရက် သတိပြုမိဖို့ မလွယ်သော်လည်း အနားရောက်တော့ ဂိုဒေါင်တံခါး ပွင့်နေပြီး ဂိုဒေါင်ထဲ ကားတစ်စီးမရှိတာကို တွေ့ ရလေသည်။

ကျော်လင်းဇံ စီးနေကျကားတော့ ကျန်ရစ်ကာ ဘွားနဲ့ အန်တီညို လူကြီးတွေ စီးလေ့ရှိတဲ့ Mark X ကားကြီးက မရှိတော့ပါ။ ကျော်လင်းဇံက သော့ယူဖို့ အိမ်ဘက်ပြန်ပြေးဝင်ခဲ့ သည်။

"သား ... တွေ့လား"

"ယော Mark X ယူပြီး ထွက်သွားတယ် ထင်တယ် အန်တီညို"

"ဟင် ... ဘုရား ... ဘုရား ... ဘုရား ကယ်တော်မူပါ"

"ဟိုအိမ်ကိုပဲ သွားလိမ့်မယ် ထင်တယ်၊ ကျွန်တော်လိုက် သွားမှဖြစ်မယ်"

"အေး ... သွားလိုက် သွားပါကွယ်"

ကျော်လင်းဇံက သူ့အခန်းဆီပြေးတက် အပေါ်အင်္ကျီ တစ်ထည်စွပ်ပြီး ကားသော့ပါယူကာ ဖုန်းတစ်ဖက်နှင့် ပြန်ပြေး ဆင်းလာပါသည်။ မျက်နှာက စိတ်ရှုပ်ထွေးသလို မှုန်မှိုင်းနေပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်းဆက်ကြည့်ပါလား သား ... ယောဆီ"

"ဆက်ပြီးပြီ ... ခုပဲ မကိုင်ဘူး၊ ညီမလေးက ထင်ရာမြင်ရာ သိပ်လုပ်တာပဲ ... ကျွတ်"

"အိပ်မက်များ ယောင်တာလား၊ လမ်းခရီး ကားဘယ်လို များ မောင်းသွားမလဲ၊ ဘုရား ... ဘုရား ... ဘေးကင်းပါ စေ၊ ချော့ခေါ်နော် သား ... မဆူနဲ့"

အန်တီညို တတွတ်တွတ်ပြောရင်း ကျန်ရစ်ခဲ့ကာ ကျော်လင်းဖဲက ကားကိုမောင်းထွက်လာပါသည်။ ခြံပြင်ရောက် သည်နှင့် တိုးလတ်ဖုန်းကို တန်း၍ခေါ်မိသည်။ အားနာလှပေမယ့် လည်း မတတ်နိုင်တော့ပါ။ ဘာတွေ ဘယ်လိုဖြစ်လို့ ထွက်သွား ခဲ့တာလဲ မသိဘူးလေ။ ဟိုအိမ်ကိုပဲဆိုတာက သေချာသလောက် ပင်။ တခြားသွားစရာနေရာမှ မရှိတာ။ ဟိုအိမ်ရောက်နေလျှင် တော့ တစ်ခုခု ကူညီနိုင်ဖို့ အနီးဆုံးလူဟာ တိုးလတ်ပဲရှိတာ မဟုတ်လား။

"ဟယ်လို"

"ဟယ်လို ... ကိုတိုးလတ်၊ ညကြီးမင်းကြီး အရမ်းအား နာပါတယ်ဗျာ၊ အရေးကြီးလို့ ဆက်လိုက်ရတာပါ၊ ဆောရီး ပါ"

"ကိုကျော်လင်းဖဲလား၊ ရပါတယ် ပြောပါ၊ ဘာဖြစ်လို့လဲ"

"ယော အိမ်မှာ မရှိတော့လို့၊ ကားပါယူသွားတယ်"

"ဗျာ"





"ကျွန်တော်ထင်တော့ သူ အဲဒီအိမ်ကိုပဲ လာတာဖြစ်လိမ့် မယ်ထင်တယ်၊ အားနာနာနဲ့ပဲ အကူအညီတောင်းပါရစေ ဗျာ၊ ဟိုဘက်အိမ်ကို တစ်ချက်လောက် သွားကြည့်ပေးပါ လား၊ ဘာဖြစ်လို့ ဘာလုပ်ဖို့ ထွက်သွားမှန်းမသိ၊ လေတွေ မိုးတွေလည်း ကြီးနေတော့ ကျွန်တော် သိပ်စိတ်ပူနေလို့ ပါ"

"အားမနာပါနဲ့ ကိစ္စမရှိပါဘူး ကိုကျော်လင်းဖဲ၊ ကျွန်တော် ခုပဲ ဟိုဘက်ခြံကို ကူးပြီးသွားကြည့်လိုက်မယ်၊ စိတ်ချပါ"

"ကျေးဇူးပါပဲဗျာ"

တိုးလတ်သည် ဖုန်းချပြီးပြီးချင်း ထူပူသွားသော ခေါင်းကို လက်နှစ်ဖက်နှင့်အုပ်ညှစ်၍ ခဏတည်ငြိမ်အောင်ထိန်း ရပါသေးသည်။ ခုမှ အိပ်မောကျသွားတာ ဘာမှမကြာသေးခင် အနှိုးခံလိုက်ရသလို ခေါင်းမီးတောက်စရာ သတင်းစကားကြား လိုက်ရ၍ ခေါင်းတွေ ချက်ချင်းပဲ အုံ့ကိုက်တက်လာသလိုပင်။

ချက်ချင်းပဲထ,ကာ လက်နှိပ်မီး အသေးလေးရော ဖုန်းရော၊ ညဝတ်အကျႌခါးအိတ်ထဲထည့်၍ ထီးကြီးတစ်ချောင်း နှင့် အိမ်သော့ဖွင့်ကာ မြန်မြန်ထွက်ခဲ့ပါသည်။ ယောခင်ဖဲလေး ရယ်။ စွဲလမ်းမှုတွေ ဖြေလျှော့ပါတော့။

ဘုရားရေ ... နေပါဦး။ မအိပ်ခင်က သူ ဖြစ်ချင် ရာဖြစ်ဆိုပြီး မက်ဆေ့ချ်တိုလေးတစ်ခု ရိုက်ပို့လိုက်မိတာ။ ယော ခင်ဖဲရဲ့ ယခု လုပ်ရပ်ဟာ အဲဒါနဲ့များ သက်ဆိုင်နေမလား။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူ ပြောချင်တဲ့စကားကိုပဲ သူ မဆင်ခြင်တော့ဘဲ ပို့လိုက်တာပါ။ ဘေးထွက်ဆိုးကျိုးတွေများ ရှိသွားခဲ့လေသလား။

တိုးလတ် ခြံထဲရောက်သည်နှင့် သူတို့ခြံထဲမှာ ထွန်းထားတဲ့ ညမီးရောင်နှင့် ဟိုဘက်ခြံထဲ မပီဝိုးတဝါး လှမ်းမြင်နိုင်သည်တွင် ဟိုဘက်အိမ်ရှေ့ ကားတစ်စင်း ဖရိုဖရဲ နေရာမကျ ထိုးဆိုက်ရပ်ထားတာကို တန်း၍မြင်ပါသည်။

"ယောခင်ဖ"

မိုးတွေ ဒီလောက်သည်း၊ လေတွေ ဒီလောက်ထန်နေတာကို။ အိမ်ပြင်ဘက်ရောက်တော့ အသံတွေက ဆူညံကျယ်လောင်ပြင်းထန်လှကာ လျှပ်စီးတွေ မိုးထစ်ချုန်းသံတွေပါ အဆင့်ဆင့်အကဲကဲ။ မင်း ... မင်းမကြောက်ဘူးလား ယောခင်ဖလေးရယ်။ မင်းရဲ့သောကတွေ ခံစားချက်တွေ အစွဲအလမ်းတွေ ပူလောင်မှုတွေ အမြန်ကုန်ဆုံးပါစေတော့။

တိုးလတ် တစ်ဖက်ခြံထဲ ရောက်လာချိန်တွင် အိမ်ရှေ့တံခါးမကြီးကလည်း ဟင်းလင်းပွင့်လို့။ တံခါးမှ တိုးလတ်ဝင်လိုက်သည်နှင့် သူကြိုသိထားတဲ့ အိမ်ရှေ့မီးခလုတ်ကို အရင်ဆုံး ရှာဖွင့်လိုက်သည်။

"ယောခင်ဖ"

အော်ခေါ်ရင်း အိပ်ခန်းဘက်ဆီပဲ တန်း၍ပြေးဝင်လာခဲ့ပါသည်။





အိပ်ခန်းထဲရောက်ရောက်ချင်း ယောခင်ဖကို မှောင်ထဲမည်းထဲ ပထမတော့ မျက်စိကျင့်သားမရ။ မကြာခင်မှာ လျှပ်စီးတစ်ချက် ပြက်လိုက်၍ အခန်းထဲ လင်းခနဲ ဖြစ်သွားပါသည်။ ဝရန်တာဘက်ကူးတဲ့ တံခါးက ပွင့်ဟကာ ခန်းဆီးများက တဖျပ်ဖျပ် ဝဲဝေ့လှုပ်ယမ်း လွင့်မျောနေသည်။

ကိုကြီးရဲ့ Rocking Chair ကလည်း အသံပင်မြည်တဲ့အထိ ရှေ့တိုးနောက်ငင် လှုပ်ယမ်းလျက်သား။ ဒါ ဒီတံခါးကို ခုန ကိုကြီးဖွင့်သွားခဲ့တာ မဟုတ်လား။ ကိုကြီး ရှိနေသေးလား။

"ကိုကြီး ... ကိုကြီး"

ယောက တိုးတိုးလေးခေါ်သည်။ အိမ်က အပြေးထွက်လာကတည်းက မလဲခဲ့တဲ့ ပိုးညဝတ်အင်္ကျီ အဖြူရောင်ဟာ ဘံခါးကတိုးတဲ့လေကြောင့် တဖျပ်ဖျပ်။ ယောရဲ့ဆံပင်နွယ်တွေဟာလည်း လေရှိန်ကြောင့် တလွင့်လွင့် ဝဲနေပါသည်။

"ကိုကြီး"

တုံ့ပြန်သံကို မကြားရတော့။ ကိုကြီး သွားပြီလား။ ယောက ခုတင်ဘေး စားပွဲပုလေးရှေ့ ဒူးထောက်ထိုင်ချလိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



အံဆွဲကို ကတုန်ကယင် ဖွင့်ကြည့်လိုက်ပါသည်။ အံဆွဲထဲမှာ ဘူးကလေးက ယောထားခဲ့တဲ့အတိုင်း နေရာတကျ ရှိနေဆဲပါ လား။

ဒါတွေကို ကိုကြီး မထားစေချင်တော့ဘူး မဟုတ်လား။ အချုပ်အနှောင်အဖွဲ့ တစ်ခုလို ယော ဖြေလွှတ်ပေးဖို့ကို ကိုကြီး လိုလားတာ မဟုတ်လား။ ကိုကြီး ကောင်းရာမွန်ရာနေရာတစ်ခုခုမှာ ဆင်းရဲဒုက္ခကင်းပြီး ငြိမ်းငြိမ်းချမ်းချမ်း နေနိုင်ဖို့ နေရဖို့ဆိုရင် ယော စွန့်လွှတ်ပေးမှာပါ ကိုကြီးရယ်။

"ယောခင်ဖဲ့"

ရုတ်တရက် အခန်းဝကို ရောက်လာသူကို ယော လန့်ပြီး မော့ကြည့်လိုက်မိသည်။ တိုးလတ်က လက်ထဲမှာ အဖုံးဖွင့်ထားတဲ့ ယွန်းဘူးလေး လက်နှစ်ဖက်နဲ့ကိုင်လျက်သား သူ့ဇိုမျက်လုံးဝိုင်းနှင့် မော့ကြည့်နေသော ယော ပုံစံကလေးကြောင့် ရင်နင့်ရလေသည်။ အိပ်ခန်းမီးခလုတ်ကို စမ်းရှာဖွေပြီး မီးကိုဖျတ်ခနဲ ဖွင့်လိုက်သည်။

"ဘာလုပ်နေတာလဲ ယောခင်ဖဲ့၊ တစ်အိမ်လုံး စိတ်ပူနေကြတယ်ဗျာ၊ ဒီလောက် သဲသဲမဲမဲမိုးထဲ ခင်ဗျား ကားမောင်းပြီး ထွက်လာတာလား၊ မသေကောင်း မပျောက်ကောင်း ယောခင်ဖဲ့ရယ်"

"ကိုတိုးလတ်"





"ကိုကျော်လင်းဖုံ ဖုန်းဆက်တော့ ထူပူသွားတာပဲဗျာ၊ နောက် ဒီလိုမလုပ်ပါနဲ့ဗျာ၊ ရင်တုန်ပန်းတုန် ဖြစ်လွန်းလို့ပါ"

"ယော ဒီဘူးလေး လာပြန်ရှာတာပါ၊ ဒီထဲမှာ အသုဘရက်တုန်းကတည်းက ပန်းခြောက်လေးတွေရော၊ ကိုကြီးရဲ့ အရိုးပြာလေးတွေပါ ရှိတယ်"

"မနက် လင်းလင်းချင်းချင်းမှ လာရှာလို့ မရလို့လားဗျာ"

"ကိုကြီးက ဒါတွေကို စွန့်လွှတ်လိုက်စေချင်ပုံရတယ်၊ ယောက ချည်နှောင်ပိတ်လှောင်ထားသလို ဖြစ်နေပြီထင်တယ် ကိုတိုးလတ်၊ ကိုကြီး ဒီဘူးကို ကိုယ်တိုင်ရှာနေတာ ယော သိတယ်၊ ဒါတွေကို ယော မစွန့်ပယ်မချင်း ကိုကြီး ကျဉ်းကျပ်မွန်းလှောင်တဲ့ ဆင်းရဲဒုက္ခနဲ့ မပျော်နိုင်မှာစိုးလို့ ယော ချက်ချင်းရောက်လာပြီး ဒါတွေကို စွန့်ပယ်ပစ်ဖို့..."

"ယောခင်ဖဲ့ ... ခင်ဗျား ကိုယ့်စိတ်ကိုယ် အဲလောက်အဖိစီးမခံပါနဲ့ဗျာ၊ အစွန်းတစ်ဖက်ရောက်အောင်လည်း မတွေးပါနဲ့၊ စိတ်ကို သက်သောင့်သက်သာ ထားလိုက်ပါ၊ ချစ်ခင်ရင်းနှီးသူတွေနဲ့ သေကွဲ ကွဲရတယ်ဆိုတဲ့ အဖြစ်ကို လူတော်တော်များများ ခံစားဖူးကြပါတယ်၊ နာကျင်ဖူးကြပါတယ်၊ ဘယ်လောက်ချစ်ချစ် ဘယ်လောက်ပဲ မစွန့်လွှတ်ချင်ချင် တစ်နေ့နေ့ တစ်ချိန်ချိန် ခွဲခွာရတာက လောကနိယာမ၊ သဘာဝတရားပါဗျာ၊ ရင်ဆိုင်နိုင်အောင် ကြိုးစားပါ၊ ကိုယ့်စိတ်ကို ကိုယ်ပင်ပန်းအောင် မညှဉ်းဆဲပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ကိုယ့်ကိုယ်ကိုယ် ညှဉ်းဆဲနေတာ မဟုတ်ပါဘူး၊ တကယ် ဖြစ်တာပါ၊ ကိုကြီး ဒီကို တကယ်ရောက်လာခဲ့တာ ဖြစ်မှာပါ၊ ဟိုမှာလေ ... ဟောဟို ဝရန်တာတံခါးက ကျွန်မရောက်တော့ ပွင့်နှင့်ပြီးသားပါ၊ ကျွန်မ မညာပါဘူး၊ ကျွန်မဖွင့်တာ မဟုတ်ဘူး၊ ကိုကြီး ဖွင့်ထွက်သွားခဲ့တာ"

"ဟိုတစ်ရက်က ကျွန်တော်နဲ့ ကိုကျော်လင်းဇံ ဒီအိမ်ကို တစ်ခေါက်ရောက်ကြတယ်၊ အိမ်ထဲမှာ အနံ့အသက်ကောင်းအောင် ကိုကျော်လင်းဇံက ရှိသမျှတံခါးပေါက်တွေ အကုန်လိုက်ဖွင့်ခဲ့တယ်၊ အဲဒီတုန်းက ဒီတံခါးကိုပိတ်ဖို့ မေ့ကျန်ခဲ့တာ ဖြစ်ပါလိမ့်မယ် ယောခင်ဇံ"

ယောခင်ဇံက ဒူးတုပ်ထိုင်နေရာမှ ထ,ရပ်လိုက်ပါသည်။ လေတွေတိုက်ကာ မိုးတွေပါ သည်းပက်နေသော တံခါးဝဆီ တရွေ့ရွေ့ တိုးကပ်သွားရင်း ...

"ဒါပေမဲ့ ကိုကြီး ဒီကထွက်သွားခဲ့တယ်"

"ယော ... မိုးတွေ ပက်နေတယ်၊ မသွားပါနဲ့"

"ကိုကြီးက သူ့ကို လွတ်လပ်ခွင့် ပေးစေချင်နေလို့ပါ၊ ယော ဘယ်လိုလုပ်ပေးရမလဲဟင်"

တံခါးဝနား ယော အရောက်တွင် လေကြမ်းကြမ်းတစ်ချက်က သုတ်ခနဲ ထိုးပက်လိုက်ရာ ယောလက်အတွင်းမှ ဘူးထဲမှ ခြောက်သွေ့နေသော ပန်းပွင့်ဖတ်များ ရွက်ကြွေရိုးတံကလေးများ ဘူးထဲမှ လွင့်ခနဲ ဝဲဖြာကျသွားကြလေသည်။



BURMESE CLASSIC .com



"ဟင် ... လွင့်ကုန်ပြီ ... လွင့်ကုန်ပြီ"

ယောက သွေးရူးသွေးတန်းလေး မြည်တမ်းရင်း ဘူးကိုင်ရင်းတစ်ဖက်နှင့် လွင့်ကျသွားသည့် ပွင့်ဖတ်ခြောက်အစအနကလေးများကို ကုန်းကာ ဒူးထောက်ကာ လက်တစ်ဖက်နှင့် လိုက်ကောက်ယူဖို့ ကြိုးစားသည်။ ယိုင်ကာ စောင်းကာ ဘူးထဲမှ ဖြာမှုန်ငယ်များ ထည့်ထားသော ပုလင်းလေးကလည်း လိမ့်ကာ အပြင်ဝရန်တာမှတစ်ဆင့် ခြံထဲအထိ တလိမ့်လိမ့် ထွက်သွားခဲ့လေသည်။

"လုပ်ပါဦး ကိုတိုးလတ်"

ပွင့်ဖတ်ရွက်ခြောက်ကလေးများသည် ရေစိုကြွေပြားပေါ်ကပ်တချို့၊ ကြွေပြားပေါ်ထိ မကျလိုက်ဘဲ လေထပ်ပင့်ယူခြင်း၌ သယ်ဆောင်ခံရကာ ဟိုးအပြင်ဘက်ဆီအထိတချို့။ ယောကတော့ အရူးမကလေးနှယ် အားလုံးကို အုပ်မိဖမ်းမိမယ်ထင်တဲ့ အလား အပြေးအလွှား အပြင်ဘက်ဝရန်တာမှတစ်ဆင့် ခြံထဲဆင်းဘဲ့ တံခါးပေါက်လေးကို ကျော်ဖြတ်ကာ ဟိုးခြံထဲအထိ မမြင်မစမ်း သွေးရူးသွေးတန်း အပြေးလိုက်ဖမ်း ဖွေရှာသည်။

"ယော"

သည်းထန်နေတဲ့ မိုးထဲက ယောကို တိုးလတ်က အတင်းဆွဲခေါ်ဖို့ သူပါခြံထဲအထိ လိုက်ပါရလေသည်။

"ယော ... အထဲပြန်ဝင်ပါ"

"ဟင့်အင်း ... လွင့်ကုန်ပြီ၊ ဘယ်မှာလဲ၊ လုပ်ပါဦး ကိုတိုးလတ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ယော … ယောခင်ဖ်"

တိုးလတ်က ယောခင်ဖ်ရဲ့လက်နှစ်ဖက်စလုံးကို မိမိ ရရဆွဲကာ ချုပ်ကိုင်လိုက်ပါသည်။

"ယော … ပေးလိုက်ပါတော့၊ သူ့အလိုလိုပဲ ယူသွားပါစေတော့၊ နော် ယော၊ ခုလို စွန့်လွှတ်လိုက်စေချင်တာလို့ပဲ ခင်ဗျား ယုံကြည်တာ မဟုတ်လား၊ လွှတ်ပေးလိုက်ပါဗျာ၊ ပေးလိုက်ပါတော့"

မိုးရေစွဲနစ်ကာ ယော ဆံပင်လေးများက ရေစိုကပ်ကာ အချောင်းလိုက် အသွယ်လိုက် မျက်နှာပေါ် ဖုံးအုပ်ကပ်ငြိနေကြသည်။ ထိုမျက်နှာလေးပေါ်က စိုစွတ်မှုများထဲတွင် မိုးရေသာမက သူမရဲ့မျက်ရည်ပူများပါ ပါဝင်နေတာ တိုးလတ် သိပါသည်။ ရှိုက်သံသဲ့သဲ့လေးဟာ ကရုဏာသက်ဖွယ်ရာ မိုးသံတွင် ထွင်းဖောက်လျက် တိုးတိုးကလေးနှင့် ပဲ့တင်မြည်ဟည်းနေသည်။

"သူ သွားပါစေ … ဟုတ်တယ်မို့လား ယော၊ ယူချင်တာယူသွားပါစေ၊ သူ ငြိမ်းချမ်းဖို့ အဓိကမဟုတ်လား ယောခင်ဖ်၊ ခင်ဗျား သူ့ကို သိပ်ချစ်တာ မဟုတ်လား၊ သူ့ကို ငြိမ်းချမ်းပါစေဗျာ၊ ထားလိုက်ပါ"

"………"

"လာပါ … အထဲဝင်ပါ ယော"

လေရှိန်ပြင်းပြင်းမှာ အားပြင်းပြင်းနှင့် နွဲ့ကာယိမ်းကာ ကိုင်းညွတ်လှုပ်ရှားနေသော သူတို့နှင့် မလှမ်းမကမ်းက စိန်ပန်းပင်အိုကြီးက ရုတ်တရက် ပိုမိုပြင်းထန်စွာ ကိုင်းညွတ်ယမ်းခါလာသည်။





"ယော … ယော … သစ်ကိုင်းကျိုးတော့မယ်၊ ဖယ် … ဖယ်"

တိုးလတ် ထင်တဲ့အတိုင်း ကိုင်းတစ်ကိုင်းက ညွတ်ဆတ်မှုအရှိန်နှင့် သူတို့ဘက် လျှပ်တစ်ပြက် ပြိုကာကျလာသည်။ ယောခင်ဖ်ရဲ့ခန္ဓာကိုယ်ကို ဆွဲဖက်၍ တစ်ပတ်လှည့်ပစ်လိုက်သော တိုးလတ်က သူ့ကျောဘက်နှင့် ခံလိုက်ချိန်မှာ နှစ်ယောက်စလုံး စွတ်စိုသော မြေပြင်ပေါ် သစ်ကိုင်းဆွေးနှင့် ရိုက်ခတ်လဲပြိုကျသွားရလေသည်။

၉၉၉



www.burmeseclassic.com

www.burmeseclassic.com

## ၃၂

"အားလုံးကြားကြားသမျှ ... အမျှ အမျှ အမျှ ... ယူတော်မူကြပါကုန်သော် ..."

"သာဓု ... သာဓု ... သာဓု ..."

"အားလုံးကြားကြားသမျှ ... အမျှ အမျှ အမျှ ... ယူတော်မူကြပါကုန်သော် ..."

"သာဓု ... သာဓု ... သာဓု ..."

"အားလုံးကြားကြားသမျှ ... အမျှ အမျှ အမျှ ..."

"........."

အန္တရာယ်ကင်း ပရိတ်တရားတော်နာ ဆွမ်းကျွေးရေစက်ချ အလှူလေးက အကျဉ်းရုံးမှုပင်။ ရေစက်ကရားလေးကို စောင်းသွန်ကာ တစက်တစ်စက် ကျစေသကဲ့သို့ ငုံ့စိုက်ထားသောယောခင်ဇ် မျက်ဝန်းတို့မှ မျက်ရည်တို့ကလည်း အခင်းကော်ဇောပေါ်သို့ တပေါက်ပေါက်ကျလျက်သား။





ကိုကြီးရေ ...

အမျှ ... အမျှ ... အမျှပါ ...။

ယော ... ဖြေလျော့စွန့်လွှတ်လိုက်ပါပြီ ...။

ကောင်းရာမွန်ရာ ဘုံဘဝမှာ ငြိမ်းအေးချမ်းသာနေပါစေတော့။



www.burmeseclassic.com

www.burmeseclassic.com



မခွဲနိုင်ပါ
အသည်းစိုင် ဆတ်ဆတ်ခါအောင်
သံသရာတစ်ဖက်ကမ်းကို
သူလှမ်းလို့ ခွာသောအခါ ...။

မလွှတ်ချင်ပါ ...
ဇွတ်ပင်ဆွဲထားလိုက်ချင်လည်း
ရင်ကွဲနာ မျက်ရည်ပွင့်တွေနဲ့
ခွင့်ပေးခဲ့ရသောအခါ ...။

မယုံခဲ့ပါ
နံ့နဲ့ကံကြမ္မာလက်အတွင်း
သက်ဆင်းတဲ့ ကျွန်မရဲ့ကမ္ဘာ
ပြိုကျခဲ့ရလေသောအခါ ...။

လမင်းမိုမို

www.burmeseclassic.com